www.foreverspace.com.mm

မောင်သာနိုး

# ဂန္ထဝင်မြန်မာကဗျာ

www.foreverspace.com.mm

မောင်သာနိုး

# ဂန္ထဝင်မြန်မာကဗျာ

**ကမာရွတ်စာအုပ်တိုက်**
အမှတ် ၁၃ (ခ)၊ ဇေယျာသီရိလမ်း
ကမာရွတ်၊ ရန်ကုန်မြို့

www.foreverspace.com.mm

စာမူခွင့်ပြုချက် ၄၂၀၀၂၉၀၅၀၆

မျက်နှာဖုံးခွင့်ပြုချက် ၄၂၀၀၁၁၀၆၀၂

**ပထမပုံနှိပ်ခြင်း ၂၀၀၆ခုနှစ်၊ ဧပြီလ**

မျက်နှာဖုံး ဒီဇိုင်း ဘဌေးကြည်
စာစီ၊ စာမျက်နှာဖွဲ့ စီအဲန်တီ

ထုတ်ဝေသူ ဦးအောင်စိုးမင်း (၇၇၂)
လင်းဦးတာရာစာပေ
၇၄၊ အနော်ရထာလမ်း
ကျောက်တံတား၊ ရန်ကုန်
ပုံနှိပ်သူ ဦးဇော်မင်း (၀၅၄၂၈)
ဝိဇ္ဇာဒ်ပုံနှိပ်တိုက်
အမှတ် ၁၉၈၊ မြေညီထပ်၊
၃၃ လမ်း(အထက်)၊ ရန်ကုန်
အဖုံးပုံနှိပ် ဦးအောင်မိုး (၀၇၆၅၁)
Star Empire Offset
အမှတ် ၂၈/၃၂၊ အခန်း ၀၀၂၊ ၄၂ လမ်း
ရန်ကုန်

**တန်ဖိုး ၂၀၀၀ ကျပ်**

www.foreverspace.com.mm

# မာတိကာ

ဂန္ထဝင် မြန်မာကဗျာအကြောင်း က
ပုပ္ပါးတောင်နှယ် ချစ်ခြင်းမေတ္တာ ၁
ရှင်ဥတ္တမကျော် ၉
ရှင်မဟာသီလဝံသ ၁၈
ရှင်မဟာရဋ္ဌသာရ ၂၅
နဝဒေး ၄၉
နတ်ရှင်နောင် ၉၄
စိန္တကျော်သူ ၁၄၁
လက်ဝဲသုန္ဒရ ၁၈၆
မန္တလေးခေတ်ရဲ့ တေးထပ်ကဗျာ ၂၀၆
မန္တလေးခေတ်ကဗျာအချို့ ၂၁၅
အညွှန်း ၂၂၄

www.foreverspace.com.mm

# ဂန္ထဝင်မြန်မာကဗျာအကြောင်း

မောင်သာနိုး

ဂန္ထဝင် မြန်မာကဗျာအကြောင်းကို ကျွန်တော် စတင်ရေးခဲ့တာဟာ ၁၉၇၆က မိုးဝေ မဂ္ဂဇင်းမှာ ဖြစ်ပါတယ်။ ကျွန်တော် မဟာဝိဇ္ဇာဘွဲ့အတွက် ရန်ကုန် တက္ကသိုလ်မှာ တင်သွင်းခဲ့တဲ့ ကျမ်း (ရတုကဗျာ ဖြစ်ထွန်းတိုးတက်လာပုံ လေ့လာချက်) ကို အခြေခံပြီး မိတ်ဆက်သဘော ရေးခဲ့တာ ဖြစ်တယ်။ နောက် နှစ် ၂၀ ကြာသွားပြီးတဲ့နောက် ၁၉၉၅ ဇန္နဝါရီက စပြီး စာပေဂျာနယ်မှာ 'ရတုစာဆိုကြီးများ' ဆိုပြီး လစဉ်ရေးပြန်တယ်။ အခု အဲဒီ စာပေဂျာနယ်က ဆောင်းပါးတွေကို အဓိကထားပြီး စုစည်းကာ ထုတ်ဝေလိုက်ကြတာ ဖြစ်ပါ တယ်။ မိုးဝေ မဂ္ဂဇင်းထဲက ရှာလို့ ရသမျှ အချို့ကိုလည်း ထည့်ပေးလိုက်တယ်။ တကယ်ကတော့ အခြားမဂ္ဂဇင်းများမှာလည်း (ဥပမာ ကလျာမဂ္ဂဇင်း) ပုံစံ အမျိုးမျိုးနဲ့ မြန်မာ့ ဂန္ထဝင်ကဗျာအကြောင်း ကျွန်တော် ရေးဖူးတာပါ။ ရှာမရလို့ အစုံ မထည့်လိုက်ရတာ ဖြစ်တယ်။

တကယ်က အခု စုစည်းချက်ကိုလည်း ထုတ်ဝေမယ့် လူငယ်လေးတွေ ရှာဖွေစုစည်းလာလို့ အခုလို မျက်စိအောက် မြင်ရတာ ဖြစ်တယ်။ ကျွန်တော်က ဖျောက်ပြီးပါပြီ။ စာပေဂျာနယ်ထဲက စာမူတွေ ဖြတ်ယူပြီး တစ်စုတစ်စည်း သိမ်းထားတာ တလောကပဲ ကိုးကားစရာ ရှိလို့ ယူကူးမိသေးတယ်။ အခု မရှိ တော့ဘူး။ ကျွန်တော့် စာအုပ်ပုံတွေကြား မြေလျှိုးသွားတယ်။ မိုးဝေမဂ္ဂဇင်းထဲ က ဆောင်းပါးတချို့တော့ ပြန်ရတယ်။ အစုံအလင် မရှိတော့ဘူး။ အိမ်မှာ စာအုပ်တွေ များလွန်းတာရယ်၊ အိမ် ခဏခဏ ပြောင်းနေရတဲ့ ဘဝအကျိုးပေး ရယ်ကြောင့် ဒီလို ဖြစ်ရတာပါပဲ။

www.foreverspace.com.mm

ဂန္ထဝင် မြန်မာကဗျာ အကြောင်း ပြောနေရတာဟာ ကိုယ်က တက္ကသိုလ်မှာ ရတုအကြောင်း ကျမ်းပြုဖူးလို့ မဟုတ်ဘူး။ ဒီအရင်ကပဲ ကျွန်တော်တို့ ပြောနေ၊ ရေးနေပြီးပါ။ ကဗျာကို ဝါသနာပါတယ်ဆိုရင် ဂန္ထဝင်၊ ခေတ်ပေါ် အစုံ သိကျွမ်းနားလည်နေရတယ်။ ကိုယ်က ဒီခေတ်ထဲ နေလို့ ဒီခေတ်ကဗျာ တစ်ခုတည်းကို သိနေလို့ မရဘူး။ ကဗျာသမားဟာ သမိုင်းကို သိနေရမယ်။ ကဗျာရဲ့ သမိုင်း၊ ကိုယ့်နေရာရဲ့ သမိုင်း၊ ကိုယ့်သမိုင်း ကိုယ်မသိရင် လူမဟုတ်တော့ပြီ။ ခေတ်ပေါ် အင်္ဂလိပ် ကဗျာဆရာ ကြီး ရှေးမာ့စ်ဟေနီက ဒီအကြောင်း ခဏခဏ ပြောတယ်။ ရှေးအကျဆုံး အင်္ဂလိပ်ကဗျာကြီး 'ဘဲယဝုလ်ဖ်' Beowulf ကို သူ အင်္ဂလိပ်လို ပြန်တာ ၁၉၉၉ကပဲ ထွက်တယ်။ မြန်မာ ကဗျာဆရာကြီး ဒဂုန်တာရာက လူငယ်တွေကို ရေးသာရေး၊ မုဆိုး စိုင်သင်လိမ့်မယ် စသဖြင့် ပြောလေ့ရှိပေမဲ့ လူငယ်ကဗျာဆရာ တစ်ယောက်ကို ကာရန်ဆိုတာ ဘာလဲ မေးကြည့်မိတော့ 'ကာရန်ဆိုတာ ၄-၃-၂ပေါ့'လို့ ဖြေတာ ကြားရလို့ စိတ်ဆင်းရဲခြင်း ကြီးစွာ ဖြစ်ရဖူးပါသတဲ့။ ဒီစာစုဟာ ဒဂုန်တာရာကို စိတ်ဆင်းရဲစေခဲ့တဲ့ အဲဒီလူငယ်မျိုးကို ရည်စူးတယ်။

ကျွန်တော်ရဲ့ ဂန္ထဝင်မြန်မာကဗျာ လေ့လာချက် ဆောင်းပါးစုဟာ ကျွန်တော်ရဲ့ တက္ကသိုလ် မဟာဝိဇ္ဇာကျမ်း (ရတုကဗျာ ဖြစ်ထွန်းတိုးတက် လာပုံလေ့လာချက်)ကို အခြေခံထားတဲ့အတွက် ရတုအကြောင်း အများစု ဖြစ်နေတယ်။ ရတုဟာလည်း မြန်မာ့ လည်ရိက ကဗျာမှာ အဓိက ဖြစ်ပါတယ်။ ဒါပေမဲ့ ဂန္ထဝင် မြန်မာကဗျာဆိုရင် ရတုအပြင် ရကန်၊ အဲချင်း၊ ဧချင်း၊ ပျို့၊ မော်ကွန်း စသဖြင့် အများအပြားပဲ ကျန်ပါသေးတယ်။ ပို ရှည်လျားတာက လွဲလို့ ရတုအမျိုးအစား လေးလုံးစပ်ချည့်ပါပဲ။ မြန်မာ့ ထီးနန်းရဲ့ နောက်ဆုံးခေတ် မန္တလေးမှာ အင်္ဂလိပ်ဆောနတ်နဲ့ တော်တော်ဆင်တဲ့ တေးထပ်ခေတ်ထခဲ့တယ်။ ကိုလိုနီခေတ်ဦး ဒဂုန်မဂ္ဂဇင်းထိ တွေ့ရသေးတယ်။ ကျွန်တော် စပြီး လေ့လာထားတာအချို့ကို ဒီစာအုပ်ထဲမှာ ထည့်ပေးလိုက်ပါတယ်။ နောက်ပြီး လူထုကဗျာ၊ ဒွေးချိုး၊ တြိချိုးက အစ ဦးကျော်လှနဲ့ ဆရာဇော်ဂျီ မင်းသုဝဏ်တို့ရဲ့ သံချိုများအလယ်၊ ဆရာကြီး မှိုင်းရဲ့ လေးချိုးကြီးများ အဆုံး အချိုးကဗျာတွေဟာလည်း မြန်မာကဗျာမှာ အရေးပါတဲ့ နေရာတွေက ကပြနေကြတယ်။

www.foreverspace.com.mm



လေးလုံးစပ်နဲ့ အချိုးကဗျာကို မသိရင် ဂန္ထဝင်မြန်မာကဗျာကို မသိပါဘူး။ ဂန္ထဝင်မြန်မာကဗျာကို မသိရင် မြန်မာကဗျာရဲ့ အသံကို နားမလည်ပေဘူး။ အသံကို နားမလည်ရင် (ကနေ့ကဗျာဟာ စာရွက်ပေါ် ရေးတာ ဖြစ်ပေမယ့်လို့ စိတ်နားက ကြားနေတဲ့အတွက်) ကဗျာခံစားတတ်၊ ရေးတတ်လိမ့်မယ် မဟုတ်ပါဘူး။ တစ်ဆက်တည်း ကဗျာဆရာတွေ ဘယ်လို တွေးတောတတ်ကြသလဲ ဆိုတာကိုပါ ကျွမ်းဝင်လိမ့်မယ် မဟုတ်ဘူး။

ဆိုခဲ့ပြီးအတိုင်း လေးလုံးစပ်ကဗျာ အမျိုးအစားအားလုံးကို မငုံမိသော်လည်း ရတုကို နားလည်တာဟာ လေးလုံးစပ်ကဗျာသဘောကို နားလည်သွားတယ် ဆိုရမလောက် ဖြစ်တယ်။ ဒါပေမယ့် ကျွန်တော့်လေ့လာချက်ဟာ ရတုစာဆို အားလုံးကို လေ့လာနိုင်တာ မဟုတ်ပါဘူး။ ရတုနာမည်ကြီး အင်းဝမင်းခေါင်တို့၊ ရှင်သူရဲတို့၊ ဇင်းမယ်မိဖုရားတို့ကို ချန်ထားရပါတယ်။ ရတုပုဒ်ရေအများဆုံး ချန်ထားခဲ့နိုင်ကြတဲ့ ရတုဘုရင်တွေ၊ ရတုဇကေရာဇ် တွေကိုပဲ ရွေးချယ်ဝေဖန် သုံးသပ်နိုင်ပါတယ်။

ကျွန်တော်ရဲ့ ရတု၊ ဝါ၊ ဂန္ထဝင်မြန်မာကဗျာ လေ့လာချက် ဆောင်းပါးတွေဟာ ကျွန်တော်ရဲ့ မဟာဝိဇ္ဇာကျမ်းကို အခြေခံထားတာလို့ ပြောခဲ့ပါပြီ။ အခြေခံထားတယ် ဆိုတော့ စာတွေ အကုန် မဟုတ်ဘူးပေါ့။ ဒါပေမယ့် လေ့လာထားတဲ့ စာဆို အကုန်တော့ ဖြစ်တယ်။ သူတို့ရဲ့ ကဗျာတွေကို ဝေဖန်ရာမှာ စာကိုယ်ကောက်နုတ်ချက်အချို့ ကျန်မယ်။ ရတုတွေကို ဘယ်သူဘယ်ဝါ ရေးတာ ဖြစ်နိုင်ကြောင်း၊ မဖြစ်နိုင်ကြောင်း စိစစ်ဆုံးဖြတ်ချက်တွေ ကျန်မယ်။ ဒါက ပညာရှင်သက်သက်ရဲ့ အလုပ်ဖြစ်လို့ ကဗျာသတ်သတ် ဖတ်ချင်သူတွေ ငြီးငွေ့စရာမို့ မဂ္ဂဇင်းထဲ မထည့်တာ ဖြစ်ပါတယ်။ စာဆိုနဲ့ သူ့ကဗျာအကြောင်း ဝေဖန်ရေးသားတာကိုတောင် မဂ္ဂဇင်းတိုင်းက ထည့်ချင်ကြတာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း တော်တော်များများ ရေးစရာ ရှိတာတွေ မရေးဖြစ်ဘူး။

ရတုတွေကို ဘယ်သူရေးတယ် စိစစ်ရာမှာ ကျွန်တော့်အတွက် အဆင်သင့်နီးပါး လုပ်ပေးထားသူက ဆရာမင်းသုဝဏ် ဖြစ်ပါတယ်။ ဆရာက သူလုပ်ထားပြီး သူ့လက်ထောက် ဦးထွန်းရွှေကို အကူးခိုင်းထားတဲ့ ဖူးစကက်အရွယ် စာရင်းစာအုပ်ပုံစံ စာအုပ်ထူကြီး သုံးလေးအုပ်ကို ကျွန်တော့်ကို ချပေးလိုက်ပါတယ်။

www.foreverspace.com.mm



အဲဒါတွေထဲမှာ ရတုစာရင်းတွေ၊ ဘယ်ရတုက ဘယ်ရတု ပေါင်းချုပ်မှာ ပါတယ်၊ ဘယ်ကျမ်းမှာပါတယ်၊ ဘယ်ကျမ်းမှာ အမည်ကို ဖော်ပြရဲ့ ဖော်ပြတယ်၊ စာသား ရှာမတွေ့သေးဘူး၊ ဘယ်ကျမ်းမှာတော့ နှစ်ပါဒ သုံးပါဒ ကိုးကားထားတာ တွေ့ရတယ်၊ စာဆိုအမည် ဘယ်လို ဝိဝါဒ ပွားကြတယ်၊ ဘာကိုထောက်ပြီး ဘယ်သူ ဖြစ်တန်ရာတယ် စသဖြင့် တော်တော် စုံစုံ ဘေးနားက မှတ်ချက် ရေးပြီးသား။ 'မင်း ဆက်လုပ်' ဆိုလို့ ဆရာ ဝေဖန်မထားတဲ့ တချို့ ရတုတွေကို ဘယ်သူရေးတာ ဖြစ်နိုင်မလဲ ကျွန်တော် ဆက်လက် စိစစ်ရပါတယ်။ အခု ကျမ်းပြီးလို့ ဘွဲ့ရခဲ့တာ ကြာပြီ ဖြစ်ပေမဲ့ အားရင် ဖတ်မိ၊ စဉ်းစာမိတုန်း။ ဒါ နဝဒေးမဟုတ်ဘူးထင်တယ်၊ နတ်ရှင်နောင်များလား သံသယ ဝင်မိတုန်း။

စာပုံနှိပ်စက် မပေါ်သေးတဲ့ ခေတ်မှာ ပေပုရပိုက်ပေါ် လက်နဲ့ ကူးကြ ရတော့ အကူး မှားတတ်ကြပါတယ်။ စာသားတင် မှားတာ မဟုတ်ဘဲ ရေးသူ စာဆိုအမည်ပါ မှားသွားတတ်တယ်။ နဝဒေး ရေးတာ နတ်ရှင်နောင် ဖြစ်၊ နတ်ရှင်နောင် ရေးတာ နဝဒေးဖြစ်။ တစ်ခါ ကူးတဲ့ ပုဂ္ဂိုလ်က စာတတ်ပေတတ် ဖြစ်ရင် သူက သူများစာကူးထားတာကို နောက်လူက သူ့စာ ထင်မိသွားရော။ ဒီလိုနဲ့ နဝဒေး နတ်ရှင်နောင် ရတုအချို့ကို ဝံတောင်လည် ဘုန်းတော်ကြီး ရတု ဖြစ်နေတာ ဆန်းစစ်တွေ့ကြရတယ်။ နောက်တစ်ခုက သူများ ကိုယ်စား ရေးပေးတဲ့ အကျင့်။ ဥပမာ နတ်ရှင်နောင်က သူ့ညီ မင်းရဲကျော်ထင်အတွက် ရတု တစ်ပုဒ် ရေးပေးလိုက်တယ်။ ဒါ နောင်လာနောက်သား လက်ထဲမှာ 'မင်းရဲကျော်စွာဆို ရတု' ဖြစ်သွားရတာမျိုး။ ဒီတော့ ကဗျာဆရာရဲ့ သည်းခြေ ကြိုက် စကားလုံးနဲ့ လေသံကို တရင်းတနှီး ဖြစ်နေအောင် အကြိမ်ကြိမ် ဖတ်ရတယ်။ ကျွန်တော်ဆို နဝဒေး နတ်ရှင်နောင် ရတုပေါင်းချုပ်တွေ တစ်အုပ် အကြိမ် တစ်ရာမက ဖတ်တယ်။ စကားလုံးတွေ မျဉ်းသား၊ ကတ်ပြားပေါ် ကူး၊ အသံထွက်ဖတ် လုပ်ပါတယ်။ ဒါ ကွန်ပျူတာ မသုံးရသေးခင်က ဖြစ်ပါတယ်။ အခုတော့ ဒါတွေကို ကွန်ပျူတာက လုပ်နေပါပြီ။

ဒီလို စိစစ်တာတွေကို ခုစာစုတွေမှာ မပါလာနိုင်တော့ပါဘူး။ မြန်မာ ဂန္ထဝင်ကဗျာအကြောင်း၊ စာဆိုနဲ့ သူ့ကဗျာအကြောင်း မိတ်ဆက်ရုံ ဗဟုသုတ အထိုက်အလျောက် ရဖို့ပဲ ရည်စူးထားပါတယ်။ တိုးတက်သိလိုရင် ဒီမှာ ဝေဖန်

ထားတဲ့ မူရင်းကဗျာကို ရှာဖွေ ဖတ်ကြည့်ပါ။ ဒီကဗျာတွေ ရှာရတာ အခက်အခဲ ရှိမယ်လည်း မဟုတ်ပါဘူး။

ဒီစာအုပ်ကို ဖတ်တဲ့ လူငယ် ကဗျာဆရာ၊ ဝါ၊ ကဗျာဝါသနာပါသူက ဩော် ရှေးကဗျာဆရာကြီးတွေ ကဗျာကို ဒီလို ရေးခဲ့ကြပြီးပြီ။ ဒီလို ကောင်းတယ်၊ ဒီလို ထပ်နေတယ်၊ ဒီလို ညွှံ့သွားတယ်၊ ငါ သူနဲ့ မတူအောင် မြန်မာစကားကို ဘယ်လို ကိုင်တွယ်ရပါ့မလဲ စဉ်းစားဖော်ရသွားတယ် ဆိုရင် ကျွန်တော်တို့ ဖတ်ရ၊ တေးမှတ်ရ၊ စိစစ်ရ၊ တွေးရ၊ အပင်ပန်းခံ အားထုတ်ခဲ့ရတာတွေ အားထုတ်ရကျိုးနပ်ပါပြီ ဆိုရမယ်။

**မောင်သာနိုး**

**၂ စက်တင်ဘာ ၂၀၀၄**

**ပင်လုံထိပ်ထား စံအိမ်**

www.foreverspace.com.mm

## ပုပ္ပါးတောင်နှယ် ချစ်ခြင်းမေတ္တာ

ပထမဆုံးကဗျာကို စာနဲ့ ရေးကြတာမဟုတ်ဖူး။ ဒါကြောင့် သူ့ကို စာပေထဲမှာ ရှာလို့ မရနိုင်ဘူးလို့ ဂျော့တွမ်ဆန်က ဆိုတယ်။ ဒါပေမဲ့ စာအရေးအသား အတတ်ကို တတ်ကျွမ်းလာပြီးတဲ့ နောက်မှာတော့ လူတွေဟာ ကဗျာကို စာနဲ့ ရေးဖွဲ့လာကြတယ်။ စာနဲ့ မရေးခဲ့တဲ့ ကဗျာကိုလည်း စာလုံးအက္ခရာတွေနဲ့ မှတ်တမ်းပြုလာခဲ့ကြတယ်။ ဒါကြောင့် ပထမဦးဆုံးပေါ်တဲ့ ကဗျာကို မတွေ့နိုင်တောင် စောတန်သရွေ့ စောတဲ့ ကဗျာအချို့ကိုတော့ စာထဲမှာရှာလို့ ရနိုင်ကောင်းမယ် ဖြစ်တယ်။ ဒီလို စာထဲမှာ မှတ်တမ်းရှိသမျှ ရှာလို့ တွေ့ရတဲ့၊ စောတန်သရွေ့ စောတဲ့ မြန်မာကဗျာ တစ်ပုဒ်ကတော့ မြကန်ဖွဲ့ ကဗျာပဲ ဖြစ်တယ်။

*မြကန်သာ*
*တောင်ကျချောင်းတေး*
*ရေဝင်ပြေးလှည့်*
*ရေအေးကြည်စွာ*
*ကန်ပိုင်မာလျက်*
*ကြာပေါင်းထုံထုံ*
*ငှက်မျိုးစုံသည်*
*ဝတီသာက*
*နန္ဒာလော၊*
*တူစွာ ဟုတ္တာ။*

www.foreverspace.com.mm



ကဗျာက ဒါပါပဲ။ ကဗျာတိုလေး တစ်ပုဒ်ပါပဲ။ တိုသလောက် မြန်မာကဗျာရဲ့ သမိုင်း၊ မြန်မာ ကဗျာစာဆိုတို့ရဲ့ အတွေး၊ မြန်မာပြည်သူတို့ရဲ့ မျှော်ခေါ်ချက်တို့ကို သူက ပြည့်နှင်းနေတယ်။

ကာရန်ဆိုတာ ကဗျာပေါ်ထွန်းပြီးတဲ့နောက် အင်မတန် ကြာနှောင်းမှ ပေါ်ပေါက်လာတာ ဖြစ်တယ်။ ကဗျာထဲမှာ အသံရဲ့ စွမ်းပကားကို သွတ်သွင်းဖို့ နည်းမျိုးစုံနဲ့ ကြိုးစားကြရင်းက နှောင်းကဗျာဆရာတို့ တွေ့ရှိသွားကြတဲ့ နည်းတစ်နည်းမျှ ဖြစ်တယ်။ (ကာရန်ကို မတွေ့မီ အဦးဆုံး သုံးတဲ့နည်းက ရစ်သမ် ဖြစ်တယ်။) မြကန်ကဗျာမှာ ကာရန်အချို့ ပါရှိနေတယ်။ ဒါကြောင့် သူဟာ အစောဆုံး ကဗျာ မဟုတ်နိုင်ဘူး။ ဒါပေမဲ့ ကာရန် မမိတာလဲ သူ့မှာ တွေ့ရတယ်။ ('မြကန်သာ'နဲ့ 'တောင်ကျ ချောင်းတေး'၊ 'ငှက်မျိုးစုံသည်'နဲ့ 'ဝတီသာက' ကာရန်မမိဘူး။ တချို့က ကာရန်မိအောင် ဆိုပြီး ဒုတိယအတွဲမှာ 'ဘုံဝတီသာ' လို့ ပြင်ကြတယ်။ သဘာဝမကျပါဘူး။) ဒါကြောင့် အထိုက်အလျောက် ရှေးကျတယ်လို့လဲ တွက်နိုင်ပြန်တယ်။ (လေးလုံးစပ်မှာ ကာရန် မမိတာကို နောင်အင်းဝခေတ် အဦးပိုင်းထိ တွေ့ကြရသေးတယ်။ ဥပမာ၊ ရှင်သူရဲရဲ့ ရတုများ။)

တစ်ပါဒ၊ တစ်ပါဒမှာ ရှိရတဲ့ အက္ခရာ အရေအတွက်ကိုလည်း လေးလုံးစီ သတ်မှတ်တာဟာ နောက်များမှာမှ ဖြစ်တယ်။ ရှေးက မရှိဘူး။ မြကန်ကဗျာရဲ့ အစဆုံးပါဒမှာ 'မြ ကန် သာ' အက္ခရာ သုံးလုံးပဲ ရှိတယ်။ အောက်နားမှာ 'နန္ဒာလော'မှာလည်း အလားတူ သုံးလုံးပဲ။ (ခေတ်ပညာရှိ တချို့က လေးလုံးပြည့်အောင် 'နန္ဒာပေလော'ရယ်လို့ ပြင်ကြပြန်တယ်။ ပုဂံ မဆန်ဘူး။) တကယ်လို့ 'ဝတီသာက နန္ဒလော'ရယ်လို့ တစ်ဆက်ထဲ တစ်ပါဒထဲ ယူမယ်ဆိုရင် အက္ခရာ ခုနစ်လုံး ဖြစ်ပေလိမ့်မယ်။ ဒီအချက်ကလည်း မြကန်ရဲ့ ရှေးကျမှုကို ပြနေတယ်။ အချပိုဒ်ကို ခုနစ်လုံးမချ၊ 'တူစွာ ဟုတ္တာ'ရယ်လို့ လေးလုံးထဲ ချထားတာလည်း ရှေးသရုပ်ကို ပီပြင်စေပြန်တယ်။

ကဗျာဆိုတာ လုပ်ငန်းခွင်က ပေါ်ခဲ့တာ ဖြစ်တယ်။ လူတွေ စုပေါင်းအလုပ်လုပ်ရာမှာ လုပ်အားကို ချိန်ကိုက်ပေးဖို့ ညာသံ ဟစ်ကြွေးခဲ့ရာက ကဗျာ စတင်ပေါ်ခဲ့တာပါပဲ။ ဒါကြောင့် ကဗျာရဲ့ မြစ်ဖျားဟာ လုပ်ငန်းခွင် ဖြစ်တယ်။ ဒီအကြောင်းကို ကုန်းဘောင်ခေတ်က ကနေ့တိုင် ပြည်သူတွေကြား ကျန်နေသေးတဲ့ ကောက်စိုက်တေးတွေက သက်သေထူနေသလို မြကန်က ထူနေတယ်။ မြကန်ရဲ့ အကြောင်းအရာက 'ကန်' ဖြစ်တယ်။ ကန် ဆိုတော့ ရေမြေတော

www.foreverspace.com.mm



တောင်ဘွဲ့ သက်သက်ပဲပေါ့လို့ ထင်စရာရှိတယ်။ ဒါပေမဲ့ သမိုင်းစာအုပ်ကို တိုင်ပင်ကြည့်ရင် မြကန်ဟာ အလှပြကန် မဟုတ်ဘူး။ ပြည်သူသုံးကန်၊ လယ်ယာလုပ်ငန်းဆိုင်ရာ ကန် ဖြစ်ကြောင်း တွေ့ရမယ်။ ပုဂံခေတ်မင်းတွေဟာ အထူးသဖြင့် ဒီကန်ကို တူးဖော်ဆယ်ယူခဲ့တဲ့ ကျန်စစ်သားမင်းနဲ့ သူ့အရင် အနော်ရထာတို့ဟာ လယ်ယာလုပ်ငန်းအတွက် မြောင်းတွေ၊ ကန်တွေ တူးဖော်လေ့ရှိကြတာ အများအသိပဲ။ ဒီတော့ ကဗျာဆရာဟာ ကန်ရဲ့ သဘာဝ အလှသက်သက်ကို ဖွဲ့နေတာ မဟုတ်ဘူး။ ဒီကန်ရေနဲ့ လယ်လုပ်ရင်းက ကျေးဇူးရှင် ကန်မဟာကို ချီးပလိုက်ခြင်းသာ ဖြစ်တယ်။ (မန္တလေး အောင်ပင်လယ် တဝိုက်က လယ်သမားတွေ တေးဆိုရင် အောင်ပင်လယ်ကန် အကြောင်း ပါသလိုပေါ့)။ တစ်ခုတော့ ရှိတယ်။ 'တယ်နိပ်တဲ့ ကန်ပဲ။ တို့တတွေ သူ့ဆီက ရေတွေ သွယ်ယူပြီး ထွန်ယက်စိုက်ပျိုးရသဟ'လို့တော့ တိုက်ရိုက် မဆိုဘဲ ကြာတွေ၊ ငှက်တွေနဲ့ အလှပြ ခြယ်မှုန်းပေးလိုက်တယ်။ တာဝတိံသာ နတ်ရွာက နန္ဒာကန်တော်နဲ့ နှိုင်းခိုင်းလိုက်တယ်။ သူ့ကျေးဇူးကို ကဗျာဂုဏ် မြောက်မြောက်နဲ့ ရင့်ကျူးပြထားတာပါပဲ။

မြကန်နည်းတူ ပုဂံက လယ်သမားတွေ လယ်ယာလုပ်ငန်းခွင်ဝင်ရင်း ဟစ် ကြွေးခဲ့ကြတဲ့ တေးသီချင်းတွေ အများကြီးပေါ်ပေါက်ခဲ့မှာပါပဲ။ အများအပြား ဟာ ပပျောက်ခဲ့ရပြီး အချို့ကတော့ အသွင်သဏ္ဌာန် အဆင့်ဆင့် ကူးပြောင်းကာ ကနေ့ခေတ် လူထုကဗျာ ဖြစ်လာကြလိမ့်မယ်လို့ ခန့်မှန်းကြည့်နိုင်တယ်။ အဆင့်ဆင့် သဏ္ဌာန် ကူးပြောင်းလာပုံ သာဓကလေးကို ပင်းယခေတ် ငါးစီးရှင် ကျော်စွာရဲ့ နာမည်ကျော် ကာချင်းမှာ တွေ့ကြရ တယ်။ ဒီကာချင်းမှာ မြကန်ရဲ့ အရိပ်နိမိတ်တွေကို အတော် ထင်ထင်ရှားရှား တွေ့နိုင်သေးတယ်။

**မြကန်**

***မြကန်သာ***

***တောင်ကျချောင်းတေး***

***ရေဝင်ပြေးလှည့်***

***ရေအေးကြည်စွာ***

***ကန်ပိုင်မာလျက်၊***

www.foreverspace.com.mm



**ကာချင်း**

**သင်းတွဲမြောင်းကြီး**

**အယဉ်စီးသည်**

**ပြင်ညီးမြစ်လောင်းလော**

**မြစ်လောင်း၊ မြစ်လောင်း။**

**မြကန်**

**ကြာပေါင်းထုံထုံ**

**ငှက်မျိုးစုံသည်။**

**ကာချင်း**

**နွယ်ပန်းခွာညို**

**ပွင့်ပေလို**

**ပြာသိုဆောင်းလယ်**

**ဆောင်းလလယ်။**

**ခါနှင့် ဘုတ်ချိုး**

**လိုစိုး ကြက်မြေကျယ်**

**ကြက်မြေကျယ်။**

**မြကန်**

**ဝတီသာက**

**နန္ဒာလော။**

**တူစွာ ဟုတ္တာ။**

**ကာချင်း**

**တာဝတီသာ နတ်ရွာလော၊**

**နတ်ရွာလော၊**

**ဟုတ်တည်း ရှင်ချင်း၊**

**ရှင်ချင်း။**

အချက်အလက်တွေကို အခု ယှဉ်ပြထားတဲ့ အစီအစဉ်အတိုင်း ကာချင်းထဲမှာ တွေ့ရတာတော့ မဟုတ်ဘူး။ သူက ပိုရှည်တော့ ပို အချက်အလက် ပြည့်စုံတယ်။ ပိုကျယ်ဝန်းတယ်။ ကန်ချောင်း ဆည်မြောင်း အဖွဲ့အပြင် မြို့နဲ့

www.foreverspace.com.mm



မြို့ဝန်းကျင် အဖွဲ့တွေလည်း ပါလေသေးတယ်။ ဒါပေမဲ့ တူညီမှုဟာ ငြင်းမရဘူး။ နတ်ပြည် နတ်ရွာလားလို့ မေးထားပုံ၊ ဟုတ်တယ်လို့ ဖြေထားပုံက အစတူညီနေတာကို မြင်သာတယ်။ ကဗျာကို အသုံးချပုံချင်း မတူတဲ့အတွက် အသံသွား အသံလာဟာတော့ မတူကြဘူး။ မြကန်က လေးလေးတွဲ့တွဲ့ ဆွဲဆွဲငင်ငင်ဆိုဟန် (ဒီဆိုဟန်ကို ရှမ်း၊ ဗီယက်နမ် စသည်တို့မှာတင်မက တောင်တွင်းကြီးနယ်က ဗမာတောင်သူတွေပါ ကနေ့တိုင် အသုံးပြုကြဆဲ ဖြစ်တာကို စိတ်ဝင်စားဖွယ် တွေ့ကြရတယ်။) ကာချင်းက ခပ်ပြတ်ပြတ်နဲ့ တက်ကြွလှုပ်ရှားဖွယ်ဆိုဟန်။

နှစ်ခုလုံးဟာ လေးလုံးစပ်လင်္ကာရဲ့ ရှေ့ပြေး ဖြစ်နေတာကိုလည်း တွေ့ကြရတယ်။ စတင်ပေါ်ခါစက လင်္ကာကို နှောင်းခေတ်များမှာလို ပါဒ လေးငါးဆယ်၊ တစ်ရာ ရှည်ရှည်လျားလျား မဖွဲ့ကြသေးဘူး။ တိုတိုတုတ်တုတ် အဖွဲ့လေးတွေပဲ ဖွဲ့ကြသေးတယ်။ ကဗျာဟာ လုပ်ငန်းခွင်မှာ သုံးတဲ့ ကိရိယာပဲ ရှိဆဲဆိုတော့ တိုတောင်းတာဟာ သဘာဝကျပေတယ်။ နောက်များမှာမှ ဒီပုံစံကို ဆွဲယူကာ တစ်ဦးချင်း ကဗျာဆရာက သူ့ပုဂ္ဂလိက အတွေးကို ကဗျာဖွဲ့ဆိုတော့မှ ကဗျာဟာ စန့်ကားသွားခြင်း ဖြစ်တယ်။

မြကန်အပြင် ပုဂံခေတ်ကလို့ ယူဆကြတဲ့ ကဗျာတစ်ပုဒ်ရှိသေးတယ်။ 'သိုးကလေ' ချီ ကဗျာပါပဲ။ 'ပုပ္ပား နတ်တောင်ဖွဲ့'လို့ အမည်တပ်လေ့ ရှိ ကြပေမဲ့ တကယ်က တောင်ဘွဲ့ တစ်ပိုဒ်ထဲပဲ ပါတယ်။ ကျန်သုံးပိုဒ်က မောင်မယ် အချစ်ဘွဲ့ ဖြစ်တယ်။ ဒီကဗျာကို မြကန်ထက် နောက်ကျလိမ့်မယ်လို့ ပညာရှင်အများကပဲ ယူဆကြတယ်။ သူ့အကြောင်းအရာနဲ့ ဖွဲ့စည်းပုံ စနစ်တို့ကလည်း နောက်ကျကြောင်းကို ပြနေတယ်။ နောက်ကျသမှ ပုဂံခေတ်မှ ဟုတ်ပါလေစ၊ ပင်းယ(ဝါ) အင်းဝခေတ်စောစောပိုင်းများ ဖြစ်လေရော့လားလို့တောင် သံသယဝင်ဖွယ် ဖြစ်တယ်။

သူ့အကြောင်းအရာဟာ လုပ်ငန်းခွင် မဟုတ်ဘူး။ (ဝါ) တိုက်ရိုက် မဟုတ်ဘူး။ ချစ်ခြင်းမေတ္တာ ဖြစ်တယ်။ ဒီကတည်းက သူဟာ မစောနိုင်တော့ဘူး။ 'သိုးကလေ' အစပိုဒ်နဲ့ အခြားအပိုဒ်များ ကာရန် မချိတ်မိတာက လွဲလို့ အားလုံးကာရန်ညီညွတ်နေတယ်။ ဒါကလဲ သူ မစောပုံ ပြည့ွန်းနေတယ်။ အက္ခရာ ခုနစ်လုံးပါ အချပိုဒ်ကလေး ကိုယ်စီ ရှိနေတာကလဲ သူ နောက်ကျလှပြီဆိုတာကို ပြနေတယ်။ ဒါပေမဲ့ ပါဒအရေအတွက် နည်းသေးတာက တစ်ခါ သိပ်

www.foreverspace.com.mm



နောက်မကျလှကြောင်းကို ပြနေပြန်တော့တယ်။ သူ့ရဲ့ စကားလုံး အသုံးအနှုန်း ကလည်း တော်တော် 'ခေတ်ဆန်'နေ တယ်။ နောင် နဝဒေးကြီးတို့ အတူယူ သုံးစွဲတာတောင် တွေ့ကြရတယ်။ (နဝဒေးရဲ့ 'သာရှင်ကြည်ပျော်'ချီရတုမှာ 'မယ်သာကြိုက်မိ၊ တန်ခိုးရှိသည်၊ သီရိဓမ္မ၊ ကျိုင်းရောင်မြကို၊ မြင်ရသည်ကား' စသဖြင့် တွေ့ရတယ်။ 'စိတ်ညွတ်ကြည်စွာ' ချီ ရတုမှာလည်း အလားတူ စကားလုံး အသုံးအနှုန်းများ ယူထားတာ တွေ့ရတယ်။)

ဘယ်လိုပဲဖြစ်ဖြစ် အတော် ရှေးကျသေးတဲ့ 'သိုးကလေ'ကဗျာဟာ မြကန် ထက် ကဗျာအဖွဲ့အနွဲ့မှာလည်း တိုးတက်မြင့်မားလာတာကို တွေ့ကြရတယ်။ မြကန်ဆရာက သူရေးမယ့် အကြောင်းအရာကို တိုက်ရိုက် ရေးဖွဲ့တယ်။ ကြက်တွေ၊ ငှက်တွေနဲ့ အလှခြယ်ပြတယ်။ တာဝတိံသာက နန္ဒာကန်များလားလို့ နှိုင်းခိုင်းမေးခွန်းထုတ်ပြတယ်။ ဒါပဲ။ သိုးကလေ မှာတော့ ကဗျာစိတ်ကူးဟာ ဒီအဖွဲ့မျိုးထက် ပိုပြီး တစ်ဆင့် တက်သွားတာကို တွေ့ကြရပြီ။

***သိုးကလေ၊***
***ပုပ္ပားနတ်တောင်***
***အခေါင်မြင့်ဖျား***
***စုံတောပြား၌***
***နံ့ရှားကြိုင်လွင့်***
***ခါတန်ပွင့်သည်***
***ရွှေနှင့် ယိုးမှား ပန်းစကား။***
***သိုးကလေ၊***
***စကားပွင့်နှင့်***
***နှိုင်းတင့်နိုးသည့်***
***ရဲမျိုးသမီး***
***မောင်ကြီးနှမ***
***ညက်လှပြာစင်***
***မွဲ့သည်ပင်သည် ခရီးသား။***
***သိုးကလေ၊***
***မြိတ်လွတ်စုလည်း***

www.foreverspace.com.mm



***အငယ်တည်းက***
***ကျွမ်းဝင်ကြသည်***
***မွေးဖတူရင်း***
***မျိုးသည်မင်းနှင့်***
***ချစ်ခြင်းစုရုံး***
***သက်ထက်ဆုံးသည်***
***နှလုံးမခြား စောင့်တရား။***
***ဆွေမိခင်***
***မျက်သုတ်နီပင်***
***ရထည်းဖျင်နှင့်***
***ကျိုင်းစင်မြဝါ***
***မတ်ကြီးလျှာကို***
***မယ်သာကြိုက်မိ တုမရှိ၊***

စ စချင်း ပုပ္ပားနတ်တောင်ကို ဖွဲ့လိုက်တယ်။ ဒီတော့ ခုထိပဲ အများက သူ့ကို 'ပုပ္ပားနတ်တောင်ဖွဲ့'ရယ်လို့ ခေါ်ကုန်ကြရတော့တယ်။ ကဗျာဆရာကတော့ သူတို့ခေတ်က သူတို့ဝန်းကျင်မှာ အမြင့်မားဆုံး၊ အကြီးဆုံး၊ အမြတ်နိုးအပ်ဆုံး တောင်တော်ကြီးကို ဖော်ပြလိုက်ပြီး စာဖတ်သူ၊ စာခံသူရဲ့ အာရုံကို ဖမ်းယူလိုက်တာပါပဲ။ မျက်စိရှေ့မှာ ပေါ်လာပြီ၊ မြင့်မြင့်မားမားကြီး။ ဒီလို တောင်တော်ကြီးကို ဖော်ပြပြီးမှ တစ်ခါ တောင်ကြီးရဲ့ 'အခေါင်မြင့်ဖျား'ဆီကို အာရုံကို ဆွဲပို့ပေးပြန်တယ်။ လိုက်ကြည့်နေရပြီ။ ဟို မို့မို့မားမားဆီမှာပါလား။ အဲ အဲဒီ ထိပ်ဖျားမှာမှ ပွင့်တဲ့ပန်း၊ စကားပန်းတဲ့။ ဒီမှာတင် တစ်ပိုဒ်ဆုံးသွားတယ်။ မြင့်မားလှတဲ့ ပုပ္ပားတောင်တော်ကြီးရဲ့ ဟိုထိပ်ဖျားက ရွှေလို ယိုးမှားရတဲ့ ပန်းစကား။

ဒါဖြင့် သူဖွဲ့နေတာ စကားပန်းလား။ မဟုတ်သေးဘူး။ ဒီလောက် သယ်လာခဲ့တဲ့ ပန်းစကားကို ဒုတိယပိုဒ်မှာ တစ်ခါ 'ရဲမျိုးသမီး မောင်ကြီးနှမ' နဲ့ နှိုင်းပေးလိုက်တယ်။ မိန်းကလေးရဲ့ အလှဟာ မိုမောက်ဝင်းလျှံသွားတော့တယ်။ ပြီးတော့ သူ ချစ်တဲ့ 'ခရီးသား'၊ ပြီးတော့ သူတို့ ငယ်ကတည်းက ချစ်ခဲ့ကြပုံ၊ သစ္စာစောင့်ထိန်းကြပုံ၊ ဒီတော့ ဒီကဗျာကို ဖတ်လိုက်ရသူမှာ လုံမငယ်ရဲ့ အလှ၊

www.foreverspace.com.mm



လုံမငယ်ရဲ့ ချစ်သူရဲ့ ယောက်ျားပီသတဲ့ ရုပ်ရည်၊ သူတို့ နှစ်ဦးရဲ့ ချစ်ခြင်းမေတ္တာတို့ကို ပုပ္ပားတောင်ကြီးနဲ့ ထင်ဟပ်ပြီး မြင့်မြင့်မားမား ထုနှင့်ထည်နှင့် အာရုံမှာ ပေါ်လာစေတော့တယ်။ အင်မတန် နှစ်လိုဖွယ်ကောင်းတဲ့ နိမိတ်ပုံလေးပါပဲ။ ဒီတော့ သူ့ကဗျာဟာ ခေတ်အဆက်ဆက် မရိုးပဲ လန်းဆန်းနေတော့တယ်။

ပုဂံခေတ် ပြည်သူတွေထဲမှာ အံ့မခန်း ဗိသုကာတွေ ရှိခဲ့သလို ထူးချွန်တဲ့ ပန်းချီဆရာတွေ ရှိခဲ့တယ်။ ပြည်သူတွေ အကျိုးအတွက် ကန်ချောင်း ဆည်မြောင်း ဆောက်လုပ်ရေးသမားတွေ ရှိခဲ့သလို ပြည်သူတွေရဲ့ စွမ်းပကား ပြည်သူတွေရဲ့ အာရုံခံစားမှုတို့ကို ထင်ဟပ် ကဗျာဖွဲ့ခဲ့ကြတဲ့ ကဗျာစာဆိုတွေလည်း ရှိခဲ့တယ်။ ခိုင်ခံ့တဲ့ မှတ်တမ်းတင် ကိရိယာ မရှိသေးတဲ့ ခေတ်မို့လို့ ပြောင်မြောက်တဲ့ ကဗျာကောင်း ကဗျာမွန်တွေ ပျောက်ကွယ် ဆုံးပါးခဲ့ကြရတာကတော့ မြန်မာအမျိုးသားယဉ်ကျေးမှု အတွက် ဧရာမ နစ်နာမှုကြီးပါပဲ။

♦ ♦ ♦

www.foreverspace.com.mm

# ရှင်ဥတ္တမကျော်

အင်းဝခေတ်ရဲ့ ထိပ်တန်းစာဆိုတော်ကြီး တစ်ဦးဖြစ်တဲ့ ရှင်ဥတ္တမကျော်ဟာ တောလားရတု ကိုးပုဒ် ချန်ခဲ့ပါတယ်။ သူ့တောလားကို တချို့က ရတုလို့ မခေါ်လိုကြဘဲ လင်္ကာလို့သာ ကင်ပွန်းတပ်ချင်ကြတယ်။ တချို့ကတော့ ရတုလို့ပဲ သတ်မှတ်ပါတယ်။ ဒုတိယ အယူအဆကို ကျွန်တော် ထောက်ခံတယ်။ လင်္ကာကို တစ်ပိုဒ်တည်း ရေးရင် ဧကပိုဒ်၊ နှစ်ပိုဒ်ဆိုရင် အဖြည့်ခံ၊ သုံးပိုဒ်ကို ပိုဒ်စုံရတုလို့ ခေါ်ကြတာဖြစ်ပြီး ပိုဒ်ရေ ရာကျော်ထိ ရေးကာ ပုံတစ်ပုံကို ပြောပြရင် ပျို့၊ သမိုင်းဝင်ဖြစ်ရပ်တစ်ခုကို မှတ်တမ်းတင်ရင် မော်ကွန်း၊ တောထဲသွားတဲ့ အကြောင်း ဖွဲ့နွဲ့တဲ့အခါ 'တောလား' ခေါ်ကြတာပါပဲ။

ရှင်ဥတ္တမကျော် တောလားရဲ့ အကြောင်းအရာကတော့ ဘုရားရှင် ကပ္ပိလဝတ်ပြည်ကို ဒေသစာရီ ကြွချီလာပုံ ဖြစ်တယ်။ ပါဠိကျမ်းဂန်များမှာတော့ ဘုရားရှင်ကို ကြွချီလာဖြစ်အောင် ကာဠုဒါယီရဲ့ လျှောက်ထားချက် စကားများက နာမည်ကြီးပါတယ်။ ရှင်ဥတ္တမကျော်ရဲ့ ကဗျာက ဘုရားရှင် တကယ်ကြွချီလာပုံကို ဖွဲ့တာ ဖြစ်တယ်။ ဘုရား ကြွချီလာတယ် ဆိုတော့ ခံ့ညားထည်ဝါအောင် လုပ်ဖို့ လိုပေလိမ့်မယ်။ ဒါကို ဆရာတော်ဟာ သူ့ရဲ့ ကဗျာအစွမ်းနဲ့ ဖန်တီးယူခဲ့တယ်။ ရစ်သမ်၊ စကားလုံးရွေးချယ်မှု၊ နိမိတ်ပုံ၊ ကဗျာ ပရိယာယ် အားလုံးကို သုံးပြီး ခမ်းနားကြီးကျယ်အောင် ဖွဲ့နွဲ့ထားတယ်။ ဇာတ်လမ်းတို ကလေးတွေနဲ့လည်း စိတ်ဝင်စားဖွယ် လုပ်ထားလိုက်သေးရဲ့။

ဘုရားဂုဏ်တော်နဲ့ လိုက်အောင် အောင်မြင်ခံ့ညားတဲ့ အသံသွား အသံလာ တစ်ခုကို ရအောင် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ စာဆို အကျော်တို့က ဟောသလို လုပ်ခဲ့ကြတယ်။

www.foreverspace.com.mm



*ဇာတိပုည၊ ဂုဏ်မာနဖြင့်*
*သံပ ဟုံးစုံ၊ ဘက်မဲ့ကြိုးသား*
*အားသုံးထောင်ထား၊ မျိုးလေးပါး၏*

ရဋ္ဌသာရ ကိုးခန်းပျို့

*ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က*
*ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်တည့်*

သီလဝံသ ပါရမီတော်ခန်းပျို့

သူတို့ထက် မလျော့တဲ့ အသံမိုးကြိုးကို ရှင်ဥတ္တမကျော်က လုပ်ပြလိုက်ပါတယ်။

*သဟာသရောင်၊ ခြည် တထောင်ဖြင့်*
*ပြောင်ပြောင် ဝင်းထိန်၊ အာဏာ နှိမ်လျက်*
*ပြင်းရှိန် အဋ္ဌ၊ ကုန်စွမ်းပြသော်*

တောလား ၁

*အနန္တ ဂုဏ်၊ သဗ္ဗညုံ၏*
*ဘုံ ဘဝင်ဖျား၊ ဘုန်းတော်အားလည်း*
*ပျံ့ရှားကြိုင်သင်း၊ ထိန်ထိန်လင်းလျက်*

တောလား ၂

ခမ်းနားရမယ့်နေရာ အသံ ဟိန်းသလို၊ ပျော့ရမယ့် နေရာ ပျော့၊ ပြေရမယ့်နေရာ ပြေ၊ ဆတ်ရမယ့် နေရာ ခပ်ဆတ်ဆတ်ကလေး ရစ်သမ် ဖော်ကျူးထားတာများလည်း ဆရာတော် လုပ်တယ်။ ဝေ့ကာဝိုက်ကာနဲ့ သစ်ရွက်ကလေးတွေ လွင့်ပျံနေပုံအဖွဲ့ဟာ နာမည်ကြီးပါတယ်။

*လေခ မြေသက်၊ ဈာန် ဝိတက်သို့*
*သစ်ရွက် ရော်ရီ၊ ဣန္ဒနီဝယ်*
*သိင်္ဂီ တဝက်၊ ဖက်၍ ဆေးစုံ*
*ချယ်သောပုံသို့*

တောလား ၁

www.foreverspace.com.mm



နာမည်ကြီးတာက စာပန်းချီ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ထောက်ပြလိုတာကတော့ အသံဆတ်ပုံ၊ ပြေသွားပုံ၊ တက်ပုံ၊ ကျပုံ၊ တုန်းအလှယ်လှယ်နဲ့ပဲ သစ်ရွက်လေးတွေ ပျံ့ဝဲပုံကို သရုပ်ပေါ်စေနိုင်မှု ဖြစ်ပါတယ်။

ရစ်သမ်ကို အမျိုးမျိုးလုပ်သလို စကားလုံး ရွေးချယ်သုံးနှုန်းရာမှာလည်း သူ့နေရာနဲ့သူ အံဝင်အောင် ပဒေသာ သုံးနှုန်းပြတာကို တွေ့ကြရတယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို ဖွင့်ရာမှာ ကြီးကျယ်ခမ်းနားဖို့ လိုလေတော့ ပါဠိပိဋကတ်လာ ဝေါဟာရတွေကို ဖောဖောသီသီပဲ ဆရာတော် သုံးပြလိုက်တယ်။

***စကြဝဠာ၊ အာကာ ဇာတိ***
***ခေတ် ဝိသယ၊ နှိုင်း မမျှသား***
***အနန္တဂုဏ်၊ သဗ္ဗညုံ၏***
***ဘုံဘဝဂ်ဖျား၊ ဘုန်းတော်အားလည်း***

တောလား ၂

***အနတ္တရ ၊ တိလောက ဟု***
***သကျမုနိန်၊ မာရဇိန်ကို***

တောလား ၃

***ရေစုံ မီးပွင့်၊ တန်ခိုးလွှင့်၍***
***ကဲမြင့် ရောင်ခြည်၊ ဘဝဂ် လည်သား***
***သုံးမည် လူနတ်၊ ပူဇော်အပ်သည်***
***လူထွတ် ပရမေ၊ ဂုဏ်မြူတေကို***

တောလား ၇

သူတို့ခေတ်က လောကီကြောင်းမှာ ကြီးကျယ် လေးနက်တယ်လို့ လူတို့က ယုံမှတ်ထားကြတဲ့ နက္ခတ်ဗေဒင် ပညာရပ်ဆိုင်ရာ ဝေါဟာရတွေနဲ့လည်း ခမ်းနားထည်ဝါမှုကို ဆရာတော် ဖန်ဆင်းတယ်။

***စက် ဆယ့်နှစ်လီ၊ ဒွါဒသီ ဝယ်***
***သုံးလီ ဥတု၊ လက်ဝယ် လုသား***
***ရတု သာစွ၊ လမဏ္ဍလျှင်***

www.foreverspace.com.mm

*သဘင် ဂိမ္ဗာန်၊ တာသင်းကြန်ဟု*

တောလား ၁

*ပြိုင်ဆွယ် ကာက၊ ကတ္တရှနှင့်*
*ဟသ်္ဘတာရာ၊ ရုံဝန်း ကာလျက်*

တောလား ၁

*ဗဟို မဠ္ဍေ၊ ဝီထိ ဠျွ၍*
*ရွှေဖလ်ရဝိန်၊ လယ်လမ်း နှိမ်လျက်*
*နာဂိန္ဒရာ၊ ဗျိုင်းတာရာနှင့်*

တောလား ၂

*ပဘက်ရို၊ ရဝိ စန္ဒ*
*ဘောမ ဗုဒ္ဓါ၊ ဆရာ ဂုရု*
*ဗရဂု သောရာ၊ ဒေဝါ သူရိန်*
*ဘူမိန္ဒရာ၊ ဂြိုဟ် ရှစ်ဖြာနှင့်*
*အာသာ ယုဇ္ဇ၊ နုရာဓလျှောင်*
*မူလ ဇေဋ္ဌာ၊ ဝိသာခါက*
*ပုဏ္ဏာ ပြည့်မို၊ ဘရဏီ အာသဠ်*
*သရဝဏ် မာသ၊ အသလိဿနှင့်*
*မနေ သိဒ္ဓိ၊ ကျတ္တိကာ နတ်*
*သတ္တ ဗိသျှ၊ ထွန်းပ လျှံညီ*
*ရောဟဏီတည့်၊ ရေဝတီက*
*ဥတ္တရ ဘရဂု၊ ဖုသျှ လုကာ*
*ကြယ်ပုဏ္ဏာတို့၊ ယာဉ်သာဘုံပျံ*

တောလား ၅

သစ်ပင်အနိမ့်အမြင့်တို့ စုံနိုင်မျှ စုံစုံ တောတွင်းမှာ ရှိနေပုံကို

*ကဲကြ ဆင့်ဆင့်၊ ပင်မြင့် ပင်လတ်*
*ပင်ပျပ် ပင်စောက်၊ ဖူးညှောက် ကိုက်နု*

တောလား ၁

www.foreverspace.com.mm



ရယ်လို့ စကားလုံးတွေကို ပိုင်ပိုင်နိုင်နိုင် ရေလဲနဲ့ သုံးနှုန်း ဖွဲ့ဆိုပြလိုက်တယ်။ ဆက်လက်ပြီး ပန်းပင် သီးပင်တို့ရဲ့ အမည်တွေကို စာရင်းလုပ်ပြထားပုံက လည်း ဆရာတော်ရဲ့ ရုက္ခဗေဒ ဗဟုသုတကို အံ့သြစရာပဲ ဖြစ်နေတော့တယ်။

လွမ်းရတုကို ဖန်းဆင်းရာမှာ

***မင်းလွင် လိုလို၊ ရုံတခိုဝယ်***

***လေချို ဝန်းလု၊ လွမ်းရတု၌***

***ရွက်နု မငြိမ်၊ မြေနှင့်ချိန်လျက်***

တောလား၃

ရယ်လို့ စပ်ဆိုထားပုံမှာ စကားလုံးတွေရဲ့ အဓိပ္ပာယ် မစဉ်းစားမီ စကားလုံး တွေကို အသံကြားရ၊ စာမြင်ရကာမျှ သက်သက်နဲ့ပဲ လွမ်းစရာဖြစ်နေတော့ တယ်။ အလားတူ

***... သဲခင်း သာဝယ်***

***သီတာ ကြည်လဲ့၊ ငှက်သံနွဲ့နှင့်***

***လွမ်းဖွယ် မြိုင်ခြေ၊ မြူခိုးဝေခဲ့***

တောလား ၅

ဒီမှာလည်း စကားလုံးတွေ ကိုယ်နှိုက်က လွမ်းစရာ၊ ကြေကွဲစရာ ဖြစ်နေ တာကို တွေ့ရမယ်။

စကားလုံးတွေကို တွဲစပ်လိုက်ပြန်တဲ့အခါ ရံဖန် စကားလုံးပန်းချီလှလှ ကလေးများ ဖြစ်သွားကြပြီး ရံဖန် ထိမိတဲ့ နိမိတ်ပုံများ ဖြစ်သွားကြတော့တယ်။

***လေခမြေသက်၊ ဈာန်ဝိတက်သို့***

***သစ်ရွက် ရော်ရီ၊ ဣန္ဒနီဝယ်***

***သိင်္ဂီ တဝက်၊ ဖက်၍ ဆေးစုံ***

***ခြယ်သော ပုံသို့...***

တောလား ၁

***တိမ်ညို မိုဃ်းလွှာ၊ တိမ်စုကာနှင့်***

***တိမ်ပြာ ရောယှက်၊ မရမ်းဖက်၍***

www.foreverspace.com.mm



*တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်*
*မှောင်ခဲ့ တစ်ခါ၊ ပြာခဲ့ တချို့*
*ညိုခဲ့ တစ်လီ၊ ရီခဲ့ တစ်ပုံ*
*မှုန်ခဲ့ တစ်ချက်၊ ယုဂန် ထက်က*
*လေးဘက် လုံးခြုံ၊ တိမ်ဂဠုန်လည်း*
*နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်*
*ခိုးငွေ့ လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့။*

တောလား ၂

*လည်ယုက် မြဲနှောင်၊ ရေယဉ်ပေါင်၍*
*ငွေသောင် မြုပ်မြော၊ ဒိုက်သရောလည်း*
*တိုက်လျော သုံ့သုံ၊ ကြက်လှိုင်းခုန်၍*
*တပုံ မြူပြန်၊ ဝေဟာယံဝယ်*
*သက်တံ ရေးပြ၊ တိမ်ချင်းမှုလျက်...*

တောလား ၇

စတဲ့အဖွဲ့တွေဟာ အင်မတန် ကောင်းမွန်တဲ့ စကားလုံးပန်းချီ နမူနာ အချို့ ပါပဲ။

နေရဲ့ အပူရှိန်က ကမ္ဘာမြေအပေါ် တန်ခိုးအာဏာ ပြသလို အစွမ်းကုန် ပူပြတာကို

*ပြောင်ပြောင် ဝင်းထိန်၊ အာဏာနှိမ်လျက်*
*ပြင်းရှိန် အဓွန့်၊ ကုန် စွမ်းပြသော်...*

တောလား ၁

စကြဝဠာ အနန္တမှာ ဘုရားရှင် ဘုန်းတန်ခိုးတော် ပျံ့နှံ့ပုံကို

*ပျံ့ရှား ကြိုင်သင်း၊ ထိန်ထိန်လင်းလျက်*
*ထုတ်ချင်း ခတ်လျှို၊ တန်ခိုး မိုသော်...*

တောလား ၂

www.foreverspace.com.mm



လနယုန် မေထုန်ရာသီ၌ စံပယ်ပန်းတို့ ပွင့်ဖူး ကြတာကိုပဲ
*မေထုန်လက်ဖျား၊ စံပယ်နားလျက်...*

တောလား ၂

မြတ်စွာဘုရားကို ကြယ်တာရာတို့ မိုးပေါ်က ခစားပုံကို
*သဒ္ဓါ ဆွတ်ဆွတ်၊ တာရာညွှတ်၍ ...*

တောလား ၅

ရယ်လို့ ဖွဲ့သီထားရာတွေမှာတော့ အင်မတန်ထိမိတဲ့ နိမိတ်ပုံများကို တွေ့ကြရပေတယ်။

ဘုရားသခင်ကို ညွှတ်တွားကြရာမှာ သက်ရှိ လူနတ်တို့သာ မဟုတ်။ သစ်ပင်၊ ပန်းမန်တို့ကပါ ပါဝင်တယ်၊ ဒါတင်မက ရေမြေ ကောင်းကင် မဟာဘုတ်ဓာတ်ကြီးတွေ(The elements) ကပါ ပူဇော်ကြတယ်လို့ ရေးရာမှာဖြင့် ဉတ္တမအရှင်ဟာ မြန်မာစာဆိုတို့အနက် အထူးခြားဆုံး ဖြစ်သွားရပါတော့တယ်။

*... တိမ်ပြာသဒ်လည်း*
*လူထွတ် ပရမေ၊ သုံးလူ့ဆွေကို*
*ညွှတ်ခွေဦးတင်၊ ရှိပန်ဆင်ခဲ့။*

တောလား ၁

*ရှင်ပင်မြတ်စွာ၊ လောက နာကို*
*တာရာ စန္ဒ၊ သူရိယတို့*
*တုပ်ကွ ရှိကျိုး၊ ရောင်စုံဖြိုးသည်။*

တောလား ၅

*နှိုင်းကျော် တုလွတ်၊ ခေါင်တမွတ်အား*
*ရက်ဝတ် လျှောသုံ၊ သီတာငုံသည်*
*ယမုံ လျှမ်းပြည့်၊ ထန်းရွှေမှည့်နှင့်*
*ရေကြည့်ဘာသာ၊ တင့်နည်း ရှာခဲ့။*

တောလား ၆

www.foreverspace.com.mm



တောလား ဆိုရာမှာ သမင်ဒရယ်တွေနဲ့ တောကြီး မျက်မည်းတင် မဟုတ်၊ ရွာနားနီးတဲ့ တောလည်း ပါတယ်။ ဒါကြောင့်

*တောနှင့်တောင်ထု၊ ပျော်ကြောင်းလုသည်*
*တောင်သူ ဓလေ့၊ ယာမီးကြွေ့သား...*

တောလား ၁

*ထွန်ချမင်္ဂလာ၊ တောင်သူမှာလည်း*
*ဘာသာဓလေ့၊ ပျော်မွေ့ စိုက်ပျိုး...*

တောလား ၂

စသည်ဖြင့် တောင်ပေါ်သားတွေကို ထည့်သွင်းဖွဲ့နွဲ့ထားတယ်။ တောင်သူတွေအပြင် တောထဲမှာ တွေ့ရမှာက မုဆိုးတွေပါပဲ။ မုဆိုးတွေကိုတော့ ဆရာတော်က ဟာသနှော ဖွဲ့ထားတယ်။ ဘုရားသခင်ကို ဖူးမြော်ဖို့ လာကြတဲ့ 'နတ်စစ်ကညာ မေခလာ' တို့ကို မြင်တွေ့ရတဲ့ မုဆိုးတွေက စကားကြီး စကားကျယ်တွေနဲ့ ချစ်ရေးဆိုကြတာ

*မြင့်သီဝေးမျှော်၊ ထင်ရေးရော်၍*
*တော်ညာဝင်ကို၊ လွမ်းရေးပို*

တောလား ၅

သွားကြပုံတို့ဟာ စာဖတ်သူ မပြုံးဘဲ မနေနိုင် ဖြစ်ရတဲ့ အရေးအဖွဲ့တွေပါပဲ။

ဆရာတော် ဟာသဝါသနာ ပါတာကတော့ ရှင်းပါတယ်။ သူ့ တောလား ကိုးပိုဒ်စလုံး 'လ' အက္ခရာတွေ သုံးထားတာဟာ သူ့ခေတ်က 'လ' အစွဲသန်သူတွေကို အရွဲ့တိုက် ရေးနေမှန်း သိသာလှပါတယ်။ တောလား အပိုဒ် ၉ (နောက်ဆုံးအပိုဒ်) မှာ လုပ်ထားပုံကိုလည်း ကြည့်လေ။

*သုံးမည် ပရမေ၊ ဗျာဒိတ် ချွေသား*
*သပြေကျွန်းသာ၊ နောင်အခါဝယ်*
*သညာ သမုတ်၊ ပညတ်ထုတ်သည်*
*ရှင်ဉတ္တမကျော်၊ ထေရ်မြတ်သော်လည်း*

www.foreverspace.com.mm



***အယော် နောင်လာ၊ ငါ့ရိုက်ရာကို***
***သစ္စာဖူးငုံ၊ ပွင့်အံ့တုံဟု***
***ကိုးဂုဏ် ရှင်ပင်၊ အံ့ချီးတင်သည်***
***ငါလျှင်လည်းကောင်း ဗောဓိလောင်း...***

ကပ္ပိလဝတ်ပြည် ကြွချီတော်မူစဉ် တောလမ်းမှာ မြတ်စွာဘုရားရှင်က ‘နောင်သောအခါ ငါဘုရား အရိုက်အရာကို ရှင်ဥတ္တမကျော် ထေရ်မြတ်က ဆက်ခံပြီး ဘုရားအဖြစ် ပွင့်တော်မူလိမ့်မယ်’ လို့ ဗျာဒိတ်ပေးသွားပါတဲ့။ သူ့ကိုယ်သူ ကြွားလိုစိတ်လည်း မရှိပါဘူး။ ရှင်မဟာသီလဝံသတို့က ဘုရားဆုပန်တယ်ဆိုလို့ တမင်သက်သက် ကဗျာထဲကနေ နောက်လိုက် ပြောင်လိုက်တာ လို့ပဲ ယူဆရဖို့ များပါတယ်။

♦ ♦ ♦

www.foreverspace.com.mm

# ရှင်မဟာသီလဝံသ

(၁၄၅၃–၁၅၂၀)

အင်းဝခေတ်ရဲ့ ရဟန်းစာဆိုတော် ရှင်မဟာသီလဝံသဟာ အဓိက အားဖြင့် ပျို့စာဆိုအဖြစ် ထင်ရှားတာပါ။ ဆရာတော်ဟာ မော်ကွန်းလဲရေး၊ စကားပြေလဲ ရေး၊ ရတုလဲ ရေးခဲ့တယ်။ ဆရာတော်ရေးတဲ့ရတု ၁၈ပုဒ် တွေ့ရပေမယ့် ခြောက်ပုဒ်က ဟိုလူရေးသလို ဒီလူရေးသလို ဝိဝါဒကွဲတွေ ဖြစ်နေတယ်။

ဆရာတော် သီလဝံသဟာ အခြားရဟန်းစာဆိုတွေထက်ကို လောကုတ္တရာ ဆန်တယ်။ သူ ရေးခဲ့တဲ့ ရတုအားလုံး တရားသံဝေဂနဲ့ ဆက်နွှယ်နေပြီး အချာပဝရ ချီ တောင်တွင်းမြို့ဖွဲ့ တစ်ပုဒ်ပဲ လောကီဘက် လုနေတာ ပါတယ်။ တရားဓမ္မဘက် အားသန်တဲ့ စာဆိုဖြစ်တဲ့အတွက် ဆရာတော်ရဲ့လေဟာ တည်ကြည်ခံ့ညားတဲ့ အသွင်ကို အမြဲဆောင်နေတယ်။ လူမှုကိစ္စကို ဖွဲ့ဦး၊ နွဲ့လျ ပျော့ပျောင်းတဲ့အသံ ထွက်ပေါ်မလာဘူး။ ဒါကြောင့်လဲ အများက ရှင်မဟာ သီလဝံသ ရေးတာလို့ မှတ်ယူခဲ့ကြတဲ့ နန်းမြေအောင်ချာ ချီ ရတုကို ဆရာတော် ရေးတာ မဟုတ်ဘူးလို့ တထစ်ချ ပြောနိုင်တယ်။

ဆရာတော် သီလဝံသ သုံးမယ့် လေ၊ ဆရာတော် ထည့်သွင်းသီကုံး မယ့် စကားလုံးတွေက 'ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်သား' အစချီတဲ့ ပါရမီ တော်ခန်းပျို့က လေနဲ့ စကားလုံးတို့ပဲ ဖြစ်တယ်။ ဆရာတော်ရဲ့ ရှားရှား ပါးပါး လောကီနွှယ်တဲ့ တောင်တွင်းဖွဲ့ကို ကြည့်။

***အချာ ပဝရ၊ ဌာန အောင်ချက်***
***ဘုမိနက်ဉ်၊ နိုင်းဖက် တုကင်း***

www.foreverspace.com.mm



***ထောင်ပြုခြင်းဝယ်၊ တောင်တွင်းခေါ်မည်***
***တို့ ရွှေပြည်ကား***

ရယ်လို့ ပျို့ကြီးတစ်စောင်ရဲ့ လေနဲ့ စထားတယ်။ လုလင် လုံမတို့ ဘာသာ ဘာဝ ပြောဆိုကြတာကိုပဲ

***ရွယ်လူး ခင်ညို၊ သွေးကြဉ်း ဆိုသော်***
***သံချို ခင်ဦး၊ ပျံ့ပျူး သာယာ***
***ပြန်ပိမ့် နာလော့၊ ပမာ ထုံးစံ***

စသည်ဖြင့် နွဲ့သံ ချွဲသံမပါ ခံ့ခံ့ညားညားကြီး ဖွဲ့ထားတော့တယ်။

တစ်ခါတစ်ရံ ဆရာတော် သီလဝံသဟာ တရားဟောချင်အားကြီးပြီး ပါဠိပါဠ်သားတွေချည်း တန်းစီ ဖွဲ့ထားတတ်တယ်။ အဲဒါမျိုးတွေကိုတော့ ကဗျာလို့ ပြောဖို့ ခက်ပေလိမ့်မယ်။ ဥပမာ

***သဒ္ဒါလေးခု၊ စတုလေးထပ်***
***တစ်ရပ် ငါးနေ၊ သုံးထွေဗျာပါ***
***သုံးဖြာ ဝဋ္ဋ၊ သုံးဆ အနက်***
***အခက် ဆယ်ဖြာ၊ သဒ္ဒါဂုဏ***

'သုနာပရန်' ချီရတု

***အသင်္ခရိက၊ ဉာဏသမ္ပယောဂေါ***
***သောမနဿ ဇော၊ တက်ပြော ပီတိ***
***သတိ ဇောစိတ်၊ ပဋိဿန္ဓေ***
***စယူထွေဖြင့်၊ လှည့်ထွေ မပြတ်***

'အသင်္ခါရိက်' ချီ ရတု

ဒါပေမဲ့ သံဝေဂကဗျာကို ရေးဖွဲ့ရာမှာတော့ ရှင်သီလဝံသဟာ ကဗျာ မြောက်အောင် အားထုတ် ရေးဖွဲ့ခဲ့တာကို တွေ့ကြရတယ်။ နမူနာ အဖြစ် သူ့ရဲ့ သံဝေဂကဗျာ တစ်ပုဒ်ကို ကြည့်ကြရအောင်။ မွေးကင်းစ အရွယ်ကနေ တစ်စတစ်စ ကြီးပြင်းခဲ့ရပြီးနောက် 'လုလင်တစ်ယောက် အရွယ်ရောက်' လာပုံကို ဟောဒီလို ဖွဲ့ထားတယ်။

www.foreverspace.com.mm



*ပေါက်ရောက် ခွန်အား၊ ထွားထွားပုပု*
*နုနုကျိုင်းကျိုင်း၊ ပြိုင်းပြိုင်း ဖောက်ဖောက်*
*ရွှေပင်ပေါက်သို့၊ ရောင်တောက် ညီးဝါ*
*မျက်နှာပပ၊ ရေသား လှလည်း*
*မြမြ ထပ်ထပ်၊ ချပ်ချပ် ချည်းချည်း*
*ကြည်းကြည်း ကိုယ်သား၊ ထန်းမှည့်လားသို့*

'အဖန်ဖန်' ချီ ရတု

ကျန်းမာသန်စွမ်းတဲ့ လုလင်ပျိုတစ်ယောက်ရဲ့ ချစ်မြတ်နိုးဖွယ် ရုပ်လုံးဟာ ကြွလို့ ပေါ်လာတယ်။ ဒါပေမဲ့ 'နှစ်လိုချင်ဖွယ် ဆင်းရွယ် လက္ခဏာ ပြည့်စုံပါလည်း မြင့်ကြာမနေ' ဆိုတဲ့အတိုင်း မကြာခင် ဇရာက ဝင်လာတယ်။ နုပျိုခြင်းနဲ့ အိုမင်းရင့်ရော်ခြင်း နှစ်ခုကို ဆရာတော် ဆက်တိုက်ယှဉ် သရုပ်ဖော်ထားပုံက

*... ပွင့်ကြွေ နီးခန်း*
*ညှိုးသည့် ပန်းသို့၊ မလန်း မျက်နှာ*
*ဆင်း ပြင်လျာနဲ့၊ ရုပ်ဝါဆိုးတောင်း*
*ဦးခေါင်း ဆံဖြူ၊ လူလူ ဖွေးဖွေး*
*ဖျိုင်းမွေး အဆင်း၊ အိုမင်း ဇရာ*
*ရောဂါ နှိပ်စက်၊ ဓာတ်လည်း ပျက်၍*
*မတက်ခွန်အား၊ သွားလည်း မသံ*
*မျက်ဆံ မှိုင်းရီ၊ သီသီ မွဲမွဲ*
*ကျောက်စွဲ ရင်နာ၊ လည်မှာ တုန်ရိုက်*
*ခတ်ငိုက် ကိုင်းကိုင်း၊ ပြိုင်းပြိုင်း အနန့်*
*လက်ပြန့် ခြေပြောင်း၊ ကိုးခြောင်း ကျောစစ်*
*ဖြစ်သည် လွန်ပြင်း၊ ရှုံးတွင်း ပါးစောင်*
*မျက်ချောင် ဝင်နက်၊ ပိန်ပျက် ရေသား*

ပါတဲ့။

www.foreverspace.com.mm



ဇရာနဲ့အတူ ဗျာဓိက လိုက်ပါလာတယ်။ ဗျာဓိကို ဖွဲ့ပုံက

***… ဖျားနာ ရှိသော်***
***ဖက်ရွက်ရော်သို့၊ ဆိုသော် စကား***
***မျှားမျှား မပီ၊ တော့တီတော့တ***
***ထုံ အအလျှင်၊ ထလျှင် အလို***
***သက်ကြီးဖို့၍၊ ကစိုကရွား***
***သူကန်းလားသို့၊ သွားက လှမ်းလှမ်း***
***တဖျင် ရမ်းလျက်၊ နင်းတမ်း မမှန်***
***မျောက်ဟန် အတူ၊ မူယူလည်း ဖောက်***

'ပထမဝယ်' ချီရတု

ဗျာဓိပြီးတော့ မရဏ လာတယ်။ သေခြင်းတရားက 'သနားမမူ ကလူကစာ ပြင်းစွာနှိမ်နင်း' တဲ့အခါ မိဘဆွေမျိုး စသူတို့က 'ဆေးဝါးတွေ ဖော်' ကြ၊ 'ဟူးရားဂဏန်း ကိန်းခန်းလည်း မြှူ'ကြ 'စုန်းနတ်ကူ' ကြ၊ 'သိမြင် ဦးဘေး ပြုဖျာ်စာပေး' ကြတယ်၊ ဒါပေမဲ့ ဘယ်လိုမှ သေခြင်းကို အန်တုလို့ မရဘူး။

***သက်ကြီးဖိုဖို၊ မြိုမြို ငြင်ငြင်***
***ပူပင်ကိုယ်လုံး၊ မီးတွင်း အုံးသို့***
***ကျောရိုး တွန့်ယှက်၊ ငင်လျက် ကျော်တင်း***
***ပျက်ခြင်း အိမ့်အိမ့်၊ မွေးတွင်း ငြိမ့်လျက်***

သေကြောဆွဲကာ 'စုတိကျ' သွားတော့တယ်။ သေသူရဲ့ ရုပ်သဏ္ဍာန်ကို ရှင်မဟာသီလဝံသ ဖွဲ့ပုံကတော့

***ချမ်းမြ ခြေလက်၊ မတက် ကိုယ်ငွေ့***
***ဖြောသွေ့မျက်နှာ၊ နီစွာ လျှောင်းလျှောင်း***
***နံ့မကောင်းနှင့်၊ နှာခေါင်း ပွပွ***
***နားစလည်း လန်၊ မျက်ဆံ မွဲသီ***

www.foreverspace.com.mm



***မှိုင်းရီ မည်းသမ်း၊ နွတ်ခမ်း သွေ့သွေ့***
***သွားပါစေလျက်***

'နေ့တိုင်းအမှန်' ချီ ရတု

ပါတဲ့။ ဆရာတော် စကားလုံးတွေ ပိုင်နိုင်ပုံ၊ သူ့ နေရာနဲ့သူ ရွေးချယ် သုံးတတ်ပုံ၊ စကားလုံးတွေ ထပ်တန်ထပ်၊ ဖြတ်တန်ဖြတ်ကာ မိမိ ဖော်ကျူးလိုတဲ့ ရုပ်ပုံ ဖော်ကျူးသွားပုံတို့ကို တွေ့ကြရတယ်။

အလွန် လှပသလောက် ထိမိတဲ့ နိမိတ်ပုံများကိုလဲ ဆရာတော်ရဲ့ သံဝေဂ ကဗျာများမှာ တွေ့ရတယ်။

***မင်္ဂရည် မိုးပေါက်၊ ကြည်ကြည်သောက်၍***

'အသစ်အသစ်' ချီ ရတု

***အမြိုက် အရဟတ္တမဂ်၊ သင်တုန်း စက်ဖြင့်***
***ဝက်ဝက် ခုတ်ဖြတ်***

...ယင်းကဗျာ

***ယဉ်တွေ ပြင်းစွာ၊ တဏှာ ညြယ***
***ဘဝ ပြောကျယ်၊ ပင်လယ်မြစ်ကြောင်း***
***ခနောင်း ကြလှဲ၊ ဝဲ တကြိုက်ကြိုက်***
***ဆူလှိုက်ဖြိုးဖြိုး၊ တံပိုးဟူးဟူး***
***ကူးလည်း မသာ၊ ခက်ခဲစွာကို***

...ယင်းကဗျာ

***ပညာ တက်မ၊ ဝီရိယနှင့်***
***လုလ္လ ပင့်တွန်း၊ လင်းယဉ် တန်း၍***
***သက်န်း ဟူးဟူး၊ လိုရာကူးမှ***

...ယင်းကဗျာ

***လွတ်သည် မြားသို့၊ တရား သိမှန်***
***ခန္ဓာဝန်ကို၊ အလွန်သို့ပင်***
***မထမ်းချင်ဟု***

'အကြိုက်အကြိုက်' ချီရတု

www.foreverspace.com.mm



***သရက္ခန် ဟု၊ အလွန်မှတ်ဆုံး***
***နံ့သာတုံးကို၊ ကိုယ်လုံး ချမ်းငြိမ်း***
***နေ့တိုင်း လိမ်းလျက်***

...ယင်းကဗျာ

***စေ့ပျိုး ကုသိုလ်၊ ပင်ပျို ထွားထွား***
***အကိုင်းပွား၍၊ သားသား ရှိမ်းရှိမ်း***
***စိမ်းစိမ်း မြမြ၊ လန်းလန်း ထလျက်***

'တစ်ခါတစ်ခါ' ချီ ရတု

ရှင်မဟာ သီလဝံသရဲ့ အခြားရတုများမှာလဲ ပြောင်မြောက်တဲ့ အဖွဲ့တွေကို တွေ့ကြရပါရဲ့။ ဒါပေမဲ့ သံဝေဂ ကဗျာတွေရဲ့ အဆင့်ကို မမီကြဘူး။ ခံ့ညားပါပေတယ်လို့တော့ဖြင့် ပြောနိုင်ပေလိမ့်မယ်။

***ထို ရွှေပြည်မူ ရေကြည်၊ နက်ဆုံး***
***ကျုံးလည်း သီတာ၊ လပကြာနှင့်***
***သန္တာ အတိ၊ စီ၏ ဘိသို့***
***မြို့နှင့်တန်ဆောင်း၊ ရဲလောင်း ရင်တား***
***တံခါး လေးချယ်၊ ဖိုင်ဖိုင် ကျယ်၏။***

နာမည်ကျော် 'အချာပဝရ' ချီ တောင်တွင်းမြို့ဖွဲ့ ရတုက ဖြစ်ပါတယ်။ အသံပြေပြစ်ကာ စကားလုံးရွေးပုံ သင့်မြတ်ပြီး မြို့သရုပ် ပီပြင်ပါတယ်။

***ဂါမ ဝါသီ၊ မမှီလူရပ်***
***မကပ် မချည်း၊ မျည်းမျည်း ခွေ့ခွေ့***
***မွေ့မွေ့ သိမ်သိမ်၊ ငြိမ်ငြိမ်သက်သက်***
***ဘုက်ဘက် လိုက်လိုက်၊ ဖြိုက်ဖြိုက် ချိတ်ချိတ်***
***စေ စိတ်ဖြင့် တိတ်တိတ်၊ မောမော***
***ပြောဟော အဖော် မပျော်၊ တစ်ယောက်***
***ကျင့်ဆောက် စောင့်စည်း၊ ကုသိုလ် ဆည်းလျက်။***

www.foreverspace.com.mm



'ဂါမဝါသီ' ချီ အပိုဒ်က ကောက်နုတ်ချက် ဖြစ်ပါတယ်။ အဖော်မပါ တစ်ကိုယ်တည်း တောရပ်မှီးကာ တရားကျင့်နေတဲ့ သူတော်စင်ရဲ့ သရုပ်သဏ္ဌာန်ကို စကားလုံးတွေနဲ့ ဖန်ဆင်းပြထားပုံဟာ ထိမိလှတယ်။ စကား လုံးတွေ ထပ်ထားတာ၊ သွက်လက်တဲ့ ၄-၂ ကာရန် စနစ်ချည်း မှန်မှန် ယူထားတာတွေက သူတော်စင်ရဲ့ မြဲမြံ တည်ကြည်ပုံ၊ နေ့စဉ်ရက်ဆက် ဒီဘဝချည့် တောက်လျှောက် နေရပုံကို ပေါ်လွင်စေတယ်။

အမေးပုစ္ဆာ၊ ရာဇဝသတီ၊ ဆုံးမစာ၊ မေတ္တာစာ စတာတွေလဲ ရှင်မဟာသီလဝံသ ရေးပါသေးတယ်။ စာသံပေသံနဲ့ ခံ့ညားထည်ဝါပါရဲ့၊ ကဗျာနဲ့မတူဘဲ လင်္ကာသွားနဲ့ ရေးဖွဲ့ထားတဲ့ စကားပြေမျှ ဖြစ်နေတယ်။ အချို့က ရှင်သီလဝံသ လက်ရာလို့ ဆိုကြတဲ့ ကဗျာပုံစံနဲ့ စကားလုံး ကစားထားတဲ့ အတိုအထွာလေးတွေလဲ ရှိသေးတယ်။ ကဗျာ အစပ်အဟပ် နိုင်နင်းသူတစ်ဦး အပျင်းပြေ ကညစ်ကစားတဲ့ လေ့ကျင့်ခန်း တစ်မျိုးပါပဲ။

***နွယ်လှ ရိုးတံ၊ နွယ်လျှံ နွယ်ပြူ***
***နွယ်ဖူး ရှက်ထွေး၊ နွယ်လေး တလိုက်***
***နွယ်နွယ် ဆိုက်သား၊ နွယ်၌ စွဲလာ***
***နွယ် ဂီဝါမူ၊ နွယ်သာ မြဲမည်***
***နွယ်ရှည် ရှက်ဝန်း၊ နွယ် စိမ်းလန်း၍***

စသဖြင့် 'နွယ်' တွေချည့် ဆင့်ကာဆင့်ကာ သီကုံးသွားတဲ့ ကဗျာတိုကလေးမျိုး။ 'ယန္တရား စကြာကဗျာ' လို့ ခေါ်ပါသတဲ့။ ရှင်မဟာသီလဝံသ ရေးတာလို့ မှတ်ယူကြသလို ဖြစ်ချင်လဲ ဖြစ်နိုင်ရဲ့၊ မဖြစ်နိုင်ပါဘူးလို့ ပြောလဲ တန်ရာတယ်။ ဒါပေမဲ့ ရှင်မဟာသီလဝံသကို ကဗျာဆရာလို့ ခေါ်ရတာ ဒါတွေကြောင့်တော့ မဟုတ်ဘူး။ သံဝေဂ ရတုကဗျာတို့ ကြောင့်သာ မြန်မာ ဂန္ထဝင်ကဗျာလောကမှာ ကြီးမားတဲ့ စာဆိုတော် တစ်ဆူ အဖြစ် ရပ်တည်နေတာ ဖြစ်တယ်။

♦ ♦ ♦

www.foreverspace.com.mm

## ရှင်မဟာရဋ္ဌသာရ
(၁၄၆၈–၁၅၄၀)

လောကီအာရုံ ကာမဂုဏ်ကိုစွန့်ပြီး သာသနာ့ဘောင်ဝင်တယ်ဆိုတာ မိမိ စိတ်သန္တာန် အတွင်းမှာ ပြင်းထန်တဲ့ တိုက်ပွဲတစ်ပွဲ ဆင်နွှဲရတာ ဖြစ်တယ်။ တစ်ဖက်က ပုထုဇဉ်ပီပီ တွယ်တာမြတ်နိုးဖွယ်ဖြစ်တဲ့ လောကီကာမဂုဏ်၊ တစ်ဖက်က ပုထုဇဉ်အမြင်နဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်တဲ့ လောကုတ္တရာ အမြိုက် အရသာ။ ဒီတရား နှစ်ခုဟာ သူနိုင်ငါနိုင် အားပြိုင်မှု ဖြစ်ရတယ်။ ဒီတိုက်ပွဲကို ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသား ဆင်နွှဲခဲ့ရတယ်။ နောင် သူ့လမ်းစဉ်ကို ခံယူတဲ့ သူ့တပည့်သား အားလုံးလဲ ဆင်နွှဲကြရတယ်။ မြန်မာဂန္ထဝင်မှာ ထိပ်တန်းစာဆို ကြီးဖြစ်တဲ့ ရှင်မဟာရဋ္ဌသာရလဲ ဆင်နွှဲခဲ့ရတယ်။ သူအကြီးအကျယ် ဒီစစ်ပွဲ ဆင်နွှဲခဲ့ရပုံကို သူ့စာတွေထဲမှာ ဖွင့်ဟ ဝန်ခံထားရှာတယ်။ အထင်ရှားဆုံး ကတော့ သူ့ရဲ့ "ရွှေစက်တော်သွား တောလား" ပေါ့။

ရွှေစက်တော်ကို ဘုရားဖူးသွားစဉ်က ရှင်မဟာရဋ္ဌသာရဟာ ရဟန်း ဘောင် ဝင်ပြီးခါစ ငယ်ငယ်ပဲ ရှိပါလိမ့်ဦးမယ်။ ငယ်သေးလို့လဲ ဘထွေးနဲ့ ဦးရီးတို့ အဖော်ပါလာတာပါပဲ။ ငယ်ရွယ်သူမို့လဲ သာသနာ့ဘောင် ဝင်ခဲ့ရ စေကာ စိတ်ထဲက လောကီစည်းစိမ် ဂုဏ်သိရ်တို့ကို သံယောဇဉ် မပြတ်တပြတ် ရှိပေလိမ့်မယ်။ အသည်းနှလုံးက မြတ်နိုးတွယ်တာရသူလေး ဘာလေးလဲ ရှိချင် ရှိပေလိမ့်ဦးမယ်။ (တချို့ မှတ်တမ်းဆရာတို့ ဆိုသလို လက်ထပ်ဖူးတယ် ဆိုတာထိတော့ ဟုတ်မယ် မထင်ပါဘူး။) လမ်းခရီး တောတောင် ရှုခင်းဟာလဲ တကယ်ကို ကြည်နူးလွမ်းဆွတ်ဖွယ်ရာ ဖြစ်ခဲ့ပေလိမ့်မယ်။ ဒီလိုအခြေအနေမျိုး

www.foreverspace.com.mm



မှာ ဒီငယ်ရွယ်တဲ့ခရီးသည်ရဲ့ စိတ်သန္တာန်ထဲမှာ လောကအလှက ပဲ့တင်ထင်ဟပ်ပြတဲ့ လောကီကာမဂုဏ်နဲ့ ကိုယ်ရွေးချယ်မိရက်သား ဖြစ်နေတဲ့ လောကုတ္တရာဘဝတို့ ပဋိပက္ခ ဖြစ်လာရတာဟာ သဘာဝကျပေတယ်။ ဒီပဋိပက္ခရဲ့ အကြောင်းကို ဘုရားဖူးက အပြန် ကဗျာတစ်ပုဒ် ဖွဲ့ပြီး ရင်ဖွင့်ခဲ့တာပါပဲ။

ဒီမိမိရဲ့ စိတ်တွင်းပဋိပက္ခကို ကဗျာထဲမှာ ဖန်ဆင်းပြရာမှာ ရှင်မဟာရဋ္ဌသာရဟာ ပါရမီရှင်ပီပီ ကဗျာအတတ်ပညာကိုသုံးပြီး အောင်အောင် မြင်မြင်စွမ်းဆောင်နိုင်ခဲ့ပါပေတယ်။ သဒ္ဒါလင်္ကာအရာ သူမတူအောင် ပိုင်နိုင်တဲ့ ကဗျာဆရာတစ်ဦးပီပီ ရစ်သမ်ကို ထိထိမိမိ အသုံးချခဲ့သလို အတ္ထာလင်္ကာရအရလဲ ကဗျာပစ္စည်းမျိုးစုံကို သုံးပြီး ဖော်ကျူးခဲ့တယ်။

တောလားကဗျာမှာ ရတု ၄ပိုဒ် ပါဝင်တယ်။ ပထမဆုံး တစ်ပိုဒ်ကတော့ နိဒါန်းသဖွယ် ဘုရားအကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးထားတာမို့ ကဗျာအနေနဲ့ လွမ်းလောက်စရာ မရှိလှဘူး။ တကယ့်ကဗျာဟာ ဒုတိယပိုဒ်ကမှ စတယ်။ ကဗျာကို ဖွဲ့စည်းထားပုံကတော့ တောတောင်တွင်း ခရီးဆက်ခဲ့ပုံ၊ ခရီးတစ်လျှောက် သစ်ပင်ပန်းပင်တွေနဲ့ ကျေးငှက်တိရစ္ဆာန်များ၊ ကျေးငှက်တို့ရဲ့ မောင်မယ် ခွန်းတုံ့လှယ်သံကို ကြိုးကြား ကြိုးကြား ကြားရပုံ (ဒီအကြောင်းခြင်းတများကို ရတုနှစ်ပိုဒ် ဖွဲ့လိုက်တယ်)၊ ဒီလို ကြားရရာက မိမိအဖို့ လောကီလူ့ဘောင် ပြန်ဝင်ရဦးမယ့် နိမိတ်ပဲလို့ စိတ်ထဲခံစားမိပုံ (ဒါက နောက်ဆုံးအပိုဒ်)။ ဒါပါပဲ။

တောလမ်းခရီးကို ဖွဲ့ရာမှာ

***တောင်ရိုက်ကမ်းဆင်း၊ ကုန်းကျင်းချောက်မြောင်***
***မြောက်တောင်မှိုင်းဝေ၊ သစ်ပင်တွေနှင့်***
***ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း***

လို့ စလိုက်တယ်။ အညာဒေသမှာ တွေ့ရမြဲ တောလမ်းရဲ့ သရုပ်ဖော် တစ်ကွက်ပါပဲ။ ဒီရှုခင်းဟာ အလွမ်းဓာတ်ခံ ရှိသူတွေအဖို့ လွမ်းစရာပဲပေါ့။ အင်ကြင်းခက်တို့ လေကစားလို့ အခက်ချင်း ပွတ်တိုက်သံကပဲ လွမ်းတေးကို သီကျူးပေးသလို ဖြစ်နေတယ်။

www.foreverspace.com.mm



***ခက်ချင်းခိုက်ထိ၊ စောင်းကြိုးညှိသို့***
***နှမိနှမြော၊ လွမ်းဖွယ်ပေါ်စွ***
***တောင်တောဝန်းကျင် . . .***

ဒီလွမ်းဖွယ် တောတောင်ရှုခင်းထဲမှာမှ တစ်ခါ ကျေးငှက်တို့က မလွမ်းချင် လွမ်းချင်အောင် မောင်မယ် ခွန်းတုံ့လှယ်ကြပြန်တယ်။

***အကြင်ပြောင်းသူ၊ လွမ်းစေဟူသို့***
***လျှံဆူထွေပြား၊ ငှက်အများလည်း***
***ပျားသို့ ချိုအေး၊ ရင့်ရှုကြွေးလျက်***
***မောင်ထွေးတို့လော၊ မယ်တို့လောဟု***
***သဘောနှုတ်ဆက်၊ မေးကြလျက်တည့်***

ဒီနောက် ဆက်လက်ပြီး ငှက်အမျိုးမျိုးတို့ရဲ့ အသံ အမျိုးမျိုးတို့ကို ဘာသာဘာဝ စရိုက်ပီပြင်အောင် ဖော်ကျူးပြရင်း တစ်ပိုဒ် ဆုံးသွားတယ်။ ဒီတစ်ပိုဒ်လုံးမှာ ရွေးချယ် သုံးနှုန်းထားတဲ့ စကားလုံးတွေကိုယ်က အလွမ်း စကားလုံးတွေဖြစ်နေတာအပြင် အသံသွား အသံလာကိုယ်ကလဲ ဗမာ လွမ်းတေးတစ်ပုဒ်ရဲ့ မှန်မှန်နဲ့ လေးလေးတွဲ့တွဲ့ ရစ်သမ်ကို ခံစားမိကြရမယ်။

နောက်တစ်ပိုဒ်မှာ ငှက်တွေအပြင် တောတိရစ္ဆာန်တို့ကိုပါ ထည့်ပေးလိုက်တယ်။ တောဟာ တစတစနဲ့ နက်ရှိုင်းလာဟန်ကို အလိုလို ဖော်ညွှန်းပြီးသား ဖြစ်သွားတယ်။ ယုန်၊ ကြောင်၊ ခွေး၊ ဝံပုလွေ၊ မျောက်က အစ ကျားနဲ့ ဆင်တို့ထိ ပါလာတယ်။ ငှက်သံကတော့ . . .

***သံချွေကြွေးကြော်၊ ဖိုမ ခေါ်လျက်***

ပါပဲ။

ဒီလိုနဲ့ နှစ်ပိုဒ်လုံးလုံး ကြိုးကြား ကြားခဲ့ရတဲ့ ငှက်တို့ရဲ့ ဖိုမခေါ်သံကို နောက်တစ်ပိုဒ်ကျတော့လဲ ဆက်ပြီး ကြားရပြန်တယ်။

***ချိုးငှက်လည်ပြောက်၊ ကျွမ်းဖော်ပျောက်သို့***
***နားထောက်တွန်မြူး၊ သံပြိုင်ကျူးလျက်***

www.foreverspace.com.mm



***တစ်ဦးတိုင်က၊ တစ်ဦးချ၍***
***ဖိုမလင်းပြာ၊ တွန်သံသာနှင့်...***

ဒီတစ်ချိ ကြားရတာကတော့ ရင်နင့်သွားလောက်တယ်။ ချိုးကလေး ခမျာ သူ့ကြင်ဖော်ပျောက်ဆုံးနေရော့လားတဲ့။ ချစ်သူဆုံးခဲ့ရသူတို့အဖို့ မချိမဆံ့ ခံစားချင်စရာ ဖြစ်လာပေတယ်။ ချစ်သူကို စွန့်ပြီး သာသနာ့ဘောင် ဝင်ခဲ့ရဟန် တူတဲ့ စာဆို ရဟန်းငယ် ဘယ်ဖြေဆည်နိုင်ပါတော့မလဲ။ ဒီတော့ သူ့ဘဝနဲ့ ချိန်ထိုးပြီး ဆင်ခြင်မိလာတော့တယ်။ ချစ်သူပျောက်တဲ့ ချိုးကလေးအဖို့ "ချစ်သူရေ၊ မင်း ဘယ်မှာလဲကွယ်"လို့ မေးလိုက်တဲ့ခါ သူ့ချစ်သူက ပြန်ထူးသံ ကြားရတယ်။ ဒါ နိမိတ်ပဲ။ ငါလဲ ငါ့ချစ်သူနဲ့ ပြန်တွေ့ရမယ်။ ရဟန်းဘဝက လူဝတ်လဲဖြစ်ရမယ်။ လူ့ဘဝမှာ ပညာရှင် တစ်ဆူ အဖြစ် ကြီးပွားရချေဦးတော့ မယ်လို့ စိတ်ကူးပေါက်မိရှာတော့တယ်။

***ချိုးနှစ်ဖော်မူ၊ ရှင်ပျော်အမြဲ***
***မကွဲတူကွ၊ နေသည်ဆသော်***
***ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ***
***ညာကြေကျော်စော၊ သဘောစင်စစ်***
***ရှင်၏ ဖြစ်မူ၊ တဆစ်လူ့ခွင်***
***ဝင်လဦးမယ်...***

ဒီလိုလဲ စဉ်းစားလိုက်မိရော တစ်လမ်းလုံး သွားခဲ့လာခဲ့ရလို့ မောပန်း နွမ်းလျတာတွေ ပျောက်ပြီး လူဟာ မြူးကြွသွားတော့တယ်။ စိတ်က မြူးကြွ သွားတော့ ခြေလှမ်းကလဲ သွက်သပေါ့။ ဒီလို ခြေလှမ်းသွက်လာပုံကို ကဗျာ ရစ်သမ်နဲ့ ဟောသလို ဖော်ကျူးပြထားတယ်။

***တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍***
***မြိုင်နက်သာမော၊ စုံတကြော၌***
***တစ်တောထွက်ဝင်၊ တစ်တောင်မြင်နှင့်***
***တစ်ပင်ရိပ်နား၊ တစ်ပင်သွားသော်...***

www.foreverspace.com.mm



သွက်သွက်ကလေး လှမ်းနိုင်ခဲ့ပေမယ့် ခရီးကတော့ မသေးဖူး။ တစ်ဆက်ထဲ ဆက်နေရသေးတာပဲ ဆိုတာကို "တ" အက္ခရာတွေ ထပ်တဲ့နည်းနဲ့ ဖော်ကျူးပြထားတယ်။ သဒ္ဒါလင်္ကာရအရ ရှင်မဟာရဋ္ဌသာရ ပိုင်နိုင်ပုံ နမူနာကောင်း တစ်ခု ဖြစ်တော့တယ်။

ရွှေစက်တော်သွားတောလား နည်းတူ ရှင်မဟာရဋ္ဌသာရရဲ့ လောကီနဲ့ လောကုတ္တရာအားပြိုင်မှု ခံစားရချက်ကို ဖော်ပြနေတဲ့ ကဗျာတစ်ပုဒ်ကတော့ "ပုရေနိသင်" ချီရတု ဖြစ်တယ်။ အရင်တုန်းကတော့ ချစ်ခဲ့တယ်။ အခု သာသနာ့ဘောင် ရောက်နေပြီမို့ မချစ်တော့ဘူးဆိုတဲ့ အချက်ကလေးကိုပဲ ရတုဖွဲ့ထားတာပါပဲ။ ဒီရတုရဲ့ ထူးခြားချက်ကတော့ အဲဒီ "အရင်တုန်းကတော့ ချစ်ခဲ့တယ်။ ခု မချစ်တော့ဘူး" ဆိုတဲ့ အချက်ကလေးကိုပဲ အမျိုးမျိုး လှည့်ပြီး သုံးပိုဒ် သုံးမျိုး ဖွဲ့ပြထားတာ ဖြစ်ပါတယ်။

ပထမအပိုဒ်မှာ အရင်တုန်းက ချစ်ခဲ့ပုံကို ဖော်ကျူးရာမှာ ဆရာမိဘတို့က တားတဲ့ကြားထဲက ချစ်သူနဲ့ တွေ့ရအောင် သန်းခေါင်သန်းလွဲ မရှောင် သက်စွန့်ဆံဖျား သစ်ကျားဘေး ကြောက်ရမှန်းမသိ၊ တောလမ်း ခရီးသွားခဲ့ပုံကို ပြန်လည် မြင်ယောင်ပြထားတယ်။ အခု မချစ်တော့ဘူး ဆိုတာကို ပြရာမှာတော့ အခု ကျမ်းဂန်တတ်တဲ့ ပဉ္စင်းဘဝရောက်နေပြီ၊ ကြေးနဲ့ငွေ ဂဟေမစပ်သလို ကာမဂုဏ်နဲ့ လောကုတ္တရာ မအပ်စပ်ဖူးလို့ ရေးပြတယ်။

ဒုတိယအပိုဒ်မှာ အရင်တုန်းက ချစ်ခဲ့ပုံကို ဖော်ကျူးရာမှာ မိန်းကလေးက ချိန်းဖို့ မှာကြားတဲ့အခါမှာ စာခွေကလေးကို "ခင်းနှီးကွက်ကျယ်၊ ပြောက်မျိုးခြယ်၍၊ ဆင်စွယ်ဝန်းရှက်" ပြီး လှလှပပ တယုတယ ရက်လုပ်ထားပုံလေးကို ထင်မြင်ယောင်ပြလိုက်တယ်။ အခု မချစ်တော့ဖူးဆိုတာကို ပြရာမှာတော့ မိမိမှာ ဝိနည်းသိက္ခာတွေ စောင့်ထိန်းနေရတဲ့ သာသနာ့ဝန်ထမ်း ဖြစ်နေပြီ၊ အချစ်ကို အာရုံဝင်စားမိရင် သံသရာ ရှည်ရော့မယ်။ "နှမလက်လျော့ နေလေတော့" ရယ်လို့ တလွမ်းတဆွေး ရင့်ကျူးပြလိုက်တယ်။

တတိယပိုဒ်မှာ အရင်တုန်းက ချစ်ခဲ့ပုံကို ဖော်ကျူးရာမှာတော့ ချစ်သူနှစ်ဦး မြို့ရှေ့က ပညောင်ပင်မှာ ပုဆိုးပတ်ပြီး ရက္ခစိုးနတ်ထံ သက်သေတည်ရင်း သစ္စာပြုခဲ့ကြပုံကို ပြန်လည်မြင်ယောင်ပြလိုက်တယ်။ အခု မချစ်တော့ဘူး ဆိုတာကို ပြရာမှာတော့ မိမိမှာ ရဟန်းပီပီ စိတ်ကို "ရှေးနှယ် ကြိုးကုပ်၊ ချမင်းတုပ်သို့" ထိန်းသိမ်းနေရပြီ။ မိန်းကလေးခမျာမှာတော့ အသဲဗလောင်ဆူ

www.foreverspace.com.mm



အလွမ်းထပ်ဆင့်ကာ တွေ့ရနိုး စောင့်မျှော်နေရှာမိပေလိမ့်မယ်လို့ ကရုဏာသံ လေးနဲ့ ရင်ပင့်သီကျူးလိုက်ပါတယ်။

ဒီလို အရင်နဲ့အခု နှိုင်းယှဉ်တဲ့ အဖွဲ့မျိုးကို ရှင်မဟာရဋ္ဌသာရ အတော် ကလေး နှစ်ခြိုက်ခဲ့ပုံရတယ်။ ဒီဖွဲ့နည်းအတိုင်း ဖွဲ့ထားတဲ့ နောက်ကဗျာ တစ်ပုဒ် တွေ့ရသေးတယ်။ အဲဒါကတော့ "ကြံတွက်ဆ၍" ချီ ရတု ပိုဒ်စုံပါပဲ။ ဒီကဗျာ မှာတော့ အချစ်မဟုတ်ပဲ လောကီပညာနဲ့ လောကုတ္တရာ စာပေပရိယတ်ကို နှိုင်းယှဉ်ဖွဲ့ထားတယ်။ အရင် ငယ်စဉ်ကတော့ လောကီ ပညာတွေကို လိုက်စား ခဲ့တယ်။ အခု ရဟန်းဘဝမှာတော့ လောကုတ္တရာ စာပေပရိယတ်ပဲ လိုက်စားရ ပေမယ်တဲ့။ ရတုအချပိုဒ် ကလေးတွေကအစ "ပုရေနိသင်" နဲ့ သွားဆင်နေ တယ်။ ("အဘယ်သင်ရှာပေတော့မည်")။

ဒီကဗျာတွေကို ဖတ်ရတော့ ရှင်မဟာရဋ္ဌသာရကို ဘုန်းကြီးတန်မဲ့ အချစ် အကြောင်း ရေးရသလား၊ ဘုရားဖူးသွားတဲ့ အကြောင်းရေးတာတောင် သူ အချစ်ရှူးရှူးပြီး လူထွက်ချင်စိတ် ပေါက်မိတာကို ရေးရသလားလို့ နှာခေါင်းရှုံ့ချင် ကောင်း ရှုံ့ချင်ကြမယ်။ အဲသလို အပြစ်မတင်ခင် "ဒီကဗျာတွေ ရေးစဉ်က ရှင်မဟာရဋ္ဌသာရဟာ ငယ်ရွယ်သူ တစ်ဦးမျှ ဖြစ်သေးတယ်။ နောင် ကြီးပြင်း လာတဲ့အခါ စစ်ကိုင်းတောင်မှာ သက်ငယ်မိုး ဝါးထရံကာ ကျောင်းကလေး (ဝတ်ရုံကျောင်း)နဲ့ ဖြစ်သလို နေခဲ့တယ်။ တပည့်တွေကို စာပေပို့ချရင်း တောရ ဆောက်တည် တရားအားထုတ်ခဲ့တယ်။ ပြည်မှာ သာသနာပိုင် ဖြစ်ခဲ့တယ်" ဆိုတာတွေကို ထည့်သွင်းစဉ်းစားရပေမယ်။ ငယ်ရွယ်သူဆိုတာတော့ ရူးတုန်း မိုက်တုန်း အရွယ်ပဲ။ နှလုံးသားဟာ နုနယ်ကြမြဲပဲ။ ဘာပဲဖြစ်ဖြစ် ငယ်နုတဲ့ ရှင်မဟာရဋ္ဌသာရ ရဟန်းပျိုလေးဟာ ကျွန်တော်တို့ မြန်မာစာပေ အတွက်တော့ အင်မတန်ကောင်းတဲ့ ကဗျာတွေကို အမွေထားရစ်နိုင်ခဲ့ပါပေတယ်။

♦ ♦ ♦

www.foreverspace.com.mm



မြန်မာ့ဂန္ထဝင်မှာ ထိပ်ဆုံးကပါတဲ့ ရှင်မဟာရဋ္ဌသာရဟာ အင်းဝခေတ်ရဲ့ နံပါတ်တစ် ကဗျာဆရာ ဖြစ်တယ်။ ပျို့တွေ မော်ကွန်းတွေ ရေးခဲ့တဲ့ ဆရာတော်ဟာ ရတုတွေလည်း ဖွဲ့သီခဲ့သေးတယ်။ မြန်မာ ရတုတွေထဲမှာ ပထမတန်း ရတုများပဲ ဖြစ်ကြပါတယ်။

ရှင်မဟာရဋ္ဌသာရကို လိပ်တပ်ထားတဲ့ ရတု ၃၈ပုဒ် စာရင်း ရှိတယ်။ တစ်ပုဒ် ('မလှစရာ' ချီ) စာကိုယ် ရှာမတွေ့သေးဘူး။ အဲဒီ အထဲမှာမှ 'နန်းမြေအောင်ချာ'၊ 'အောင်ချာနန်းမြေ'၊ 'နှစ်ကူးလည်၍'၊ 'ရည်းငံနေ၍' လေးပုဒ်ကို ရှင်မဟာရဋ္ဌသာရစာရင်းထဲက လုံးဝ ပယ်လိုတယ်။ 'ဘူမိပါလ'၊ 'မြတ်မျိုးမြင့်မှန်'၊ 'သုစိပုဘာ' သုံးပုဒ်ကို မရေမရာအဆင့်မှာ ထားလိုတယ်။ ဒီတော့ ရှင်မဟာရဋ္ဌသာရဆို လို့ အသေအချာ ပြောနိုင်တဲ့ ရတုက ၃၀ပဲ ဖြစ်တယ်။

ဒီရတု ၃၀ကို အကြောင်းအရာအရ ခွဲခြားကြည့်တဲ့အခါ မေတ္တာစာနဲ့ အမျက်ဖြေ ခြောက်ပုဒ်၊ အမေးပုစ္ဆာနဲ့ အဖြေ ငါးပုဒ်၊ ကဗျာစပ်နည်း သရုပ်ပြ ငါးပုဒ်၊ ဩဝါဒနဲ့ ပညာရေး လေးပုဒ်၊ အချစ်နဲ့ မယ်ဘွဲ့ သုံးပုဒ်၊ ဘုရားရှိခိုး တစ်ပုဒ်၊ ဓမ္မရေးရာ တစ်ပုဒ်၊ မိုးဘွဲ့ တစ်ပုဒ်၊ တောလား တစ်ပုဒ်၊ ကျောင်းဘွဲ့ တစ်ပုဒ်၊ ကိုယ်ရည်သွေး တစ်ပုဒ်၊ ကြက်အကြောင်း တစ်ပုဒ်၊ အမျိုးအစား ၁၂ မျိုး အကြမ်းဖျင်း တွေ့ရတယ်။

ဒီလို များပြားထွေပြားတဲ့ ကဗျာမျိုးတွေထဲမှာ တောလားနဲ့ အချစ်ဘွဲ့က အကောင်းဆုံးဖြစ်နေကြတာကို တွေ့ကြရတယ်။

ဆရာတော်ရဲ့ 'ရွှေစက်တော်သွား တောလား' ကဗျာနဲ့ ပတ်သက်လို့ ဒေါက်တာလှဘေက

www.foreverspace.com.mm



… His delineation of the world of birds and beasts and his reminiscences of his life, awakened by the sights and sounds of the countryside, would have appealed even to a western scholar. This is more refreshing to read than the Uttamagyaw's tawla….[၁]
(ကျေးငှက် တိရစ္ဆာန်တို့ရဲ့ လောကကို သရုပ်ဖော်ထားပုံ၊ တော ရပ်ရဲ့ မြင်ကွင်းနဲ့ အသံတို့ကြောင့် နိုးထလာရတဲ့ မိမိဘဝ ပြန်ပြောင်း တသမိပုံကလေးတွေဟာ အနောက်တိုင်းပညာရှင်တစ်ဦးအဖို့တောင် နှစ်ခြိုက်ဖွယ်ပါပဲ။ ဥတ္တမကျော်ရဲ့ တောလားထက် ဖတ်လို့ ပိုပြီး စိတ်လန်းဆန်းလာစေတယ်)

လို့ မှတ်ချက်ချထားတယ်။

ဂွန်အိုကဲလ်ကတော့

… a moving poem …. His evocative description of the sights and sounds of the forest was imitated by many later writers in the yadu form. [၂]
(စိတ်ထိခိုက် လွမ်းဆွတ်ဖွယ် ကဗျာတစ်ပုဒ်။ တောရဲ့ မြင်ကွင်းတွေ အသံတွေကို လွမ်းမောစရာ သရုပ်ဖော်ထားပုံကို နောင် စာရေးသူ အများအပြားက အတုယူခဲ့ကြရတယ်။)

လို့ မှတ်ချက် ရေးထားတယ်။

မန္တလေး တက္ကသိုလ် မြန်မာစာ ပါမောက္ခဟောင်း ဦးချမ်းမြက

ရွှေစက်တော်သွားတောလားသည် အခြားတောလားရတုများနှင့် မတူ တစ်မူကွဲပြားလျက် ရှိလေသည်။ …
ရှင်မဟာရဋ္ဌသာရသည် တောလား၏ အဓိပ္ပာယ်နှင့် တော၏ သရုပ်ကို အထင်အရှား ဖော်ပေးသောစာဆို ဖြစ်လေသည်။… သူ၏

[၁] Dr Hla Pe, **Burmese Poetry (1300- 971)**, JBRS, LIV, i & ii, p 62

[၂] **The Penguin Compinion to Literature**, 4, pp 306-7

www.foreverspace.com.mm



ဘဝ သရုပ်ကိုသာမက တကယ့် သားရဲတိရစ္ဆာန်တို့ရဲ့ ဘဝသရုပ်ကိုလည်း ဖော်ပြသော သရုပ်ဖော်တောလား ဖြစ်လေသည်။ [၁]

လို့ ထောက်ပြထားတယ်။

မြန်မာပညာရှိကြီး ဆရာမာဃကတော့

… ထိုရွှေစက်တော်သွား တောလားကဗျာကို … နဝဒေး၊ တွင်းသင်းမင်းကြီး၊ စိန္တကျော်သူ၊ လျော်ကား သုံးထောင်မှူး စသော နောက်စာဆိုတော်တို့က အတုလိုက်ကာ (အတုခိုးကာ) ရေးသားကြသည်ကိုပင် တွေ့ရသည်။ ထိုမျှလောက် ကဗျာဂုဏ် မြောက်သည့် တောလား [၂]

ဖြစ်ကြောင်းဖော်ပြထားတယ်။

ဆရာလှဘေ ထောက်ပြတဲ့အတိုင်းပဲ ဒီတောလားရတု အောင်မြင်တာဟာ လှပတဲ့ လွမ်းဆွတ်ဖွယ် တောသရုပ်ဖော်ကွက်ကလေးများ အပြင် ဆရာတော်ရဲ့ ပုဂ္ဂလိက ဘဝကိုပါ ထင်ဟပ်ပြနိုင်တဲ့အတွက် ဖြစ်တယ်။ မိမိရဲ့ ပုဂ္ဂလိက ခံစားချက်ကို မဖော်ထုတ်နိုင်ရင် သာမန်တောဘွဲ့တောင်ဘွဲ့ ကဗျာတစ်ပုဒ်သာ ဖြစ်ခဲ့ဖို့ ရှိတယ်။ အခုတော့ တောလမ်းခရီးဘွဲ့ထဲမှာ ပုဂ္ဂလိက အတွေ့အကြုံ ပုဂ္ဂလိက ခံစားချက် ထည့်ပေးထားလေတော့ 'အချိုပေါ် သကာလောင်း' နေတော့တယ်။

မှတ်တမ်းဆရာ အများကပဲ ထောက်ပြပြီး ဖြစ်တဲ့အတိုင်း ဒီခရီးကို သွားစဉ်က ရှင်ရဋ္ဌသာရဟာ ကြေကွဲလွမ်းဆွတ်ဖွယ် အချစ်ဇာတ်လမ်း တစ်ပုဒ်မှာ ကိုယ်တိုင် ကပြပါဝင်နေခဲ့ကြောင်း ကဗျာပါ စာသားများအရ ထင်ရှားသိသာတယ်။

ထုံးစံရှိတဲ့အတိုင်း နိဒါန်းသဖွယ် ဖြစ်တဲ့ ပထမ အပိုဒ်မှာ သွားမယ့်ခရီး အကြောင်း အမြွက်မျှ ဖော်ပြလိုက်ပြီးနောက် ဒုတိယအပိုဒ်က စပြီး လမ်းခရီး အတွေ့အကြုံတို့ကို သရုပ်ဖော်ခဲ့ရာမှာ တွေ့လေသမျှ ကြားလေသမျှ လွမ်းမောစရာ၊ ချစ်တဲ့သူနဲ့ ကွေကွင်းနေရသူတို့ ရင်ဆို့စရာချည်း ဖြစ်နေတယ်။ အင်ကြင်း ရွက်တို့ ရွက်ချင်း ထိခတ်သံကပဲ

---

[၁] ဦးချမ်းမြ၊ **ရွှေစက်တော်သွား တောလားနှင့် ဘဝပတ်ဝန်းကျင်ကဗျာများ**

[၂] မာဃ၊ **အင်းဝခေတ် စာပေသူရဲကောင်း၊** စာ ၁၂၉

www.foreverspace.com.mm



***ပန်း အင်ကြင်းတို့၊ ရွက်ချင်းခိုက်ထိ***
***စောင်းကြိုးညှိသို့၊ နှမိနှမြော***
***လွမ်းဖွယ် မောစွ…***

ဖြစ်နေတယ်။ ကျေးငှက်တို့ တွန်ကျူးနေကြတာကလည်း တစ်ဖက်လူကို တမင်တကာပဲ 'လွမ်းစေတူသို့ လှုံ့ဆူထွေပြား' ပေးနေသလိုပါပဲတဲ့။ 'ပျားသို့ ချိုအေး ရင့်ရှုကျွေး' နေကြတာကလည်း

***မောင်ထွေးတို့လော၊ မယ်တို့လောဟု***
***သဘော နှုတ်ဆက်၊ မေးနှင့်လျက်တည့်***

လို့ မယ်နှင့်မောင် ခွန်းတုံ့လှယ်နေကြသံများ ဖြစ်နေတယ်။ လမ်းတစ်လျှောက် လုံး အဲဒီလို မစုံသူ အားကျစရာ၊ သူတို့ဘဝကိုကြည့်ပြီး ကိုယ့်ဘဝကို ကြေကွဲချင် စရာချည်း။

***ဖော်နှင့်မကွာ၊ နှုတ်လျှာ မလျှော့***
***သံသော့သော့နှင့်…***

*

***ဒေါင်းအိုးဝေနှင့်၊ သံခြေ ကြွေးကြော်***
***ဖိုမခေါ်၏….***

*

***ချိုးငှက်လည်ပြောက်၊ ကျွမ်းဖော်ပျောက်သို့***
***နားထောက် ကွန့်မြူး၊ သံပြိုင်ကျူးလျက်***
***တစ်ဦး တိုင်က၊ တစ်ဦးချ၏***
***ဖိုမလင်းပြာ၊ တွန်သံသာနှင့်…***

နောက်ဆုံး 'ဇာတိလိုက်လျော် ချိုးနှစ်ဖော်'ကို တွေ့မိ ကြားမိတဲ့အခါမှာ တော့ မိမိအဖို့ ချစ်သူနဲ့ ကွေကွင်းရတဲ့ ဘဝကနေ 'ရှင်ပျော်စမြဲ လည်ချင်းတွဲ၍ မကွဲတူကွ' နေရဦးမယ့် နိမိတ်၊ ရဟန်း 'ရှင်၏ ဖြစ်မှ တစ်ဆစ်လူ့ခွင် ဝင်လာ ဦးမည့်' နိမိတ်ရယ်လို့ မျှော်လင့်ချက်ကလေးနဲ့ အတိတ်ကောက်ကာ

www.foreverspace.com.mm



***မပူမဆာ ရေသီတာသို့***
***မျက်နှာ ရွှင်လန်း မပန်းမညှိုး***
***သာ အားကြိုးလျက်***

ခရီးဆက်နိုင်တော့တယ်။

အဲဒီလို သာမန် တောခရီးလမ်းဘွဲ့ထဲမှာ မိမိ တစ်ဦးချင်းရဲ့ ခံစားချက်ကို ထိထိမိမိ ထည့်ပေးလိုက်နိုင်တာဟာ ဒီကဗျာရဲ့ အဓိက လျှို့ဝှက်ချက်ပါပဲ။ ဒီအထဲကိုမှ သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့က အားဖြည့်ပေးလိုက်ကြပြန်တယ်။

ခရီးအစမှာ ရှည်ရှည်လျားလျား ပင်ပင်ပန်းပန်း သွားနေရပုံကို စကားလုံးတို့ရဲ့ အသံသွား အသံလာကိုက ပြည့်ွှန်းနေတယ်။

***ကေန် တဆော၊ ယာယီ ကြောကို***
***သဘောစိုက်စိုက်၊ လမ်းရိုး လိုက်သော်***
***တောင်ရိုက်ကမ်းဆင်း၊***
***ကုန်းကျင်း ချောင်းမြောင်***
***မြောက်တောင် မှိုင်းဝေ...***

ဒီပါဒတွေကို ဘယ်နည်းနဲ့မှ အပြေးအလွှား ဖတ်လို့ မရဘူး။ နှေးနှေးတွဲ့တွဲ့ ဖတ်ရမှာပဲ ဖြစ်တယ်။

ဆရာတော် ရဋ္ဌသာရ ရစ်သမ်ပိုင်နိုင်မှုနဲ့ ပတ်သက်ပြီး ထင်ရှားတဲ့ ကဗျာဝေဖန်ရေးဆရာ ဦးဝင်းဖေ (မြဇင်)က ဒီလိုရေးတယ်။

> စာဆိုသည် နရီကိုသုံး၍ စကားပြေဖြင့် မဖော်ကျူးအပ်သော သိမှုအမျိုးမျိုး၊ စိတ်အမျိုးမျိုးကို ဖော်ကျူးသည်။ နရီဖြင့် ရုပ်ဆိုင်ရာ အသံများကို ဖော်ကျူးသည်ထက် ပို၍ အရေးပါ အရာရောက်သည်မှာ အလွန်ထွေပြားသောစိတ်၊ အဆက်မပြတ် လှုပ်ရှားသော စိတ်၊ ပြောင်းလဲတတ်သော စိတ်ဆိုင်ရာ အမူအရာများကို ဖော်ကျူးခြင်း ဖြစ်သည်။ [၁]

---

[၁] ဝင်းဖေ၊ **မြကန်သာ**၊ စာ ၉၅-၉၆

www.foreverspace.com.mm



သွားရတဲ့ခရီးရဲ့ တောကြီးမျက်မည်းသရုပ်ကို ဖော်ကျူးရာမှာ ဆရာတော်ဟာ တိရစ္ဆာန်တို့ရဲ့ အမည်စာရင်းရှည်ကြီးနဲ့ ဖန်တီးယူပါတယ်။ တိရစ္ဆာန်အမည်တွေကို တရှည်တမျော ဖတ်သွားရတာနဲ့ပဲ တောရဲ့ နက်ရှိုင်းပုံ၊ ကန္တာရခရီးရဲ့ ရှည်လျားပုံဟာ ပေါ်လွင်လာတယ်။ ပထမ ငှက်တွေရဲ့ စာရင်းကိုပြပြီးနောက်မှ သားရဲတိရစ္ဆာန်တွေရဲ့ စာရင်းကို ပေးတာကလည်း တောရဲ့ တစ်စတစ်စ နက်ရှိုင်းလာပုံကို ဖော်ထုတ်ပေးနေတယ်။

ဒီကျေးငှက် တိရစ္ဆာန် စာရင်းရှည်ကြီးထဲမှာ ဖိုမ ခေါ်သံလေးတွေ ကြိုးကြားကြိုးကြား ထည့်ပေးပုံကလည်း တကယ့်လက်တွေ့မှာ ကြိုးကြား ကြိုးကြားတွေ့ရကြားရပုံ သရုပ်နဲ့ ဟပ်မိတယ်။ ပထမ ငှက်တစ်စုံက 'မောင်ထွေးတို့လောမယ်တို့လော' လို့ ကြွေးကြော်နေကြတယ်။ နောက် ၁၃ပါဒ ခြားပြီးမှ 'ဖော်နှင့်မကွာ၊ နှုတ်လျှာမလျော့'ပဲ တောကြီးကန်းက အာတယ်။ နောက် ၁၆ပါဒ ခြားသွားပြန်တယ်။ အပိုဒ်လည်း ပြောင်းသွားတယ်။ ဒီမှာမှ တစ်ခါ 'ဒေါင်းအိုးဝေနဲ့သံခြေကြွေးကြော် ဖိုမခေါ်' ပြန်တယ်။ အဲဒီနောက် ပါဒတွေ အများကြီး ခြားပြီးကာမှ 'ဖိုမ လင်းပြာ တွန်သံသာ'တာကို ကြုံရပြန်တယ်။ တစ်ခါတည်း တစ်လျှောက်တည်း ဖိုမခေါ်သံကြားရ နိမိတ်ပြတာမဟုတ်ဘူး။ တောက်လျှောက်ကြီး ကြားနေရရင် နိမိတ်ပြတယ်လို့ သတိပြုစရာကို အကြောင်းမရှိဘူး။ ခုကြားလိုက် တော်ကြာ မကြားလိုက် ဖြစ်နေလို့သာ 'နိမိတ်' ပြလေရော့လားအတွေးဝင် မိရတာ ဖြစ်တယ်။

ဆရာတော် မြန်မာစကား ပိုင်နိုင်ပုံကို ကျေးငှက်တိရစ္ဆာန်များရဲ့ အသံများ၊ လှုပ်ရှားမှုများ ဖော်ကျူးရာမှာ မြင်ရတယ်။

***လင်းမြီးဆွဲလည်း၊*** *ကြကြ စစ်စစ်*
*မြည်ကျစ်* ***ထိုးစွပ်၊ မြေဝပ် ဗီလုံး***
***ပြေးတုံး အနီး၊ တောင်သူဘီးလည်း***
***မြေကြီး နိမ့်မြင့်၊ ပျံအားတင့်၏*** ...
***သံ****သော့သော့****နှင့်၊ ဆော့သည် နှုတ်သီး***
***မြိုင်တောကျီးလည်း၊ သံကြီး*** *အာအာ*
***ခါက*** *တုတ်တုတ်၊* ***ရှဉ့်****စုတ်စုတ်****နှင့်***
***ဘုတ်က*** *အိမ့်အိမ့်၊* ***တဖိမ့်ဖိမ့်လျှင်***...

www.foreverspace.com.mm



***မျှောက်က*** *ကြိုးခွေ၊* ***ဒေါင်းအိုးဝေနှင့်*** ***. . .***
*တောက်ကျော်****တွန်သွား၊ ငှက်ငွေးလည်း***
***တောဖျားမြိုင်အောက်၊***
***သေသောက်ကြူးငှက်***
***သေသောက်လျက်တည့်. . .***
***ကျားက****ရုတ်ရုတ်၊* ***သံကြုတ်ကြုတ်နှင့်***
***သစ်ကျုတ်ပြေးလွှား၊ ကြောင်ဖား ပြေးခုန်***
***စွေ့ယုန်ပြေးသန်း. . .***
***မြီးဆက်ဖားဖား၊ ခွေးကျားခွေးရွှေ***
***ဝံပုလွေနှင့်၊ ချေကလည်း*** *ဟောက်*
*တောက်****သည် သမင်၊ ဆတ်က*** *ကြိုးကျည်*

ရှင်မဟာရဋ္ဌသာရရဲ့ 'ပုရေနိသင်' ချီ ရတုဟာ လူသိများတဲ့ ရတု တစ်ပုဒ် ဖြစ်တယ်။ ဒီရတုကို ဆရာတော်ရဲ့ ဘဝကိုယ်တွေ့လို ပြောဆိုလေ့ ရှိကြတယ်။ ဟုတ်ချင်လည်း ဟုတ်ပါလိမ့်မယ်။ ဒါပေမဲ့ စိတ်လှုပ်ရှားတတ်တဲ့ အရွယ် စာသင်ရဟန်းငယ်တို့ စိတ်ကူးယဉ်လေ့ရှိတဲ့ ဇာတ်လမ်းတစ်ခုကို အကွက်ဆင်ပြီး ကဗျာဖွဲ့ထားတာလို့ ယူမယ်ဆိုရင်လည်း ယူနိုင်တာပါပဲ။ ဘာပဲဖြစ်ဖြစ် ကြေကွဲ လွမ်းဆွတ်ဖွယ် ဇာတ်လမ်းလေးကို အဖွဲ့အနွဲ့ ပိုင်ပိုင်နဲ့ ရေးထားတာမို့ လူငယ် လူရွယ် စာပေသမား ကဗျာသမားတို့ကြား ကနေ့တိုင် စွဲလမ်းစရာ ဖြစ်နေတယ်။ ဒီရတုထဲက 'နှမလက်လျှော့ နေလေတော့' ဆိုတဲ့ အပိုဒ်ကလေးဆိုရင် ကနေ့ တေးသီရာ စာရေးရာမှာ ယူငင်သုံးစွဲကြတုန်း စကားတစ်ခွန်း ဖြစ်နေပေ့ါ။

ဒီကဗျာရဲ့ အောင်မြင်မှုကတော့ စကားလုံးအသုံးအနှုန်းအပြင် လူရင်း သုံး စကားရဲ့ လေသံကို ယူကာ ကြေကွဲဆွေးမြေ့ဖွယ် စကားဟန်ကို ဖန်ဆင်း ထားနိုင်ခြင်း ဖြစ်တယ်။ အထက်က ထောက်ပြခဲ့တဲ့ 'နှမလက်လျှော့ နေလေ တော့' အပိုဒ်နည်းတူ အချပိုဒ်တို့ကို ကြည့်လေ။

***အဘယ် ကြိုးရှာလေတော့မည်၊***
***ဘယ်သူ နှိုးရှာလေတော့မည်၊***
***မျှော်လင့် ခိုးရှာလေတော့မည်၊***

www.foreverspace.com.mm



သုံးပိုဒ်ပါတဲ့ ပိုဒ်စုံရတုရဲ့ တစ်ပိုဒ်စီမှာ တင်ပြထားတဲ့ အကြောင်းအရာက အတူတူပါပဲ။ အရင်က ချစ်သူနှစ်ဦး အလွန့်အလွန် ချစ်ခဲ့ကြပေမယ့် အခု တစ်ဦးက ရဟန်းဘဝ ရောက်နေပြီမို့ အချစ်ဆိုတဲ့ လောကီအာရုံကို ဖြတ်ရတော့မယ် ဆိုတာပါပဲ။ ဒီအကြောင်းအရာ တစ်ခုတည်းကိုပဲ တစ်ပိုဒ်နဲ့ တစ်ပိုဒ် စကားလုံးရော အတွေးပါ မထပ်ရလေအောင် စီစဉ်စည်းရုံးထားတဲ့အတွက် စာသား အသစ်သစ် ဖြစ်သလို ရင်မှာ အသစ်အသစ် နာကျင်ရတော့တယ်။

ပထမအပိုဒ်မှာ အရင်က ချစ်ကြပုံကို ဖွဲ့တဲ့အခါ ဆရာမိဘတို့ တားတဲ့ကြားက သန်းခေါင်သန်းလွဲ မရှောင် 'ဝေးခွန့်ခရီး ချုံကြီးတောစုံ ဝါးရုံဝါးထွေး သစ်ကျားဘေးကို မတွေးဆံဖျား မလေးစား'ဘဲ အသက်စွန့်ကာ ချစ်သူ့ထံ သွားခဲ့ကြောင်း ဖော်ပြတယ်။ အခု ရဟန်းဘဝရောက်ပြီမို့ သံယောဇဉ် ဖြတ်ရတော့မယ်လို့ ပြောရာမှာ အချစ်နဲ့ ရဟန်းဘဝဆိုတာ 'ကြေးရွှေဂဟေ မစပ်လေ' ကြောင်း 'တရားသံဝေဂ' ရလာတယ်။ 'မမွှခန်နဲ့ ကျမ်းဂန်သံမြောက်'လာပြီး ရှေးကလို ချစ်ရေးအားထုတ်ဖို့ မသင့်လို့ ရေးပါတယ်။

ဒုတိယအပိုဒ်မှာ အရင်က အချစ်ကို ဖွဲ့ရာမှာ ငယ်ရွယ်သူ ချစ်သူလေးက တယုတယ 'မှာစာခွေ' ရေးသား ပို့ဆက်တတ်ပုံလေးကို ထင်ယောင် မြင်ယောင် ဖွဲ့ပြတယ်။ လက်ရေးလှလှကလေးနဲ့ အချိန်းအချက်ရေးရာကို စေ့စေ့စပ်စပ် ရေးရှာပုံ၊ မှာစာခွေကို သူကိုယ်တိုင် ရက်လုပ်တဲ့ 'ပြောက်မျိုး ချယ်၍ ဆင်စွယ် ဝန်းရှက်'ထားတဲ့ အထည်စကလေးနဲ့ လိပ်ပတ်ထားပုံတို့ကို တလွမ်းတဆွေး ရေးပြတယ်။ အခု ရဟန်းဘဝမို့ ဖြတ်ရတော့မှာကို တင်ပြရာမှာတော့ 'ငါးဖြာ ဝိနည်း စောင့်စည်း' နေရပြီ။ 'အပ်ထိ တသွား တစ်ဆံဖျားမျှ မမှားအာရုံ ကာမဂုဏ်ကို မမြို့ရချေ'ပြီ။ ချစ်ရေးကို တွေးနေရင် 'တကိုက် မချွတ် စာလက်လွတ်' ဖြစ်နိုင်ကြောင်း၊ သံသရာမှာ 'စက်လှည့်ရဟတ် တပတ်ပတ်' လည်နေရမှာ ဖြစ်ကြောင်း၊ ဒါကြောင့် 'နှမ လက်လျှော့ နေလေတော့' လို့ ရင်နင့်နင့်နဲ့ ပန်ကြားကာ မိမိမှာတော့ 'ရှက်ဟုန်ကျွေးကြုပ် ချမင်းတုပ်သို့ စိတ်ချုပ်မပွင့်' ရှိနေပြီ ဖြစ်ကြောင်း တင်ပြထားတယ်။

တတိယ အပိုဒ်မှာကျတော့ အရင်က ချစ်ပုံကို ဖော်ရာမှာ ငယ်ကျွမ်း ဆွေနှစ်ဦး 'တာရှည်' ပေါင်းရစေသားလို့ မြို့ရှေ့က ညောင်ပင်မှာ 'ပုဆိုး ကြာညွန့် ပိတ်လျှပ်တွန့်ကို ဖြန့်၍တတည် ရစ်ဖွဲ့ချည်'လျက် ရက္ခစိုးနတ်ကို သက်သေပြုခဲ့ကြပုံကို ဖွဲ့တယ်။ အခု မိမိ ရဟန်းဘဝရောက်နေပုံကို တင်ပြရာမှာတော့

www.foreverspace.com.mm



မိမိဘက်ကို မဖွဲ့နွဲ့တော့ဘဲ မိန်းကလေးဘက်ကိုသာ ပြတယ်။ သူ့ခမျာ ခါတိုင်းချိန်းချက် တွေ့နေကျ 'သက်ကြီးဆိတ်' ချိန်မှာ 'မမှိတ် မျက်တောင် သည်းခေါင် ဆူလည် ရှိလိမ့်မည်' ဟု ထင်မြင်မိယောင်ပြလိုက်တယ်။ အဲဒီလို တစ်ဖက်သားခမျာ 'လွမ်းသည် ထပ်ဆင့် ဖူးချိန်သင့်ကို မျှော်လင့်ခိုးရှာ လေတော့မည်' လို့ တွေးတောမိတာကိုကပဲ မိမိရဲ့ လွမ်းဆွတ်တသချက်ကို သွယ်ဝိုက်ထုတ်ဖော်ရာ ကျနေပါတော့တယ်။

ဆရာတော် ရှင်မဟာရဋ္ဌသာရရဲ့ ဘဝဇာတ်လမ်းနဲ့ အမှန်တကယ် ဆက်စပ်နေပြီး ဆရာတော်ရဲ့ ပုဂ္ဂိုလ် စိတ်ဓာတ်ကို ထင်ဟပ်ပြနေတဲ့ အတွက် စိတ်ဝင်စားဖွယ်ကောင်းတဲ့ ကဗျာတစ်ပုဒ်ကတော့ 'ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်း' ခေါ်တဲ့ ရတု သုံးပိုဒ်ပါပဲ။

ဝတ်ရုံကျောင်း ဆိုတာကတော့ ရှင်မဟာရဋ္ဌသာရ စစ်ကိုင်းမှာ နောက်ဆုံး နေထိုင်သီတင်းသုံးသွားတဲ့ ကျောင်း ဖြစ်တယ်။ ဧရာဝတီ မြစ်ကမ်းနဖူး တောတောင်ရှုခင်းများ ဝန်းရံနေတဲ့ ဇေတဝန်ဘုရား တည်ရှိရာ ဝတ်ရုံတောင် ဝှမ်းမှာ ရှိတယ်။ (မြတ်စွာဘုရားရဲ့ သင်္ကန်းဝတ်ရုံကို ခြုံရုံ ဥပနာထားတယ်လို့ ယုံကြည်ကြတဲ့ ဇေတဝန်ဘုရား တည်ရာမို့လို့ 'ဝတ်ရုံတောင်' ခေါ်တယ်လို့ ဆိုတယ်။) ရှင်မဟာရဋ္ဌသာရဟာ သက်တော်ဝါရ ကျောင်းထိုင် ပုဂ္ဂိုလ်အဖြစ် လာရောက်သီတင်းသုံးတာ ဖြစ်ပါတယ်။ ကျောင်းဒကာကတော့ ဆရာတော်နဲ့ ညီရင်းအစ်ကိုပမာ အထူး ခင်မင်ရင်းချာတဲ့ ရွှေနန်းကြော့ရှင် နရပတိပါပဲ။ ဒါပေမဲ့ ကျောင်းကတော့ သက်ကယ်မိုး ဝါးကျောင်းကလေးမျှ။ ဒီတော့ ဒီဝါးကျောင်းကလေးကို ဆရာတော် မော်ကွန်းထိုး ဖွဲ့ဆိုရတာ ဘာကြောင့်ဆိုတာ သိသာ ထင်ရှားလာတယ်။ သုတေသနပညာရှင် ဆရာတော် ဦးသောဘိတ (ရွှေကိုင်းသား) က

> '… ရွှေနန်းကြော့ရှင် နရပတိဟာ သဒ္ဓါတရား မများလှတဲ့ လက္ခဏာနဲ့ သက်ကယ်မိုး ဝါးကျောင်းကလေးကို ဝတ်ရုံကျောင်းတိုက်လို့ သမုတ်ပြီး လှူဒါန်းခြင်း ဖြစ်ပါတယ်။

www.foreverspace.com.mm



ဒီလို မိမိဂုဏ်နဲ့ မတန်မရာ ဖြစ်နေတဲ့အတွက် ရှင်မဟာရဋ္ဌသာရက ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်းမှာ ‘ကျေးဇူးနှင့်သော် မထိုက်လျော်သည့်’ လို့ ဖွဲ့ဆိုလိုက်ကြောင်း ထောက်ပြထားတယ်။ [၁]

မြန်မာပညာရှိ ဆရာမာဃကတော့

‘ရှင်မဟာသီလဝံသကို အားကျမခံ မာန်ဝင်သောကြောင့် တ(စ်)ကြောင်း၊ ဘုရင်ကို စိတ်နာသည်က တ(စ်)ကြောင်း၊ ပါရင်းစွဲ အစပ်အဟပ် စာစီစာကုံး ဝါသနာကြောင့် တ(စ်)ကြောင်း၊ ဤသို့သော အကြောင်းများကြောင့် စပ်ဆိုသည်ဟု ထင်ယူရသော ဝတ်ရုံကျောင်းဖွဲ့မော်ကွန်းဟု ရှိသည်။

ဝါးကျောင်းသက်ကယ်မိုးမျှ ဖြစ်လျက် မော်ကွန်းထိုးလောက်အောင် ဖြစ်ပေါ်လာသည်မှာ မခံချင်လှသော စိတ်က အရင်းခံဖြစ်ဟန်တူ၏။ [၂]

လို့ မှတ်ချက်ချတယ်။

ရှင်မဟာရဋ္ဌသာရ ကိုယ်တော်တိုင်ကလည်း သူ့ရတုမှာ

***ဝတ်ရုံသာ ဝှမ်း၊ နိဗ္ဗာန်ငြမ်းကို***
***ဆွမ်း တ(စ်)သပိတ်၊ မှတ်သည့် စိတ်ဖြင့်***
***မချိတ် မဝင်၊ ဝမ်းထဲ ရှင်၍***
***တ(စ်)ချင်ရွေးမျှ၊ ကျန်ရ မရှိ***
***နရပတိ ရာဇာ၊ သဒ္ဓါ ပြတ် ပြတ်***
***ညွတ်ဘိသော့အား၊ သိကြား နှံ့ကျယ်***

---

[၁] ရွှေကိုင်းသား၊ ‘ရှင်မဟာရဋ္ဌသာရ သီတင်းသုံးခဲ့ဖူးသည့် စစ်ကိုင်းအင်းဝမှ အမှတ်တရဌာနများ’။ **ရှင်မဟာရဋ္ဌသာရ နှစ် ၅၀၀ပြည့် စာတမ်းများ**။ စာ ၃၂-၃၃

[၂] မာဃ၊ **အင်းဝခေတ် စာပေသူရဲကောင်း**၊ စာ ၁၈၄

www.foreverspace.com.mm



***နိကာယ် ငါးဦး၊ ပင်လယ် ကူးလျက်***
***ကျေးဇူးနှင့်သော်၊ မလိုက်လျော်***

လို့ မော်ကွန်းတင်ထားခဲ့တယ်။ ဒါပေမဲ့

***သူတော်တို့ တမ်း၊ ရေချမ်း တ(စ်)ပေါက်***
***တ(စ်)ယောက် မတည်း၊ နည်း၏ မဟူ***
***သူ လှူသရွေ့၊ ခံ ဝေလေ့ဖြင့်***
***အောက်မေ့ သံဝေ၊ တရား ဖြေလျက်***

ရှိပါကြောင်းနဲ့ ဆက်လက် စပ်ဆိုထားတယ်။ ဒါကိုလဲ ကျောင်းဒကာကို ငေါ့ထားမှန်း ပိုမိုထင်ရှားနေပြန်တယ်။

ရတုသုံးပုဒ်လုံး၊ ဝါ မော်ကွန်းတစ်ခုလုံးရဲ့ ဖွဲ့စည်း စည်းရုံးပုံဟာ အဲသလို ချည်း ငေါ့သံထေ့သံ လျောင်သံ ဖြစ်တယ်။ ပထမပိုဒ်မှာ 'မဏ္ဍိုင်ဗဟို နတ်များခိုသား မြင့်မိုရ်တောင်ရင်း' ရယ်လို့ အစချီကာ ဝတ်ရုံတောင်ရဲ့ ဝန်းကျင် အလှကို ကြီးကျယ်ခမ်းနား ဖွဲ့နွဲ့လိုက်တယ်။ အရှေ့တစ်ဖက်မှာ မြစ်မင်းဧရာနဲ့ ကျန်အရပ်မျက်နှာတွေမှာ တောင်တန်းကြီးများ ဝန်းရံနေပုံ၊ တောင်ထိပ်တွေမှာ ပုညရှင်စတဲ့ စေတီပုထိုးတွေကို လှမ်းမျှော် မြင်ရပုံ၊ ဝတ်ရုံတောင်ရှိရာ ဇေတဝန်စေတီမှာ 'သုံးလူ့ပန်း၏ သက်နှံးမြတ်စွာ ဌာပနာ' ထားပုံတို့နဲ့ သိုင်းဝိုင်းလိုက်တယ်။ 'လေးမျက်နှာမှ ရောက်လာသသူ လူတို့အားကို စီးပွားဆောင်ရွက် ရှိစေလျက်' တောင်ပေါ်ထက်မှာ 'ကျွေးရှင် မဆိတ် ကျော်စေထိတ်' ကြောင်း၊ 'အကြွယ်အဝကုံ့ ပစ္စည်း သိမ်းဆည်းကိုယ်ဖို့ မချို့မတဲ့' ဖြစ်ပါကြောင်း ရေးသားထားတယ်။

ဒုတိယပိုဒ်မှာ အဲဒီလို 'ရှစ်ရပ်အပုံ ချီးမွမ်းဟုံမျှ ဝတ်ရုံသာဝှမ်း နိဗ္ဗာန်နန်း' မှာ ဘုရင်နရပတိ ဝန်းကျင်နဲ့ မထိုက်မတန် ဝါးကျောင်းကလေး ဆောက်လုပ်လှူဒါန်းပုံကို ခပ်နာနာကလေး 'ဆော်ထည့်' လိုက်တယ်။ ဒါပေမဲ့ သူတော်ကောင်း ပီပီ နည်းများမဟူ လှူသမျှ ခံယူရမှာပေါ့ ရယ်လို့ တရားနဲ့ဖြေပါကြောင်း ဖော်ပြပြီး ဒီလို ခပ်ချာချာကျောင်းမှာ နေရပေမယ့် မိမိကတော့ ဝတ်တရား မပျက်

***စာပေသင်ခြင်း၊ လှူသတင်းနှင့်***
***မကင်း ဘာဝနာ၊ ဆည်းပူးရှာ၍***

www.foreverspace.com.mm



***မဟာရဋ္ဌ၊ သာရ တွင်မည်***
***ပုဂ္ဂိုလ်သည်လျှင်၊ အရှည် လင့်လင့်***
***အသင့် မျှော်မျှော်၊ နေသရော်တည့်***

ရယ်လို့ အံကိုခဲပြလိုက်တယ်။ ဒါတွင်မက

***နောက်နောင် သံယာ၊ အရိယာတို့***
***မို့ဌာ ဖြစ်လောက်၊ ကိုယ်တိုင်ဆောက်၍***

ဒီကုသိုလ်ကို အမျှတောင် ဝေလိုက်သေးတယ်။

တတိယပိုဒ်မှာ ကျောင်းဆောက်လုပ်ထားပုံကို ဗိသုကာ ဝေါဟာရ တွေနဲ့ တခမ်းတနား ဖွဲ့နွဲ့ လိုက်တယ်။ ဒါပေမဲ့

***မပျပ် မစောင်၊ ချည်နှောင် ကျစ်လျစ်***
***လက်သစ် လုံးလုံး၊ သုံးသာ ခြားလျက်***
***ခြင်ကြား မကျယ်၊ မြားနှယ် ဖြောင့်စင်း***
***သန့်ရှင်း ဖြူထွား၊ ကွပ်ဝါး ဆစ်သင်***
***ရှုမြင် မယိုင်၊ ကြံခိုင် အမြဲ***
***စူးရဲ သတ်နက်၊ လျှောသက် မရွေ့***
***ချောမွေ့ ပြေဆုံး၊ ပိတုံး ပိတ်သား***
***ယပ်နား ဝန်းကျင်၊ ပွတ်လုံးတင်သို့***
***စီရင် ရှုဖွယ်၊ လွန်တင့်တယ်လျက်***
***သက်ကယ် ခေါင်နှိမ်၊ ရိပ်ငြိမ် မိုးထ***
***နှီးစ မမြင်၊ ပညာလျှင်သည်***
***လက်သင် တပည့် စွမ်းအားတည်း။***

လို့ ရေးလိုက်ပုံဟာ ငိုအားထက် ရယ်အားသန် ဆိုသလို စာဖွဲ့စရာ မရှိတာကို စစ်စစ်ပေါက်ပေါက် ရှာကြံဖွဲ့ထားကြောင်း ထင်ရှားတယ်။ နောက်ဆုံးပါဒများ ဖြစ်တဲ့ သက်ကယ်နဲ့ အမိုးမိုးရာ နှီးစကလေးများကိုတောင် မမြင်ရအောင် ပညာသား ပါပါပေတယ်။ ဒီပညာသားဟာ လက်သင်တပည့်ရဲ့ ပညာစွမ်းပဲ

www.foreverspace.com.mm



ဖြစ်တော့တယ်လို့ ဆိုလိုက်ပုံဟာဖြင့် ဆိုခဲ့လေသမျှရဲ့ အထွတ်အထိပ် ဖြစ်တယ်။ သက်ကယ်ကိုမိုးရင်း နှီးစမမြင်ရတာ အဆန်း မဟုတ်ပါဘူး။ ဘာမှ ခက်ခဲတဲ့ ကိစ္စ မဟုတ်တာကို ကျေးလက်မှာနေသူတိုင်း သိတယ်။ ဒီကိစ္စ ဆောင်ကျဉ်းတဲ့ ပုဂ္ဂိုလ်ကလည်း လက်သမား အကျော်မဟုတ်၊ 'လက်သင်တပည့်'မျှ ဖြစ်ပါသတဲ့။ ဘယ်ကလောက် ကရော်ကမယ် ကျောင်းကလေးဆိုတာ ပေါ်လွင်လှတော့တယ်။ ဆရာတော် စပ်ဆိုသမျှ ဒီတစ်ပုဒ်ပဲ ဟာသရသ ပါတယ်။ ဒါပေမဲ့ သိမ်မွေ့တဲ့ ဟာသ။

ရှင်ရဋ္ဌသာရဲ့ အကျော်ကြားဆုံး ရတု တစ်ပုဒ်ကတော့ 'သုဝဏ်ပဘာ' ချီတောင့်တဲတွန့် ရတု ပါပဲ။ ရတုစပ်နည်း အသစ်အဆန်း ဖြစ်တဲ့အပြင် မိန်းကလေးတစ်ယောက်ရဲ့ အလှကို ပီပြင်အောင် ဖော်ကျူးနိုင်လို့ ကျော်ကြားတာ ဖြစ်တယ်။ အချို့ထင်မှတ်ကြသလို ရှင်ရဋ္ဌသာရရဲ့ ငယ်ချစ်မင်းသမီးကလေးကို ဖွဲ့တာတော့ ဟုတ်ချင်မှ ဟုတ်ပါလိမ့်မယ်။ ကဗျာစပ်နည်း အသစ်တစ်ခု လက်တည့်စမ်းကြည့်တာလောက်ပဲ ဖြစ်ပါလိမ့်မယ်။ ကဗျာကို ထူးခြားစေတာက

***ရွှေကြာပွင့်ဖူးသစ်၊ ပျိုမျစ် မျစ်မူ***
***ကျစ်လစ် တင့်စံပယ်***

စတဲ့ နုယဉ်တဲ့ စကားလုံးကလေးတွေ

***ဖြူမြိတ်ရွှက်နှင့်၊ လက်လက် မြထိပ် ပြေး***
***ရွှေရည် ရေးသို့၊ ပျံ့မွှေး ရွှေအကျီ***
***ရွှေထမီနှင့်၊ မျက်စီ ရွှေနားထောင်း***

လို့ ဆင်ယင် ထုံးဖွဲ့မှုကို အနုစိပ် သရုပ်ဖော်ကွက်တွေ။

***ဆည်းဆာ ညရီတွင်၊ ကျွန်ုပ် မြင်သည်***
***ရွှေရင် ဖုံးတုံ့ မဖုံးတုံ့***

မှာလို မခို့တရို့ အသုံးအနှုန်းကလေးများပဲ ဖြစ်တယ်။ နောက်ပြီး ကဗျာရဲ့ ရစ်သမ်ကလဲ ထူးခြားတယ်။ 'တောင့်တဲတွန့်' ရတုလို့ ခေါ်ထားတဲ့အတိုင်း လေးလုံး တစ်ပါဒ၊ ငါးလုံး တစ်ပါဒ ခြားကာ ခြားကာ စပ်ဆိုထားလိုက်တာ

www.foreverspace.com.mm



တကယ်ကို ပိုးတောင့်တဲ လှမ်းသွားပုံ သရုပ်ကို အာရုံမှာ ထင်လာစေနိုင်တယ်။ ကြာဟန်နွဲ့နှောင်းတဲ့ လုံမပျို တစ်ဦးရဲ့ မခို့တရို့ တွန့်ကာ လိမ်ကာ လှမ်းသွားပုံမျိုး။ ကွယ်လွန်သူ အမေရိကန် ရုပ်ရှင်မင်းသမီး မယ်ရီလင် မွန်ရိုးရဲ့ ကမ္ဘာကျော် ပိုးတွန့်သွားနည်း [၁]မျိုးပေါ့။

ဆရာတော် ရဋ္ဌသာရကို ကမ္ပည်းတပ်ထားတဲ့ အခြားကဗျာစပ်နည်း အဆန်းထွင် လင်္ကာများလဲ ရှိသေးတယ်။ 'ချစ်စုံမက်၍' ချီ၊ 'ဆင်းလှ ဆင်းထွတ်' ချီ၊ 'မြသွယ်ရောင်လျှံ' ချီ၊ 'ရွှယ်ရန်ငွေ့၍' ချီ၊ 'လွှမ်းဖုန်းကျော်' ချီ ရတုများပါပဲ။ 'သုဝဏ်ပဘာ' ရဲ့ အဆင့်ကို မမီကြဘူး။ နည်းသစ်နည်းဆန်းရဲ့ ပြယုဂ်ကောင်း များလောက်ပဲ ရှိတယ်။

ကဗျာစပ်နည်းသစ်လဲ ဖြစ်၊ သြဝါဒ သဘောတဲ့ သက်ရောက်တဲ့ လင်္ကာ တစ်ပုဒ်ကတော့ ထူးခြားတယ်။ လေးလုံး တစ်ပါဒ မဟုတ်ဘဲ သုံးလုံး တစ်ပါဒ ယူကာ ကာရန်ကလဲ ဦးတိုက်စပ်နည်း (၃-၁) ချည်း သုံးထားသမို့ ပြတ်တောင်း ဆတ်တောက်တဲ့ ရစ်သမ်ကို မေးတယ်။

***မိန့်သည်မှာ၊ နာလော့ နား***
***ဓား မြက်မြက်၊ ထက်အောင် သွေး***
***ရှေးက ထုံး၊ သုံးယောက်လူ***
***ယူကြလေ၊ သေအောင်ခုတ် . . .***

ဒီစပ်နည်းကို 'ဝဲရိုက်ဝဲသွင်း' လို့ ခေါ်ထားတယ်။ ဝဲရှိတဲ့ ရေစီးသန်တဲ့ ဖြစ်ချောင်းတွေမှာ လှေကို စုန်ဆန်ရာမှာ တစ်ဆစ်စီ ရပ်ကာ နားကာ စုန်ဆန် ရတာကို လှေသမား ဝေါဟာရမှာ 'ဝဲရိုက် ဝဲသွင်း'တယ်လို့ ဆို တယ်။ ဒီကဗျာကို ဖတ်ရွတ်ရင်လဲ တောက်လျှောက်ဆက်ပြီး ဖတ်ရွတ်လို့ မရဘူး၊ တန့်ကာ နားကာ သာ ဖတ်ရွတ်ရတယ်။

ရှင်မဟာရဋ္ဌသာရရဲ့ အခြား ဆုံးမစာတွေ၊ သြဝါဒကထာတွေလဲ ထင်ရှား တယ်။ မေတ္တာစာလဲ ရှိသေးတယ်။ တစ်ပုဒ်ကတော့ မင်းခေါင် နရပတိ နာမကျန်းရှိစဉ် ရှင်ရဋ္ဌသာရက ပြည်မြို့ကနေ ရေးပို့လိုက်တဲ့ ရောဂါ

[၁] wriggling walk

www.foreverspace.com.mm



ပျောက်ကင်းပါစေလို့ တကယ်ကို မေတ္တာပို့တဲ့ မေတ္တာစာအစစ် ဖြစ်တယ်။ ထူးခြားတဲ့ နောက်တစ်ပုဒ်ကတော့ ဆရာတော် မော်ကွန်းထိုးရတဲ့ ဝတ်ရုံကျောင်းကို လာရောက်ဖူးမြော်ကြပြီးနောက် ကျောင်းက ဝါး လှေကားငယ် နေရာမှာ ပျဉ်လှေကား လှူသွားတဲ့ တပယင်း မင်းကြီးသခ်ယာဆီ ကျေးဇူးတင်ကြောင်း ရေးပို့တဲ့ မေတ္တာစာပါပဲ။ လှေကားက ကိုးထစ်ရှိပုံ ရတယ်။ ဒါကို ဆရာတော်က လောကုတ္တရာ တရားကိုးပါးနဲ့ နှိုင်းယှဉ်ကာ စပ်ဆိုလိုက်ပုံက

***ကိုးထစ်လှေကား၊ လှူသောအားဖြင့်***
***ကိုပါး လောကုတ္တရာ၊ ချမ်းသာ အထွတ်***
***ပြသာဒ် ကိုးဆောင်၊ တက်ရအောင်လျှင်***
***ရည်စောင် သံဝှန်၊ ဝမ်းမြောက် လွန်လျက်***
***ဝေဿန္တရာ၊ မြတ်စွာ ဆင်ဖြူ***
***လှူသော စဉ်တွင်၊ ဆင်ယှဉ် လှေကား***
***ဆင်အား လိုက်ဖက်၊ ဒါန စက်ဖြင့်***
***အထွက် စွင့်စွင့်၊ မိုးရှည် မြင့်သား***
***ကိုးဆင့် အမတ၊ နိဗ္ဗာန သို့***
***ကြွကြွရောက်ရန်၊ လိုဆု ပန်လော့***

ပါတဲ့။

အမျက်ဖြေ လင်္ကာလို့ ဆိုကြတဲ့ မေတ္တာစာ တစ်ပုဒ်ကလည်း ဆရာ တော်ရဲ့ ကိုယ်ရေးသမိုင်းနဲ့ ဆက်နွှယ်နေသမို့ မှတ်သားထိုက်တယ်။ 'ယုဂန္ဓရ' ချီ ရတု ၄ ပုဒ်ပါပဲ။ ဒီရတုရဲ့ သမိုင်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက

> '.... ဘုရင် နရပတိသည် နန်းတော်သစ် ဆောက်လုပ်ရာ ပြီးစီးအောင်မြင်၍ ရှင်မဟာ ရဋ္ဌသာရနှင့် ရှင်မဟာသီလဝံသကို ပင့်ခေါ်ပြီးလျှင် ပြိုင်ဆိုင်၍ နန်းဘွဲ့မော်ကွန်း ရေးသား စီကုံးတော် မူကြပါဟု တောင်းပန်ရာတွင် ရှင်မဟာရဋ္ဌသာရသည် ရေးမည်ဟု ဝန်မခံဘဲ ကျောင်းသို့ ပြန်သွားလေသဖြင့် ဘုရင်နရပတိသည် အမျက်တော်

www.foreverspace.com.mm



ရှိလေ၏။ ထိုသို့ အမျက်တော်ရှိကြောင်းကို ရှင်မဟာရဋ္ဌသာရ သိ၍ ရေးသား ဆက်သွင်းတော်မူလေ၏။ [၁]

လို့ ရှင်းပြတယ်။ နောက်ပြီး

ဇင်းလင်္ကာ၏ သဘော လက္ခဏာကို ဆင်ခြင်လျှင် ရွှေနန်း ကြော့ရှင် ဘုရင်နရပတိသည် ရှင်မဟာရဋ္ဌသာရထက် ရှင်မဟာ သီလဝံသကို ပိုမို၍ ကြည်လင်ဟန် ရှိသည်။ [၂]

လို့လဲ ဆရာကြီးက အောက်ခြေမှတ်စုနဲ့ ထောက်ပြထားသေးရဲ့။

ဆရာတော်ရဲ့ အမျက်ဖြေ ရတုလင်္ကာမှာ မိမိအနေနဲ့ နရပတိမင်းကို 'ငါ၏ တေဇ ငါ့လုံ့လဖြင့် ဒီပကုန်အောင် ကြည်းဆောင်လက်ငင် ပေးဆက် ချင်' တဲ့ စေတနာ ရှိကြောင်း၊ ခုတော့ မိမိ လုံ့လ မပါဘဲ ဘုန်းတန်ခိုး ပြည့်ဖြိုးပေပြီ ဖြစ်ရာ 'ငါ့ပီတိကား နှိုင်းရှိ ဆိုဖွယ် နက်ဝှမ်းကျယ်သည် ပင်လယ်ရေသို့ ပြော' ပါကြောင်း၊ ဒါပေမဲ့ ဒီအကြောင်းကို ဘုန်းတော်ဘွဲ့ မရေးခဲ့ကြောင်း၊ အကြောင်း ကတော့ ဘုရင်နဲ့ မိမိဟာ 'ပေါင်းဖက်တူကွ ငယ်ကမွေ့လျော်' ခဲ့ကြသူများ ဖြစ်ကြောင်း၊ မိမိက စေတနာနဲ့ ရေးတာကိုပဲ အချို့သူတို့က 'ပျူပျူငှာငှာ လင်္ကာ သွယ်ငင် ကောင်းချင်စပ်ဆန်း ရဟန်းမည်မည် တင်လိမ့်မည်' မို့လို့ ချိန်ဆနေခဲ့ ကြောင်း။ မိမိက အဲဒီလို ခမ်းနားတဲ့ ဘုန်းတော်ဘွဲ့ စပ်ဆိုရကောင်းလိမ့်နိုး စဉ်းစားနေချိန်မှာ နန်းတော်ဘွဲ့မျှ လောက်ကိုသာ အဖွဲ့ခိုင်းတာဟာ

***ကြီးထူ ကြွခိုင်၊ ဆင်လည်တိုင်ကို***
***ဖြတ်နိုင် လွှားလွှား၊ သံရှင် ဓားသည်***
***သခွားမျှသာ၊ ဓားငယ်ရာကို***
***ခုတ်ပါချေသော်၊ ဂုဏ်မပေါ်သို့***

ဖြစ်ခဲ့ရကြောင်း ရှင်းပြထားတယ်။

နောက်ဆုံး အပိုဒ်မှာ မိမိကိုယ်ကို

[၁] သခင်ကိုယ်တော်မှိုင်း၊ **ကဗျာသရုပ္ပသင်္ဂြိုဟ်**၊ စာ ၁၇၁

[၂] ယင်းကျမ်း၊ စာ ၁၇၁၊ အောက်ခြေ

www.foreverspace.com.mm



*ပဋိသန္ဓေ၊ ပညာတွေဖြင့်*
*ကြံလေသမျှ၊ မိုးကြိုးကျသို့*
*ဆိုက ဖောက်ထွင်း၊ ထဲနက် ချင်း၏*

လို့ ဝင့်ကြွားပြလိုက်တယ်။ ပြီးမှ

*ပညာရောင် ဖိတ်၊ ပုရောဟိတ်သို့*
*ကရဝိတ် ဥဒေါင်း၊ ကျူးသံညောင်းကို*
*စာလောင်း ဘုန်းဝှန်၊ နာထိုက်တန်လျက်*
*ရွှေနန်းထက်ဝယ်၊ သားငှက် မည်မည်*
*တွန်လေသည်ကို*
*ချစ်ကြည် လွန်နှမှော၏တည်း။*

ရယ်လို့ တောင်တွင်းကျေးရပ်က ဆရာတော်ကို စောင်းမြောင်း ရေးသားလိုက်တယ်။ ဘုရင်နရပတိရဲ့ နေပြည်တော်မှာ ရှင်ရဋ္ဌသာရ အရေးနိမ့်ခဲ့ပြီး ရှင်သီလဝံသ အောင်ပွဲခံခဲ့တာ ရှင်းသွားတယ်။ အဲဒီကစပြီး စိတ်နှောင့်နေခဲ့တဲ့ ရှင်ရဋ္ဌသာရဟာ စစ်ကိုင်း ဝတ်ရုံတောင်ဘက် ရောက်တဲ့ထိ အရှိန်မပြေတတ်သေးဘဲ တငွေ့ငွေ့နဲ့ ခံစားခဲ့ရပုံပါပဲ။

ရဋ္ဌသာရ ဆရာတော်ရဲ့ ကိုယ်ရည်ကိုယ်သွေးလို့ ဆိုကြတဲ့ ရတုနှစ်စုံ ရှိတယ်။ တစ်ပုဒ် ('ရေနှယ် မြောက်မည်' ချီ)က ကိုယ်ရည်ကိုယ်သွေး အစစ်ဖြစ်ပြီး နောင်သောအခါ အင်းဝက မိဖြူ မိညို အမျိုးသမီး စာဆို နှစ်ဦးအဖို့ နည်းယူစရာ ဖြစ်ခဲ့တယ်။ အချီပိုဒ်တွေကို ကြည့်လေ။

| | |
|---|---|
| **ရဋ္ဌသာရ၊** | ***'ရေနှယ် မြောက်မည် တို့ဟူသည်ကား'*** |
| **မိဖြူ၊** | ***'ကျွန်းတွင် ဇမ္ဗူ ကျွန်ုပ် ဟူသား'*** |
| **မိညို၊** | ***'တောင်တွင် မြင့်မိုရ် (ရ်) ကျွန်ုပ်ဆိုသား'*** |

နောက်တစ်ပုဒ်က ('ကြံတက်ဆရ၍' ချီ) ကိုယ်ရည်သွေး ဆိုတာထက် ပိုနေပါတယ်။ ဆရာတော်ရဲ့ 'ပုရေနိုသင်' နဲ့ တစ်သဘောတည်းပါပဲ။ ကဗျာရဲ့

www.foreverspace.com.mm



အတွင်းအဆာကို ရွေးရာမှာသာ ကွဲတယ်။ 'ပုရေနိသင်' မှာ အလျင်က ချစ်သူနဲ့ ပျော်ခဲ့တယ်။ အခု ရဟန်းဘဝမှာ ကျမ်းဂန်ပရိယတ်နဲ့ မွေ့လျော်တော့မယ်လို့ ဆိုတယ်။ 'ကြံတက်ဆ၍' မှာတော့ အလျင်က လောကီပညာတို့ကို လေ့လာ လိုက်စားပြီး အချိန်ကုန်ခဲ့တယ်။ အခု ရဟန်း ဘဝမှာ လောကီပညာ အစုစုကို ပယ်ရှားလိုက်ပြီး ဘုရားရှင်ရဲ့ ပိဋကတ် စာပေကိုပဲ လိုက်စားလေ့လာတော့မယ် တဲ့။ ဒါပဲ ခြားနားတယ်။ အချပိုဒ်များမှာတောင် ခပ်ဆင်ဆင် ဖြစ်နေတယ်။

*ဗေဒင် တိတ္ထုံ၊ လုံးခြုံ စုံစေ့*
*တတ်သရွေ့ကို၊ မေ့ကြီး မေ့အောင်*
*ပစ်ခွာ ရှောင်၍၊ ရုံပေါင် သံယာ*
*အရိယာအား၊ သုံးပါး စွဲမှတ်*
*ပိဋကတ်ကို၊ နှုတ်လွတ် ရွရွ*
*စိပ္ပာယ် ပြ၍၊ ကြောင်းစ နှီးနွယ်*
*ကြံဖွယ်ဖွယ်ကို*
*အဘယ် ကြံရှာပေတော့မည်။*

ခမ္မကြောင်းနဲ့ ပတ်သက်ပြီး မေးမှုဖြေမှု ပြုခဲ့ကြတဲ့ ရတုတွေ၊ တောမှီ ရဟန်းသရုပ်ကို ဖော်ကျူးတဲ့ 'အရညဝါသီ' ချီ ရတု၊ ရွှေစက်တော် ဘုရား ရှိခိုး ရတု ('အတိုင်းမသိ' ချီ) စတဲ့ လောကုတ္တရာကြောင်းဆိုရာ ရတုတွေလဲ ရှိပါသေးတယ်။ ခံ့ညားထည်ဝါတဲ့ ကဗျာတွေချည်း။ ပါဠိကျမ်းဂန်လာ အတွေး အခေါ် အတင်အပြတို့ကို ဆရာတော် ရဋ္ဌသာရဟာ မြန်မာဆန်တဲ့ စကား အသုံးအနှုန်းနဲ့ လက်ာမြောက်အောင် ဖွဲ့ခဲ့တာချည့်။

ရှင်မဟာရဋ္ဌသာရဟာ မြန်မာ့ ဂန္ထဝင် ကဗျာမှာ ထိပ်ပိုင်းက ရှိခဲ့တဲ့ ကဗျာဆရာကြီး ဖြစ်တယ်။

♦ ♦ ♦

www.foreverspace.com.mm

# နဝဒေး

(၁၇၉၈ခန့်–၁၈၈၈ခန့်)

ရှေးခေတ်က ကဗျာတိုင်းလိုလိုဟာ အနုအယဉ်နဲ့ မကင်းခဲ့ပေဘူး။ ကဗျာဆိုတာကိုက နုနုယဉ်ယဉ်လေး ပြောဆိုသုံးနှုန်းတာကို ခေါ်တာလို့ အထင်ရောက်ခဲ့ကြတယ်။ အနုအယဉ်ကင်းတဲ့ ကဗျာရယ်လို့ အလွန် ရှားပါးတယ်။ ရှင်ဥတ္တမကျော်လည်း နုခဲ့တာပဲ။ ရှင်မဟာရဋ္ဌသာရလည်း နုခဲ့တာပဲ။ ဒါပေမဲ့ အင်းဝခေတ်ဆီက နုကြတယ်ဆိုတာ နေရာအလျောက်ပဲလို့ ဆိုနိုင်တယ်။ အချိန်မရွေး၊ နေရာမရွေး နုကြတာ မဟုတ်ဘူး။ တောင်ငူခေတ် ရောက်လာတဲ့ အခါမှတော့ အဲသလို မဟုတ်တော့ဘဲ နုတာ ယဉ်တာကိုချည်း မရမက ရှာကြံပြီး ကဗျာဖွဲ့တော့တဲ့ အကျင့် ထွန်းကားလာတယ်။ ဦးဆောင်သူကတော့ နဝဒေး။

နဝဒေးဟာ ရှေးစာ ကဗျာတွေကို အထူးနှံ့စပ်ပုံရတယ်။ ပုဂံကဗျာ၊ အင်းဝကဗျာ၊ အားလုံးလောက်ကို သူ ကျေညက်ထားတယ်။ ဒါကို သူ့ ကဗျာတွေထဲမှာ အထင်းသား တွေ့မြင်နိုင်တယ်။ အဲဒီ ရှေးကဗျာတွေထဲက နုတာ၊ ယဉ်တာလေးတွေကို သူ အထူးနှစ်ခြိုက် လျှာတွေ့ခဲ့ပုံရတယ်။ သူ ဆရာတင်သူကတော့ ရှင်သူရဲပါပဲ။

ဒီနေရာမှာ ရှေးခေတ် မြန်မာစာပေ မှတ်တမ်းပြုသူတို့ရဲ့ ရယ်စရာ ကောင်းတဲ့ အကွက်တစ်ကွက်ကို တွေ့ကြရတယ်။ တခြားမဟုတ်ဘူး။ နဝဒေး ကဗျာစုကို လေ့လာကြည့်ရင် နဝဒေးက အဖြည့်ခံ ရေးထားတာကို ရှင်သူရဲက ဖြည့်တယ်ရယ်လို့ အမှတ်အသားပြုထားတာ တွေ့ကြရမယ်။ ရှင်သူရဲဟာ 'သခင်ထွေးချောင်း'ကို သက္ကရာဇ် ၈၃၈ခုနှစ်မှာ ဖွဲ့ပါတယ်။ နဝဒေးက 'မင်းတရား မယ်တော်

www.foreverspace.com.mm



ချောင်း'ကို သက္ကရာဇ် ၉၁၂မှာမှ ဖွဲ့တယ်။ ချောင်း နှစ်ခုဟာ အနှစ် ၈၀နီးပါး လောက် အချိန်ကာလ ကွာခြားနေတယ်။ နဝဒေးကသာ ရှင်သူရဲ အဖြည့်ခံကို ဖြည့်ချင် ဖြည့်ရမယ်။ ရှင်သူရဲကတော့ နဝဒေးကို မဖြည့်တန်ရာပေဘူး။

ရှင်သူရဲဟာ ရတု အနည်းငယ်ကိုပဲ ရေးသွားနိုင်ခဲ့တယ်။ သူ့လမ်းကို ဆက်ခံ တိုးချဲ့ခဲ့သူ နဝဒေးကတော့ မြန်မာစာပေသမိုင်းမှာ စံချိန်တင်ရလောက် အောင်ပဲ ရတုတွေ အများအပြား ရေးထုတ်နိုင်ခဲ့သူ ဖြစ်တယ်။ များလွန်းလို့ သူ့ရတု စာရင်းထဲမှာ သူများရတုတွေ ရောနှောပါနေသလို သူများရတုစာရင်း ထဲမှာ သူ့ရတုတွေ ပါနေလေတော့တယ်။ ရှင်သူရဲ ဝံတောင်လည် ဖုန်းတော်ကြီး၊ လျှော်ကား ၃၀၀၀၀မျိုး၊ နဝဒေး၊ နတ်ရှင်နောင်တို့ဟာ ကမ္ဘည်းလိပ်တပ် အရော ထွေးဆုံး စာဆိုတွေပါပဲ။

ဒီလို ရတုတွေ အများအပြား ရေးထုတ်ရင်း နဝဒေးဟာ ရတုလောကကို ရှေ့ဆောင်လမ်းပြ ပြုသွားခဲ့တယ်။ ရတုကို သူရှေ့ဆောင်ရှေ့ရွက် ပြုသွားရာမှာ ၁၊ စကားလုံး အသုံးအနှုန်း၊ ကဗျာပစ္စည်း အသုံးအနှုန်းအရ ရှေ့ဆောင်တယ်။ ၂၊ ကဗျာဖွဲ့စည်းတည်ဆောက်ပုံအရ ရှေ့ဆောင်တယ်။ စကားလုံး အသုံးအနှုန်း အရ ရှေ့ဆောင်တယ်ဆိုရာမှာ မြန်မာစကားထဲက နုနုရွရွ စကားလုံး လှလှ လေးတွေကိုမှ စိစစ်ရွေးထုတ်ပြီး ကဗျာဖွဲ့တဲ့ အကျင့်ကြီး ပေါ်ထွန်းလာအောင် ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့တာကို ဆိုလိုပါတယ်။ ကဗျာပစ္စည်းအရ ဦးဆောင် တယ် ဆိုတာကတော့ မိန်းကလေးကို ဒီလိုဖွဲ့၊ မိုးကို ဒီလိုဖွဲ့၊ ကျေးကို ဒီလိုဖွဲ့ စသဖြင့် ခူးပြီးခပ်ပြီး ကဗျာပစ္စည်းလေးတွေ လုပ်ပေးပြသွားတာကို ဆိုလိုပါတယ်။ ကဗျာဖွဲ့စည်း တည်ဆောက်ပုံ အရ ရှေ့ဆောင်တာကတော့ ဘုရားတိုင်ဆို ဒီလို ဒီလိုရေး၊ မိုးတောဆို ဒါပြီး ဒါရေး၊ စစ်ချီဆို ဒီလိုချီ ဒီလိုဖွဲ့ စသဖြင့် ပုံသေနည်း မျိုး ချပြလို့ရအောင် ရှေ့ဆောင် ရေးဖွဲ့သွားခဲ့တာကို ဆိုလိုပါတယ်။

ကဗျာထဲမှာ ရုပ်ဝတ္ထုတစ်ခုကို ထည့်ရေးရတော့မယ်ဆိုရင် ဒီရုပ်ဝတ္ထု အတွက် အနုဆုံး အလှဆုံးဖြစ်မယ့် စကားလုံးလေးတွေကို နဝဒေး ရှာလိုက် တယ်။ ပြီး ဒီစကားလုံးလေးတွေကို ဟိုက ဒီလှည့်၊ ဒီက ဟိုလှည့် လှည့်ပြီး စုစည်းလိုက်တယ်။ ဒီလိုနဲ့ စကားတွဲ လှလှလေးတွေ ဖြစ်သွားတော့တယ်။ ဥပမာ မိန်းကလေးကို ဖွဲ့မယ်ဆိုပါတော့။ မိန်းကလေးနဲ့ဆိုင်ရာ အနုအလှ စကားလုံးတွေက ညို၊ ပြာ၊ ဖြူ၊ ဝင်း၊ ငြိမ့်၊ မွတ်၊ လဲ့၊ ကြည်၊ လှ၊ ရွှန်း၊ နှောင်း စသဖြင့် ဖြစ်တယ်။ ဒါတွေကို ကာရန်ကျရာ လိုက်ပြီး လှည့်ကစားပေး

www.foreverspace.com.mm



လိုက်တော့ ညိုစင်နွဲ့ရွှန်း၊ လှငြိမ့်ရွှန်း၊ ငြိမ့်လေး ဝင်းကြည်၊ ပြာညိုမွတ်၊ ပြာချော နွဲ့နှောင်း၊ ဝင်းထွတ်ညက်ကြည်၊ ရှင်နှောင်း ပြာလဲ့၊ မွတ်ညက်ပြာဖြူ စသဖြင့် ရပါတော့တယ်။ ဘုရားကို ဖွဲ့မယ်ဆိုပါတော့။ ဆိုင်ရာစကားလုံးတွေက ရှင်၊ ထွတ်၊ တော်၊ မြတ်၊ ဆံ၊ မွေ၊ သကျ၊ မိတည်း စသဖြင့် ရှိနေတယ်။ ဒါတွေကို လှည့်ပြောင်း တွဲစပ်လိုက်လျှင် ရှင်တော်မွေ၊ ရှင်တော်ရှူ၊ ရှင်တော်ရုပ်၊ ရှင်ပင် မြတ်စွာ၊ ထွတ်ဘုန်းဝှန်၊ ထွတ်သကျာ၊ မြတ်ဆံဓာတ်၊ မြတ်ဆံကျော်၊ မိတည်း နှောင်၊ မိတည်းရှေး၊ မိတည်းလျာ စသဖြင့် ရပါတော့တယ်။ တခြား ရေမြေတော တောင်၊ မိုး၊ စစ် စတာတွေမှာလဲ ဒီအတိုင်းဖြစ်တယ်။

ကဗျာပစ္စည်း သုံးရာမှာလဲ အဲသလိုပါပဲ။ နုနုလှလှ ဥပမာလေးတွေ၊ ရူပက လေးတွေချည့် ရှာကြံသုံးစွဲသွားပါတယ်။ မိန်းကလေးနဲ့ ပတ်သက်လာရင် ငယ်တဲ့အကြောင်း၊ အငယ်ဆုံးမို့ နာမည်ကိုက "ရှင်နှောင်း" ဖြစ်ကြောင်း ဖွဲ့မယ်၊ နတ်နဲ့နှိုင်းရင် နတ်က ရှုံးကြောင်း ဖွဲ့မယ်၊ မိဘဆွေမျိုးတွေ ဝန်းရံနေကြောင်း ဖွဲ့မယ်။ အချစ်ကို ဖွဲ့ရင် သက်ထက် ဆယ်ပြန်ချစ်ကြောင်း ဖွဲ့မယ်၊ မိုးနတ်က လာပြီး ဖျားယောင်းတောင် မဖောက်ပြန်ကြောင်း ဖွဲ့မယ်၊ ခုတော့ ဖောက်ပြား နေပြီ ထင်ကြောင်း ဖွဲ့မယ်။ ဘုရားကို တိုင်တည်ရင်လဲ မိမိအလိုကို ရွှေဉာဏ် တော်ဖြင့် ကြည့်ပါလော့လို့ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပြောရမယ်။ ဒီလိုနဲ့ ကြာတော့ အကြောင်းရပ်တစ်ခုပေါ်မှာ တွေးပုံ တွေးနည်းကိုသာ ပုံသေကားချ ဖြစ်လာပြီး အသစ် မကြိုးစားချင်တော့ဘူး။

ဖွဲ့စည်းပုံ တည်ဆောက်ပုံ နည်းကျတော့ကော။ ဘုရားတိုင် ရတုဆိုပါ စို့။ ပထမဆုံး ဘုရားအကြောင်း နည်းနည်းဖွဲ့ပြီး ချီလိုက်မယ်။ ပြီး ကိုယ့် အချစ် ရေးကို ဘုရားဆီ တင်ပြမယ်။ သူဟာဖြင့် အစက ဘယ်လိုဘယ်ညာနဲ့ ခုတော့ ဖောက်ပြားနေပါပြီ။ ဒါမှမဟုတ် စစ်မြေက အချိန်မီ ပြန်ခဲ့မယ် ဆိုပြီး ခုတော့ မရောက်ဘဲ ရှိနေပါတယ် စသဖြင့် တိုင်ကြားမယ်။ ဒါကြောင့် ဘုရားရှင်ဉာဏ် တော်နဲ့ အလိုဖြည့်တော်မူပါလို့ ပန်ကြားလိုက်မယ်။ ဒါပါပဲ။

အလားတူပဲ မိုးတော ဖွဲ့နည်း၊ စစ်ချီဖွဲ့နည်း၊ ကျေးစေဖွဲ့နည်း၊ မယ်ဖွဲ့၊ မောင်ဖွဲ့ ဖွဲ့နည်းတို့မှာလည်း ဘယ်အချက်ပြီးရင် ဘယ်အချက်ဆိုတဲ့ အစီ အစဉ်ဟာ ပုံသေနည်းကျ ဖြစ်နေတော့တယ်။ ဒီလိုနဲ့ ဖွဲ့ထားတဲ့ အဆောက် အအုံရော၊ အဆောက်အအုံမှာ မွမ်းမံထားတဲ့ အလင်္ကာ အဆင်အယင်တွေကပါ ကြာတော့ အပ်ကြောင်းထပ်လာတော့တယ်။

နဝဒေးကဗျာ များရာစုကြီးဟာ ဒီနည်းနှင်နှင်ချည့်ပါပဲ။ ဒီလို ကဗျာမျိုးတွေ လေ့လာချင်လို့ကဖြင့် အကုန် လျှောက်ဖတ်နေစရာတောင် မလိုဘဲ တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်းလောက် လက်ရွေးစင် ရွေးပြီး လေ့လာထားလိုက်ရင် လုံလောက်ပါတယ်။ ကြည့်ရတာတော့ စစ်ထွက်သူ ကဗျာဆရာကြီးဟာ စစ်ချီစစ်တက် သွားရတဲ့အခါ ပျင်းပျင်းရှိတိုင်း ကဗျာတွေကို စက်နဲ့လှည့်ထုတ်သလို ထုတ်လုပ်ရေးချသွားခဲ့ပုံ ရပါတယ်။ များသောအားဖြင့် ကြိုးစားအားထုတ်မှုရယ်လို့ သိပ်ကြီး ရှိခဲ့ပုံ မရပါဘူး။

အဲ ရံဖန်ရံခါမတော့ စာဆိုကြီးဟာ ထုံးစံက ခွဲထွက်ပြီး ကဗျာကို အပတ်တကုတ် အားထုတ် ရေးခဲ့ပုံရတယ်။ အဲဒီလို အခါမျိုးမှာတော့ ကဗျာကောင်းတွေ တသီးတသန့် ထွက်လာခဲ့တယ်။ မြန်မာဂန္ထဝင်အဖို့ ကံဆိုးတာကတော့ ဒီလို ကဗျာကောင်း ကဗျာသန့်တွေက ရှားပါးခဲ့တာပါပဲ။

***ဘယ်လည်ဖြတ်ထုံ့၊ ခေါက်တုံ့ကွေ့ချောင်***
***စောင်းထောင်ဖီလာ၊ ခဲစွာတက်သက်***
***ကျောက်စက်ကုန်းရှည်၊ နက်သည်ကမ်းဆင်း***
***ကျတ်ပွန်ကျင်းနှင့်၊ ခုံချင်းနွယ်တန်း***
***နည်းခန်းရေရှား၊ များသည့်ခနောင်း***
***ဝှန်ချောင်းကျိုက်ပွက်၊ စားသို့ထက်မျှ***
***ချခက်စခန်း၊ ခါးပန်းမြင့်မော***
***ငေါနှင့်ဖိုးခေါင်၊ တိမ်တောင်ထိမျှ***
***လွန်ခဲ့မှတည်၊ ရိုင်းလှသည့်မြေ။***

ခရီးမြေရှည်ချီ

စစ်ချီတက်ရာတွင် ရေမြေကန္တာရရဲ့ ကြမ်းတမ်းခက်ထန်ပုံကို စကားလုံးရွေးထားပုံ အရရော၊ အသံသွားအသံလာ ရစ်သမ်အရရော ထိမိပီပြင် အောင် ဖော်ကျူးထားတဲ့ အဖွဲ့တစ်ခု ဖြစ်ပါတယ်။ ခါတိုင်း နုနေကျ နဝဒေးလေနဲ့ ကွာချင်တိုင်း ကွားခြားပြီး မာကျောခက်ထန်တဲ့ ဘာသာစကား တစ်ခု ဖြစ်ပေါ်နေတာကို တွေ့ကြရမယ်။

www.foreverspace.com.mm

ခရီးမြေတာ ကြမ်းတာနဲ့အမျှ စစ်ချီရသူ စစ်သားတွေ ပင်ပန်းဆင်းရဲ ခံစားရပုံကိုလဲ စစ်သားကြီးနဝဒေးဟာ ကိုယ်တွေ့ထဲကနေ ထုတ်နုတ် ရေးဖွဲ့လေ့ရှိတယ်။

**ဗျာပါဝှန်ဆီး၊ မိုးထိနီးမျှ**
**တောင်ကြီးနှင့်ချောင်း၊ လမ်းကြောင်းမတွေ့**
**မြစ်ကွေ့ချောင်းဝိုက်၊ ဘယ်လိုက် ညာသွား**
**မအားရင်အပ်၊ အထပ်ထပ်ထိ**
**ခြေရပ်မတည်၊ ရှိရသည်ကို။**

ကောင်းကင်လတ်ဝယ်ချီ

**တိမ်ထက်ကပင်၊ မြင်လထူးလည်**
**အရွေ့တည်သို့၊ ဆီးရည်နှင်းခဲ**
**မွတ်မွတ်ကြဲက၊ ပုလဲစိုင်တူ**
**ဖွေးဖွေးဖြူမျှ၊ ကောက်ယူကိုင်းကောင်း**
**မဖြစ်တောင်းတည့်၊ ငဲ့စောင်းမရ**
**မြင်းဆင်ကျခဲ့၊ မိုးမျှထိနီး**
**တောင်ကြီး တောင်လတ်၊ မြောင်းကျတ်နှင့်ချောက်**
**မြေညီရောက်လည်း၊ သွေခြောက်မခံ**
**စေးရွှံ့နက်ဆုံး၊ သလုံးပုဆစ်**
**ကျွံနစ်ဆန်းထူး၊ ဆယ်လွန်ကျူးမှ**
**ချောင်းကူးကြုံ၍၊ ရေကိုတွေ့လည်း**
**ချမ်းမြေတုန်လှုပ်၊ ကင်းလျှင်တုပ်သို့**
**ခြေချုပ်သော့သွင်၊ သွားမလျှင်ခဲ့။**

အိပ်မက်မျှပင်ချီ

စစ်ချီရတယ်ဆိုတာ ပင်ပန်းဆင်းရဲရတာနဲ့ အမျှ စိတ်ကလည်း ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်သားမယားကို တမ်းတပြီး လွမ်းရပူဆွေးရတယ်။ စစ်သားကြီးတွေ ဆိုပေမယ့် စိတ်အားက ငယ်နေမိတတ်တာပဲ။ တစ်ခါတလေ ငြိမ်ဆိတ်နေတဲ့ ဝန်းကျင်မှာ ဥသြငှက်ကလေး ထတွန်လိုက်တာကိုက လန့်သွားမိစရာ ဖြစ်ရသေးတယ်။

www.foreverspace.com.mm



***လျှဉ့်လျှဉ့်ချမ်းချက်၊ မထွက်နေရောင်***
***သန်ကောင်မက၊ မိုးသောက်ထဝယ်***
***မြူမြူပျံ့ဖြည်း၊ တခွန်းတည်းနှင့်***
***ဖြုတ်ချည်းလန့်ကြား၊ နှောင်တို့ အားကို***
***ဝမ်းပါးဖွယ်ယို၊ ရှိစေလို၍***
***သံချိုသာမော၊ ဖော်မနှောသည်***
***ဥညြသို့စင် ကြူးဖိသည်။***

နွေရောက်လုပြီချီ

နဝဒေးဟာ တောင်တောင်အန္နံ့ စစ်ချီရသူ ဖြစ်တာနဲ့အမျှ ဒေသန္တရ ဗဟုသုတလည်း စုံတယ်။ ဒေသရှုခင်းကို မြင်တတ်ခံစားတတ်သူလည်း ဖြစ်တယ်။

***မှိုင်းငွေ့ ကွယ်မှောင်၊ ရေတောင်ဝှန်ဖြိုး***
***တိမ်ခိုးလျှံတက်၊ တောင်နှံ့ရှုက်မျှ***
***သွန်စက်ပုလဲ၊ ရေခဲသီတာ***
***လျှပ်တည်းညီး၊ ဆိုင်လည်စီးလျက်။***

စံကပြန်၍ချီ

***ညှိုးညိတ်နှံ့ခြည်၊ ပြက်လျှပ်သည်မူ***
***ဝေ့လည်မျက်စိ၊ တောက်ညိမည်ပင်***
***စိတ်ဝယ်ထင်ရှင့်၊ ရွှေ့ပြင်အနောက်***
***မြောက်လည်းမလွတ်၊ တောင်သို့ပတ်၍***
***တိမ်ထွတ်တိမ်လိပ်၊ မှိုင်းရိပ် ရည်ပျံ့***
***မတံ့စဖူး၊ ရှေးထက်ထူး၍***
***ဟူးဟူးပြင်းထန်၊ ရွာမြူးသွန်က။***

မိုးမိတ်ရှမ်းပြည်ချီ

တိမ်ခိုးတိမ်တိုက်တွေနဲ့ တောင်ခိုးတောင်ငွေ့တွေ ရောရှက်နေကြပုံ၊ အဲဒီအထဲကို မိုးစက်မိုးပေါက်တွေက ရောနှောရွာချလိုက်ပုံ၊ အဲ့ဒီအထဲကိုမှ လျှပ်က လက်လိုက်ပုံ ရှုခင်းဟာ ဆန်းပြားနက်ရှိုင်းတဲ့ သဘာဝ ပန်းချီကားတစ်ချပ် ဖြစ်နေတယ်။

www.foreverspace.com.mm



ဆင်းရဲသားတောင်သူယာလုပ်တို့ရဲ့ လယ်ယာကိုင်းကျွန်းတွေကိုလဲ နဝဒေး သတိပြုမိတတ်ပါတယ်။ ဒါပေမဲ့ များသောအားဖြင့်တော့ သူ့အရင်နဲ့ သူ့ခေတ် စာပေပညာရှင်တို့ရဲ့ ထုံးစံအတိုင်း ရှုခင်းရှုကွက် သက်သက်မျှပဲ သဘောထားတာ များတယ်။

***တနုံးနုံးလျှင်၊ နုံးသည့်မြေသို့***
***စုံခြေပင်ပျို၊ မြဟန်လိုနှင့်***
***စိမ်းညိုလန်းလန်း၊ ကိုင်းကျွန်း မြစ်လျောက်***
***ကောက်ကစင်းလျှင်၊ မှည့်ဝင်းသခွား***
***မရှားပည်းမွမ်း၊ ဗူးခရမ်းနှင့်***
***စိမ်းရွှမ်း ရတု၊ နုသည် ဖျင်မျှ။***

တကြုံးကြုံးလျှင်ချီ

ဒါပေမဲ့ နဝဒေးဟာ ပြည်သူနဲ့အတူ ခံစားတတ်သူ ဖြစ်ကြောင်း တချို့ မိုးဖွဲ့တွေမှာ တွေ့ရတယ်။ မိုးကို ပြည်သူ့ရှုဒေါင့်ကနေ အပြစ်တင် ထားတယ်။

***ထန်ပြင်းစွာလျှင်၊ ရွာသောအားဖြင့်***
***အများတကာ၊ စိုက်ပျိုးပါမှ***
***မရွာလိုဘဲ၊ အုံ့ဖွဲ တိမ်ဆို***
***နေသာ ညို့၍၊ ထက်ပို့ထက်ဝါး***
***သိကြားသူဇာ၊ အပျက်ရှာသို့၊***

သန်တွင်းဝါလျှင်ချီ

***မစွေမရွာ၊ ထက်အာကာက***
***ချိန်ခါသင့်မည်၊ ဖြစ်သည်တပဲ***
***ပြိုက်ဖွဲမဝင်း၊ နည်းများ လင်း၍***
***မှုတင်းရုံခါ၊ ပွင့်ကောင်းပါလျက်***
***တိမ်သား လွှမ်းနိမ့်၊ ခြိမ့်ခြိမ့်ကြူးအေး***
***တလည်းပြေး၍၊ မြစ်ကွေးအင်းချောင်း***
***ထုံးလောင်းရေဝင်၊ လယ်ပြင်ကန်ထောင်း***

www.foreverspace.com.mm



***ဆည်မြောင်း ကိုင်းကျွန်း၊ မျှောမွန်းနစ်မြုပ်***
***အုပ်မပျက်တည့်၊ ဆိုင်တက်တခဲ***
***ရွှဲရွှဲမြလား၊ နေကိုတားသည်***
***မိုးသား မြင့်ပါလေဦးလော့။***

မစွေမရှာချီ

နဝဒေး ရတုတွေမှာ တောတောင်ကိုဖွဲ့ရင် ကျေးငှက်ဖွဲ့လဲ ပါတာ များတယ်။ တစ်ခါတလေ သူ့ကျေးငှက်ဖွဲ့လေးတွေဟာ နှစ်သက်စရာ ဆန်းသစ်နေတတ်တယ်။

***ပင်စည်နွဲ့နွဲ့၊ လဲ့ရရဲ့ထက်***
***သိုက်ဖွဲ့စပ်ယှဉ်၊ လေယဉ်မခံ***
***မောင်နှံမချမ်း၊ တောင်ချင်းလွှမ်း၍***
***မလွမ်းရစေ၊ သက်လှာဝေရှင့်။***

မိုးမိတ်ရှမ်းပြည်ချီ

ရာသီဥတုက အေးတယ်၊ လေအေးကလေး တိုက်နေတယ်။ အပင်ကလေးက လုပ်လီလုပ်လဲ့။ အဲဒီ အချိန်မှာ ရမ်းခါနေတဲ့ အသိုက်ထဲက ငှက်မောင်မယ်ဟာ တစ်ကောင်ချမ်းမှာကို တစ်ကောင်က စိုးပြီး တစ်ကောင့်ကို တစ်ကောင် အတောင်နဲ့ လွှမ်းခြုံပေးကြတယ်တဲ့။

ငှက်အကြောင်း ရေးတဲ့ကဗျာထဲကပဲ ကဗျာတစ်ပိုဒ်လုံးလုံး ခါတိုင်း နဲ့မတူ တစ်မူထူးခြားနေပြီး ခေတ်ကဗျာတစ်ပုဒ် ဖတ်နေရသလို ကြုံရသေးတယ်။

***ပုံတမျှင့်လျှင်၊ မျက်ပွင့်ရှုရာ***
***ကြည်ဖွယ်သာတိ၊ အဝါအရွှေ***
***ခတ်ပြေလှရော၊ ဖြူရောင်နှော၍***
***တောတောင်ချောင်းနား၊ ဝမ်းပါးတိမ်းမူး***
***မနေဖူးတည့်၊ မပူးနေရောင်***
***ရိပ်ခေါင်သာလွန်း၊ ဘောင်ပင်စွန်းဝယ်***
***သမ်းမြန်းမတုံ့၊ ဖော်ကိုင့်၍***

www.foreverspace.com.mm



***ဆွတ်ပျံ့လှည့်ပြား၊ သွင်မှုထားကို***
***သနားမောစွ၊ သိချင်လှ၏။***
***ပျောင်းပျ မျှော်ကာ၊ တို့ကိုသာလျှင်***
***သည်းချာ သမ်းမဲ၊ ရင့်ရှူ့နွဲလျက်***
***နောက်တဲ ကမ်းဘေး၊ ကျွန်းထောင့်ကွေးဝယ်***
***မြစ်တွေး ဘယ်မူ ကြူးသနည်း။***

ပုံတမျှင့်လျှင်ချီ

သာမောလွမ်းဆွတ်ဖွယ် အချိန်ရာသီမှာ ကြည်နူးဖွယ် ချောင်းနံဘေး က တဲကလေး တစ်ခုမှာ စာဆိုသူ ရောက်နေတယ်။ အဲသလို အချိန်မျိုးမှာ တဲ နောက်နား ကျွန်းထောင့်ကွေးဆီက မြစ်တွေးငှက်ကလေး ခွန်းတွဲ့သီကြူး သံ ကြားလိုက်ရတယ်။ ဘာကြောင့်များ၊ ဘယ်လိုလုပ်ပီးတော့များ ဟစ်ကြွေးလိုက်ရ ပါသလဲ မြစ်တွေးလေးရယ်တဲ့။ အင်မတန်လှတဲ့ ရောမန္တိက ကဗျာလေး တစ်ပုဒ်ပါပဲ။ “မြစ်တွေး ဘယ်မူ ကြူးသနည်း”ဆိုရာမှာ ဝိုးဝါးမှု ပါနေတယ်။ နှစ်ခွအနက် ဆောင်နေတယ်။ ဝမ်းသာလို့ ကြူးသလား၊ ဝမ်းနည်းလို့ ကြူး သလား၊ ဘယ်ပုံဘယ်နည်း ကြူးတယ်ဆိုတာ မသိလိုက်ရဘူး ဆိုတဲ့ အဓိပ္ပာယ် လည်း ထွက်တယ်။ တစ်ခါ သူ့ဘာသာသူ လွမ်းဆွေးပြီး ကြူးသလား၊ ဒီက လွမ်းနေတဲ့သူကို အကြောင်းသိနေလို့များ လာပြီး ကူညီ ဆွေးပေးတာများလား ဆိုတဲ့ အဓိပ္ပာယ်လည်း ထွက်တယ်။ ဖတ်ရသူ စိတ်အမျှင်မှာ အတွေးကလေးနဲ့ ထိမိရှတနေတော့တယ်။ ဒီမျှသာဆိုရင် အင်မတန်ကောင်းတဲ့ ကဗျာတစ်ပုဒ် ပေါ့။ ဒါပေမဲ့ အစဉ်အလာက ရတုဆိုရင် အနည်းဆုံး သုံးပိုဒ်ပါရမယ် ဆိုလေတော့ နောက်ထပ် နှစ်ပိုဒ် ဆက် ရေးရတော့မယ်။ ကဗျာ ပျက်ကရော ပါပဲ။

ဒီလို ထူးခြားခေတ်မီတဲ့ ကဗျာအချို့ကိုလည်း နဝဒေး ရေးခဲ့နိုင်သေးတယ်။ ဒီတော့ နဝဒေး နာမည်ကြီးရတာ အသားလွတ် မဟုတ်ပေဘူး။ သူဟာ မဟာ ကဗျာဆရာ တစ်ဦး ဖြစ်ပေတယ်။ ဒါပေမဲ့ ခက်တာက ကျွန်တော်တို့ မြန်မာ ပြည်မှာ သူ့ကို အတုယူ၊ သူ့လမ်းလိုက်တဲ့ သူတွေက သူရဲ့ကောင်းမွန်တဲ့ လက္ခဏာတွေ ထူးခြားတဲ့ အချက်အင်္ဂါတွေကိုပဲ လိုက်မယ်၊ တုမယ် ဆက်လက် ချဲ့ထွင်မယ် မလုပ်ကြဘဲနဲ့ ဘာမဟုတ်တဲ့ အနုအယဉ် စကားရွှရွှတွေ၊ စက်နဲ့

www.foreverspace.com.mm



လှည့်ထုတ်သလို သူရေးထုတ်သွားခဲ့တဲ့ ဖောင်းပွနေတဲ့ စကားလုံးတွေ အလင်္ကာတွေကိုပဲ တခုန်မင်မင် တယုယယ ဖြစ်ခဲ့ကြတယ်လေ။ တယ်လဲ နုချင်ကြ လှချင်ကြတဲ့ ကိုနုချင်၊ ကိုလှချင်တွေပါပဲ။ တစ်ခေတ်လဲမက၊ နှစ်ခေတ် လဲမက၊ ဒီပုံသေကားချ အနုအလှ ကဗျာအစဉ်အလာကို စိုက်လိုက်မတ်တတ် လိုက်လာလိုက်ကြတာ (တစ်ဦး တစ်လေ ကြိုးကြား ကြိုးကြား လမ်းခွဲထွက်ခဲ့တာ က လွဲလို့) ကျွန်တော်တို့ ခေတ်အထိပါပဲ။

နဝဒေးရဲ့ ဩဇာဟာ အများထင်ကြသလို နတ်ရှင်နောင် တစ်ယောက်ထဲ ကိုသာ လွှမ်းတာ မဟုတ်ဖူး။ ညောင်းရတုစာဆိုတိုင်းလိုလိုကို လွှမ်းတယ်။ တောင်ငူခေတ်တင်မက ကုန်းဘောင်ခေတ်အထိ လွှမ်းတယ်။ လက်ဝဲသုန္ဒရရဲ့ နာမည်ကျော် မဲဇာရတုမှာ ဟောဒီနဝဒေး ရတုစာသားတွေ အတုံးလိုက် အတစ် လိုက်ပါနေတာ တွေ့ကြရတယ်။

***မြောက်လေဖြည်းဆောင်၊ မွှန်းတည့်အောင်လျှင်
နေရောင်မကျောက်၊ နှင်းမပျောက်တည့်။***

နှင်းသာထန်၍ ချီ

***အုံ့ပြာမှိုင်းဝန်း၊ လျှပ်ခြည်တန်းသည်
ရွှေနန်းဆီမှာ ထင်တော့သည်။***

ခေါ်တွင်တပြည်ချီ

***မျက်စိမှုံးလည်း၊ နေမတည်သည်
ရွှေပြည်ကိုသာ တမ်းတော့သည်။***

ယိုးဒယားပြည်ချီ

***သည်ဟန်သို့သည်၊ ဖြစ်တော့မည်ဟု
ရွှေပြည်ကိုသာ တရှာတော့၏။
မိုးရှည့်ရှည့်လျှင် မည်သည့်ရပ်မြေ
မသိလေတည့်။***

စံကပြန်၍ ချီ

www.foreverspace.com.mm



ရတုမှာတင်လား ဆိုရင်လဲ မဟုတ်သေးပါဘူး။ ဦးပုညရဲ့ တေးထပ်၊ ဦးကြင်ဥရဲ့ လေးဆစ်သဖြန် စတာတွေမှာလဲ မင်းနဝဒေးရဲ့ ဩဇာ အရိပ် အယောင်တို့ အထင်အရှား တွေ့ကြရပါသေးတယ်။

♦♦♦

www.foreverspace.com.mm



'စစ်ကိုင်းထောင်သင်း၊ စလင်းလက်ျာ၊ ပြည်မှာ နဝဒေး'လို့ စာဆိုရှိတဲ့ တောင်ငူခေတ်ရဲ့ ကဗျာဆရာ နဝဒေး(၁)ဟာ ရတုကဗျာရဲ့ ရှေ့ဆောင်လမ်းပြကြီး ဖြစ်တယ်။ ပုဂံခေတ်က စတင်ခဲ့တဲ့ ရတုဟာ နဝဒေးရဲ့ လက်ထဲမှာ တစ်ခေတ် ဆန်းသွားတယ်လို့ ဆိုရလိမ့်မယ်။ သူဟာ ကျော်ကြားခဲ့ပြီးတဲ့ ရှင်ဥတ္တမကျော်၊ ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရ၊ ရှင်သူရဲ စတဲ့ အင်းဝခေတ် ရတု စာဆိုကြီးတို့ရဲ့ ရတုအစဉ်အလာမှာ ထပ်ဆင့်လောင်းပြီး နဝဒေးမူ နဝဒေးဟန် ရတုတစ်ခေတ်ကို ထူထောင်နိုင်ခဲ့တယ်။ အဲဒီ နဝဒေးဟန်ရတုဟာ တောင်ငူခေတ် နတ်ရှင်နောင်တို့ကနေ ကနေ့ထိ ဩဇာညောင်းဆဲ ရှိတယ်။

ဒေါက်တာလှဘေက ဒီလိုဆိုတယ်။

> He (Nawadei) was a courtier and a soldier of exceptional literary acumen and advanced ideas … … He was the greatest exponent of yadu: he innovated several new forms and types, drawing from his itnerary experiences and utilizing his talents, and developed this genre to bequeath as pattern to posterity. [၁]
>
> သူ (နဝဒေး)ဟာ ထူးခြားတဲ့ စာပေပညာရှင်၊ ခေတ်ရှေ့ပြေးနေတဲ့ အတွေးအခေါ်ရှင်၊ နန်းတွင်းအမှုထမ်းနဲ့ စစ်သားတစ်ဦး ဖြစ်တယ်။ သူဟာ အကြီးမားဆုံး ရတုရှေ့ဆောင် စာဆို ဖြစ်တယ်။ မိမိရဲ့ ခရီးသွား အတွေ့အကြုံများက ဆွဲထုတ်ကာ မိမိရဲ့ အရည်အချင်းများ

[၁] Dr Hla Pe, **Burmese Poetry (1300-1974)**, JBRS, LIV i and ii, pp 63

www.foreverspace.com.mm



ကို အသုံးချပြီး ပုံစံသစ်များ အမျိုးအစားသစ်များ တီထွင်ခဲ့တယ်။ နောင်လာနောက်သားများကို ရတုကဗျာပုံစံ အမွေ ပေးခဲ့နိုင်တယ်။

သမားရိုးကျနည်းနဲ့ နဝဒေးရဲ့ ရတုတွေကို အမျိုးအစားခွဲရင် ဘုရားတိုင်၊ သိကြားတိုင်၊ မောင်ဘွဲ့၊ မယ်ဘွဲ့၊ မြို့ဘွဲ့၊ တောလား၊ ရေလား၊ ပန်းဘွဲ့၊ မိုးတော၊ ကျေးစေ၊ ဟင်္သာဖိုမ အမေးအဖြေ၊ ဥဒေါင်းဖိုမ အမေး အဖြေ၊ စစ်ချီ၊ သဝေမပါ၊ အဖြည့်ခံ စသဖြင့် ရမယ်။ ဒီလို ခွဲခြားနည်းဟာ မမှန်လှဘူး။ ဘုရားတိုင်မှာလည်း မယ်ဘွဲ့ ပါနေတတ်ပြီး စစ်ချီရပုံကလည်း တွဲဖက်နေတတ်တယ်။ စစ်ချီ ရတုမှာလည်း မိုးဘွဲ့ မယ်ဘွဲ့က ပါလိုက်ပြန်ရော။ ပိုမို အဓိပ္ပာယ်ရှိတဲ့ ခွဲခြားနည်းကတော့ အချစ်အလွမ်းသက်သက် ရတု၊ ဥတုရာသီနဲ့ ရေမြေတောတောင်ဘွဲ့ ရတု၊ မြို့ပြနဲ့ ဘုန်းတော်ဘွဲ့ ရတုရယ်လို့ ခွဲတာပဲ ဖြစ်တယ်။ ဒါတောင် အချစ်အလွမ်းဆိုရင် ရာသီဥတုက ပါမြဲဖြစ်ကာ ရာသီဘွဲ့ ဆိုရင်လဲ မယ်က မောင့်ကို လွမ်းဆွတ်နေတတ်သေးတယ်။ အဲဒီတော့ ဘယ်အချက် ကဲသလဲ ဆိုတာကိုပဲ ကြည့်ပြီး ဆုံးဖြတ် ခွဲခြားရလိမ့်မယ်။

တကယ်ကတော့ အကြောင်းအရာကို အခြေခံပြီး ကဗျာဆရာရဲ့ ကဗျာ ရည်ကို အကဲဖြတ်တာ အရေးကြီးတဲ့ အကဲဖြတ်နည်း မဟုတ်ပါဘူး။ ဘယ် အကြောင်းအရာကို ဖွဲ့ဖွဲ့ အဲသလိုဖွဲ့ရာမှာ ဘယ်ပုံဘယ်နည်း ဖွဲ့သလဲ ဆိုတာက အဓိကကျပါတယ်။

နဝဒေးဟာ ပုဂံခေတ်က ပေါ်ထွန်းခဲ့တဲ့ ကဗျာတို့ကိုလည်း မှတ်သား ဆင်ခြင်ခဲ့တယ်။ အင်းဝခေတ်က ရှင်ဥတ္တမကျော်၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်သူရဲ တို့ရဲ့ ကဗျာများကိုလည်း နှိုက်နှိုက်ချွတ်ချွတ် လေ့လာဆည်းပူးခဲ့ကြောင်း ခန့်မှန်းလို့ ရတယ်။ စကားလုံးတွေတောင် ယူပြီး သုံးခဲ့သေးရဲ့။

***မယ်သာကြိုက်မိ၊ တန်ခိုးရှိသည့်***
***သီရိမွေ၊ ကျိုင်းရောင်မြကို***
***မြင်ရသည်ကား … …***

သာကြည်ရှင်ပျော် ချီ ရတု

***တင့်နိုး ခေါင်ချုပ်၊ ပန်းပေါင်းထုပ်နှင့်***
***မျက်သုပ် ရောင်ထင် မြကုံး ဆင်၍***

ယင်းရတု ဒုတိယပိုဒ်

www.foreverspace.com.mm



***မြိတ်လွတ် ရှည်လှာ ဆံကေသာလည်း***
***ပမာပြသို့ ဖြူမိတ်စို့နှင့်***
***သွယ်ညို့ ခွေချ ဖြူဆွလွှမ်းထပ်***
***ပိတ်လှပ် ဖြေစုံ လှနိုတုံနှင့်***
***အာရုံတော်လှ နေပျပျဝယ်***
***မြင်ရ သသူ ...***
***မြူတေ ကျစ်လျစ် ငယ်သည်ဖြစ်ကို***

စိတ်ညွတ်ကြည်စွာ ချီ

ဒါပေမဲ့ သူ့ရတုဟာ **သိုးကလေ** လည်း မဆန်၊ **သုဝဏ်ပဘာ** နဲ့လည်း မတူဘဲ သီးခြား တစ်မူသန့်သန့် ထွက်ပေါ်လာခဲ့တယ်။ အဲဒါကြောင့် တစ်မူသန့်သန့် ရတုဟန်တစ်ခု တီထွင်ရာမှာ အောင်မြင်လွန်းတဲ့အတွက် ရတုဆိုဒီလို ရေးမှရယ်လို့ နှောင်းလူတွေ စိတ်ထဲ ထင်မှတ်သွားရတော့တယ်။ တစ်နည်းဆိုရရင် နဝဒေးရတုက ဘာသာစကားမှ ရတုဘာသာစကားရယ်လို့ အစဉ်အလာက မှတ်ယူသွားကြပုံရတယ်။ ဒီအချက်ကို နဝဒေးအထက်က ပုဂ္ဂိုလ်တွေနဲ့ နဝဒေး၊ နဝဒေးနောက် ရေးသူတွေကို နှိုင်းယှဉ်ကြည့်လိုက်ရင် သိသာတယ်။

ရှင်မဟာသီလဝံသ

***မြရည် ကျိုင်းထွား ရွှေဝသားလျှင်***
***သနား တစ်ကိုယ် တူပျော်လို ဟု***
***တွေးဆို မဆ မြင်ကာမျှကို***
***မိဖ အုပ်ချုပ် ကျွန်ုပ် ဘယ်မှာ***
***ရှင့်နောက် ပါအံ့***

အချာပဝရ ချီ

ရှင်မဟာရဋ္ဌသာရ

***ဆရာမိဖ ကွပ်ဆုံးမလည်း***
***ချစ်စ ထုံးနှောင် ပျော်ရအောင် ဟု***
***သန်ကောင် မဟူ အတူ ယှဉ်နွဲ***

www.foreverspace.com.mm



***သန်လျှဲ မခန့် အသက်စွန့်၍***
***ဝေးခွန့် ခရီး ခြုံကြီး တောစုံ . . .***

ပုရေနိသင် ချီ

နဝဒေး

***အလှ စံကျွန်း ဖြူဝင်းရွှန်းနှင့်***
***ပျံ့မွှန်း ကြိုင်စွာ စက်မွေ့ရာထက်***
***မေတ္တာ ဖြိုးဆင့် ရာမြင့် ရှည်ကျော်***
***ရွှင်ပျော် တင့်ရည်း ရထည်း ပိတ်ရွှေ***
***ပတ်ခွေ ဒါလီ ကြုပြီ ပျံ့ပျံ့***
***ရနံ့ မြေက် ရင်ညက် ထပ်လျှံ***
***နှံ့ပိုက်ခြုံ၍ တူစုံ လျှင်လွယ် . . .***

ဂီဝါရွှေစင် ချီ

ရှင်သံခို

***စုပုံ အသက် နှင်းဆက်လိုက်ရ***
***သည်သော်ကပင် ဆံမြ မြုညွှန့်***
***ဆည်တန့် မရှာ ထပ်ကာကာထိ***
***မေတ္တာ ပည်းဖြင် သက်လုံးစင်၍***
***ရင်ခွင်လည်မှာ***

ထက်မြင့်ဗွေချာ ချီ

ကောက်နုတ်ချက် လေးခုလုံးဟာ ငယ်ရွယ်သူတို့ ဘာဝ ချစ်ရေးကိစ္စကို ဖွဲ့ဆိုတာချည့်။ ဒါကိုပဲ စကားအသုံးအနှုန်းကတော့ အဆင့်ဆင့် ပြောင်းလဲသွားပြီဆိုတာကို ကောင်းကောင်း သိမြင်နိုင်တယ်။ ဆရာတော်နှစ်ပါးက တစ်ဆင့်၊ နဝဒေး၊ ရှင်သံခိုတို့က တစ်ဆင့်။

ဒီကွာခြားချက်ကို ဆန်းစစ်လေ့လာတဲ့အခါ အကြောင်းခြင်းရာ သုံးခုကို သွားတွေ့ကြရတယ်။ ပထမ အခြင်းအရာက စကားလုံး လုံးချင်းတို့ကို ရွေးချယ်သုံးနှုန်းပုံနဲ့ စပ်လျဉ်းတယ်။ ဒုတိယ အကြောင်းအရာတစ်ရပ်ကို ကဗျာရဲ့

အဆာအဖြစ် တင်ပြရာမှာ အသုံးပြုတဲ့ အတွေးများနဲ့ ပတ်သက်တယ်။ တတိယ ဒီအတွေးတွေကို ကဗျာဖြစ်အောင် ပြုရာမှာ သုံးစွဲတဲ့ အလင်္ကာများနဲ့ ဆိုင်တယ်။

နဝဒေးဟာ သူစွဲလန်းနှစ်သက်တဲ့ စကားလုံးတွေကို ထပ်ပြန်တလဲလဲ သုံးနေတတ်တယ်(အခြား စာဆိုများလည်း သူ့လိုပါပဲ။)။ နဝဒေးလို့ လိပ်တပ်တဲ့ ရတု ၂၆၄ ပုဒ်အနက် ဝိဝါဒကွဲ ရတုတွေ မပါဘဲ နဝဒေး လက်ရာလို့ စိတ်ချရတဲ့ ရတု ၂၁၀ မှာ သုံးထားတဲ့ စကားလုံးတွေကို စိစစ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရတယ်။

| | |
|---|---|
| ကိုး | ၃၉ ကြိမ် |
| ကေသျှင် | ၁၂ |
| ကောင်းကင် | ၄၂ |
| ကျွန်ုပ် | ၅၅ |
| ကျွန်း | ၁၁၁ |
| ကြင့်နှန်း | ၁၁ |
| ကြာ | ၈၆ |
| ခေါင် | ၉၅ |
| ခြည် | ၁၂၉ |
| ငြိမ့် | ၅၆ |
| စက် | ၁၆၉ |
| စကြာ | ၃၀ |
| စင် | ၁၇၈ |
| စန | ၁၀ |
| စံ | ၁၆၃ |
| စိုးမင်း | ၁၀ |
| ဆယ် | ၉၈ |
| ဆံ | ၁၃၂ |
| ဆွတ် | ၁၆၃ |
| ဇမ္ဗူ | ၄၂ |
| ညက် | ၅၆ |

| | |
|---|---|
| ဉာဏ် | ၄၈ |
| ညို | ၁၁၇ |
| တင့် | ၁၁၃ |
| တု | ၄၉ |
| ထွတ် | ၁၆၄ |
| ဒေဝ | ၁၄ |
| နတ် | ၂၅၁ |
| နောင် | ၁၈၈ |
| နွဲ့ | ၈၀ |
| နှောင်း | ၄၈ |
| ပတ်ကုံး | ၂၁ |
| ပုလဲ | ၃၄ |
| ပျူဟာ | ၁၄ |
| ပျောင်း | ၁၀၀ |
| ပြစ် | ၆၇ |
| ပြည့် | ၈၉ |
| ပြာ | ၁၁၄ |
| ဖူး | ၉၇ |
| ဗျာပါ | ၆၅ |
| ဘဝင် | ၂၀ |
| မဥ္ဇူ | ၆၅ |
| မတတ် | ၁၇ |
| မိတည်း | ၇ |
| မော | ၉၆ |
| မြ | ၂၆၄ |
| မြူတေ | ၂၂ |
| မြူ | ၄၅ |
| မွတ် | ၆၇ |
| ပွေ | ၆၇ |

www.foreverspace.com.mm



| | |
|---|---|
| မှန်ကင်း | ၁၃ |
| ယုဂန် | ၁၇ |
| ယုံ | ၄၃ |
| ယွန်း | ၂၂ |
| ရည် | ၂၃၃ |
| ရတု | ၃၁ |
| ရွှန်း | ၉၀ |
| ရွှေ | ၄၂၇ |
| လဲ့ | ၄၄ |
| လှော် | ၃၂ |
| လျှံ | ၁၃၂ |
| ဝင်း | ၁၄၀ |
| ဝန်း | ၁၁၉ |
| သက် | ၂၀၁ |
| သင်းချော | ၈ |
| သဏ္ဍာန် | ၂၀ |
| သနား | ၅၁ |
| သိင်္ဂ | ၃၈ |
| သူဇာ | ၂၂ |
| သို့ | ၆၀ |
| သောင်း | ၅၃ |
| သွန်း | ၉၀ |
| အာကာ | ၃၁ |
| အာနီ | ၁၈ |
| အုံး(မှီ) | ၁၁ |

ဒါ နဝဒေးရတုရဲ့ စကားလုံးစုပါပဲ။ နဝဒေး ရတုတစ်ပုဒ်မှာ စကားလုံး တစ်ရာ ရှိလေတိုင်း ဒီ စကားလုံးတွေက အနည်းဆုံး ၁၅ လုံးကနေ အများဆုံး ၃၅ လုံးထိ ပါဝင်နေရာယူကြကြောင်း တွေ့ရှိရတယ်။

www.foreverspace.com.mm



နဝဒေးဟာ ဖွဲ့နွဲ့စရာ အကြောင်းတစ်ခု ကြုံလာတိုင်း ဒီစကားလုံးစုထဲက သုံးလေးလုံးကို ယူကာ ရှေ့နောက် အလှယ်အလှယ် ပြောင်းလဲ စီစဉ်ကာ စကားတွဲတွေ လုပ်တယ်။ သူ့အရင်က ရှင်သူရဲ လုပ်နည်းပါပဲ။ ဥပမာ မိန်းကလေးကို ဖွဲ့စရာရှိရင် ညို၊ နွဲ့၊ ပြာ၊ လဲ့၊ ရွှန်း၊ မွတ် စတာတွေကို ယူမယ်။ ပြီးတော့ 'ညိုစင်နွဲ့ရွှန်း'၊ 'ချောညိုပြစ်လွင့်'၊ 'ညိုရည်လဲ့'၊ 'ပြာလတ်နွဲ့မွှေး'၊ 'လှထွတ်ခေါင်'၊ 'လှထွတ်တင်'၊ 'ပြာညိုမွတ်ရှင်း' စတာတွေကို ရရှိတယ်။ ဘုရားအကြောင်း ပြောစရာရှိရင် ခေါင်၊ တု၊ ဘုန်း၊ မိတည်း၊ ထွတ်၊ ဆံ စတာတွေကို ယူမယ်။ ဒါတွေကို အလိုက်သင့် တွဲဖက် ပေးလိုက်တဲ့အခါ 'ခေါင်တုလွတ်'၊ 'သုံးလူ့ထွတ်'၊ 'ဘုန်းခေါင် သနင်း'၊ 'မွေဆံရှင်'၊ 'မြတ်ဆံကျော်'၊ 'မိတည်းနောင်'၊ 'မိတည်းနောင်တော်' စတာတွေ ဖြစ်လာတယ်။

အဲသလို စိတ်ကြိုက်ဖြစ်နေတဲ့ စကားလုံးတွေရဲ့ အစုအဝန်းထဲက စကားလုံးတွေကိုသာ ထပ်ပြန်တလဲလဲ ထုတ်ယူသုံးစွဲနေတဲ့အခါ ရံဖန် နေရာနဲ့ လိုက်ဖက်တာကို တွေ့ရပြီး အများအားဖြင့်တော့ကာ လိုတာထက် ပိုနေတာကို တွေ့ရတယ်။

ဥပမာ အထက်စာရင်းကို ကြည့်ရင် နဝဒေးကြီး အသုံးအများဆုံး စကားလုံးဟာ 'ရွှေ' ဖြစ်တာကို တွေ့ရမယ်။ 'မြတ်လှခေါင်' ချီ ရတုမှာ 'ရွှေရည်လိုလို ဝင်းရွှန်းညိုလျှင်' ရယ်လို့ ဖွဲ့ရာမှာ၊ 'ထက်ထွန်းလျှံပြောင်' ချီ ရတုမှာ 'ရွှေထီး ရှစ်ဆူသာတကား' ရယ်လို့ စပ်ရာမှာ၊ 'သပြေမဥ္ဇူ' ချီ ရတုမှာ 'ရွှေငုံ ပုံသွန်း မြေက ထွန်းသို့' ရယ်လို့ ရေးသီရာမှာ ရွှေဟာ တကယ်လိုအပ်တဲ့ နေရာမှာ သုံးထားတယ်လို့ ဆိုရမှာ ဖြစ်တယ်။ ဒါပေမဲ့ 'လွမ်း၍ နေရာ' ချီ ရတုမှာ 'ရွှေကြာမက ပျောင်းသမျှကို' လို့ ရေးရာ၊ 'ဧရာဝတီ' ချီ ရတုမှာ 'ရွှေစာမရီ မြီးချီကြော့လန်း' လို့ ဆိုရာ၊ 'သာလှမော၍' ချီ ရတုမှာ 'မင်းနေပြည်မှ ရွှေခေတ္တာဝယ်' လို့ ရေးစီရာများမှာတော့ 'ရွှေ'ဟာ တကယ် မလိုဘဲ အပိုပုဒ်ဖြည့်မှု ဖြစ်နေတာကို တွေ့ရတယ်။ ဒီလိုနဲ့ သူ့ကဗျာ အများစုဟာ ဒီစကားလုံး အစုအဝိုင်းထဲမှာသာ တဝဲလည်လည် ဖြစ်နေသမို့ အတွေးဘက်မှာ ကျဉ်းမြောင်းနေတတ်တာကို တွေ့ကြရတယ်။

စကားလုံးတွေမှာ သူ စွဲလမ်းတဲ့ အစုအဝေးကလေး ရှိသလို အတွေးမှာလဲ သူ တသသ တစွဲလမ်းလမ်း ဖြစ်နေတာလေးတွေ နဝဒေးမှာ ရှိနေပုံရတယ်။ သူ့ကဗျာတွေမှာ ဒီအတွေးတွေ တဝဲလည်လည် ဖြစ်နေရဲ့။

www.foreverspace.com.mm



ဘုရားရဲ့ ဘုန်းတော်ကို ဖွဲ့ရာမှာ၊ ချစ်သူ မိန်းကလေးရဲ့ အလှကို ဖွဲ့ရာမှာ 'ဘယ်သူနဲ့မှ နှိုင်းယှဉ် တုဖက်မရ" ဆိုတဲ့ အတွေး၊ နဝဒေးကဗျာမှာ အများဆုံး တွေ့ရတယ်။ အမျိုးမျိုး ရှိတယ်။ ပထမမျိုးက ရိုးရိုးပဲ ယှဉ်စရာ ပြိုင်စရာ မရှိဘူးလို့ ပြောတဲ့နည်း ဖြစ်တယ်။

***ပဝင်းထွန်းပ ဖက်မမှုတည့်*** (= နေမင်း)

ထောင်ဝန်း လည်ရံ ချီရတု

***တောင်ကျွန်း မည်ခံ ဖက် မစံသား*** (= ဇမ္ဗူဒီပကျွန်း)

ယင်းရတု

***သုံးဖြာ ဗွေထွတ်၊ ခေါင်တုလွတ်ကို*** (= ဘုရား)

ဆောင်းရက်လစုံ ချီ

***အာနီကဲ့သို့၊ နှိုင်းရှဲ့ မဖြော်*** (= ပန်း)

ငှာနမင်းနေချီ

***ဘက်ကင်းညွှတ်နွဲ့၊ ညှိုရည်လဲ့နှင့်*** (= မိန်းကလေး)

ထွန်းပြောင်သာနီချီ

***ပြိုင်တူမဲ့လျှင်း ၊ကျွန်းလုံးမင်းကို*** (= ဘုရင်)

တစ်ရာ့တစ်ဆူ ချီ

ဒုတိယအမျိုးက သူတစ်ပါးတို့လာပြီး ပြိုင်ကြရင် ရှုံးကြမယ်၊ ကြယ်နဲ့ လပမာ ရှိလိမ့်ဆိုတဲ့နည်း ဖြစ်တယ်။

***တည်းမွန်း နှင်နှင်၊ ပြိုင်လှာ ကျင်လည်း***
***တူပင် မဆွယ်၊ ပြယ်ကြီး ပြယ်လိမ့်*** (= ဘုရား)

တက်ထွန်းလျှံပြောင် ချီ

***မပြိုင်ရာ လှည့် ဖက် မရှည့်ကို*** (= ဘုရင်)

တက်ခေါင်တိုင်၍ ချီ

***အားလုံးနတ်လျှင် တူမှတ်ဖက်မျှ***
***ပြိုင်လှာကြလည်း သောမရောင်တွင်***
***ကြယ်နှယ် ထင်လိမ့်*** (= မိန်းကလေး)

စက်ရှင်ပတ်လည်ချီ

www.foreverspace.com.mm



တတိယ အမျိုးအစားကတော့ တူမယ့်သူကို အဝေးဝန်းကျင် လှည့်ပတ်ရှာပေမယ့် တူသူ မတွေ့နိုင်ကြောင်း ဖွဲ့ဆိုတဲ့ နည်းပါပဲ။

***ဝေးလံ ကျွန်းမြေ ရပ်တိုင်း ဖွေလည်း***
***သခ်ော် နှစ်မြင့် ကြာလေ တင့်လိမ့်***
***တူခွင့် မရ*** (= မိန်းကလေး)

ရှေးကံညွန့်ပေ ချီ

***ကျွန်းစည် သပြေ နှံ့အောင် မွေလည်း***
***ရှာဖွေမရ*** (မဥ္စူသက)

ထုံရည်ဆွတ်၍ ချီ

***စံနှိုင်း ဖက်ကျွန်း စောဘုန်း ထွန်းသို့***
***လေးကျွန်းလုံးမှာ ပတ်မျှ ရှာလည်း***
***စကြာ ပျံကြွ ဖွေ မရသည်*** (= မိန်းကလေး)

စူဠာလွှရှင် ချီ

မိန်းကလေးဟာ အပြစ်ဆိုတာ ကင်းစင်သူ ဖြစ်ကြောင်းကိုလဲ နဝဒေး ဖွဲ့ဆိုလေ့ရှိတယ်။

***ယွင်းကွက် မလို၊ ငါစင်ကိုလည်း***
***ချောညှိုပြစ်လွင့်၊ မတွေးနှင့်ဟု၊***

မတော်လေသည် ချီ

***အင် ငါးမည်တွင်၊ ရိပ်ခြည်ဆိုရေး***
***ပြစ်တင် ဝေးခဲ့၊ ငယ်သွေး မှုနည်း***

ရှေးကံ ညွန့်ပေ ချီ

***လျော်ဦး ရှင်ရှင်၊ ရွှေနှယ် စင်သည်***
***မတင် ပြစ်ဟူသမျှသောဝ်၊***

တက်ထွန်း လျှံပြောင်ချီ

www.foreverspace.com.mm



မိန်းကလေးကို နတ်နဲ့တူကြောင်း၊ မြို့ကို နတ်မြို့နဲ့တူကြောင်း၊ ဘုရားရောင်ခြည်ကို နေလပြိုင်သလို ထွန်းလင်းကြောင်း စသဖြင့် နှိုင်းယှဉ်ဖွဲ့နွဲ့တဲ့ ဥပမာအလင်္ကာတွေလဲ အများအပြားပါပဲ။

ဘုရားတိုင် စသည်တို့မှာ အလွမ်းကို ဖွဲ့တိုင်း နဝဒေး တွေးလေ့ရှိတဲ့ အတွေးကတော့ ကြင်သူနဲ့ ဝေးရတဲ့ မိန်းကလေးဟာ ကြာပန်းလို နွမ်းခွေနေလိမ့်မယ် ဆိုတာပါပဲ။ ကြာပန်း နွမ်းခွေရာမှာ အကြောင်းနှစ်ခုကြောင့် ဖြစ်တယ်။ တစ်ခုက ရေနဲ့ဝေးလို့၊ တစ်ခုက နေရောင်နဲ့ ထိတွေ့ရလို့။ တစ်ခါတလေ ဘာကြောင့်ရယ်လို့ မပါ။ ကြာလို ခွေနေတယ်ပဲ ဆိုရဲ့။

ရေနဲ့ဝေးတဲ့ကြာ

***ရေရှားကြာစောက်၊ ကန်တော်ရောက်သို့***
***သွေ့ခြောက်ညိုးလျော်၊ စက်သော်မမွေ့၊***

မတော်လေသည် ချီ

***ကြာရေလွတ်သို့၊ ပျောင်းညွတ်တူပင်၊***

ရွှေပြည်ရွာပြန် ချီ

***ပန်းကြာ ရေလွတ်၊ နွမ်းခွေ ညွတ်သို့၊***

ခရီးမြေရှည် ချီ

နေရောင်ခတဲ့ ကြာ

***တိမ်းညွတ်ပျောင်းခွေ့၊ ကြာ နေတွေ့သို့***

ရှေးကံညွှန်းပေ ချီ

***ရေလွတ်ကြာပန်း၊ နေမှာ လှန်းသို့***

လွမ်းတို့စွလေ ချီ

အကြောင်း ပြမထားတဲ့ ကြာ

***သည်းအူ ဝှန်ခြောက်၊ ကြာနယ်ခေါက်သည်၊***

သာထွတ် ဆက်ရှည်ချီ

***သနားဖွယ်ပေ၊ ကြာ့နယ်ခွေလိမ့်၊***

မြစ်ရတုလျှင် ချီ

www.foreverspace.com.mm



ချစ်သူ မိန်းကလေးအကြောင်းကို စဉ်းစားရင် နဝဒေးဟာ မိဘဆွေမျိုး အသိုင်းအဝိုင်းကိုပါ မြင်ယောင်လေ့ရှိတယ်။

*မွေးဖ မိမင်း၊ သားချင်း ဆွေစုံ*
*ရံဝန်းရုံလျက်၊ ဆယ်မြွတ်သက်နှင့်*
*ဆံရွက် ဖြူညောင်း၊ ပြစ်မျိုး ပြောင်းသည်*
*ရှင်နှောင်း ဘုန်းရှိ…*

နှဲ့နှဲ့ကိုပြင်ချီ

*မိဘ ဆွေရင်း၊ တော်မင်း ဘိုးဘေး*
*မိထွေးမိကြီး၊ ဦးကြီးကစ*

အရှေ့ဘက်မှာ ချီ

*မိခင် ဖမင်း၊ သားချင်းဆွေစုံ*
*ပန်းရုံ မျက်ရှု၊ ရိပ်မြုံ ပြုသား။*

လျှောက်ပါသည်လည်း ချီ

ချစ်သူကို အသက်ပေးပြီး ချစ်ကြင်နာကြောင်းကိုလဲ နဝဒေး တွေးလေ့ရှိတယ်။ ဒီအတွေးဟာ အင်းဝမင်းခေါင် ၃ ဆီက ရတာပါပဲ။ [၁]

*ကိုယ့်အသက်ကို၊ စုလျက်ခွဲဝေ*
*တတ်အားပေးသည်။*

အရှေ့စူးစူး ချီ

*အသက် ရှိုးရေ၊ ကြွင်းလေ မထင်*
*နှင်းဆက်ချင်လည်း*

ရွှေပြည်နှစ်ခွင် ချီ

*သည်လျှင် အသက်၊ ကိုယ် မထွက်တည့်*
*နှင်းဆက် ချင်ချင်*

ဇမ္ဗူသာလျှင် ချီ

---

[၁] 'လူ့ဘုံ ကျွန်းဝင် သက်ထက်ကြင်သည် သခင် မိန့်သံ' မင်းခေါင် ၁။**နန္ဒဝန်လျှင်** ချီရတု။

www.foreverspace.com.mm



ချစ်သူကို လည်မှာ ဆင်တဲ့ ပန်းပမာလဲ နဝဒေး မကြာမကြာ စဉ်းစားတယ်။

*ရစ်ခွေ ပန်းနှယ်၊ လည်ဝယ်ဆင်ရာ*
*ရတနာသို့၊ မကွာမြဲပင်*
*ကုံးပန်ချင်သည်။*

အလျှံရည်ရှင် ချီ

*ပိုက်ဖျား ရင်ခွင်၊ တင်ထက် တင်၍*
*လည်တွင် နေကြ၊ ဆွဲချင်လှ၏။*

သပြေမဥ္စူ ချီ

*လည်တွင် ဆွဲရစ်၊ ရွှေပွင့်သစ်သို့*
*အချစ် ဆက်၊ တလဲလဲလျှင်*

မော်ခေါမွေရှင် ချီ

ဒီအတွေးနဲ့ တစ်ဆက်တည်း ပန်းလှလှလေးတွေကို မြင်ရင် ချစ်သူကို မမြင်ရလေလို့ နဝဒေး စဉ်းစားတတ်တယ်။

*ဆွတ်နု လွလွ၊ ပန်းဧာတကို*
*နောင်မြကား စီ၊ သခင်သီလျက်*
*ကုံးညီ၍လျှင်၊ ထိပ်တော်ပြင်ဝယ်*
*သာရှင် ယုယ၊ မဆင်ရဟု*
*ရှုတဆိုတမ်း၊ ဖျာပါ မွမ်းသည်*

နွေဦးကသည် ချီ

*...ပန်းမာလ်များကို*
*သနားစုံမက်၊ မွေ့သူလက်နှင့်*
*စုလျက် ရွေး၍၊ တစေ့စေ့လျှင်*
*ရှေ့ရှေ့နှိုက်တွင်၊ သင့်အောင် ပြင်မှ*
*ကေသျှင် သွယ်မြ၊ မယ့်ထိပ်စဝယ်*
*ယုယလွန်ကဲ၊ ဆင်စမြဲကို*

www.foreverspace.com.mm



***သည်းထဲ ဆွတ်မြ၊ အောက်မေ့ကမူ။***

ရတုသဘင်ချီ

မြန်မာတွေမှာ ဥဩဟာ အလွမ်းငှက် ဖြစ်တယ်။ ဒီဥဩကို နဝဒေးက လွမ်းဆွတ်ဖွယ်ရာသီမှာ ဖော်ပြခဲ့တယ်။

***ဥဩတွန်မြူး၊ ငှက်တော် ကျူးက***
***တထူးတလည်၊ သာသည် ဝန်းကျင်***

ရွှေပြည် ရွာပြန် ချီ

***ရင့်ရှူသာမော၊ ချစ်ဖော်နှော့သည့်***
***ဥဩတစ်ခါ၊ နွဲ့ဘိသည်။***

ညချမ်း ရီမိုက် ချီ

***မည်လှာ ချိုမော၊ နံနက်စောက***
***ဥဩ သံနွဲ၊ ဖော်မတွဲ၍***
***ဝမ်းကွဲဆည်တုံ၊ ရှိမည် ခံ့ဝယ်၊***

နွေရောက်လုပြီ ချီ

ချစ်သူ့ဆီကို ငှက်နှယ်ပျံသန်းပြီး သွားလိုက်ချင်တဲ့ ဆန္ဒလည်း နဝဒေးမှာ မကြာမကြာ ဖြစ်ပေါ်ခဲ့တယ်။ ဒါကတော့ ရှင်သူရဲဆီက အတုယူခဲ့တာ ပါပဲ။ [၁]

***သဘော ငှက်တူ၊ ပျံတတ်မူကား***
***တွေးယူ မခွ၊ ရောက်ချင်လှ၏။***

မည်းလေးခွလေ ချီ

***ပျောင်းလိမ့်မည်ကြောင့်၊ ဆောက်တည်မရ***
***ပျံမှပျံချင်၊ ငှက်ပင်သော်မှ***
***ဖြစ်ဘိတဟု...***

ကြံလျက် ဘွေရှာ ချီ

---

[၁] ‘ကျွန်ုပ်မူကား၊ လေယူ ကောင်းကင်၊ ငှက်နှယ်လျှင်မူ၊ သခင်နေရာ၊ ရွှေပြည်သာသို့၊ မကြာလျှင် လှည့်၊ မြန်ချင်၏ဟု’ ရှင်သူရဲ၊ **ရွာတော့မည်ပင်** ချီရတု။

www.foreverspace.com.mm



တစ်ခါတလေတော့ ငှက်လိုပျံသွားကာ ချစ်သူကို ယူဆောင်ခဲ့ချင်တဲ့ အတွေးမျိုး နဝဒေးမှာဝင်တယ်။

***လေငှက်သွင်သို့၊ ကောင်းကင် တူရှု***
***ပျံချေ ယူ၍၊ အတူ ပျံ့ပျူး***
***သည်မှာ ဖူးအံ့ . . .***

ရွှေပြည် ရှာပြန် ချီ

တစ်ခါတလေတော့လဲ လေလို လူးလာလိုတဲ့ အတွေးရောက်ရဲ့။

***အဟုန်လေလျှင်၊ ပီတိရွှင်၍***
***ရောက်ချင် ဆွတ်ဆွတ်. . .***

ဒဂုံမွေ့ရှင် ချီ

တစ်ခါတလေမှာတော့ ငှက်ရယ် လေရယ်မဆို၊ စိတ်ဝိညာဉ်ကပဲ ပျံတက်သွားမတတ် ခံစားရတယ်။

***ဆည်းတား ဖြေစဉ်၊ ဝိညာဉ် အသက်***
***ပျံတက်ဘနန်း၊ ပျော့ပျော့ မွန်းမျှ၊***

ဖြေဖျော်သည်သာ ချီ

စစ်ချီ ထွက်နေရလို့ ချစ်သူနဲ့ဝေးရတာအပြင် ချစ်သူက ဘယ်လိုမှ တုံ့ပြန် မပြောဆိုလို့ စိတ်ဆင်းရဲရပုံကိုလဲ နဝဒေး ခဏခဏ ဖွဲ့တတ်တယ်။

***ယယ်သွေး မူနည်၊ ဆင်းစံတည်လျှင်***
***မိန့်ရည် ပြတ်ပြတ်၊ နှုတ်မလွှတ်က***
***တိမ်းညွတ် ပျောင်းခွေ***

ရှေးကံ ညွန်းပေ ချီ

***လုများ မဠူ၊ မျိုးကြွင်သူသည်***
***ဆံမြူ ရိပ်ခြည်၊ ဘယ်နှံ့သည်လျှင်***

www.foreverspace.com.mm



***မွေးကြည် ကြိုင်ပျံ့၊ မိန့်ပါအံ့လည်း။***

ရှက်လျှံ မှောင်လည် ချီ

***မြေနှင့် မိုးထက်၊ ဝေးလံ ခက်၍***
***မြိုးမြွက် ရိပ်ခြည်၊ ကြားရမည်မှ***
***ဝိုက်လည် ခဲစွာ၊ မသိသာခဲ့။***

မြေကြီးကပင်ချီ

တချို့ရတုများမှာတော့ ချစ်သူဟာ အခြားသူနဲ့ ဖောက်ပြားလေပြီလားလို့ ပူပန်တဲ့ အတွေးမျိုးကို (ယောက်ျားလေး ရှုထောင့်ကရော မိန်းကလေး ရှုထောင့်ကပါ) နဝဒေး ရေးရဲ့။

***ထွေထွေလာလာ၊ သစ္စာမမှန်***
***ဖောက်ပြန် ရှုံ့ကွက်၊ ချစ်စိတ်ပျက်သည်။***

အရှေ့ဘက်မှာ ချီ

***ထူးကဲ ဖောက်ပြန်၊ သစ္စာ ချွန်သည်***
***ချစ်ရန် တစ်ပါး၊ ရည်လှည့်သောဝ်၊***

အနောက်ဘက်မှာ ချီ

***မြူတေ ဝင်းကြည်၊ နောင့် ကြင်သည်မူ***
***ဆက်ရှည် ကမ္ဘာ၊ နှစ် သချ်ာက***
***ပွင့်ဝါ မမြန်း၊ သုံးခိုင် ပန်းနှင့်***
***တော်ဆန်း မှုပေ၊ မတော်လေဟု***
***ယွင်းသွေဖောက်ပြန်၊ ကျင့်စဟန်ကို***

ချောင်းမမွေ့ရှင် ချီ

ချစ်သူနဲ့ အမြန်နီးရဖို့ ချစ်သူ ဖောက်ပြားနေလို့ ကူညီဖို့ ဘုရားကို တိုင်တည်ရာမှ ရွှေညဏ်တော်နဲ့ ဆင်ခြင်ကယ်မဖို့ နဝဒေးဖွဲ့လေ့ရှိတယ်။

www.foreverspace.com.mm



***ညဏ်တော် ထောက်၍၊ ကယ်ပျောက်ဖျာပါ၊***
***ငြိမ်းစိမ့်ငှာလျှင်***

တောင်ဝန်းလည်ရဲ့ ချိ

***ညဏ်စက် ကွန့်မြူး၊ ဖြည့်ပါဦးလော့၊***

မြတ်လှအခေါင်ချိ

***ညဏ်ရောင် စက်ခြည်၊ ဖြည့်ပေသည်ဟု***
***လူပြည် မိုးမြေ၊ ကျော်ဝှန်စေလော့၊***

ဒဂုံ မွေ့ရှင် ချိ

တစ်ခါတလေတော့ 'ညဏ်တော်' အကြောင်း ထည့်မပြောဘဲ မိမိ လိုအင်ကိုသာ ဖြည့်တော်မူပါလို့ ပန်ကြားတတ်တယ်။

***မေတ္တာရှေးရှု၊ ဖြည့်တော်မူလော့၊***

တောင်ဝန်းလည်ရဲ့ ချိ

***တန်ဆောင် ဖက်ကင်း၊ ပြည့်ဆု နှင်းလော့၊***

ရေရှင်ချမ်းကြည် ချိ

***ဘုန်းစည်ဆောလျှင်၊ ဖြည့်စေချင်ဟု၊***

ထစ်မြည်ရိုက်၍ ချိ

နဝဒေးရဲ့ ချစ်သူ အမည်က 'ရှင်နှောင်း' ဖြစ်ကြောင်း၊ ရှင်နှောင်းဟာ ဆယ်နှစ်သာသာကလေး အရွယ်မျှ ဖြစ်ကြောင်းတို့ကို နဝဒေးရတုတွေက ထုတ်နုတ်ပြီး ပညာရှိတို့ ညွှန်ပြပြီး ဖြစ်တယ်။ [၁] နဝဒေးဟာ မိန်းကလေး ချစ်သူကို ဖွဲ့မယ်ဆိုရင် ရှင်နှောင်းကိုရော၊ ရှင်နှောင်း ငယ်ရွယ်ပုံကိုပါ သတိရတတ်တယ်။

***ရှင်နှောင်းမည်ရင်း၊ မြတ်စိုးမင်းသည်***
***ချစ်ခြင်းနှောင်နှင့် တူလေသောဝ်၊***

ကြာငုံအဟန် ချိ

---

[၁] မဟာဆွေ၊ **စစ်ထွက်သူ**။ တက္ကသိုလ် မောင်မောင်ကြီး၊ **စာမျက်ရှု**

www.foreverspace.com.mm



***လှမျိုးဟူက၊ မည်သူ မပေါင်း***
***စံ ဖြစ်ကောင်းသည်***
***ရှင်နှောင်း နှောင့်သခင်ပေသောဝ်။***

ဒဂုံမွေ့ရှင် ချီ

သူ့ကိုယ်ရေးကိုယ်တာလို့ ခန့်မှန်းနိုင်တဲ့ ရတုတွေမှသာ 'ရှင်နှောင်း' အမည်ကို သုံးတာမဟုတ်၊ တခြားနေရာများမှာလဲ သုံးတယ်။ ဥဒေါင်းဖိုက ဥဒေါင်းမကို ခေါ်ရာမှာလဲ သုံးတယ်။ ဥဒေါင်းဖိုက ဥဒေါင်းမကို ခေါ်ရာမှာကိုပဲ

***ရှင်ထွေး နှောင်းမြင်၊ ညက်မြစင်။***

နှောင်ချည် ချစ်၍ချီ

***ရှင်နှောင်း တွေးမှတ်၊ စေ့စေ့မှတ်လော့၊***

ယင်းရတု

ရယ်လို့ တွေ့ရတယ်။

ရတု တော်တော်များများမှာတော့ 'ရှင်နှောင်း' ရယ်လို့ မသုံးဘဲ 'အထွေးဆုံး' ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'နှောင်း' တစ်လုံးတည်းကိုသာ သုံးထားရဲ့။

***နှောင်းမွေးထွေး ကြင်ဖော်တကား။***

မြေကြီးကပင် ချီ။

***နှောင်းမွေးနှင့် နှောင်၊ ပန်ရအောင်ဟု***

မွန်းယိမ်းကလျှင် ချီ

***နှောင်းစွန်းတို့ နေ၊ သာထူးထွေသား။***

လွမ်းတို့စွလေ ချီ

'နှောင်း' ဆိုတဲ့ စကားလုံးကို မသုံးဘဲ ငယ်ရွယ်လှကြောင်း ရည်ညွှန်းတဲ့ အခါလဲ ရှိတယ်။

***ချောလှ နတ်တူ၊ ငယ်သည့် သူက။***

လမြတ်ငါးရာ ချီ

www.foreverspace.com.mm



***နွဲ့လျ ညိုပြာ၊ ငယ်စွာ ရွယ်သက်၊***

နွေနှင့် နီး၍ ချီ

***ပြာညို ငြိမ့်လေး၊ ငယ်လွန်းသေး၍***

စိတ်ညွတ်ကြည်စွာ ချီ

ဆယ်နှစ်သာသာ အရွယ်ဖြစ်ကြောင်းကိုလဲ မကြာမကြာ ဖွဲ့ဆိုတယ်။

***ဆယ်မြတ်စင်မှ၊ မာသ ရက်စစ်***
***ငယ်သည်ဖြစ်ဖြင့်***

မအောက်မေ့ရက် ချီ

***ငယ်သွေးပျိုမျစ်၊ ဆယ့်သုံးနှစ်လျှင်***

လှဘက်ရှင်း၍ ချီ

အချိန်ရာသီကို ပြောဆိုရင် နေလနဲ့ နဂါး နီးကြတဲ့အချိန် ဖြစ်ကြောင်း နဝဒေး ပြည့်ညွှန်လေ့ရှိတယ်။

***နေနတ်သားနှင့်၊ နဂါးကြွယ်စင်***
***စက်ချင်း ယှဉ်သော်***

ထွန်းပြောင်သာနီ ချီ

***ဆွဆွ ဖြူထွား၊ စက်ရထားနှင့်***
***နဂါးထိပ်ပြင်၊ သွားလာ လျှင်သည်***

အတွင်း ရွှေဂူ ချီ

ဒီအတွေးတွေကို နေရာအလိုက် စီစဉ်ပေါင်းစပ် လိုက်တဲ့အခါ ဘုရားတိုင်၊ သို့မဟုတ် စစ်ချီ၊ သို့မဟုတ် မိုးတောရတု ဖြစ်လာလေတော့တယ်။ ဒီတော့ နဝဒေးရတုတွေမှာ စကားလုံးသာမက အတွင်းသားပါ ထပ်နေတယ်။ ဒါပေမဲ့ ဒီ ထပ်ပြန်တလဲလဲ ဖြစ်နေတာတွေကပဲ ဩဇာ ကြီးမားလွန်းသမို့ နှောင်းရတုဆရာတွေ တခုံမင်မင် အသင့်ယူငင် သုံးစွဲမိကြတော့တယ်။

စကားလုံးတွေ အတွေးတွေ ထပ်ပေမယ့် နဝဒေး ကြီးမားရတာ အကြောင်းမဲ့တော့ မဟုတ်ဘူး။ နဝဒေးဟာ သူ့အလျင် စာဆိုတွေရဲ့ စာများကို အတုယူတာနဲ့

www.foreverspace.com.mm



အမျှ ကိုယ်ပိုင် တီထွင်တာလဲ ရှိခဲ့တယ်။ သူ တီထွင်ခဲ့တဲ့ ကဗျာပစ္စည်းတွေဟာ ကနေ့ထိ လန်းဆန်းနေတုန်းပါပဲ။

*သစ္စာ မိဒ္ဓာန်၊ ပြုမြဲ မှန်ရှင့်*
*လေးတန် မိုးနှယ်၊ ရွှေ့ရွှေ့ ပြယ်သော်*

အရှေ့စူးစူးချီ

*သတိ ခံ့ခံ့၊ ဆည်မတဲ့သည်*
*လွှင့်ပျံ့မိုးသား၊ တိမ်သို့ ပါးလျက်*

နွဲ့နွဲ့ကိုယ်ပြင် ချီ

*နေရုံလာလျှင်၊ တစ်ရာ ထပ်ဆင့်*
*ရွှရွှ ပွင့်သို့၊ ရှင်ပင့် ညာက်ခြည်*
*ကွန်းလျှံ လည်လော့*

ရွှေဘုံသာတွင် ချီ

*ရွှေငုံ ပုံသွန်း၊ မြေက တွန်းသို့*
(စေတီကိုဖွဲ့တာ)

သပြေမဥ္ဇူ ချီ

*စဲညှံ့နေကျ၊ ငြိမ်းစေရဟု*
*ပေါက်ပြ နီးဝေး၊ ကျွန်းလုံး မွှေးသည်*
*ကျောင်းဆေးရေး ရှင်တော် တကား။*

မြေကြီးကပင် ချီ

(ကျော်ကြားတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ 'မွှေး'ကို သုံးတာ မြန်မာမှာ မဆန်းပေမယ့် ဒီနေရာမှာ ငြိမ်းချမ်းရေးတရားနဲ့ မွှေးကို တွဲဖက်သုံးထားပုံဟာ ထိမိလှတယ်။)

*ကိုးမည် မျက်စုံ၊ တောင်မြဲခုံထက်*
*သွန်းပုံ ရွှေစို့၊ ပေါက်မိသို့လျှင်*
(တောင်ကုန်းပေါ်က စေတီကို ဖွဲ့ထား)

ဘုန်းစက်လျှံလည် ချီ

www.foreverspace.com.mm



***မိုးတိမ်ရွာလည်း၊ ထက်မှာ မကျ***
***မြေက လွင့်တက်၊ သိကြားသက်၍***
***တံမျက်လှည်းနေ၊ သမုဒ်ရေဝယ်***

မြင့်မိုရ်နှင့်သာ ချီ

***ပြည့်မည့်ရက်သည်***
***နေတက်၏သို့ လျှင်စေသောဝ်။***

ဒဂုံမွေ့ရှင် ချီ

***ရွှေရည်စီးမျှ၊ ဘုန်းမီး ရောင်ထွန်း***
***မှော်မျိုး ကျွန်းသား***

ဇမ္ဗူသာလျှင် ချီ

***နီးဝေးရော်ကျင်၊ လေညှောင်းဆင်သော်***

ဘားပြမွေတော် ချီ

***လေခမ်းလည်းကူ၊ မိုးလည်း ဖြူသော်***
***ဘယ်သူ ဆီးတား၊ တတ်နိုင်အားလိမ့်။***

မြင့်မိုရ်လက်ယာ ချီ

***ညွှန့်ပေါ် လေသိမ်း၊ နွဲ့ရှာ ယိမ်းသို့***
***တိမ်း၍ ဆွတ်ဆွတ်၊ မစက်တတ်ရှင့်။***

ဝေ့လည် လေလည်း ချီ

***သစ္စာမီးတွင်း၊ ဆင်းအံ့ မကြောက်***

ချစ်နှောင်ချည်၍ ချီ

***ချစ်ပွင့် စိတ်ပန်း၊ ပျံ့မွှန်း မွေးကြည်***

ထစ်အုံ့ပျသည် ချီ

***မြောက်မှတစ်ဖန်၊ တုံ့ပြန်လေညှင်း***
***ရွှေရင်သွင်းသော်၊ ချမ်းခြင်း မနိမ့်***
***ဆောင်းထက် ငြိမ့်မျှ၊ ထွားစိမ့် ညှိုသွယ်***
***ဆွေသည်မယ်ကို၊ ရက်ကြွယ်များဖြင်***
***လွမ်းရေးတင်ခဲ့။***

ညချမ်းရီမိုက် ချီ

www.foreverspace.com.mm



***နှင်းဖွဲ့ ရောရှက်၊ သီသာခက်သည်***
***တိမ်ရွက် ကြွေတုံ၊ မှိုင်းဝေတုံ။***

ယခုတုံသည် ချီ

***ရွှေစင် စတော၊ မြေက ဖြိုးမောက်***
***ပေါက်တို့သည်လော၊ တွေးတော မူးမော်***
(ရွှေတိဂုံဘုရားကို ဖွဲ့တာ)

ဒဂုံမွေရှင် ချီ

***ပျံ့ဝဲ တိမ်ထွတ်၊ ဇောတိရသ်သို့***
(ရွှေတိဂုံ ထီးတော်ကို ဖွဲ့တာ)

ဇမ္ဗူသာလျှင် ချီ

နဝဒေးဟာ သဒ္ဒါလင်္ကာရကို သဘောပေါက်သူပီပီ မိမိဖွဲ့သီတဲ့ ရုပ်ပုံကို ပိုမိုထိရောက်အောင် အသံရဲ့ စွမ်းပကားကို ယူတာများ တွေ့ရတယ်။

***ထွတ်ထွတ် သံမြ၊ ဖိုးခေါင် တသည်***
***ငှက်မျှ လွမ်းစိုး၊ မတူရိုး။***

ဝေ့လည် လေလည်း ချီ

***အောက်မေ့ လေလေ၊ ခွေ့ခွေ့ ခွေမှ***

ကြံလျက် ဖွေရှာ ချီ

***ညှင်းညှင်းဖျဉ်းဖျဉ်း၊ မျဉ်းမျဉ်း မြေမြေ***
***ရေငွေ့ ချင်းချင်း၊ နှင်းနှင့်ပေါင်း၍***

ပြာသိုဟူသည် ချီ

အောက်ပါ ရတုစာသားများမှာ သံပြေတုန်း ကျသံတို့ကို စီကာစဉ်ကာ၊ ကာရန်ကို ၄-၃-၂ နဲ့ ၄-၂ အလဲအလှယ် လုပ်ကာနဲ့ နဝဒေးရစ်သမ် ဖော်ကျူးပုံ၊ အဲဒီ ရစ်သမ်က သူဖွဲ့နေတဲ့ ရုပ်ပုံကို အားပေးနေပုံတို့ကို သိရအောင် အသံထွက် ဖတ်ကြည့်ပါ။

www.foreverspace.com.mm



**ခရီးမြေရှည်၊ ချီရသည့်မူ**
**ဘယ်လည်ဖြတ်တဲ့၊ ခေါက်တဲ့ကွေ့ချောင်**
**စောင်းထောင် ဖီလာ၊ ခဲစွာ တက် သက်**
**ကျောက်စက် ကုန်းရှည်၊ နက်သည် ကမ်းဆင်း**
**ကျွတ်ပွန်ကျင်းနှင့်၊ ခုံချင်း နွယ်တန်း**
**နည်းခန်း ရေရှား၊ များသည် ခနောင်း**
**ဝှန်းခြောင်း ကျိုက်ပွက်၊ ဓားသို့ ထက်မျှ**
**ချခက် စခန်း၊ ခါးပန်း မြင့်မော**
**ငေါ်နှင့် ဖိုးခေါင်၊ တိမ်ထောင်ထိမျှ**

ခရီးမြေရှည်ချည်

**မိုးမျှ ထိနီး၊ တောင်ကြီး တောင်လတ်**
**မြောင်းကျွတ်နှင့် ခြောက်၊ မြေညီ ရောက်လည်း**
**သွေ့ခြောက် မခံ၊ စေးရွံ့နက်ဆုံး**
**သလုံး ပုဆစ်၊ ကျွံနစ် ဆန်းထူး**
**ဆက်လွန် ကျူးမှ၊ ချောင်းကူးကြ၍**
**ရေကို တွေ့လည်း၊ ချမ်းမြေ့ တုံလှုပ်**
**ကင်းလျှင် တုပ်သို့၊ ခြေချုပ်သော့ချင်**
**သွား မလျင်ခဲ့။**

အိပ်မက်မျှလျှင် ချီ

နိမိတ်ပုံအနေနဲ့ သိပ် မထိရောက်လှပေမယ့် သူ့ခေတ် အနေနဲ့တော့ ဆန်းသစ်တဲ့ ပုံရိပ်တွေ၊ အဖွဲ့အနွဲ့တွေကိုလဲ နဝဒေး ဖွဲ့ခဲ့တယ်။

**သခင့် သစ္စာ၊ ကုမုဒ်ကြာကို**
**လည်မှာ ထပ်နှိုက်၊ တင်စဉ် ကြိုက်ဝယ်**

ပတ်စက်ဝန်းလည် ချီ

**ပျောင်းပျ မျှော်ကာ၊ တို့ကိုသာလျှင်**
**သည်းချာ သမ်းမဲ၊ ရင့်ရှူနွဲ့လျက်**

www.foreverspace.com.mm



*နောက်တဲ ကမ်းဘေး၊ ကျွန်းထောင့်ကွေးဝယ်*
*မြစ်ထွေးဘယ်မူ ကြူးသနည်း။*

ပုံတမျှင့်လျှင် ချီ

*ခရီး လမ်းထောက်၊ မျက်ခြည် လျှောက်မှ*
*ရောက်ပါ နိုးနိုး၊ မျှော်ကြည့် ခိုးလျက်*

ညဥ့်သာစက်လည်း ချီ

*သိကြား နတ်မျှ၊ သည်ကာလနှိုက်*
*ပျံ့ကြွ သက်လှာ၊ လူ့ မြေတာဝယ်*
*ပျော်ပါလေချင်၊ ရေးရေးထင်၏။*

ကြောင်းစနွယ်လျှင် ချီ

*သာလွန် ညဥ့်ခိုး၊ သည်လေဆိုးကြောင့်*
*အကျိုး မရောက်၊ မုန်းစိတ်ပေါက်ခဲ့။*

နွယ်ပန်းညိုပြာ ချီ

*ဗျာပါ စိတ်ဆွေး၊ ပင့်ကူ မှေးနှင့်*
*လွမ်းရေး လွမ်းရာ၊ ဆယ်ဆ သာခဲ့။*

ကုလကူးခါ ချီ

*မြတ်ဘုရားဝယ်၊ ကိုယ်စား ရည်ထင်*
*ပန်းခိုင် တင်လျက်*

စူဠာမွေရှင် ချီ

*ညဥ့်သာ စက်လည်း၊ အိပ်မက် ယောင်ယမ်း*
*နေ့တိုင်း တမ်း၍၊ ရှာစမ်း မိမိ*
*ပွားဘိ မေတ္တာ၊ မယ်သို့သာလျှင်*

ဝေ့သည်လေလည်း ချီ

ရှေးစာဆိုတစ်ဦးဖြစ်တဲ့ နဝဒေးဟာ မယ်ဖွဲ့၊ မောင်ဖွဲ့ မိုးဖွဲ့တွေအပြင် ပန်းဖွဲ့၊ ရေဖွဲ့၊ တောဖွဲ့ အများပဲ ရေးခဲ့တယ်။ တောဖွဲ့မှာ ရှင်ဥတ္တမကျော် ထက် ရှင်မဟာရဋ္ဌသာရ တောလားကို ပိုမို တုပလိုဟန် တွေ့ရတယ်။ ဒါပေမဲ့ ကိုယ်ပိုင်ဟန် ပေါ်လွင်တယ်။ တောဖွဲ့တစ်ခုမှာတော့ ဟဒယ ရွှင်မြူးစရာ။ ငှက်တွေ တေးဆို၊ ကခုန်၊ လှေလှော်ကြပုံ ဖွဲ့ထားလေရဲ့။

www.foreverspace.com.mm



***စံ သောင်ပြင်ထွန်း၊ သံပြင် ကျွန်းထက်***
***ရွှင်လန်း များစွာ၊ မြူးကြရာဝယ်***
***စာက စည်း စုပ်၊ ကြိုး လက်ခုပ်နှင့်***
***စည်ပုပ် မည်သာ၊ ဆက်ရက်မှာလည်း***
***မြည်သာ သံညှင်း၊ တီး လင်းကွင်းနှင့်***
***ငြင်းကား ငှက်တော်၊ လှေလှော် ရင်ဘောင်***
***ဖောင်ကား ဝံပို၊ ဝံလို အဲထူး၊***
***နဲ့ကျူး ဥသြ၊ ရွှေဘော်နှော၍၊***
***တရောထိုးဟန်၊ တီရစ္ဆာန်တို့***
***သဏ္ဌာန် ရင့်ညောင်း၊ ဥဒေါင်းဖိုမ***
***ကသည့် မောင်နှံ၊ ငှက်ပေါင်းသံကို***
***တရံဆွတ်မျှ၊ ကြားလကလျှင်***

သစ် မပြုပြင် ချီ

အလားတူ ငှက် လက်ထပ်ထိမ်းမြားပွဲဆိုတာကို မြစ်ရတုလျှင် ချီ ရတုမှာ လုပ်ထားသေးတယ်။

ဒါပေမဲ့ များသောအားဖြင့်ကတော့ အထက်မှာ ထောက်ပြခဲ့သလို နဝဒေးဟာ ဘုရားတိုင်၊ မိုးတော၊ စစ်ချီ၊ မယ်ဖွဲ့၊ မောင်ဖွဲ့တွေကိုပဲ စကားလုံးတွေ၊ စိတ်ကူးတွေ ကုလားဖန်ထိုးရင်း ထပ်ပြန်တလဲလဲ သုံးပြီး ရေးနေတယ်လို့ပဲ ဆိုရလိမ့်မယ်။ ဒါကို ဝေဖန်မှုလဲ ပြုခဲ့ကြပြီ။

> နဝဒေးရဲ့ ရတုတွေကိုပဲ တစ်ပုဒ်နဲ့တစ်ပုဒ် ယှဉ်ပြီး နှိုင်းစာကြည့်စမ်းပါ။ အကြောင်းရပ်ချင်း၊ ဆင်ပြင်ပုံချင်း၊ မည်မျှ တူနေတယ် ဆိုတာကို တွေ့ရပါလိမ့်မယ်။ နဝဒေး ရတုထဲကမှ စစ်ချီရတု သက်သက်ကို ရွေးပြီး တစ်ပုဒ်နဲ့ တစ်ပုဒ် ယှဉ်တွဲ နှိုင်းစာကြည့်စမ်းပါ။ မည်မျှ တူနေတယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။ နဝဒေးရဲ့ ပိုဒ်စုံ တစ်ခုတည်းမှာပဲ စစ်ဆေးကြည့်ရင် မည်မျှ ဆင်နေတယ် ဆိုတာကို တွေ့ရပါလိမ့်မယ်။[၁]

[၁] မင်းသုဝဏ်၊ **ပန်းနှင့် ပင်စည်**၊ စာ ၃၁၉

www.foreverspace.com.mm



အဲသလို စိတ်ကူးတူတွေကို အဖွဲ့အနွဲ့တူ၊ စကားလုံးတူတွေနဲ့ ဖွဲ့သီရာမှာ နဝဒေးဟာ (အမှတ်အသား ရှိသလောက်) ပထမဆုံး ဖြစ်တယ် ဆိုတာကို မှတ်တမ်းတင်ရလိမ့်မယ်။ ဒါပေမဲ့ ဒီနေရာမှာ အဲဒီခေတ် အဲဒီအခါရဲ့ လူ့အဖွဲ့အစည်း အခြေအနေကိုလဲ ထည့်သွင်း စဉ်းစားသင့်တယ်။

ကဗျာဖွဲ့ဆိုမှုဟာ ပုဂံခေတ်ဆီက စခဲ့ပြီး အင်းဝခေတ်မှာ ဖွံ့ဖြိုးကာ တောင်ငူခေတ်မှာ အထွတ်အထိပ် ရောက်ခဲ့တယ်။ နန်းတွင်းနဲ့ စာတတ်ပေတတ် အသိုင်းအဝိုင်းမှာ ကဗျာဖွဲ့တာ ဆိုတာ ခေတ်စားခဲ့တယ်လို့ ခန့်မှန်းနိုင်တယ်။ ဘုရင်က နန်းတော်သစ် ဆောက်လဲ ကဗျာဖွဲ့၊ စစ်နိုင်ရင် လဲ ကဗျာစီ၊ သားသမီး ထွန်းကားရင်လဲ ကဗျာဆို၊ ဘုရင့်ထံ စာတင်ဖို့ ရှိလဲ မေတ္တာစာ ဆိုပြီး ကဗျာရေးနဲ့။ တခြား လူသားအချင်းချင်း စာရေးဆက်သွယ်ရာမှာလဲ ကဗျာပုံစံကိုပဲ သုံးကြတယ်နဲ့ တူတယ်။ ဒီလိုနဲ့ ကျေးစေ ရတုတွေ ပေါ်ထွန်းလာတာ။ တကယ့်ဘဝမှာလဲ ခိုတွေ၊ ကျေးတွေ၊ စွန်တွေ စေကြပါလိမ့်မယ်။

ဒီလို ခေတ်အခြေအနေမှာ အကြောင်းကိစ္စ ပေါ်လာရင် ကဗျာမဖွဲ့တတ်သူများဟာ ကဗျာ ရေးစပ်တတ်သူများဆီ ကဗျာများ (စာများ) ရေးဖွဲ့ပေးဖို့ တောင်းပန်ကြရမှာပါပဲ။

အချို့ ထင်မှတ်ကြသလို နဝဒေး ကဗျာတိုင်းဟာ နဝဒေးရဲ့ ကိုယ်ရေးကိုယ်တာ၊ နဝဒေး ခံစားရတာချည်း မဟုတ်ပါဘူး။ သူများ လာခိုင်းလို့ ရေးရတာများလဲ ရှိခဲ့ပုံပါပဲ။ ဉပမာ အရှင်မင်းသား သစ္စာမမှန် ဖောက်ပြန်နေပြီလို့ ရေးတာ နဝဒေး ကိုယ်ရေးကိုယ်တာ မဟုတ်ချေဘူး။ နဝဒေးက မင်းသားမှ မဟုတ်ဘဲကိုး။ ဉပမာ

***သပြေ မဥ္စူ၊ စိုးမည့် သူလျှင်***
***မဖြူ သစ္စာ၊ မလာ ထဲဝမ်း***

ရယ်လို့ တောင်ဝန်းလည်ရံ ချီ ရတုမှာ ရေးထားတာဟာ ဘယ်နည်းနဲ့မှ နဝဒေး ဖောက်နေတယ်လို့ ရှင်းနှောင်းက ဘုရားဆီ တိုင်တည်နေတာ မဖြစ်နိုင်ဘူး။

တချို့ရတုများမှာ သက်ဆိုင်ရာ မင်းသား စသူတို့ရဲ့ အမည်တောင် ထည့်စပ်ထားတယ်။ ဉပမာ ကျေးတကာတွင် ချီ ကျေးစေရတုမှာ

www.foreverspace.com.mm



***သရေခေတ္တ၊ ပြည်ပ အုပ်စိုး***
***သတိုးမေမွှာ၊ ရာဇာခေါင်ဖျား***
***ကိုယ်တော့ ဓားဟု၊ ကြားလည်းကြားပေ***

လို့ စပ်ဆိုထားတယ်။ ပြည် သတိုးမေမွှရာဇာကို ညွှန်းတယ်လို့ စပ်ဆိုထားတယ်။ အလားတူပဲ နဂါးနှင့်နေ ချီ ရတုမှာ

***နန်းထက် ဖွားမြော်၊ အလှကျော်သည်***
***မယ်တော် မိမင်း၊ သခင်ရင်းကို***
***ဝပ်စင်း ညွှတ်ခ၊ သည်က ကျွန်ဖြစ်***
***ပွင့်သစ် ကြာလတ်၊ ခြေတော်စက်ကို***
***ရွက်ချင်လှည့်ကာ၊ မရောက်သာခဲ့***

လို့ ရေးထားတာဟာ မင်းသားတစ်ပါးက သူ့မယ်တော်ဆီ ပို့တဲ့ စာမျှ ဖြစ်တယ် ဆိုတာ ရှင်းနေတယ်။

နောက်ပြီး ကဗျာစပ် ဝါသနာပါသူ တစ်ဦးဟာ အကြောင်းကိစ္စ ရှိရှိ မရှိရှိ၊ သူများက ခိုင်းခိုင်း မခိုင်းခိုင်း၊ အားနေ ပျင်းနေရင်၊ စပ်ချင်စိတ် ပေါက်လာရင် ကဗျာ ကောက်စပ်လိုက်မှာပါပဲ။ ဘယ်သူ့ကိုမှ ရည်ရွယ်ရင်း မရှိဘဲ စိတ်ကူး ဇာတ်ကောင်တွေ ဖန်ဆင်းကာ ဘုရားတိုင်၊ ကျေးစေ၊ မိုးတောတွေ ရေးခြစ် နေမိမှာပါပဲ။ ရေးပြီးရင် ပုရပိုက်ကို ချောင်ထိုးထားချင်လဲ ထားမယ်၊ အဖော် အပေါင်းတွေကို ပြချင်လဲ ပြမယ်။ နဝဒေးဟာ အမြဲလိုလို စစ်ချီထွက်နေရတဲ့ စစ်သား ဆိုတာကိုလဲ သတိမူသင့်တယ်။ တစ်နေရာမှာ စခန်းချနေကြစဉ် မီးပုံ နံဘေးမှာ အဆိုကောင်းတဲ့ စစ်သားကြီး တစ်ဦးက နဝဒေးအလွမ်းရတု တစ်ပုဒ် ကို ခွဲ့ခွဲ့ပျစ်ပျစ် ဟဲလိုက်တဲ့အခါ အခြား စစ်သားကြီးတွေ ဘေးက ဝိုင်းပြီး ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေခဲ့ကြပေလိမ့်မယ်။

အဲသလို အခါအခွင့်တွေ နဝဒေးဘဝမှာ အကြိမ်ကြိမ် ကြုံခဲ့ရမှာပါ။ အဲဒီ များလှတဲ့ အခါအခွင့်တွေမှာ နဝဒေးဟာ ကဗျာကို ကျားကုတ်ကျားခဲ ကြံဆ တီထွင် ရေးနိုင်တော့မယ် မဟုတ်ပေဘူး။ သူ့ခေါင်းထဲ အသင့်ရှိနေပြီး စကားလုံး တွေ အဖွဲ့အနွဲ့တွေကိုပဲ အသာထုတ်ယူ တန်းစီပေးလိုက်ရုံပေး လိုက်နိုင်ပေ လိမ့်မယ်။ ဒီတော့ သူ့ရတုတွေ အပ်ကြောင်းထပ်ကုန်ရတော့တာပေါ့။

www.foreverspace.com.mm



အလှူမင်္ဂလာတွေ လိုက်ရလွန်းတဲ့ ဘိသိက်ဆရာရဲ့ ဩဘာစာများဟာ မလွဲမရှောင်သာ တစ်ပုံစံတည်း ဖြစ်ရမှာပဲ။

ဘာပဲပြောပြော တစ်ခါတလေတော့ နဝဒေးဟာ စိတ်အေးလက်အေး ဈာန်ဝင်စားကာ ကဗျာကို ကောင်းမွန်အောင် ဖွဲ့နိုင်ခဲ့တယ်။ ဒါကြောင့်လဲ ထပ်နေတဲ့ ကြားထဲက သစ်လွင်တဲ့၊ လှပတဲ့၊ ထိမိတဲ့ ကဗျာ အတွေးတွေကို တွေ့ကြရတာ ဖြစ်တယ်။ အဖွဲ့အနွဲ့မှာသာ ထူးခြားတာ မဟုတ်။ အကြောင်းအရာကိုက ဘုရားတိုင်၊ မိုးတော၊ မယ်ဖွဲ့ မဟုတ်တော့။ တဏှာပေမကို အရင်းခံတဲ့ ချစ်ရေးကိစ္စချည်း မဟုတ်တော့။ တကယ့် လူ့ဘဝ လူ့ဝန်းကျင်ကိုပါ သူ့ကဗျာဉာဏ် ကွန်မြူးခဲ့တာ တွေ့ကြရတယ်။

နဝဒေးရဲ့ ရတု အများစုမှာ မိုးအကြောင်း ပါတာချည့်။ မိုးတောဆိုမှ မိုးအကြောင်း ရေးတာ မဟုတ်။ ဘုရားတိုင်မှာလဲ မိုးပါပြီး စစ်ချီမှာလဲ မိုးပါတယ်။ မယ်ဘွဲ့မှာလဲ မိုးပဲ။ အများစုမှာ မိမိ ချစ်သူနဲ့ ဝေးနေသမို့ မရွာပါနဲ့ ဦးလို့ မိုးကို တောင်းပန်သံက လွှမ်းနေတယ်။ ဒါပေမဲ့ ရတု အနည်းငယ်မှာတော့ နဝဒေးဟာ မိုးကို ပြည်သူတွေ ရှုထောင့်က အပြစ်ဖို့ ထားလေရဲ့။

***ထန်ပြင်း စွာလျှင်၊ ရွာသော အားဖြင့်***
***အများတကာ၊ စိုက်ပျိုးပါမှ***
***မရွာလိုဘဲ၊ အုံ့ဖွဲ တိမ်ဆို့***
***နေသာ ညို့၍၊ ထက်ဝို့ ထက်ဝါး***
***သိကြား သူဇာ၊ အပျက် ရွာသို့***

သန်တွင်းဝါလျှင် ချီ

***မစွေ မရွာ၊ ထက် အာကာက***
***ချိန်ခါ သင့်မည်၊ ဖြစ်သည်ကပဲ၊***
***ပြိုက်ဖွဲ့ မဝင်း၊ နည်းများလင်း၍***
***မှူတင်း ရုံခါ၊ ပွင့်ကောင်းပါလျက်၊***
***တိမ်သာ လွှမ်းနိမ့်၊ ခြိမ့်ခြိမ့် ကြူးအေး***
***တလည်း ပြေး၍၊ မြစ်ကွေး အင်းချောင်း***
***ထုံးလောင်း ရေဝင်၊ လယ်ပြင် ကန်ထောင်း***
***ဆည်မြောင်း ကိုင်းကျွန်း၊ မျောမွန်း နစ်မြုပ်***
***အုပ် မပျက်တည့်၊ ဆိုင်တက် တခဲ***

www.foreverspace.com.mm



***ရွှဲရွှဲမြလား၊ နေကို တားသည်၊***
***မိုးသားမြင့်ပါလေဦးလော့။***

မစွေမရှာ ချီ

***အာကာ ချုပ်တိုင်း၊ မိုက်မိုက် မှိုင်းလျက်***
***အင်တိုင်း တောချောင်၊ ငတောင် ကြေညီး***
***တလည်း ဖွေးဖွေး၊ ကန်သင်း မြေးလျက်***
***ထွန်ရေး မျှောပါး၊ ရေသားသွင်းရန်***
***တမန် တခိုင်၊ သည်တိုင် သတ်တဲ့***
***ရေရှုပ် ငုံလျက်၊ ကြိုင်ပျံ့ပန်းမာလ်***

ယင်း ကဗျာ

လွမ်းစရာ ရဂုံမြိုင်ခြေနဲ့ သဲသောင်းကမ်းစတို့ကို မြင်နေကျ နဝဒေးဟာ ပြည်သူတွေရဲ့ စိုက်ခင်းတွေကိုလဲ မြင်ခဲ့တယ်။

***တနူးနူးလျှင်၊ နူးသည့် မြေသို့၊***
***စုံခြေ ပင်ပျို၊ မြဟန်လိုနှင့်***
***စိမ်းညိုလန်းလန်း၊ ကိုင်းကျွန်း မြစ်လျောက်***
***ကောက်ကစင်းလျှင်၊ မှည့်ဝင်း သခွား***
***မရှား ပြည့်မွမ်း၊ ဗူး ခရမ်းနှင့်***
***စိမ်းရွှမ်း ရတု၊ နုသည့် ဖြင်မျှ။***

တကြူးကြူးလျှင် ချီ

***တောမှာ ကြည့်လည်း၊ တော၏ ခန်းဝါ***
***တောင်ယာ ကောက်ပဲ၊ ထွန်ကြဲ ယာခင်း***
***မုရင်း လယ်တာ၊ ကြည့်လေရာလည်း***
***များစွာ ချိုချဉ်၊ ဥယျာဉ် နှင်နှင်၊***

အောက်မေ့လှည့်လေ ချီ

စစ်သားတစ်ဦးမျှ ဖြစ်တဲ့ နဝဒေးဟာ စစ်သားတို့ရဲ့ ဆင်းရဲဒုက္ခ အဝဝကိုလဲ ညည်းရှာခဲ့တယ်။

www.foreverspace.com.mm



*နောင်တို့မှာမူ၊ ဖျာပါ ဝှန်ဆီး*
*မိုးထိ နီးမျှ၊ တောင်ကြီးနှင့် ချောင်း*
*လမ်းကြောင်း မတွေ့၊ မြစ်ကွေ့ ချောင်းဝိုက်*
*ဘယ်ဝိုက် ညာသွား၊ မအား ရင်အပ်*
*အထပ်ထပ်တည့်၊ ခြေရပ် မတည်*
*ရှိရသည်ကို*

ကောင်းကင်လတ်ဝယ်ချီ

*အာကာဆီတည့်၊ မိုးတရှည့် တည့်*
*သို့သည့်တူကို ဘယ်သူဘယ်ဝါ*
*တွေ့ဖူးပါလိမ့်၊ မသာ မြင်းဆင်*
*တူးထွင် ခုတ်သွား၊ တိမ်းပါး မဲ့တောင်း*
*ခြေကြောင်း ဆန့်လောက်၊ အစောက် မြင့်သွန်း*
*မင်းရိုးစွန်းထက်၊ စခန်း မဆိုက်၊*
*ရေ မကြိုက်တည့်၊ ရိမိုက် ညမှ*
*တပ်တာ ချသော်၊ ပျော်ငြမ်း ပန်းယိ*

အိပ်မက်မျှလျှင် ချီ

မြန်မာ ပဒေသရာဇ်တို့ တစ်ဖက်နိုင်ငံမှာ အောင်နိုင်ခဲ့ပုံ၊ တစ်ဖက် နိုင်ငံသားတို့ စစ်ရှုံးသူအဖြစ် ကြုံရပုံတို့ကိုလဲ သူ့ရတုမှာ နဝဒေးမှတ်တမ်း တင်ခဲ့တယ်။

*ယိုးဒယားကို ...*
*ဟူးဟူး ပတ်လည်၊ စကြာ နည်းသို့*
*ငံ့ဆည် မဆိုင်း၊ ခန့်လင်းတိုင်းကို*
*ဖြတ်ပိုင်း ဘုန်းရေ၊ နစ်မွန်းစေမှ၊*
*မြို့နေသူချင်း၊ မင်းလည်း မကျန်*
*ဆဒ္ဒန် ဖြူစင်၊ လေးစီး ဆင်နှင့်*
*မြေတွင် ဝပ်တွား၊ မြေး သား နှယ်ဖြစ်*

www.foreverspace.com.mm



## ***ကျွန်ချည်းဖြစ်လျက်၊ ရန်လှစ် ဘုန်းထူ***

အခေါင်တမွတ် ချီ

စစ်တိုက်ချည့် ထွက်နေရတဲ့ စစ်သားကြီးဟာ တစ်ခါတလေတော့ ငြီးငွေ့လာကာ စစ်ကို တက်ခေါက်မိတာကို သူ့ရတုများမှာ တွေ့ရတယ်။

***နှစ်ဟူ လှုဖွယ်၊ ကြာမျိုး ကြွယ်၍***
***ဆောင်းလယ် ကာလ၊ ချီခဲ့ရသော်***
***ဂီမှ လုံးလုံး၊ ဝါပြုံးလိုလို***
***ဆိုမည် သစ်သစ်၊ သို့သည် ဖြစ်ကို***
***သည်စစ်နယ်ပင်၊ မတွေ့ချင်ဟု***
***မရှင် ညှိုးချုံး၊ ရဲမက်လုံးလည်း***
***တီးတုံးဆိုကြ၊ အိမ်ကို တလျက်။***

နှစ်ဟူလှုဖွယ် ချီ

***ပူဟျောင်း တိမ်ပါး၊ ဗျာပါ ပွားခဲ့၊***
***သနားဖွယ် ကိုယ်၊ ဖြည့်ကြည့်ညှိုလော့၊***
***စစ်ကို သည်ပ၊ မချီရသည် ဖြစ်စေသောဝ်။***

ပရိနိဗ္ဗာန် ချီ

နဝဒေးဟာ ရတုတွေကို အများဆုံးလည်း ရေးခဲ့တယ်။ အကောင်းဆုံးလည်း ရေးခဲ့တယ်။ ရတုခေတ်ကို တစ်ခေတ်ဆန်းစေခဲ့တဲ့ သူ့ဩဇာဟာ နောင်လာနောက်သား ကဗျာဆရာတို့အပေါ် ညောင်းလာရတာ မဆန်းပါ ဘူး။ နတ်ရှင်နောင်လို သူ့ခေတ်ပြိုင် စာဆိုတို့အပေါ် ဩဇာညောင်းတာကို ထားလိုက်ဦး၊ ရာစုနှစ် နှစ်ခုကိုကျော်ပြီး ကုန်းဘောင်ခေတ်တိုင်ပဲ သူ့ဩဇာ ကြီးခဲ့တယ်။

မင်းဒဏ်သင့်ပြီး မဲဇာချောင်ကို ရောက်သွားရတဲ့ အခါ လက်ဝဲသုန္ဒရ အမတ်ဟာ အထီးကျန် ဘဝမှာ သူနှစ်ခြိုက် ကျက်မှတ်ခဲ့ဖူးတဲ့ နဝဒေးကြီး ရတုတို့ကို သတိရမိတယ်။ သူ့ စိတ်နားမှာ အထူးတလည် ကြားယောင်နေခဲ့တဲ့ နဝဒေး စာသားတို့ကတော့

www.foreverspace.com.mm



***မြောက်လေ ဖြည်းဆောင်၊ မွှန်းတည့်အောင်လျှင်***
***နေရောင် မကျောက်၊ နှင်း မပြောက်တည့်***

နှင်းသာ ထန်၍ ချီ

***အုံ့ပြာ မှိုင်းဝန်း၊ လျှပ်ခြည် တန်းသည်***
***ရွှေနန်းဆီမှာ၊ ထင်တော့သည်။***

ခေါ်တွင်တမည် ချီ

***မျက်စိမှုးလည်၊ နေမတည်သည်***
***ရွှေပြည်ကိုသာ၊ တမ်းတော့သည်။***

ယိုးဒယားပြည် ချီ

***ဖြေဖြည် မသာ၊ ဗျာပါ ပွားဖြည့်***
***မိုးရှည့်ရှည့်တည့်***

မြင်းမိုရ်လက်ယာ ချီ

***သည်ဟန်သို့သည်၊ ဖြစ်တော့မည် ဟု***
***ရွှေပြည်ကိုသာ၊ တရှာတော့၏***
***မိုးရှည့်ရှည့်လျှင်၊ မည်သည့် ရပ်မြေ***
***မသိလေတည့်။***

စံကပြန်၍ ချီ

စတဲ့ စာပိုဒ်တွေ ဖြစ်ခဲ့ပုံရတယ်။ နဝဒေးရတုတွေ ညည်းရင်း မိမိ ကိုယ်တိုင် ကဗျာစပ်ချင်စိတ် ပေါက်လာတာနဲ့ ပေရွက်ပေါ် ရတုတစ်ပုဒ် ရေးချလိုက်တဲ့အခါ နာမည်ကျော် မဲဇာတောင်ခြေ ရတု ဖြစ်လာပါတော့တယ်။

လက်ဝဲသုန္ဒရနောက် ရာစုနှစ် တစ်ဝက်ခန့် ကြာမြင့်တဲ့အခါ ပြဇာတ်ဆရာ ဦးကြင်ဥဟာ နဝဒေးရဲ့

***သို့အောင် စင်ကို၊ မဂ္ဂင် ပျော်မွေ့***
***ဈာန်ဖြင့် လေ့သည်၊ ရသေ့တို့မှ***
***ဆွတ်မျှ ပျောင်းသမ်း၊ မလွမ်း တစ့်***
***ဘယ်သူတဲ့လိမ့်။***

မလွမ်းသသူ ချီ

www.foreverspace.com.mm



ဆိုတဲ့ စာပိုဒ်ကို သဘောကျပြီး

***ယင်းသည့်နေ့ဆိုင်***
***ရသေ့ သူတော်တိုင်မှ***
***ဉာဏ် မခိုင် ဈာန်ယိုင်လျှောရတယ်***

ရယ်လို့ ရေးစပ်ခဲ့ပြန်တယ်။ ဦးကြင်ဥနဲ့ ခေတ်ပြိုင် ဆရာ စလေကလည်း နဝဒေးရဲ့

***သာရှင် ပျော်ပါး၊ မပြည့်ငြားလည်း***
***သိကြား နေစနိုင်လှည့်သောဝ်။***

သင်းတွဲပြည်တွင် ချီ

ဆိုတာရယ်၊

***ရှင်ပင့် ရိုက်ရာ၊ သာသနာကို***
***မှန်စွာ စီးပွား၊ ကြိုးစားစိမ့်ငှာ***
***တောင်းပန်ထွာသည်***
***သိကြားသူဇာ အယက်ရှာသို့။***

သန်တွင်းဝါလျှင် ချီ

ဆိုတာရယ်၊

အဲဒီ နဝဒေး စာသားတွေကို တုပ ချဲ့ထွင်ထားတဲ့ နတ်ရှင်နောင်ရဲ့

***ရွာနှင့်မဆော်၊ ရှင်ကြောင်း ဖျော်၍***
***မပျော်ပိုင်ရာ၊ သာသနာကို***
***ထိပ်မှာ ရွက်တင်၊ ကြိုးဆောင်ချင်ဟု***
***စက်ပင် မလွဲ၊ ရှင်တော်ပွဲဝယ်***
***လွန်ကဲ ကြံစည် လျှောက်ဖူးသည်နှင့်***
***ကျင့်ရည် တစ်ခြား၊ မိုးသိကြားသည်***
***စကားမညီ မရှိလော။***

သိန်ခရစ်လျှင် ချီ

www.foreverspace.com.mm



ဆိုတာရယ်၊ စတာတွေက အကြံရကာ

***နန်းမေရှ ပြသာဒ်***
***လမ်းဖြတ်တဲ့ ဣန္ဒာ***
***ကမ်းသတ်လို့ နိမ်ရှာတယ်***
***အလိမ္မာ လွန်သား။***
***ထောက်လှမ်းချက် သုမေ္မာဝယ်***
***ခုအခါ လစ်ကြသလား။***
***ဘရားက သိကြားကို မှာတယ်၊***
***ဌကထာ ရှိသား၊***
***သာသနာ ငါ ထားခဲ့***

စတဲ့ တေးကဗျာကို ရေးစပ်ခဲ့ပုံ ရပါတယ်။

အလားတူပဲ နဝဒေး ရတုများကနေ စာသားလိုက် ဖြစ်ဖြစ်၊ အတွေး စိတ်ကူးလိုက် ဖြစ်ဖြစ် နည်းယူကြတဲ့ သာဓကတွေ အမြောက်အမြားပဲ ရှိပါတယ်။ နဝဒေးဟာ မြန်မာ့ဂန္ထဝင်မှာ ရတုအများဆုံး ရေးခဲ့သူ ဖြစ်တယ်။ စကားလုံးတွေ၊ စိတ်ကူးတွေ ထပ်နေတာများ ရှိခဲ့ပေမယ့် သူ့စာလုံးတွေဟာ ထိမိခဲ့တယ်။ သူ့စိတ်ကူးတွေဟာ ကဗျာစိတ်ကူးတွေ ဖြစ်ခဲ့တယ်။ သူ ဖွဲ့နွဲ့ခဲ့တဲ့ အကြောင်းအရာတွေကလည်း ထုံးတမ်းအစဉ်လာ မယ်ဖွဲ့ မောင်ဖွဲ့ ဘုရားတိုင်မိုးတော ဆိုတာထက် ပိုမိုပြီး တော်တော်ကို ထွေပြားခဲ့တယ်။ သူဟာ မြန်မာ့ဂန္ထဝင်ကဗျာသမိုင်းမှာ အကြီးမားဆုံး ကဗျာဆရာတွေထဲမှာ တစ်ဦး ဖြစ်ခဲ့တယ် ဆိုတာ ယုံမှား သံသယရှိဖွယ် မလိုချေဘူး။

♦ ♦ ♦

www.foreverspace.com.mm

# နတ်ရှင်နောင်

(၁၅၇၈–၁၆၁၂)

ကဗျာဟာ ကဗျာရေးသူကို ကိုယ်စားပြုရဲ့လား၊ သူ့ရဲ့အဇ္ဈတ္တ စိတ်သန္တာန်ကို တကယ် ထင်ဟပ်ပြရဲ့လား။ ဒီပြဿနာကို တစ်ချိန်က ပညာရှိ အကျော်အမော်များ အငြင်းအခုန်ပြုဖူးတယ်။ တစ်ဖက်က ပြုတယ်၊ ထင်ဟပ်ပြတယ်လို့ အထောက်အထားတွေနဲ့ တင်ပြတယ်။ တစ်ဖက်ကလည်း မပြုဘူး၊ မထင်ဟပ်ဘူးလို့ သာဓကတွေနဲ့ အခိုင်အမာ ထောက်ပြတယ်။ ကဗျာရေးသူရဲ့ ပင်ကို စိတ်က တခြား၊ သူ့ကဗျာထဲမှာ ဖော်ပြထားတာက တခြားရယ်လို့ ဆိုတယ်။ အင်မတန် စိတ်ဝင်စားထိုက်၊ ဂရုပြုလေ့လာထိုက်တဲ့ ဝိဝါဒအခြင်းအရာပါပဲ။ ကျွန်တော်တို့ အယူအဆကတော့ နှစ်ဦးစလုံး တစ်ဝက်စီ မှန်ကြတယ်လို့ ဆိုချင်တယ်။ တချို့ကဗျာဆရာတွေအဖို့ ကဗျာဟာ လူကို ထင်ဟပ်ပြနေပြီး တချို့မှာတော့ မထင်ဟပ်ဘူး။ ကဗျာရေးသူ တစ်ဦးထဲမှာကိုပဲ ကဗျာတစ်ပုဒ်မှာတော့ သူ့စိတ်ကို ထင်စေပြီး နောက်တစ်ပုဒ်မှာတော့ လူက တခြား၊ ရေးထားတာက တခြား ဖြစ်နေတယ်လို့ ယူဆလိုပါတယ်။

အစဉ်အလာ ဗမာစာပေ သုတေသီတွေဟာ ဒီအချက်ကို ထည့်သွင်း မစဉ်းစားခဲ့ကြဘူး။ သူတို့အဖို့တော့ ခုနက ငြင်းကြတဲ့ ပညာရှင်နှစ်မျိုးမှာ တစ်မျိုးရဲ့ဘက်ကပဲ ပါနေကြတယ်။ ကဗျာဟာ လူကို ထင်ဟပ်တယ်ချည့်ပဲ။ ဒီလိုနဲ့ ဂန္ထဝင်မြန်မာ ကဗျာဆရာ အများအပြားဟာ ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရတယ်။ လူက သူတော်စင်၊ တရံတစ်ခါ အပျင်းပြေ မယ်ဘွဲ့ ကဗျာလေး ရေးမိတာနဲ့ အချစ်ရူး၊ တဏှာရူးလုံးလုံး ဖြစ်ရတော့တယ်။ လူက ယောကျ်ားဘသား

www.foreverspace.com.mm



စစ်သားကြီး၊ ထုံးတမ်းစဉ်လာအရ လွမ်းရတုတစ်ပုဒ်ကို ဝါသနာအလျောက် ရေးမိတာနဲ့ အားနွဲ့တဲ့ လူညံ့ လူပျော့ ဖြစ်သွားတော့တယ်။ ပြောင်းပြန်အရလည်း လူက မိန်းမရှာ၊ ဇာတိမာန်ကဗျာတစ်ပုဒ်ရေးဖူးတာနဲ့ ဧရာမသူရဲကောင်းကြီး ဖြစ်ချင်လည်း ဖြစ်သွားတတ်တာပဲ။ ဒီလိုနဲ့ စာကိုကြည့်ပြီး လူရုပ်ကိုဖမ်းကြ၊ ချဲ့ကားပြီး ဇာတ်လမ်းပမာတွေ လုပ်ကြတာကြောင့် ပုံပျက်ရတဲ့ မြန်မာစာဆို တွေထဲမှာ အထိနာဆုံး ပုဂ္ဂိုလ်ကတော့ တောင်ငူဘုရင် နတ်ရှင်နောင် ဖြစ်ပါ တယ်။

နတ်ရှင်နောင်ရယ်လို့ ဆိုလိုက်ရင်ပဲ အများစုက အလွမ်းရတုတွေကို သွား ပြီး သတိရကြတယ်။ စစ်မြေကနေ သူ့ချစ်သူ 'ဓာတုကလျာ'ကို လွမ်းတနွမ်းလျ နေပုံကို မြင်ယောင်ကြတော့တယ်။ တကယ်ကတော့ နတ်ရှင်နောင်ဟာ အလွမ်းသမား လူနုလူပျော့လည်း မဟုတ်ဘူး။ ရာဇ ဓာတုကလျာဆိုသူကိုလည်း လက်ထပ်ဖူးတာကလွဲလို့ စွဲစွဲလမ်းလမ်း မရှိလှပါဘူး။ သူရေးခဲ့တဲ့ ရတုတွေထဲက မယ်ဟာလည်း ဓာတုကလျာ မဟုတ်ပါဘူး။ ဒီမင်းသမီးကို ရည်စူးပြီး ဖွဲ့တဲ့ ကဗျာရယ်လို့ မှတ်တမ်း ဆရာအချို့ အဆိုရှိတာကလည်း တစ်ပုဒ်ပဲ ('တင့်လှ ပေဟန်'ချီ) ရှိတယ်။

ကဗျာစာဆို တစ်ယောက် အကြောင်း ပြောမယ်ဆိုရင် သူ့အတ္တုပ္ပတ္တိကို ရတန်သရွေ့ ပြန်ပြောင်းကြည့်ရပေမယ်။ သူ့စာ တစ်ခုထဲနဲ့တင် မလုံလောက် ပေဘူး။ နတ်ရှင်နောင်ဆိုတာက သမိုင်းဝင် အထင်ကရ ပုဂ္ဂိုလ်ပေပဲ။ သူ့ဘဝ အကြောင်းကို သမိုင်းမှာ အထိုက်အလျောက် မှတ်တမ်း ကျန်ရစ်ပါတယ်။ သူဟာ ကလေးအရွယ်ကတည်းက စစ်တိုက်လာတဲ့ စစ်သားတစ်ဦးဖြစ်တယ်။ တိုင်းပြည် နယ်နိမိတ်ကို ကျော်ပြီး ခရီးထွက် တိုက်ခဲ့ဖူးတယ်။ တိုက်ရည်ခိုက်ရည် ထူးချွန် ထက်မြက်လှတယ်လို့လည်း ဆိုတယ်။ စိတ်ဓာတ်ကလည် မဟုတ်မခံ၊ ခိုင်မာ ပြတ်သားတဲ့ စိတ်ဓာတ်မျိုး ရှိသူ ဖြစ်တယ်။ လာရောက် ဗိုလ်ကျတဲ့ အင်းဝမင်းကို မခံချင်လွန်းသမို့ နောက်ဆုံး သန်လျင်က ငဇင်ကာတို့နဲ့ ပူးပေါင်းခဲ့တာ ကြည့် ပေ့ါ။ သူရဲ့ တိုတောင်းတဲ့ ဘဝတာဟာ တိုက်ရင်းခိုက်ရင်း ရုန်းကန်ရင်းနဲ့ပဲ ပြီးခဲ့တယ်။ ဒီလိုလူမျိုးဟာ အချစ်ရူး၊ လူပျော့လူညံ့ မဖြစ်နိုင်ဘူး။

ဒါပေမဲ့ သူဟာ စာပေဝါသနာ အထုံပါသူတစ်ဦး ဖြစ်တယ်။ လက်ရုံးရည် ရော နှလုံးရည်ရော အစွမ်းထက်ကြတာ ကမ္ဘာ့သမိုင်းမှာ၊ မြန်မာ့သမိုင်းမှာ မရှားပါဘူး။ 'ထိုမင်းကား ရတုဆိုခြင်း၌ သိမ်မွေ့၏။ ဂမ္ဘီရဉာဏ်နှင့် ပြည့်စုံ၏'လို့

www.foreverspace.com.mm



သမိုင်းဆရာက ဆိုတယ်။ စာပေဝါသနာပါလို့မို့ စစ်မတိုက်တဲ့အခါ အားနေတဲ့ အခါ ကဗျာလှလှလေးတွေကို သူ ရေးဖွဲ့ခဲ့တယ်။ ဒီလို ရေးဖွဲ့ခဲ့တဲ့အတွက် သူ့ကို လူနု တစ်ယောက်လို့ စွပ်စွဲရင်ဖြင့် မတရားပေဘူး။ မော်စီတုန်းဟာ ကဗျာကို နုအောင် လှအောင် ဂန္ထဝင်လေနဲ့ ရေးဖွဲ့တတ်သူ တစ်ဦးပေပေါ့။ တစ်ခုပဲ ရှိတယ်။ နတ်ရှင်နောင်က သူ့ရတုတချို့မှာ စစ်မြေကနေ 'မယ့်'ကိုလွမ်းကြောင်း ထည့်ရေးထားတယ်။ ဒါပေမဲ့ သူ့ရတုထဲကမယ်ဆိုတာ တကယ် ရှိရဲ့လား။

***မယ်တို့ဆီက၊ ကျူးသီရစ်ဝဲ***
***ဝန်းလှာန္တဲ့သော်၊ ဖန်လဲတဆို***
***ရသည်ကိုမျှ၊ မြင်းမိုရ်ထိပ်မှူး***
***သနားဦးလော့၊ ဆယ်ကျူးသက်စစ်***
***နောင်ကြင်ချစ်မူ၊ သွင်းနှင့် ရက်စွန်း***
***ရာသီပန်းချင့်၊ ကြင့်နုန်းစာတ်မွေ***
***ဆံခွေမဥ္ဇူ၊ မြတ်နှစ်ဆူကို***
***ဆုယူရည်ညွှန်း၊ တင်လိမ့်မှန်းသည်***
***ရွှေစန်းရီညှ ခါလှည့်သော၊***

ယခုကစင် ချီ

မိုးသားတွေ ရစ်ဆိုင်း အုံ့မှိုင်းလာတယ်။ မယ်တို့ နေပြည်ဘက်ဆီက မိုးတွေထင်ရဲ့၊ သူ့ကို တမ်းတရပါပြီ မိုးနတ်မင်းရယ်၊ သနားပါဦး။ နောင့်ချစ်သူ ဆယ်ကျော်သက်ကလေးတော့ နောင့်ကို လွမ်းပြီး ဘုရားမှာ ဆုတောင်းနေရှာ ရော့မယ်လို့ ရေးထားတာပါပဲ။ နဝဒေးကြီးတို့ ရေးရိုးရေးစဉ်အတိုင်း ရေးသွား တယ်ဆိုတာ အလွန် ထင်ရှားတယ်။ ဘာခံစားမှုမှ မပါဘူး။ အသင့်ရှိပြီး ရေးပြီး စကားလုံးတွေကို ကောက်ကာငင်ကာနဲ့ စီတန်းသွားတာပါပဲ။ ချစ်သူ မိန်းကလေး ဟာလည်း ဘယ်မိန်းကလေးမဆို ညွှန်းလို့ရတဲ့ မိန်းကလေးမျိုးပါ။ အဲ ရာဇ ဓာတုကလျာတော့ ညွှန်းလို့မရဘူး။ 'ဆယ်ကျူးသက်စစ်'ဆိုတော့ ဒီအမယ်အို ကြီး မဟုတ်တန်ရာပေဘူး။

နတ်ရှင်နောင် ရတုထဲက မောင်နဲ့မယ်ဟာ ဘယ်သူဘယ်ဝါ မရှိပဲ စိတ်ကူး ယဉ်သာ ဖြစ်ကြောင်း ပြတဲ့ နောက်အချက်ကတော့ ရတုတစ်ပုဒ် လုံး အစက

အဆုံးတိုင် မိန်းကလေး ရှုထောင့်ကနေရေးတဲ့ ရတုမျိုးပါပဲ။ တချို့ကျ မောင်ဘွဲ့ ရတုလို့ ခေါ်ကြတယ်။ တချို့ကလည်း မယ်က ဖွဲ့လို့ မယ်ဘွဲ့တဲ့။ နတ်ရှင်နောင် ရတု အပုဒ် ၆၀ ကို စိစစ်ရင် မယ်ဖွဲ့က ၂၆၊ မောင်ဖွဲ့ ၂၀၊ မယ်မောင် ခွဲမရ တဲ့ အဖွဲ့က ၅၊ အခြားအကြောင်းအရာ ၉ ပုဒ် ပါဝင်နေတာ တွေ့ရတယ်။ ဒီလိုအဖွဲ့မျိုးမှာ နတ်ရှင်နောင်ဟာ တကယ့် မိန်းကလေးလေ ပါအောင် ရေးလေ့ ရှိတယ်။ ကညစ်စမ်းနေမှန်း သိသာသပေါ့။

***ဖျော်ဖြေစရာ၊ စစ်မြေတာဝယ်***
***ပစာပျော်ဖွယ်၊ ပျော်ကြောင်းချယ်၍***
***မယ့်ဝယ်ဆွတ်လွတ်၊ မေ့ကျန်တတ်ဟု***

မှာခဲ့ရက်လျှင် ချီ

နောက်တစ်ကြောင်းကလည်း နတ်ရှင်နောင်ဟာ သူ့ညီ လူပျိုပေါက်တွေ ကို ကျီစယ်တဲ့အနေနဲ့ သူတို့ကပဲ နောက်ပိုး ပိုးပြီး အမျိုးသမီးဆီ ရေးလေဟန် ရတုမျိုးကိုလည်း ရေးတတ်သေးတယ်။ ဒီရတုကို လူပုံအလယ်မှာ စာတော်ဖတ် က ထပြီး ဖတ်လေတော့ နာမည်ပါသူ မင်းသားခမျာ ရှက်ကိုးရှက်ကန်းဖြစ်ကုန် ရတော့တာပေါ့။

***မင်းတရား၏၊ သည်းကြားရင်သွေး***
***သားတော်ထွေးဟု၊ နီးဝေးကြေငြာ***
***ကျော်ဝှန်စွာလျက်၊ အာဏာလွန်ကဲ***
***ပြိုင်ဖက်ရဲသား၊ မင်းရဲကျော်ထင်***
***ကျွန်းလုံးရှင်က၊ ရပ်ခွင်မြေခြား***
***စေသောအားဖြင့်၊ ထံပါးရွှေ့မှောက်***
***ရောက်သောဟန်ကို၊ မကျန်ကြောင်းလျား***
***ပြန်လျှောက်ကြားသည်***

ချင့်တာသုံးထောင် ချီ

www.foreverspace.com.mm



တရုတ်ပြည်က ဥတည်မင်းရဲ့ သမီးတော်ဆီကို ကျေးစေလိုက်တယ်။ တရုတ်မလေးက မေးတဲ့အခါ ကျေးလေးက ဒီလို ပြန်ပြောရမယ်လို့ မှာကြားနေပုံပါပဲ။

ဒီဖြစ်ရပ်အမှန်ကို မသိတဲ့သူ တချို့က နတ်ရှင်နောင်ရတုကိုပဲ 'မင်းရဲကျော်ထင်ဆို ရတု' စသဖြင့် မှတ်တမ်းတင်ကြတော့တယ်။ ဒါနဲ့ ပတ်သက်ပြီး ရတုစုဆောင်းသူ လက်ဝဲနော်ရထာက 'တောင်ငူမင်းဆိုသော စာ အထွတ်ထက်မှာ ချီ ရတုကို မင်းရဲကျော်ထင် စာခံသကဲ့သို့ ထိုရတုစုံကိုလည်း မင်းရဲကျော်ထင် စာဖွဲ့ခံသာ ဖြစ်မည်' ရယ်လို့ မှတ်ချက်ချဖူးတယ်။

ဒီတော့ နတ်ရှင်နောင် ဘယ်လိုလုပ်ပြီး ကဗျာတွေ ရေးနေတယ် ဆိုတာ ခန့်မှန်းလို့ ရပါပြီ။ သူဟာ စစ်ထွက်သွားတဲ့အခါ ခဏနားခိုက် အပျင်းပြေသဘောမျိုး လွမ်းရတု တချို့ကို ရေးမယ်။ အသံနေအသံထားနဲ့ ဟဲတတ်တဲ့ သွေးသောက်ကြီး တစ်ယောက်ကို ထပြီး ဖတ်စေချင်ရင်လည်း ဖတ်စေမယ်။ နေပြည်တော်မှာ ရှိတဲ့ အခါများမှာလည်း အားရင် သူ့ညီ တွေနဲ့ ကူလီကစားရင် ကစား၊ မကစားရင် ကဗျာရေးမယ်။ ညီတွေကို ကျီစယ်တဲ့အနေနဲ့ ရေးချင်တဲ့ အခါ ရေးမယ်။

နတ်ရှင်နောင်ဟာ သူ့ညီတွေကို အတော် ချစ်မြတ်နိုးရှာပုံရတယ်။ သူတို့နဲ့ ကူလီကစားတယ်။ ကစားတော့ အစ်ကိုကြီး လုပ်သူကချည့် နိုင်တယ်။ နိုင်တဲ့ အကြောင်း ရတုရေးပြီး ညီတွေကို ကလိတယ်။ ညီ မင်းရဲ ကျော်စွာက မင်သေ့ကို အပတ်ပြည့်အောင် မထိုးတော့ ရွှေမင်းသမီးက မကြည်လေဟန် ကျေးစေရတု ရေးပြန်တယ်။ ရတုတချို့မှာတော့ သူ့ကိုယ်သူ 'ညီများနောင်'လို့ ကင်ပွန်းတပ်ထားတယ်။ ညီတွေရဲ့ အစ်ကိုကြီး ဖြစ်ရတာကိုပဲ ဂုဏ်ယူလိုဟန် အားရနေဟန်ပါပဲ။

***တွက်ဆရှာသော်၊ သုံးရွှေဖော်နှင့်***
***မြဲတော်နေကျ၊ မမှတ်ရတည့်***
***ကျိုင်းမြည်ရောင်၊ ညီများနောက်လျှင်***
***ယုံအောင်ချီသာ၊ နှုတ်ပျူဟာနှင့်***
***မယ်မှာလှည့်ဖျား၊ ဆိုသည်များကို***
***မှတ်သားပေဖွယ်၊ သူတို့ ဝယ်လည်း***
***သည်နှယ်သို့ချည့်***

ရက်လခါကျော် ချီ

www.foreverspace.com.mm



ဒီညီတွေရဲ့ အစ်ကိုကြီးဟာ အပြောကဖြင့် ချိုချိုနဲ့ မယုံယုံအောင် လှည့်ဖျားတတ်တယ်။ ပြီး မေ့ပစ်ရော၊ သူတို့ ညီအစ်ကိုတွေ ဒီလိုချည့်ပါပဲလေတဲ့။

ညီတွေကို ချစ်ရှာတဲ့ အစ်ကိုကြီးတစ်ယောက် နောင်တစ်နေ့ သန်လျင်မှာ ကွပ်မျက်ခံရတော့ ညီထွေးကလေး မင်းရဲကျော်ထင် (သူ ရတုနဲ့ အမျိုးမျိုး ကလိခဲ့သူ)ကပဲ သဂြိုဟ်ရတယ်လို့ မှတ်တမ်းက ဆိုတယ်။ ညီအစ်ကိုတွေရဲ့ ရင်နင့်စရာ မေတ္တာဇာတ်လမ်းလေး တစ်ပုဒ်ပါပဲ။

ယောကျ်ားတစ်ယောက်ဟာ ညီအစ်ကိုချင်း တွယ်တာတတ်ရင်၊ ရဲဖော်ရဲဖက်ချင်း ချစ်မြတ်နိုးတတ်ရင် မိန်းမတစ်ယောက်ကို အရှူးအမူး မချစ်နိုင်ဘူး။ မိန်းမတစ်ယောက်ကို အသေအလဲ ချစ်တယ်ဆိုတာ အတ္တလွန်ကဲသူ၊ ရဲဘော် စိတ်ကင်းမဲ့သူတို့ရဲ့ အလုပ်သာ ဖြစ်တယ်။ နတ်ရှင်နောင်ဟာ ဒီလို လူစားမျိုး မဟုတ်ဘူး။

နတ်ရှင်နောင်ဟာ ရတုကဗျာရေးဖွဲ့ရာမှာ နဝဒေးကြီးကို နောက်လိုက်ခံပါတယ်။ နဝဒေးကြီးရဲ့ စကားလုံးတွေကို ယူတယ်၊ အဖွဲ့အနွဲ့တွေကို ယူတယ်။ ဒါပေမဲ့ အတုံးလိုက်အတစ်လိုက် ယူတာ မဟုတ်ဘဲ ကောင်းသထက် ကောင်းအောင် ပြုပြင်ပြီးတော့မှ ယူတယ်။ နဝဒေးကြီးနဲ့ သူ ကွာခြားတဲ့ အချက်တစ်ခုကတော့ ရှေးပညာရှိတို့ အခေါ်အဝေါ်အရ 'ဩဇဂုဏ်' ပါပဲ။ သူဟာ စကားလုံးတွေကို ချွေတာသုံးစွဲပြီး ကျစ်လျစ်အောင် လုပ်လေ့ ရှိတယ်။ သဒ္ဒါစကားလုံးလို့ ခေါ်တဲ့ သည်၊ သော၊ ၏ စတာတွေကို မလွှဲသာမှ သုံးတယ်။

***တစ်သောင်းဇမ္ဗူ၊ လှည့်ယူကြိုက်ရာ***
***ရွေးခဲ့ရှာလည်း၊ စကြာရဟတ်***
***ပန်းကာပတ်လိမ့်၊ ညွတ်ညွတ်ခခ***
***ယုယပျော်ပါး၊ သနားလေလေ***
***တွေတွေမသိ၊ မျက်စိတန်ဆောင်***
***ထွန်းပြောင်လျှံဝါ၊ သခင်သာဟု***

တစ်သောင်းရှစ်ပြန် ချီ

ဒါ နတ်ရှင်နောင် ရေးနည်းပါပဲ။ သဒ္ဒါစကားလုံးတွေ ချွေတာလွန်းတဲ့အတွက် ဘယ်သူပျော်ပါးပြီး ဘယ်သူက သနားကာ ဘယ်သူ မသိသလဲ ဆိုတာ နားလည်ဖို့ ရတု တစ်ပုဒ်လုံးကို အခေါက်ခေါက် ဖတ်ရပေလိမ့်မယ်။

www.foreverspace.com.mm



နတ်ရှင်နောင်ဟာ စကားလုံးတို့ရဲ့ အရှင်သခင် ဖြစ်တယ်။ စကားရဲ့ အဓိပ္ပာယ်ကိုရော စကားသံကိုပါ နိုင်နိုင်နင်းနင်း ရွေးစစ် သုံးစွဲတတ်တဲ့ အတွက် သူ့လက်ထဲမှာ ဧကေဿာရ ရတုရစ်သမ်ဟာ လှုပ်ရှားလာရသလို နိမိတ်ပုံဟာ ထင်ရှားလာတယ်။ သူဟာ ဩကာသလောကရဲ့ ကြောက်မက်ဖွယ် ရှုခင်းကို စကားလုံးပန်းချီ ဖော်ကျူးရာမှာ အောင်မြင်လှတယ်။

***လေဆောင်ပြင်းထန်၊ ကြောက်ဖွယ်လွန်စွ***
***မြဟန်ရောင်ချိပ်၊ မှိုင်းတည့်ရိပ်လျက်***
***သုံးထိပ်တောင်ချာ၊ ဆီကသာလျှင်***
***လျှပ်ဝါပြက်သန်း၊ တိမ်ညိုတန်းလျက်***

ဆွတ်ပျံ့ဖွယ်အောင် ချီ

ဒီကောက်နုတ်ချက်မှာ အရောင်ကို တောင်ငွေမင်း သုံးစွဲပုံဟာ အံ့ဖွယ်သူရဲ ဖြစ်တယ်။ မြရဲ့ အစိမ်း၊ ချိပ်၊ မှိုင်း၊ လျှပ်ရဲ့ အဝါ၊ တိမ်ညို၊ ဒါတွေရဲ့ ဒြပ်ရော။

***ဟူးဟူးထန်ပြင်း၊ သန်လျက်ဝင်းက***
***သက်ဆင်းကိုယ်ထင်၊ မြင်လတ်နိုးဘိ***
***ယူးယူးရှိလျက်၊ မျက်စိဖွင့်အံ့***
***မှုမဝံ့တည့်၊ ခြံခြံတော်ရိုက်***
***ပဲ့တင်လိုက်မျှ၊ နားၶခြစ်ခြစ်***
***ကြိုးဖြန်းထစ်က၊ ပြိုလစ်မည်ပင်***
***ထင်တုံလန့်စိုး၊ လက်ကာမိုး၍***

ထစ်မည်လိုမူ ချီ

ဒီမှာတော့ အသံကို ဖော်ကျူးထားတယ်။ လေတိုက်သံ၊ မိုးရွာသံ၊ လျှပ်တော်လဲသံ။ အသံတွေကြောင့် မိုးနတ် (ဒီနေရာမှာ ကြောက်ဖွယ် မိစ္ဆာနတ်ကြီးလို လုပ်ထားတယ်။) ကိုယ်ထင် ပြနေပြီများလား မြင်ရမှာ စိုးလို့ မျက်စိမဖွင့်ဝံ့။ မိုးပြိုတော့မလား ထင်ရသမို့ မဖြစ်ညစ်ကျယ် လက်ကလေးနဲ့ ကာထားမိပုံ။

www.foreverspace.com.mm



*... ... ၊ အာကာယုဂန်*
*ထက်စွန်ရွှေနောက်၊ တောင်မြောက်မလပ်*
*ကိုးရပ်ပတ်လည်၊ မြခြည်မြညွန့်*
*ခြယ်တန့် ခြယ်ဆန်း၊ တိမ်ပန်းတိမ်ဦး*
*သွန်မြူးမသည်း၊ ကျဖြည်း ဆီးဖြောက်*
*လွမ်းလှောက် လွမ်းဝေ၊ ကြီးလေစေဟု*
*မြောက်လေပျံ့ဖြည်း။*

လွမ်းလှရာတွင် ချီ

ဒီမှာတော့ 'သွန်မြူးမသည်း' ဆိုတဲ့ စကားကြောင့်တင် မဟုတ်ဘဲ ပါဒတွေရဲ့ ရစ်သမ်ကိုက တအေးအေး တဖွဲဖွဲနဲ့ လွမ်းကောင်းရုံကလေး စိမ်ပြေနပြေ ရွာနေတဲ့ စွေမိုးလေး ဖြစ်ကြောင်း ပြညွှန်နေတယ်။

ဒါ နတ်ရှင်နောင် အစဉ်အလာအတိုင်း ရေးခဲ့တဲ့ ရတုများရဲ့ နမူနာ အချို့ ဖြစ်ပါတယ်။ ဒါတွေနဲ့ လမ်းခွဲပြီး နတ်ရှင်နောင် ရေးခဲ့တဲ့ ရတုများ ကတော့ သူ့ညီတွေနဲ့ ကူလီကစားကြပုံ ရတုနှစ်ပုဒ်ပါပဲ။

*သူ့ခွင်စက်ပါး၊ မှန်သည်များကို*
*ကြိမ်းဝါးတုံမှ၊ အားပါးကျ၍*
*ထို့က သတိုး၊ တဖန်ကြိုးလည်း*
*တန်နိုးမဲ့ခွေ၊ ပွဲမကျေခဲ့။*
*ကြိုးထွေတန်ခိုး၊ ရင့်နိုးသမ္ဘာ*
*ရဲကျော်စွာလည်း ၊ မာန်ပါခြိမ်းမဲ*
*လက်ဝဲလကျာ၊ လိုက်လှည့်ကာတည့်။*
*စက်ဝါနေတူ၊ သီဟသူလျှင်*
*သွေးယူခဲ့ကာ၊ မတတ်သာ၍*
*ကြမ္မာကံယိုး၊ ရှက်စနိုးရှင့်။*
*သတိုးစမွှ၊ ရဲနေကျလည်း*
*လက်ချမှိုင်တွေ၊ ရှုံးလှချေသည်*

ခုနစ်တောင်စွန် ချီ

www.foreverspace.com.mm



ရေးဖွဲ့ရတဲ့ အကြောင်းအရာက တောင်းဆိုလှာတော့ စာဟန်ဆိုတဲ့ စကား အသုံးအနှုန်းဟာလည်း ခက်မာပြင်းထန်အားကောင်းလို့လာတယ်။ အနုအလွမ်း ကဗျာထဲမှာ ဒီရတုနှစ်ပုဒ်ဟာ သစ်လွင် လန်းဆန်းပြီး တောက်ပနေပါတော့ တယ်။

စစ်မက်ရေးရာ တိုက်ရည်ခိုက်ရည်နဲ့ ပတ်သက်ပြီး ရေးဖွဲ့ထားတဲ့ ရတုအချို့ တွေ့ရသေးတယ်။ ကမ္ပည်းလိပ်တပ်ထားတာကတော့ နတ်ရှင်နောင် မဟုတ်ဘဲ သတိုးဓမ္မရာဇာမိဖုရား(တချို့က နဝဒေး)၊ ပြည်မိဖုရား စတဲ့ နာမည်တွေ ဖြစ်နေ တယ်။ ဒီမိန်းမတွေကိုယ်တိုင် ကဗျာရေးခဲ့ကြသလား၊ ညီတွေဖို့ ရေးပေးသလို သူတို့ ကိုယ်စား နတ်ရှင်နောင်က ရေးပေးခဲ့သလား စောကြောဖို့ လိုနေတယ်။

***သတိုးမည်သာ၊ ဓမ္မရာဟု***
***စကြာသခင်၊ နတ်ရှင်ညီလတ်***
***တိုက်သန်တျင်းတျင်း၊ တစ်စင်းလှေမျှ***
***လွတ်ရမဲ့ဆုံး၊ ယူကျုံးရိုင်းကျွန်***
***မလွန်ကြောက်ရွံ၊ အားလုံးနှံ့မှ***
***စံဖြစ်စလောက်၊ မုံးဆုံးအောက်ဝယ်***
***နှစ်ယောက်မတူ၊ မယ့်ကြင်သူကို***
***ဇမ္ဗူပတ်ကုံး၊ ပြိုင်တိုင်းရှုံးသည်***

ဘဝဂ်လှိုက်ဆူ ချီ

***မြပန်းရှွင်ရှင်၊ နတ်ရှင်ညီလတ်***
***မယ့်သက်မှတ်လျှင် … …***
***ယင်းသည်ညပင်၊ လွှတ်တော်ပြင်၌***
***စီးဆင်မုန်ယို၊ တိုက်မည်ဆိုရှင့်***
***မောင့်ကို မှီမှ၊ ပန်ပါရလိမ့်***

ဝေပူလတောင် ချီ

ပဒေသရာဇ်တစ်ဦးမျှသာ ဖြစ်တဲ့ နတ်ရှင်နောင်ဟာ ပြည်သူတွေရဲ့ ဘဝကို လည်း စာနာတတ်ပုံရတယ်။ ပြည်သူတွေရဲ့ လယ်ယာကိုင်းကျွန်း လုပ်ငန်းကို ပူပန်ပြီး ကဗျာဖွဲ့ဖူးတယ်။

www.foreverspace.com.mm



***တောင်တောအဝန်း၊ လုပ်ခန်းကြံခင်း***
***လက်ငင်းအသင့်၊ လုံးစုံလင့်လျက်***
***ရွာခွင့်မဆော်၊ ရှင်ကြောင်းဖော်၍***
***မပျော်ပိုင်ရာ၊ သာသနာကို***
***ထိပ်မှာရွက်တင်၊ ကြိုးဆောင်ချင်ဟု***
***စက်ပင်မလွှဲ၊ ရှင်တော်ပွဲဝယ်***
***လွန်ကဲကြံစည်၊ လျှောက်ဖူးသည်နှင့်***
***ကျင့်ရည်တခြား၊ မိုးသိကြားသည်***
***စကားမညီ ရှိသလော။***

သိန်ခရစ်လျှင် ချီ

ပြည်သူတွေ ထွန်ယက်စိုက်ပျိုးချိန် ရောက်နေပါပြီ။ခုထိ မိုးမရွာသေးဘူးလား။ သာသနာတော်ကို စောင့်ရှောက်ရစ်ပါ့မယ်လို့ ဘုရားထံ လျှောက်ထားခဲ့တဲ့ သိကြားမင်းရယ်၊ ခုတော့ အပျော်ကျူးပြီး ပြည်သူတွေရဲ့ ဘဝကို မေ့နေပြီလားလို့ ရန်တွေ့ထားတာပါပဲ။ ဒါကို နောင် ကုန်းဘောင်ခေတ်မှာ စလေဆရာက တေးထပ်အသွင်နဲ့ ပြုပြင်ရေးလိုက်တဲ့အခါ 'သိကြားလိမ်' ဖြစ်သွားပါတော့တယ်။

ကုန်းဘောင်ခေတ်ရဲ့ လှိုင်မင်းသမီးဟာလည်း တောင်ငူမင်းရဲ့ ရတုတွေကို အတော် စွဲလမ်းခဲ့ပုံရတယ်။

***မလ္လာရန့်၊ ထုံပျံ့ပန်းသတ်***
***ခြူးနတ်ဆင့်ကုံး၊ စိန်ပွင့်အုံးဝယ်***

ပေါ်နွေလလျှင် ချီ

***ခြူးစိပ် စိန်ခက်၊ ဝန်းရှက်ကြာညောင်***
***လရောင်ပြက်ကာ၊ မွှေ့ရာ ကြက်ရုံး***
***သဖင်အုံးထက်***

ဘဝဂ်လုံးလျှင် ချီ

www.foreverspace.com.mm



***ကြာညောင်စိန်ရေး၊ ခြူးပြောက်လေးထက်***
***မလေးစပယ်၊ လှယ်ကာ ပွဲ့ရှား***

ပြဆန်းမဆင် ချီ

***နတ်ရန့်တည့်၊ ဖြည်းညှဲ့ထုံသင်း***
***သလင်းကြက်စုံ၊ စိန်ညောင်ဘုံထက်***
***လျောင်းတုံမယ့်ချည်း၊ နောင့်ကိုနည်း၍***

မည်းမျှဆင်သည်ချီ

***မုလေးသတ်သား၊ ခြူးနတ်ရုပ်သွင်***
***ခြယ်လွင်ပြောက်သန်း၊ သလွန်ဆန်းထက်***
***ညှိုးမြန်းခွေပျောင်း၊ မယ်ထူးလျောင်းရှင့်***

မည်းမျှရစ်လည်ချီ

နတ်ရှင်နောင်ရဲ့ ဒီရတုစာသားတွေကို ယူပြီးတေးတစ်ပုဒ် သီကုံးလိုက်တဲ့အခါ နာမည်ကျော် 'စိန်ခြူးကြာညောင်' ဘောလယ် ဖြစ်သွားပါတော့တယ်။

ဒါပေမဲ့ လှိုင်မင်းသမီးရော၊ ၂၀ရာစုရဲ့ ကဗျာမင်းသားမင်းသမီးတွေ ရော နတ်ရှင်နောင်ရတုရဲ့ အနုအယဉ် အသွင်ကိုသာ အားကျ တုပကြပြီး သူ့ရတုရဲ့ ဒုတိယအသွင်ဖြစ်တဲ့ ယောကျ်ားပီသတဲ့၊ ကြမ်းတမ်းတဲ့၊ အားကောင်းတဲ့၊ တကယ် တန်ဖိုးရှိတဲ့ အသွင်ကိုတော့ မသိကျိုးကျွန် လုပ်နေကြပုံပါပဲ။

♦ ♦ ♦

www.foreverspace.com.mm

**ရတုဘုရင်**လို့ အများက သိပြီး **ရတုတံခွန်စိုက်သူ**လို့ ပညာရှင်အချို့က မှတ်ချက်ချရတဲ့ တောင်ငူဘုရင် နတ်ရှင်နောင်ဟာ တကယ်တော့ နဝဒေးရဲ့ အကြီးမားဆုံး တပည့်တစ်ဦးလို့သာ ဆိုရလိမ့်မယ်။ နဝဒေးရဲ့ စကားလုံးတွေ၊ နဝဒေးရဲ့ တွေးပုံတွေးနည်းတွေ၊ နဝဒေးရဲ့ လင်္ကာပစ္စည်းတွေကို ယူကာ အချို့ ကို တိုက်ရိုက်သုံးစွဲခဲ့တယ်။ အချို့ကို ပိုမို ပြောင်လက်အောင် အသစ်ပြုပြင်ခဲ့ တယ်။ အချို့ကိုတော့ ကိုယ်ပိုင်ဉာဏ်နဲ့ တီထွင်ခဲ့ပါရဲ့။ နဝဒေးအပေါ် နတ်ရှင်နောင် ဘယ်လောက် အကြွေးတင်တယ်ဆိုတာ သူ့ရတုတွေကို စိစစ် လေ့လာကြည့်ရင် သိနိုင်ပါတယ်။

နတ်ရှင်နောင်ကို လိပ်တပ်တဲ့ ရတု ၈၀ ခန့် တွေ့ကြရပါတယ်။ အဲဒီထဲ မှာ အချို့က စာဆို နတ်ရှင်နောင် မဟုတ်ဘူးရယ်လို့ အငြင်းပွားနေရတာ တွေ ဖြစ်တယ်။ အဲဒါတွေကို နုတ်လိုက်ရင် ရတု ၆၀ လောက် ရပါတယ်။ ဒီ ၆၀ထဲမှာ **ချစ်၊ လွမ်း၊ မိုး၊ မယ်** စတဲ့ အကြောင်းအရာအရ မပါမဖြစ်တဲ့ စကားလုံးတွေ ပယ်လိုက်ပြီး ထပ်ခါတလဲလဲ သုံးထားတဲ့ စကားလုံးတွေကို စိစစ်ကြည့်တဲ့အခါ အောက်ပါအတိုင်း တွေ့ရတယ်။

| | |
|---|---|
| ကာကာ | ၄ |
| ကို (လေးနက်မှုပြ) | ၁၇ |
| ကိုး | ၁၀ |
| ကုံး (ပတ်ကုံး) | ၃၂ |
| ကျွန်း | ၁၀ |
| ကျွန်ုပ် | ၂၄ |

www.foreverspace.com.mm




| | |
|---|---|
| ကြာ (ပန်း) | ၁၄ |
| ကြာ (ရှည်) | ၁၉ |
| ကြိုက် | ၇ |
| ခ (ယ) | ၁၃ |
| ခေါင် | ၃၉ |
| ချုပ် | ၂၁ |
| ခြောက် | ၂၃ |
| စက် | ၇၁ |
| စကြာ | ၁၄ |
| စင် | ၄၇ |
| စံ | ၅၉ |
| စုရုံး | ၅ |
| ဆန်း | ၃၂ |
| ဆယ် | ၃၈ |
| ဆွတ် | ၃၁ |
| ညက် | ၁၅ |
| ညဏ် | ၉ |
| ညို | ၃၈ |
| တင့် | ၁၁ |
| တု | ၁၁ |
| ထွတ် | ၄၉ |
| နတ် | ၆၄ |
| နောင် | ၄၅ |
| နွဲ့ | ၂၀ |
| နှောင်း | ၁၂ |
| ပစ္စုန် | ၅ |
| ပျောင်း | ၃၂ |
| ပြာ | ၂၃ |
| ပြဿဒ် | ၈ |

| | |
|---|---|
| ဖင့် | ၉ |
| ဖူး | ၂၃ |
| ဖြည့် | ၁၀ |
| ဖြူ | ၁၉ |
| ဗျာပါ | ၂၂ |
| ဘဝင် | ၁၁ |
| ဘုန်းဟော့ | ၄ |
| မင်းသာ | ၅ |
| မည်း | ၁၁ |
| မဉ္ဇူ | ၁၉ |
| မတတ် | ၁၀ |
| မိတည်း | ၂ |
| မော | ၁၇ |
| မြ | ၁၀၀ |
| မွတ် | ၃၀ |
| ယုဂန် | ၁၀ |
| ယုံ | ၃၈ |
| ယူး | ၄ |
| ယွန်း | ၁၃ |
| ရည် | ၇၈ |
| ရိပ်ခြည် | ၇ |
| ရိပ်ဖြူ | ၁၂ |
| ရုံး (စု) | ၄ |
| ရွှန်း | ၁၈ |
| ရွှေ | ၉၀ |
| လတ် | ၁၃ |
| လျှော်ရွှေ | ၇ |
| လှဲ့ | ၁၃ |
| လေသွန် | ၆ |

www.foreverspace.com.mm



| | |
|---|---|
| လျှပ် | ၂၆ |
| (လျှပ်) ပန်း | ၁၆ |
| လျှံ | ၄၁ |
| ဝင်း | ၉ |
| ဝန်း | ၅၅ |
| ဝမ်းနည်း | ၁၃ |
| ဝှန် | ၂၃ |
| သက် | ၆၂ |
| သနား | ၉ |
| သဘင် | ၈ |
| သို့ | ၂၄ |
| သောင်း | ၁၇ |
| သွန် | ၃ |
| သွန်း | ၂၅ |
| ဟူး | ၄ |
| အာဏာ | ၁၄ |

ဒီစာရင်းကိုကြည့်ရင် နတ်ရှင်နောင် တစ်စွဲတစ်လန်း သုံးနေတဲ့ စကားလုံးတွေဟာ အများစု နဝဒေးစကားလုံးတွေ ဖြစ်နေကြောင်း အလွယ်နဲ့ သိသာစေတယ်။ စကားလုံးတင် မဟုတ်၊ အတွေးမှာလည်း တောင်ငူမင်းဟာ နဝဒေးရဲ့ အတွေးတွေကိုပဲ လက်ခံသုံးစွဲခဲ့တယ်။

နဝဒေးက မိမိရဲ့စာဖွဲ့ခံဟာ ပြိုင်ဖက်ကင်းကြောင်း ဆိုလေ့ရှိသလို နတ်ရှင်နောင်လည်း ဆိုတယ်။

***အဖက်မျှ အင်၊ ရ မထင်ထည့်။***

ဘဝင်ကပင် ချီ

***နှစ်ယောက် မပြိုင်၊ မြရည် စိုင်လျှင်။***

အရှေ့မတ်မတ် ချီ

***ပြိုင်ဖက် မရ၊ လှနေကျကို***

စက်ခြည်လျှံဝေ ချီ

www.foreverspace.com.mm



***တုက္ကျွန်း လွတ်ပြိုင်၊ ကျေးမြစိုင်***

နဝမျက်ခြည် ချီ

***ကျွန်းလုံး ချီတွဲ၊ ပြိုင်ဖက် ရှဲသည်***
***မင်းရဲကျော်စွာ၊ ယုံကျွန်သော***

နတ်နန်းဘုံသာ ချီ

သူတစ်ပါးတွေ လာပြိုင်ရင် ရှုံးလိမ့်မယ်။ ကြယ်နဲ့ လနှယ် ရှိလိမ့်မယ် ဆိုတဲ့ နဝဒေး ရေးနည်းမျိုးကိုလည်း တောင်ငူမင်း သုံးခဲ့ရဲ့။

***နှစ်ပြိုင် ဖက်ရှာ၊ ဝတီသာမှ***
***စံရာ စံထား၊ ရွေးခဲ့ခြား၍***
***သိကြားတမျှ၊ ပြိုင်လှာ သ လည်း***
***သော်တာ့ ရောင်တွင်၊ ကြယ်နှယ် ထင်လိမ့်။***

ရှစ်ဆိုင်ရွက်ကြာ ချီ

***ထွတ်တင်ထားနှင့်၊ နှစ်ပါး နှိုင်းရှဉ့်***
***နှုန်းလှာလှည့်လည်း၊ ဖြိုးပြည့် လလျှံ***
***ကြယ်နှယ် ရံလိမ့်။***

ဖြူညွန့် ရွက်ဆိုင် ချီ

တူမယ့်သူကို လှည့်ပတ် ရှာဖွေပေမယ့် မရနိုင်ဆိုတဲ့ နဝဒေး အတွေး မျိုးကိုလည်း နတ်ရှင်နောင် တွေးတယ်။

***တ(စ်)သောင်း ဇမ္ဗူ၊ လှည့်ယူကြိုက်ရာ***
***ရွေးခဲ့ရှာလည်း၊ စကြာ ရဟတ်***
***ပန်းကာ ပတ်လိမ့်။***

တသောင်း ရှစ်ပြန် ချီ

***နှုန်းဆိုစရာ၊ လှည့်၍ရှာလည်း***
***စကြာနှင့်ပင်၊ ခက်မည်ထင်၏။***

တာရက်လကို ချီ

မိန်းကလေးကို နတ်နဲ့တူတယ်၊ နတ်ထက်တောင် လှသေးတယ်လို့ နဝဒေး လိုပဲ နတ်ရှင်နောင် ဖွဲ့ခဲ့တယ်။

***ပမာ နတ်ဆင်း၊ ဆွေစိုး မင်းမူ***

မည်းမျှ လာသည် ချီ

***ခြောက်ဆင့် ဘုံနေ၊ နတ်သာပေ ဟု***
***မြူတေ တမွတ်၊ ဝင်းငြိမ့်လတ်လျှင်***

သက်မှတ်ပါမည် ချီ

***နတ်အောက် မနိမ့်၊ လှလေးငြိမ့်ကို***

အာကာတသွန် ချီ

***မြောက်ပြည် ဘုံသူ၊ ရှာရွေးယူလည်း***
***တူရ ခက်၏၊ သက်လည်း ဆယ်မြတ်***
***နတ်လည်း မနှန်း၊ ဘုန်းလည်း ဖြိုးညွန့်***

ရွှန်းမြေသည်ပင် ချီ

နဝဒေးနည်းတူ တောင်ငူဘုရင်ကလည်း မြို့ကို နတ်ပြည်နဲ့ နှိုင်းခဲ့ပါသေး တယ်။

***နတ်ခြောက် ဘုံမှာ၊ ဝတီသာနှင့်***
***စံရာ ပြိုင်စိုင်း၊ သာရှည့် နှိုင်းသည်***
***ရှုတိုင်း ပျော်ဖွယ် သာလိမ့်မည်။***

ကြာမည် ရက်လည်း ချီ

သူ့ချစ်သူဟာ ခြောက်ပြစ်ကင်းသူ ဖြစ်ကြောင်း နဝဒေး ဆိုသလို နတ်ရှင်နောင်လည်း ဆိုတယ်။

***စင်သန့် မျိုးမည်၊ ပြစ်ခြည် ကင်းဝေး***
***လှငြိမ့်လေးနှင့်***

ရွှန်းမြေသည်ပင် ချီ



www.foreverspace.com.mm

www.foreverspace.com.mm



***ဖက်ရည် စံနေ၊ ပြစ်မျိုး ကွေ၍***
***ရွှေကို ပုံဖြင့်၊ သွန်းသည်နှင့်လျှင်***

စက်ခြည် လျှံဝေ ချို

***ကလျာ ငါးရပ်၊ ခြောက်ပြစ် လပ်သား***

တ(စ်)ဆယ့်နှစ်ခွင် ချို

ချစ်သူနဲ့ ဝေးတဲ့ မိန်းကလေးဟာ ကြာပန်းနှယ် ခွေညွှတ်ရှာလိမ့်မယ်လို့ နဝဒေး တွေးသလို တောင်ငူစာဆိုကလည်း တွေးတယ်။

***ကြာညွှတ် ဖယောင်း၊ နေရှိန် ပျောင်းသို့***
***ဆင့်လောင်း လွမ်းဝှန်၊ ရှိလိမ့် ဟန်ကို***

ပေါ်နွေလလျှင် ချို

***ညွှတ်ရုံ ကြာတူ၊ ဖော်နည်းသူတို့***

ဆွတ်ပျံ့ဖွယ်အောင် ချို

***ကြာနှယ် ပျောင်းခွေ၊ ပန်းကာပေတည့်။***

သက်မှတ်ပါမည် ချို

နဝဒေးက ချစ်သူမိန်းကလေးရဲ့ ဝန်းကျင်မှာ မိဖဆွေမျိုးတို့ကို မြင်တယ်။ ရုံဖန် ရုံရွှေတို့ကို မြင်တယ်။ တောင်ငူက မင်းသားကတော့ ရုံရွှေတို့ကို အမြင်များတယ်။

***ရွှေပေါင်း လှည့်ဖျား၊ လျှောက်ပါငြားလည်း***
***... ထိန်းယ ငယ်ချို၊ သွေးသီ မသာ။***

တသောင်းရှစ်မည် ချို

***ရွှေများအလယ်၊ သနားဖွယ်လျှင်***

တစ်ဆယ့်နှစ်ခွင် ချို

***မိခင် ထိန်းယ၊ ညီမ ဆွေမျိုး***
***သိခန့် စိုး၍၊ မညှိုးစေရ***

နွေနှောင်းရက်လျှင် ချို

www.foreverspace.com.mm



ချစ်သူကို အသက်ပေးတဲ့ အတွေးမျိုးကိုလည်း နဝဒေးဆီက နတ်ရှင် နောင် ရခဲ့တာပါပဲ။

***တည်ရပ် မဲ့ဆုံး၊ ယူသို့ ကျူးသည်***
***သက်လုံး ဆက်ပါချင်တော့သည်။***

ရှစ်ဆိုင်ရွက်ကြာ ချီ

***ဆက်ပြန် ဆက်ထက်၊ ဆယ်ဆ သက်ကို***
***နှစ်ချက် မထင်၊ ဆက်ပါချင်၏။***

ဖြူညွန့်ရွက်ဆိုင် ချီ

***လက်ဆောင် အသက်၊ နှင်းဆက် ချင်ချင်***

သမုဒ် ဧရာ ချီ

နဝဒေးရဲ့ အတွေးတစ်ခုဖြစ်တဲ့ ချစ်သူကို လည်မှာဆင်တဲ့ ပန်းပမာလည်း နတ်ရှင် တွေးခဲ့ ရေးခဲ့ရဲ့။

***ပြတ်မူး အကြင်၊ ပန်းနှယ်ပင်တည်***
***လည်တွင် ခွေပတ်၊ ဆင် မတတ်ဘူး။***

လွှတ်ဦး သဘင် ချီ

***လည်တွင် ဆွဲလျက်၊ ဇောတ မျက်သို့***
***ပိုက်ဖက် ရင်ရွှေ၊ ပျော်မြဲပေကို***

နွေရက် နီးလျှင် ချီ

ပန်းတွေကိုမြင်ရင် ချစ်သူကို ဆင်မပေးရလေခြင်းရယ်လို့ လွမ်းတတ်တဲ့ နဝဒေးအလွမ်းမျိုးကိုလည်း နတ်ရှင်နောင် လွမ်းတယ်။

***ရာသီ ပေါ်မှန်း၊ ထွေထွေ ပန်းကို***
***ထူးဆန်း စဉ်ရှုက်၊ လှရာ ဖက်၍***
***မယ့်လက် စီရင်၊ ပန်ရ ဆင်အံ့။***

ကြာမည် ရက်လည်း ချီ

www.foreverspace.com.mm



**နံ့သာ ကြိုင်မွှန်း၊ ခပ်သိမ်း ပန်းကို**
**ထူးဆန်း ကန်းမြောင်၊ မြ ဥသျှောင်ဝယ်**
**တင့်အောင် စီရင်၊ မယ့်လက်သင်၍**
**ဆင်စမြဲကြောင့်၊ သည်းထဲ ညွတ်ပြောင်း**

နွေရက် နီးလျှင် ချီ

နဝဒေးရဲ့ အလွမ်းရတုများမှာ ဥသြကလေး တွန်လာသလို နတ်ရှင်နောင်လည်း ဥသြငှက်ကို သတိရတယ်။

**သမ်းမဲ ပျောင်းခွေ့၊ အောက်မေ့ မြော်ခိုက်**
**တစဉ် ကြိုက်ဝယ်၊ ရွှေ့၌ သာမော**
**ရောက်ပြီ ပြောသို့၊ ဥသြ တည့်မှန်**
**ပြလှာညွန်သည်။**

ဖန်စကြာလျှင် ချီ

**ဝေကာမျှ မော၊ လွမ်းညို ရောသို့**
**ဥသြ ဖော်ရှာ၊ ချင်သံသာနှင့်**

အာကာတသွန် ချီ

**စိတ်နှင့် ညီမော၊ မြူ မရောသည်**
**ဥသြ တွန်လာပေသည့်လော။**

မည်းမျှ ပတ်သည် ချီ

နဝဒေးရဲ့ ချစ်သူဆီ ငှက်လို ပျံသွားလိုက်ချင်တဲ့ စိတ်ကူးမျိုးကိုလည်း နတ်ရှင်နောင် အတုယူ ရေးဖွဲ့ခဲ့ရ။

**တိမ်စွန် လေလျှင်၊ ဖူး ရောက်ချင်သည်**
**ငှက်သွင် ပျံကြွ မတတ်သော။**

ပေါ်နွေလလျှင် ချီ

**လွမ်းပန်း ကြီးခဲ့၊ ခရီး လေလျှံ**
**ငှက်သို့ စံ၍၊ ပျံဘိ တတ်မူ**

မွန်းချက် အထွေ ချီ

www.foreverspace.com.mm



ချစ်သူက ဘယ်လိုမှ မတွေ့မမြင်လို့ နဝဒေး စိတ်ဆင်းရဲရသလို တောင်ငူ ဘုရင် စိတ်ဆင်းရဲခဲ့တယ်။

**နားတော် မညွတ်၊ ဆင်းကြာ နတ်သည်**
**နှုတ်လွှတ် မပါ မြွက်သော့ကြောင့်။**

တ(စ်)သောင်းရှစ်ပြန် ချီ

**ရွှေသား မြလျှံ၊ မွတ်ညက်စံသည်**
**ချစ်သံ မြွက်မခြည်သော့ကြောင့်။**

တ(စ်) သောင်းရှစ်ပြန် ချီ

**ကျူးရှည် မြင့်လစ်၊ နှစ်ပင် ဖြစ်ခဲ့**
**ကျစ်လျစ် ပျပျ၊ လျှောက်သမျှကို**
**တုံ့စ မပြန်**

သတ်မှတ်ပါမည် ချီ

ချစ်သူဟာ အခြားသူတစ်ယောက်နဲ့ ဖောက်ပြန်လေပလားလို့ နဝဒေး ပူပန်သလို နတ်ရှင်နောင်လည်း ပူလိုက်တာပါပဲ။

**ချစ်စ နွဲ့ဖင့်၊ နောင် ဘုန်းမြင့်သည်**
**ရှေးနှင့်မတူ ထွေသောကြောင့်။**

လွတ်ဦးသဘင် ချီ

**မင်းရဲ ဘုန်းမြင့်၊ ကြင်စိတ် ဖင့်၍**
**သူနှင့် ကျွမ်းဟန်**

ယင်းရတု

မှတ်ချက်။ ဒီရတုမှာ ‘မင်းရဲ’ ပါတာကို ထောက်ပြီး နတ်ရှင်နောင် သူ့ကိုယ်သူအတွက် ရေးတာမဟုတ်ဘဲ သူ့ညီ မင်းရဲကျော်ထင်ကို ကျီစယ် နောက်ပြောင်ပြီး ရေးခဲ့မှန်း သိသာတယ်။

**မယ့်တူ သူ့သက်၊ နှင်းဆက် ဝေပို့**
**မေတ္တာ ချို့သည်**

www.foreverspace.com.mm



***သူ့ကို သွေ့ဖည် ကြင်တော့သည်။***

ဘဝဂ်ကပင် ချီ

***မယ့်ကို တခြား၊ ချစ်စောင် ထားသည်***
***တ(စ်)ပါး ကြင်ဖော် သူနှင့်ပျော်***

အရှေ့မတ်မတ် ချီ

ဘုရားသခင်ကို အကူညီ တောင်းတဲ့ အခါမှာလည်း နတ်ရှင်နောင်ဟာ နဝဒေး အသုံးကိုယူပြီး 'ဖြည့်' တော်မူပါလို့ တောင်းတယ်။ 'ညာဏ်တော်' ကိုတော့ အသုံးနည်းရဲ့။

***သုံးတိုက် ပယ်ရှောင်၊ ထွတ်ဘုန်းခေါင်လျှင်***
***ငြိမ်းအောင်ပြေကြောင်း၊ ဖြည့်ပါကောင်း၏။***

တ(စ်)သောင်းရှစ်ပြန် ချီ

***တထွေ ယူချွတ်၊ မယ့် အမှတ်ကို***
***စက်လွတ် ကွန့်မြူး၊ ဖြည့်ပါဦးလော့။***

တ(စ်) ဆယ့်နှစ်ခွေ ချီ

***ရှင်ပင် တေဇာ၊ ထွန်းညာဏ်ဝါဖြင့်***
***မေတ္တာ ရှေ့ရှု၊ ဖြည့်တော်မူလော့။***

ဖြည့်ပန်းစကြာ ချီ

နဝဒေးက သူ့ရဲ့ ချစ်သူဟာ ရှင်နှောင်းမို့လို့ သူရတုမှာ 'ရှင်နှောင်း'ရယ်၊ 'နှောင်း'ရယ် ထည့်ရေးတာ မဆန်းပါဘူး။ နတ်ရှင်နောင်က 'ရှင်နှောင်း' လိုက်ရေးတာကတော့ ဆန်းတယ်။

***ညှိုးယော် ခွေပျောင်း၊ မဖြစ်တောင်းတည့်***
***ရှင်နှောင်း နွဲ့ညို၊ ယုံမည်ကိုမျှ။***

သမုဒ်ဒရာ ချီ

www.foreverspace.com.mm



**ပြာစင်ရွှေလျော်၊ ထွေးနှောင်း မြော်လျှင်**
**စိတ်တော် နှစ်ကြွ၊ သူသို့လံ၍**

ဖန်စကြာလျှင် ချီ

**နှစ်မည် မထောက်၊ စံဖြစ်လောက်သည်**
**ခြောက်ယောက် နှောင်းမြင့်နတ်ပင်သော၊**

ဖြန့်ဝန်းစကြာ ချီ

ဒါတွင်မက မိမိချစ်သူဟာ ဆယ်နှစ်သာသာ ငယ်ရွယ်သူလေးပါ လို့လည်း နဝဒေးကို လိုက်ပြီး တောင်ငူဘုရင် ဆိုပြန်တယ်။

**မဖြန့်လက်သင်၊ ကေသျှင် ထုံးသစ်**
**ဆယ်ကျော်နှစ်က၊ ငါးဆစ် စောင့်ထပ်၊**

တ(စ်)ဆယ့်နှစ်ခွင် ချီ

**ဆယ်ကျူး သက်စစ်၊ နှောင်ကြင် ချစ်မူ၊**

ယခုကစင် ချီ

**သက်လည်း ဆယ်မြတ်၊ နတ်လည်း မနှုန်း**

ရှုန်းမြွေသည်ပင် ချီ

**ကေသျှင် သွယ်မြ၊ စည်းစကပင်**
**သက်မျှမိပေ၊ မျိုးမြူတေကို၊**

ဖူးပါစေချင် ချီ

**တွတ်တွတ်ပျို့ရွယ်၊ မွတ်မွတ် သွယ်သား**
**သက် ဆယ်နှစ်စွန်း၊ ရက်မယွန်းတည့်**
**လျှံထွန်း တန်ဆောင်၊ ရှန်းတင့်ခေါင်ကို၊**

ညွတ်ညွတ်ညှိသွယ် ချီ

နဝဒေးက အချိန်ရာသီကို ပြည့်ွန်းရာမှာ နေလနဲ့ နဂါးကြယ် နီးကြတဲ့ အချိန်လို့ ရေးလေ့ရှိတယ်။ နတ်ရှင်နောင်က ဒါကိုလိုက်ပြီး လနဲ့ (တစ်ခါတလေ နဂါး) နီးကြချိန်လို့ ဖွဲ့လေ့ရှိတယ်။

www.foreverspace.com.mm



**ယုဂန် လှည့်သွား၊ လ ရထားနှင့်**
**နတ်သား နီးကြ၊ သောကာလဝယ်။**

တ(စ်)သောင်းရှစ်ပြန် ချီ

**လ ပြဿဒ်နှင့်၊ ရန်နတ် နီးခိုက်**
**သောစဉ် ကြိုက်ဝယ်။**

တ(စ်)သောင်းရှစ်ပြန် ချီ

**နွှဲမို စက်ပါး၊ လ ရထားသည်**
**နဂါး နီးပြန်ခဲ့တကား။**

သမုဒ်ဇရာ ချီ

တောင်ငူဘုရင်ဟာ နဝဒေးရဲ့ အတွေးတွေကို ယူရာမှာ များသောအားဖြင့် စကား အသုံးအနှုန်းတွေ ပြောင်းလဲထားတာကိုတော့ တွေ့ကြရပေတယ်။ နဝဒေးက

**အားလုံး နတ်လျှင်၊ တူမှတ် ဖက်မျှ**
**ပြိုင်လှာကြလည်း၊ သောမ ရောင်တွင်**
**ကြယ်နှယ် ထင်လိမ့်။**

မကြောက်ကြည်ဖြူ ချီ

လို့ ရေးတာကို နတ်ရှင်နောင်က

**နှစ်ပြိုင် ဖက်ရှာ၊ ဝတီသာမှ**
**စံရာ စံထား၊ ရွေးခဲ့ခြား၍**
**သိကြား တမျှ၊ ပြိုင်လှာကြလည်း**
**သော်တာ့ရောင်တွင်၊ ကြယ်နှယ် ထင်လိမ့်။**

ရှစ်ဆိုင်ရွှက်ကြာ ချီ

ရယ်လို့ တစ်ဘာသာ လုပ်ထားတာကို ကြည့်လေ။

နဝဒေးဆီကတင် မဟုတ်၊ ရှေးရှေး စာဆိုကြီးတွေဆီကလည်း အတွေးတွေ အသုံးအနှုန်းတွေကို နတ်ရှင်နောင် ယူခဲ့တာပါပဲ။ ဒါပေမဲ့ ပြောင်း လဲထားတာ များတယ်။ တစ်ခါတလေတော့ တိုက်ရိုက် ယူရဲ့။ ဥပမာ ပင်းယခေတ်က ပေါ်ခဲ့ တယ်ဆိုတဲ့ စတုရင်္ဂဗလရဲ့ 'ရွှေဖဝါးတော်အောက် ကျွန်၏ လျောက်ဖြင့်' စတဲ့

www.foreverspace.com.mm



ရတုက ပထမ ပါဒကို ယူပြီး သူ့ရဲ့ 'ကိုးထွေ မျက်လည်' ချီရတုမှာ

*ရွှံ့ရှာမဲ့ပြား၊ ကြိုးစွန့်စား၍*
*ရွှေဖဝါးတော်အောက်၊ ရန်လွင့်ဖောက်မှ*

စသဖြင့် စပ်ဆိုခဲ့တယ်။

အင်းဝခေတ် စာဆိုကျော် ရှင်ဥတ္တမကျော်ကိုတော့ နတ်ရှင်နောင် တော်တော့်ကို စွဲလန်းခဲ့ပုံရတယ်။ ဆရာတော်ရဲ့ တောလားက စာသားတွေနဲ့ ခပ်ဆင်ဆင် သူ့ရတုမှာ တွေ့ကြရတယ်။

*သန္တာ လိုလို၊ မြညို တချို့*
*ရွှေသို့တ(စ်)ဝက်၊ ဖူးထွက် ရွှန့်ရွှန့်၊*

တာရက်လကို ချီ

*...စုံတောခွင်လည်း*
*မြသွင် မည်းညို့၊ တချို့ သင့်၏*
*ထပ်ဆင့် ဖြည့်သွန်၊ တောင်လေ ပြန်က*
*မထန် နှင်းဖွဲ၊ ဆောင်း စဲလွယ်မှု*
*နွေအား လုသော်၊ ရတု အလျောက်*
*လဲနှင့်ပေါက်လည်း၊ လျှံတောက် ရွှေဆင်း*
*တောလုံး ဝင်းမှု*

နွေရက်နီးလျှင် ချီ

*ဇမ္ဗူနဒ၊ ဝေပူမြနှင့်*
*သိဂ် တ(စ်)ဝက်၊ သွန်း၍ ရှက်သို့*

ဖြန့်ဝန်းစကြာ ချီ

တောတွင်းရှိ ပန်းအပေါင်းတို့က ဘုရားမြတ်စွာကို ဦးညွှတ်ကန်တော့ ကြ ဟန်အတွေးကိုလည်း ရှင်ဥတ္တမကျော်ဆီကပဲ နတ်ရှင်နောင် ရခဲ့တာပါ။

*ရှင်ပင့် ထက်ဝန်း၊ စုံတသွန်းလည်း*
*စွန်းစွန်း သစ်သစ်၊ ပွင့်ရစ် ပြိုးပြက်*

www.foreverspace.com.mm



**ခြေတော်စက်သို့၊ တင်ဆက် မတတ်**
**တိမ်းမူး ညွတ်လျက်**

မွန်းချက်အထွေ ချီ

**ရှင်ချစ် ရှိရာ၊ ပန်းတကာလည်း**
**ကုံးကာ ရွှေစက်၊ ထိဖူး ဆက်၏။**

ဖြန့်ဝန်းစကြာ ချီ

ဘယ်သူ့ထံကမှ နည်းမယူ၊ နတ်ရှင်နောင်ကိုယ်ပိုင်လို့ ယူဆရတဲ့ အတွေး တွေကလည်း များလှပေရဲ့။

နတ်ရှင်နောင်ဟာ မင်းအဖြစ်ကို တောင့်တလွန်းတဲ့ ပုဂ္ဂိုလ် ဖြစ်ကြောင်း သူ့စာတွေက ပြနေတယ်။ မင်းအဖြစ်ကို အကြောင်းဆိုက်လို့ ဆိုရရင် ခမ်းခမ်း နားနား ဆိုတယ်။ ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်းတစ်ခုလုံး သိမ်းပိုက်မယ့် သူ၊ စကြဝတေးမင်းဖြစ်မယ့် သူ စသဖြင့် ဖွဲ့တယ်။ တချို့ကို နဝဒေးဆီက ရပေမယ့် အများစုကတော့ သူ့ကိုယ်ပိုင်ပါပဲ။

**ရိပ်ဖြူ ဖြန့်ဝန်း၊ ရာ့ တနန်းသို့**
**ပြဋ္ဌာန်း စိုးဆောင်၊ မည် အခေါင်လျှင်**

မကြောက်ခြည်ဖြူ ချီ

**ဇမ္ဗူ ခွန်ဆွတ်၊ ပွင့်မည် နတ်ကို**

ယင်း ရတု

**သောင်းခွင်လက်ျာ၊ ကျွန်းအောင်ချာဝယ်**
**စကြာ ရဟတ်၊ လေးမည် ပတ်သား**
**မန္တာတ်တွင်မော၊ ဘေးလောင်း စောသို့**
**မုနော ခံမြောက်၊ ဘိသိက် မြှောက်၍**
**ကွန်းပြောက် သဘင်၊ ဘုံသာ ခွင်ဝယ်**
**ရွက်ရှင် လှစ်ထွန်း၊ ထောင်နေ ထွန်းသို့**
**ဖြန့်ဝန်း ရိပ်ဖြူ၊ စံတော် မူက**

လွမ်းလှရာတွင် ချီ

***ညွတ်ကွေး ခ ရုံး၊ လေးကျွန်း လုံးကို***
***ယူကျုံးတော့မည်၊ လက်ရုံး ရည်ကြောင့်***
***ဘုန်းစည်ကြီးမြတ်၊ မင်းမျှ နတ်လျှင်၊*** [၁]

ခုနစ်တောင်စွန် ချီ

ဘုရားတိုင်ရတုကို ဖွဲ့ရာမှာ ရိုးရိုး မတိုင်လိုက်သေးဘဲ မိမိရဲ့ ကိုယ်ရေးကိုယ်တာ (ကိုယ်ရေးကိုယ်တာမှ အသည်းနှလုံးကိစ္စ) ကို ဘုရားကို ဖွင့်ပြောရမှာ မသင့်လှကြောင်း၊ ရွံ့ကြောက်မိကြောင်းနဲ့ ချီထားပုံဟာ ကန့်ကရဟန် ပေါ်ပြီး အသက်ပါစေတယ်။

***ငါးမာရ် ဖျောက်ကို၊ မလျှောက် ဝံ့တွေ***
***ကြောက်ရွံ့နေလည်း၊ မပြေ ပြေဖျော်***

သကျ မဥ္ဇူ ချီ

***ခုပ်ပြီ မြွက်ဖော်၊ မလျှောက် ဖျော်သည်***
***နားတော်နှင့် မသင့်သောကြောင့်၊***

မကြောက်ခြည်ဖြူ ချီ

ဘုရားမှာ ကျွတ်ဆုတောင် မတောင်းနိုင်သေးကြောင်း၊ အတူ ဆုတောင်းရမည့်သူနဲ့ ဝေးနေလေကြောင်း တင်ပြချက်ကလေးကလည်း လူဆန်လှ တယ်။

***ကျွတ်ဆုကို မျှ၊ မဆိုရက်သေး***
***တောင်းဖော် ဝေးခဲ့၊ လွမ်းရေး တချို့***

ခေါင်ထွတ်ဆက်ကာ ချီ

***မယ်ပ့် မပါဟု၊ မျှော်ကာ မတည်***
***မူးမော်လည် ရှင့်၊ ကျွတ်မည် ဆုမျှ***
***မြွက်ဟ မိန့်ပြတ်၊ မတောင်းတတ်ခဲ့***

ဖူးပါစေချင် ချီ

---

[၁] သူ့ကိုယ်သူ ဖွဲ့တာဖြစ်တယ်။ ညီတော်တွေနဲ့ ကူလီ ကစားကြပုံ မှတ်တမ်းတင်ထားတာပါ **ပြုစုသူ**

www.foreverspace.com.mm



ချစ်သူနဲ့ ကွေကွင်းရသူရဲ့ ခံစားမှုကို ဖော်ကျူးတဲ့ အတွေးတွေကတော့ ထွေပြားစုံလင်ရဲ့။

*နာရီ ပါဒ်ဝက်၊ လျှပ် တပြက်မျှ*
*စုံမက် ဆပွား၊ ချန်မထားသည်၊*

ရှစ်ဆိုင်ရွှက်ကြာ ချိ

*တနေ့ တည၊ သာကိုမျှလည်း*
*မက သောင်းနှစ်၊ စင် ရှိလစ်သို့*
*ချစ်သည့် သူ့ဝမ်း၊ အလွမ်း ဝှန်သွယ်*

ဖန်စကြာလျှင် ချိ

*ဆောင်းရုံမျှ ရက်၊ လင့်မည် ခက်ခဲ့*
*သည်ထက် ကြာဖိ၊ မေ့ဖွယ် ရှိ၏၊*

သမုဒ်ဧရာ ချိ

*တစ်သက်လုံးတွင်၊ တကုံးကိုပင်*
*ပန်ရလျှင်လည်း*

ဘဝင်လုံးလျှင် ချိ

*သက်မျှ စုရုံး၊ နှလုံးကြွင်းမဲ့*
*ကြွေခဲ့ မတတ်၊ ဆွတ်လွတ် အူသည်း*

ဖြူညွှန့်ရွှက်ဆိုင် ချိ

*လွမ်းခွေ လွမ်းရစ်၊ အသစ်အဟောင်း*
*ပေါင်းကြ ရုံးချုပ်၊ ဝန်းလာ အုပ်ဟု*
*ကျွန်ုပ်စိတ်တွင်၊ ထင်တုံ၏ သို့*
*မယ်တို့ နားတွင်၊ ထင်ကြပါစုံ၊*

အောက်မေ့ချေချေ ချိ

*လွမ်းရေး တချို့၊ မယ်သို့ ရှေ့ရည်*
*ရောက်ချင်သည်နှင့်၊ ရွှေပြည် သနစ်*
*သာသည့်ဖြစ်ကို၊ စိစစ်ပြန်မိ*
*နှစ်ထပ်ရှိခဲ့၊*

ခေါင်ထွတ်ဆက်ကာ ချိ

www.foreverspace.com.mm



***စကား အနန်း၊ ဒန်းလည်း ပုံ့မွေး***
***ထင်မိ ဝေးခဲ့၊***

ဘဝင်ရှည့်ညီ ချီ

***တခက် ပုံ့ကြိုင်၊ တခိုင် လုံးလုံး***
***တကုံး စင်ထား၊ နည်းရှား စဉ်ခိုက်***
***တပွင့် ကြိုက်လည်း၊ ခေါ်စိုက် မတ***
***မမျှဦးဘဲ၊ မပန်မြဲ ရှင့်***
***ရက်လဲ လကျွန်း၊ သွေ့ယွန်း ခူမှု***
***ဘယ်သူ ပန်ဖော်၊ ပန်ဖက် မြော်၍၊***

ရေဖျန်းသဘင် ချီ

ချစ်သူဟာ အကျိန်မျိုးစုံ ကျိန်ခဲ့ဖူးကြောင်း နတ်ရှင်နောင်တွေးပြီး ရေးလေ့ရှိတယ်။

***သစ္စာ့အပုံ၊ ကျိန်မျိုးစုံကို***
***လုံးချုံ အသက်၊ ဆုနှင်းဆက်ရှင့်၊***

သကျမဥ္ဇူ ချီ

***ယုံကြောင်း မယုံ့မှာ၊ သစ္စာ မြွက်ဆို***
***ကျိန်မျိုးကိုလည်း၊ မြင့်မိုရ်နှင့်မျှ***

ဘဝင်ကပင် ချီ

***သက်တူသာချို၊ ကျိန်မျိုး ဆိုသည်***
***မြင့်မိုရ် သာပြန်ဘိသောကြောင့်၊***

စက်ပြသဒ်လျှင် ချီ

အဲဒီလို ကျိန်တွယ် ဆိုလှာတဲ့အခါ ချစ်သူစကားကို မဥ္ဇူပန်းလို ထင်မှတ်ရပါတော့တယ်တဲ့။

***ညွတ်နူး စိမ့်သား၊ သည်စကားမှု***
***ပုံ့ရှား မဥ္ဇူ နှင့်သာ တူရှင့်၊***

တသောင်းရှစ်ပြန် ချီ

www.foreverspace.com.mm

***နူးနူးညံ့ညံ့၊ ပျံ့ပျံ့ဖြားဖြား***
***စကား မဥ္စူ၊ ကြားသူ သံချို***

တသောင်းရှစ်ပြန် ချီ

***ရွှေရည် ပျံ့ကြူ၊ နွတ် မဥ္စူကို***
***ပန်းတူ နား၌၊ ဆင်စဉ် ကြိုက်ဝယ်***

လွမ်းလှရာတွင် ချီ

အပြောနဲ့ တခြားစီဖြစ်ခဲ့တဲ့ ချစ်သူကို 'ဖွတ်လျှာ' ဆိုတဲ့ အသုံးအနှုန်းနဲ့ နတ်ရှင်နောင် ပြစ်တင်ခဲ့တာလည်း ရှိရဲ့။

***ဖွတ်လျှာ ငါးငုံ၊ မုသား ပုံကို***
***ကြိုက်ကြုံသည် ထား၊ သတင်း နားမှ***
***ကြားရသည်လျှင်၊ မဖြစ်ချင် ဟု***

ယပ်စောက်မည်သာ ချီ

ချစ်သူကိုသာမက တမန်ကျေးကိုလည်း မဟုတ်မမှန် လျှောက်ရကောင်းလားလို့ 'ဖွတ်လျှာ' ခေါ်လိုက်တယ်။

***ဖင့်နွေး ရှောင်လွှဲ၊ မရောက်ဖဲနှင့်***
***ဆင့်ကဲ ပြန်ခေါက်၊ ဖွတ်လျှာ လျှောက်သည်***

ဝေယန္တာတွင် ချီ

မိုးတောရတုဆိုတာ အလွမ်းရတုပါပဲ။ လွမ်းနေခိုက် မိုးရွာပုံကို နတ်ရှင်နောင် တုံ့ပြန်ပုံဟာ မြတ်နိုးစရာ ဖြစ်တယ်။

***ရှစ်ရပ် ရိပ်ညို၊ ရွာရုပ် လိုနှင့်***
***စိတ်ကိုသာ စမ်း၊ လွမ်း မလွမ်း ဟု***

မည်းမှူဆင်သည် ချီ

www.foreverspace.com.mm



*အာကာ မြပြင်၊ စိတ်လို စမ်းသည်*
*ပျောင်းသမ်း၊ ခွေညွတ်၊ လွမ်း မဆွတ်တည့်။*

မည်းမျှ ရစ်လည် ချီ

*မိုး လုလင်သည်၊ ရှင်ချင် ခါကြိုက်*
*စိတ်လိုလိုက်၍၊ ကျူးရိုက် ညင်းညင်း*
*လွမ်းရေး ခင်းသော်*

ရေဖျန်းသဘင် ချီ

ရွာတော့မယ်လို့ ခြိမ်းလာတဲ့မိုးကို မောင်ကမျှား စေလိုက်ရော့လားလို့ တွေးမိတဲ့ အတွေးကလည်း ချစ်စရာပါပဲ။

*လျှပ်ဝါ ညွှန့်ရှည်၊ မယ် နေသည်သို့*
*ကျူးမည် သံချို၊ ညညကိုမှ*
*မြင့်မိုရ် မိုးသား၊ ဝမ်ပါး နွဲ့လျ*
*ခြိမ်းလှာ ပြသည်*
*နောင်ကပင်လည်း စေသည်လော။*

မည်းမျှပတ်သည် ချီ

မိုးကောင်းကင်ကြီး မြအရောင် လွှမ်းလာတယ်လို့ တောင်ငူမင်း မကြာမကြာ တွေးမြင်လေ့ ရှိတယ်။

*ဘဝဂ် လုံးလျှင်၊ မြကုံး ခိုင်ပန်း*
*ဆိုင်၍ ဝန်းသို့၊ နတ်နန်းလုလင်*
*တင့်ရည်း ဆင်နှင့်၊ ညိုစင်ရည်စွန်း*

ဘဝဂ်လုံးလျှင် ချီ

*မည်းမျှ ဆင်သည်၊ မြသွင် ရည်ချပ်*
*ကုံး၍ ထပ်သို့၊ ရှစ်ရပ် ရိပ်ညို*

မည်းမျှဆင်သည် ချီ

www.foreverspace.com.mm



***ကောင်းကင် အလုံး၊ လွှမ်းဖုံး မည်းမှို့***
***ပတ်ကုံး ဆို့၍၊ ဘယ်သို့ ညာလည်***

နွေနှောင်းရက်လျှင် ချီ

တစ်ခါတလေ မိုးရွာနေတာကို မိုးနတ်ပစ္စုန် မြူးတူး ကခုန်နေတယ်လို့ နတ်ရှင် တွေးတယ်။

***အာကာကလည်း၊ နတ် တင့်ရည်း၍***
***ပေါင်းစည်းသားမြေး၊ တအေးအေးတည့်***
***သာလေး ညင်းညင်း၊ နတ်စောင်းငြင်းနှင့်***
***ကခြင်း သံညီ၊ မိုးဖွဲ့ သီ၍***
***မယ့်ဆီ ရွာလတ်၊ ရေချမ်း ဆွတ်သော်***

နွေနှောင်းရက်လျှင် ချီ

***လိုစိုးမြူးခုန်၊ နတ် ပစ္စုန်လျှင်***
***သုန်သုန် မဲလျက်၊ ယုဂန် ချက်က***
***ရှေးထက် ထူးဆန်း၊ ကျူးက သွန်းသည်***
***စက်ပန်း မိုးလုံး ပွင့်ပြီလေ။***

မဖြောက်ဖြည်းပါ ချီ

တစ်ခါတလေတော့ လွမ်းစရာတောင် မဟုတ်တော့၊ ဥတုရာသီဟာ ကြောက်စရာလိုတောင် နတ်ရှင် မြင်ပြန်တယ်။

***လေဆောင် ပြင်းထန်၊ ကြောက်ဖွယ် လွန်စွ***
***မြဟန် ရောင်ချိပ်၊ မှိုင်းတည့် ရိပ်လျက်***
***သုံးထိပ်တောင်ချာ၊ ဆီက သာလျှင်***
***လျှပ်ဝါ ပြက်သန်း၊ တိမ်ညို တန်းသည်။***

ဆွတ်ပျံ့ဖွယ်အောင် ချီ

***ဟူဟူး ထန်ပြင်း၊ သန်လျက် ဝင်းက***
***သက်ဆင်း ကိုယ်ထင်၊ မြတ်လတ် နိုးဖိ***
***ယူးယူး ရှိလျက်၊ မျက်စိ ဖွင့်အံ့***
***မှု မဝံ့တည့်၊ ခြုံခြုံ တော်ရိုက်***

www.foreverspace.com.mm



*ပဲ့တင် လိုက်မျှ၊ နား၌ ခြစ်ခြစ်*
*ကြိုးဖြန်း ထစ်က၊ ပြိုလစ်မည်ပင်*

ထစ်မည်လိုမူ ချီ

မိုးရွာစဉ် လျှပ်လက်တဲ့အကြောင်းကို တောင်ငူမင်း မကြာမကြာ ထည့်စပ်လေ့ရှိတယ်။ 'လျှပ်ပန်း'၊ 'မိုးပန်း' ဆိုတာ သူဖွဲ့လေ့ရှိတဲ့ အဖွဲ့တွေပါပဲ။ တစ်ခါတလေတော့ 'လောင်မီး' ပါလာတယ်လို့ ထင်လေ့ရှိတယ်။

*ခြင်းခြင်း ညီးညီး၊ လောင်မီး ပွင့်ဝါ*
*ဆင်တိုင်း ပါ၍*
*ရွာဖိသည်လည်း ဟဲ့သာမိုး။*

အာကာ တသွန် ချီ

*လျှပ်စစ် စက်ဝါ၊ လောင်မီး ပါ၍*
*အာကာသခွင်၊ မိုးတပြင်ဝယ်*

သိန်ခရစ်လျှင် ချီ

မိုးနတ်သားကို ရန်တွေ့တဲ့ အဖွဲ့အနွဲ့တွေဟာလည်း နှစ်လိုဖွယ် ရှိလှတယ်။

*စာနာမနေ၊ သို့ပင် စွေသော်*
*ဆောင်းနှမ့်ဟန်၊ ရာသီပြန်သို့*
*မမှန်ထွေလာ၊ ကြိမ်းကာ ရွာသည်*
*ကောဇာ ပြောင်းတည့် လျှင်သလော။*

ရွှန်းမြွသည်လျှင် ချီ

နဝဒေးရဲ့ အတွေးကို ထပ်ကွန့်ထားတဲ့ မိုးနတ်အပြစ်တင် အဖွဲ့တစ်ခုကတော့ နဝဒေး အခန်းမှာ ဖော်ပြပြီး ဖြစ်တဲ့အတိုင်း နောင်မှာ စလေ ဦးပုညရဲ့ 'သိကြားလိမ်' ကဗျာရဲ့ ရှေ့ပြေးဖြစ်ခဲ့ရတော့တယ်။

*လုပ်ခန်း ကြံခင်း၊ လက်ငင်း အသင့်*
*လုံးစုံ လင့်လျက်၊ ရွာခွင့် မဆော်*

www.foreverspace.com.mm



ရှင်ကြောင်း ဖျော်၍၊ မပျော်ပိုင်ရာ
သာသနာကို၊ ထိပ်မှာ ရွက်တင်
ကြိုးဆောင်ချင် ဟု၊ စက်ပင် မကွဲ
ရှင်တော့် ပွဲဝယ်၊ လွန်ကဲ ကြံစည်
လျှောက်ဖူးသည်နှင့်၊ ကျင့်ရည် တခြား
မိုးသိကြားသည်
စကား မညီ ရှိသလော။

သိန်ခရစ်လျှင် ချီ

ချစ်သူနဲ့ဝေးလို့ တမ်းတလေတိုင်း တောတွေးတောင်တွေး တွေးနေတာလေးတွေဟာ မိန်းကလေး ဆန်တယ်။

ဖျော်ဖြေစရာ၊ စစ်မြေတာဝယ်
ပစာ ပျော်ဖွယ်၊ ပျော်ကြောင်း ချယ်၍
မယ့်ဝယ် ဆွတ်လွတ်၊ မေ့ကျန်တတ် ဟု

မှာခဲ့ရက်လျှင် ချီ

သို့စင် မြင့်ကြာ၊ စစ်မှာ လွမ်းမဲ့
နေလေခဲ့ဟု

ကြာမည်ရက်လည်း ချီ

ကျူးလွန် မျက်တော်၊ ထွက်ပြားသော်လည်း
မမြော် ကျိုးပြစ်၊ ကျွန်ုပ် ဖြစ်မှု
စိစစ် မတတ်၊ ကြင်လေး မြတ်သည်။

တဆဲ့နှစ်ထွေ ချီ

မိခင် ထိန်းယ၊ ညီမ ဆွေမျိုး
သိခန့် စိုး၍၊ မညှိုးရစေ
မွတ်ချေ မျက်နှာ၊ ကေသာ ဆီရွှမ်း
ပူသည့် ဝမ်းကို၊ မနွမ်းစေအောင်
သာရုပ်ဆောင်၍၊ တုံ့ယောင် ချုပ်ဖြေ

နွေနှောင်းရက်လျှင်ချီ

*အမှုးအမော်၊ မြော်သည် အလျင်*
*တစဉ်တွင်၌၊ မည်းစင် ကျောကျော*
*. . . ကျီးနက် သံသာ*
*အာလှာ ဖြုတ်ချည်း၊ ရင့်ရှ ကြည်းသည်*
*နေ့တည်း ရောက်နေသင့်သည်လော။*

မည်းမှုလာသည် ချီ

*မလျှောက်နေလည်း၊ ဆိုလေတိုင်းပင်*
*ယုံသည် ထင်လိမ့်၊ ပူပင်ချင်ဖွယ်*
*အသွယ်သွယ်ကို၊ ဝမ်းဝယ် ဝှက်သို*

အရှေ့မတ်မတ် ချီ

လွမ်းနေရှာတဲ့ မင်းသမီးရဲ့ ဝန်းကျင်ကို ဖော်ကျူးရာမှာ နန်းတွင်း ကြီးပြင်းခဲ့ရတဲ့ နတ်ရှင်နောင်ဟာ အသေးစိတ် ချယ်ပြနိုင်ခဲ့တယ်။ ခမ်းနားလှပလွန်းတဲ့အတွက် နောင်ရာစုနှစ် နှစ်စု ကြာတဲ့အခါ လှိုင်ထပ်ခေါင်တင် မက်မောအားကျစရာ ဖြစ်လာခဲ့ရတယ်။

*မလ္လာ ရနံ့၊ ထုံပျံ့ ပန်းသတ်*
*ခြူးနတ် ဆင့်ကုံး၊ စိန်ပွင့် အုံးဝယ်*

ပေါ်နွေလလျှင် ချီ

*ခြူးစိပ် စိန်ခက်၊ ဝန်းရှက် ကြာညောင်*
*လရောင်ပြက်ကာ၊ မွေ့ရာ ကြက်ရုံး*
*သဇင် အုံးထက်၊ နှလုံးဝယ်ပ*
*ပျောင်းပျမှဲ ဟန်*

ဘဝဂ်လုံးလျှင် ချီ

*လွမ်းစ မဝှက်၊ တိုင်းထက် မဆောင်*
*ကြာညောင် စိန်ရေး၊ ခြူးပြောက်သေးထက်*
*မုလေး စံပယ်၊ လှယ်ကာ ပျံ့ရှား*

ပြဆန်း မဆင် ချီ

www.foreverspace.com.mm



***နတ် ရန့်တည့်၊ ဖြည်းညှဲ့ ထုံသင်း***
***သလင်းကြက်စုံ၊ စိန်ညောင် ဘုံထက်***
***လျှောင်းတုံ့ မယ့်ချည်း၊ နောင့်ကို နည်း၍။***

မည်းမျှဆင်သည် ချီ

***မုလေးသတ်သား၊ ခြူးနတ်ရုပ်သွင်***
***ခြယ်လွင် ပြောက်သန်း၊ သလွန်ဆန်းထက်***
***ညိုးမြန်း ခွေပျောင်း၊ မယ့်ထူး လျှောင်းရှင့်။***

မည်းမျှရစ်လည် ချီ

နဝဒေးလိုပါပဲ။ ဒီအတွေး ဒီအဖွဲ့တွေ ဟိုရှေ့ဒီပြောင်းလုပ်ကာ ဘုရားတိုင်၊ စစ်ချီ၊ မိုးတောစသဖြင့် ရတုတွေကို နတ်ရှင်နောင် ရေးခဲ့တာပါပဲ။ သူ့ခေတ်ထုံးစံပ။ဒီအထဲက သူ့ရဲ့ ထူးခြားမှုတွေ၊ အသစ်ထွင်တာတွေ တွေ့ရတယ်။ သူ့ဟန်တစ်ခုကို ထူထောင်နိုင်ခဲ့တယ်။

ဂန္ထဝင် စာဆိုတစ်ဦးဖြစ်တဲ့ နတ်ရှင်နောင်ဟာ ဂန္ထဝင် အစဉ်အလာရှိတဲ့အတိုင်း တွေးပြီးရေးခဲ့တာ မဆန်းပေဘူး။ ဒီအထဲကပဲ နဝဒေးနဲ့ မတူ၊ ရှင်သူရဲနဲ့လည်း မတူဘဲ သူကိုယ်ပိုင် တွေးရေးခဲ့တာတွေလည်း ရှိခဲ့တာကို အထက်မှာ တင်ပြခဲ့ပြီ။ ဒါတွေအပြင် ထိမိတဲ့ နိမိတ်ပုံများကို သူ့စာမှာ ကြိုးကြားတွေ့ကြရသေးတယ်။

***မကြင်လတုံ၊ ကြင်လတုံနှင့်***
***မယုံကြည်သာ၊ လေပြည် လာသို့***

သကျမဥ္ဇူ ချီ

***ပြက်လျှပ် ပြကာ၊ စိမ်းဝါ မိုးပန်း***

ပေါ်နွေလလျှင် ချီ

***လွမ်းအား ခေါင်ရောက်၊ ရေသို့ မြောက်မျှ***

ခေါင်ထွတ်ဆက်ကာ ချီ

***လျှံညီး မငဲ၊ လျှပ်ပန်း ကြဲလျက်***

နွေနှောင်းရက်လျှင် ချီ

www.foreverspace.com.mm



***ဖြူစင် ပုလဲ၊ ကြကာ ရွာဖြိုး***

တဆယ့် နှစ်ခွင် ချီ

***လှပ်လှပ် လှတင့်၊ မြကုံး ဆင့်သို့***
***နိမ့်မြင့် ပင်တိုင်း၊ ဆိုင်းဆိုင်း လူလူ***

ယင်းရတု

***တိမ်ညိုကာမိုး၊ မြပွင့်ဖြိုးသည်***

ဘဝဂ်လုံးလျှင် ချီ

***ရေပေါက် မိုးပန်း၊ ကြလှာ ဖြန်းသည်***

ယခုက စင် ချီ

***ဝါသည် ရွက်လည်း၊ ပင်ထက် မထား***
***လေသို့ ယား၍***

ကြာမည် ရက်လည် ချီ

***ကွေး၍ ခြုံသည်၊ မလုံ ချမ်းမြဲ***
***လွှမ်းဆွေးကြသည်***
***သည်းထဲကိုသာ ခွေတော့သည်၊***

စက်ခြည်လျှံဝေ ချီ

***ထင်တုံ ရေးရေး၊ ချစ်စိတ် ပြေးသည်***
***မဝေး ရှုမြော်မိ၏သို့၊***

တာရက်လကို ချီ

တကယ့်တော့ နတ်ရှင်နောင်ဟာ နှိုင်းယှဉ်ခြင်း၊ ဆန့်ကျင်ခြင်းဆိုတဲ့ နည်းတွေအပြင် စကားလုံးရဲ့ အဓိပ္ပာယ်အင်အား၊ အသံအင်အားတို့ကို အသုံးပြုကာ အောင်မြင်တဲ့ နိမိတ်ပုံတွေကို တည်ဆောက်ခဲ့တာ ဖြစ်တယ်။ သူ့လက်စွမ်းကို မိုးဘွဲ့တွေမှာ အမြင်သာဆုံးပါပဲ။

***တောင်က ခြိမ့်မြူး***
***မင်းလွင်ဦးနှင့်၊ ပျံ့ပျူး ချုပ်ထိုင်း***
***မုန်တိုင်း ဆင်လို၊ တိမ်ညို မှိုင်းထပ်***
***ပြက်လျှက် ပြကာ၊ စိမ်းဝါ မိုးပန်း***

www.foreverspace.com.mm



***ထွေထွေစွန်းက ...***

ပေါ်နွေလလျှင် ချီ

မိုးပြိုတော့မလို ဟိန်းလာသံကို ကဗျာစာသားတွေမှာ ကြားနိုင်ပါ လိမ့်မယ်။ အဲဒါနဲ့ ယှဉ်ပြီး အောက်ပါကို ဖတ်ကြည့်ရင်တော့

***အာကာ ယုဂန်***
***ထက်စွန် ရှေ့နောက်၊ တောင်မြောက် မလပ်***
***ကိုးရပ် ပတ်လည်၊ မြခြည် မြညွှန့်***
***ခြယ်တန့် ခြယ်ဆန်း၊ တိမ်ပန်း တိမ်ဦး***
***သွယ်မြူး မသည်း၊ ကျဖြည်း ဆီးဖြောက်***
***လွှမ်းလျောက် လွှမ်းဝေ၊ ကြီးလေစေဟု***
***မြောက်လေပျံ့ဖြည်း***

လွမ်းလှရာတွင် ချီ

စာသားထဲမှာ 'မသည်း'ထန်ပါဘူး။ 'ဆီးဖြောက်' ကျသလောက်ပါ ရယ်လို့ ထည့်ရေးတာကြောင့်တင် မဟုတ်ဘဲ အသံသွား အသံလာ (ရစ်သမ်)ကိုက မိုးသေးမိုးဖွဲ ဖြစ်ကြောင်းကို ဖော်ပြနေတယ်။ ဒါကို ထောက်ပြီး မြန်မာကဗျာမှာ ရစ်သမ် စကားပြောတယ်ဆိုတာကို သိအပ်တယ်။ တစ်ချိန်တည်းမှာ ရှေးဆရာကြီးတွေ အသံ (ရစ်သမ်) ဘယ်လို အသုံးချသွားခဲ့ကြကြောင်းကိုလည်း ဆင်ခြင်ရတယ်။ ဒီတော့မှ 'ဩ ဒါကြောင့် ခေတ်ပေါ် ကဗျာဆရာဟာ ဂန္ထဝင်ကဗျာကို လေ့လာဖို့ လိုအပ်တာကိုး' လို့ သဘောပေါက်မယ်။

တောင်ငူမင်းက စကားလုံးဆင့်တာ (ဒွေးဘော်ပြုတာ) ကိုလည်း ဝါသနာထုံတယ်။ စကားလုံးတွေ ဆင့်လွန်းတော့ တစ်ခါတလေ ဟုံသွားသလို ထင်ရပေမယ့် တစ်ခါတလေ အလွန် အကျိုးထိရောက်တာ တွေ့ကြရတယ်။

***ပတ်ပတ် ဝန်းဝန်း၊ ဆန်းဆန်း ထူးထူး***
***မူးမူး လည်အောင် ...***

လွှတ်ဦးသဘင် ချီ

(တကယ်ကို မူးချင်လာပါတော့တယ်)

www.foreverspace.com.mm



***အဝါ ခြောက်စိ၊ တက်သံ ဖြိုးဖြိုး***
***ပြိုးပြိုးပြောင်လက်၊ မတန် ပြက်၍။***

တသောင်းရှစ်မည် ချီ

(ရောင်ခြည် ကွန့်မြူးပုံကြွဟန် ခံစားရတယ်။)

***နူးနူး ညံ့ညံ့၊ ပျံ့ပျံ့ဖြားဖြား***
***စကား မဆူ၊ ကြားသူ သံချို***

ယင်းရတု

(စကား တတွတ်တွတ်နဲ့ ချွဲနေဟန်)

***ချိပ်ချိပ် မည်းမည်း၊ ရိုက်ကြည်း အုန့်အင်း***
***ခြင်းခြင်း ညီးညီး၊ လောင်မီး ပွင့်ဝါ***
***ဆင်တိုင်း ပါ၍***

အာကာ တသွန် ချီ

(လောင်မီးရဲ့ အသံကို ကြားနိုင်တယ်)

စကားလုံးဆင့်တာ အပြင် စကားသံ ထပ်တာကိုလည်း ရတုဘုရင် သုံးစွဲလေ့ ရှိတယ်။ တစ်ခါတလေ အလွန်အကျိုး ရှိတာတွေ့ရတယ်။

***ညိုနွဲ့နှောင်းလျှင်၊ ယုံကောင်း ယုံမြဲ***
***မယုံဘဲကို***

တသောင်းရှည်မည် ချီ

ယုံတွေကို ထပ်ကာ ဆိုထားတာက တစ်လျှောက်လုံး အဆက်မပြတ် ဆိုတဲ့ သဘောကို ပေါ်လွင်စေတယ်။ အောက်ပါတို့မှာလည်း အလားတူ အဓိပ္ပာယ်မျိုးနဲ့ စကားသံထပ်ထားတယ်လို့ ယူဆနိုင်တယ်။

***ချစ်မိ မချစ်၊ အသစ်သစ်လျှင်***
***...မျှသက် ဝေမြဲ***

www.foreverspace.com.mm



***မဝေဘဲနှင့် ...ဆိုဆန်း မဆို***
***...သူနှင့်ကြင်မှ***
***မကြင်ရဟု***

လွှတ်ဦးသဘင် ချီ

***တော်ရုပ်ဆင်၍၊ မကြင်လတုံ***
***ကြင်လတုံနှင့်၊***

သကျမဥ္ဇူ ချီ

အောက်မှာ တောင်တွေကို ထပ်ထားတာက မျက်စိလည်တာကို ပြပါတယ်။

***...နှောင်းနှောင်း လမှ***
***တောင်က တောင်မြောက်၊ ရွှေနောက်တောင်ယွန်း***
***မည်မှန်း မမြင်၊ မထင် တပ်တပ်၊***

ပြဆန်းမဆင် ချီ

ကစားရာမှာ သွက်သွက်လက်လက်နဲ့ အဆက်မပြတ် သယ်သွားပုံကို စကားထပ်တာနဲ့ ဖော်ကျူးထားတယ်။

***လက်မြန်သူက၊ မီး စက်ကျ သို့***
***စကြာ့သခင်၊ ဘဝရှင်လည်း***
***ကျင်လျှင် စဟန်၊ လက်မြန် လက်ကောင်း***
***မတင့်တောင်း တည့်၊***

ခုနစ်တောင်စွန် ချီ

(စကားသံထပ်တာဟာ စကားလုံးဆင့်တာနဲ့ မတူကြောင်း သတိပြုပါ။ ဒါကြောင့် အထက်မှာ အသံတူ 'ခွဲထား' ဖြစ်တဲ့ **စက်ကျ**နဲ့ **စကြာ့** ထပ်ထားပုံ၊ **ကျင်လျှင်**မှာ ဗျည်းမတူတဲ့ သရသံနှစ်ခု ထပ်ထားပုံ၊ စတုတ္ထပါဒမှာ သရသံမတူတဲ့ **တ** ဗျည်းတွေ တပ်ထားပုံတို့ကို တွေ့ကြရတယ်။)

www.foreverspace.com.mm



အသံသဘောကို ပိုင်နိုင်တဲ့ တောင်ငူမင်းဟာ လေးလုံးစပ်ရတု ကဗျာစာသားအတွင်းမှာ နဘောကာရန်ကို ပထမဆုံးသုံးသူ ဖြစ်ပုံရပါတယ်။ (အချီပါဒနဲ့ အချပါဒတို့ ကာရန်တူမှုကိုတော့ အင်းဝခေတ်က စခဲ့ပြီးပါ။) အဲသလို ရတုအတွင်းသားထဲ နဘောကာရန် သုံးတာကလည်း သူ့နေရာနဲ့သူ အဆင်ပြေ အကျိုးရှိနေတာ တွေ့ရတယ်။

***ခြောက်တွေ ရောင်တောက်၊ ငါးမာရ်ဖျောက်ကို***
***မလျှောက်ဝံ့တွေ၊ ကြောက်ရွံ့နေလည်း။***

သကျမဥ္စူ ချီ

ကြောက်ရွံ့လို့ ချီတုံချတုံ ဖြစ်လို့နေရကြောင်း နဘောကာရန်က ပိုမိုခိုင်လုံစေပါတယ်။

***ထွတ်ထွတ် ဖျိုရွယ်၊ မွတ်မွတ်သွယ်သား***
***သက် ဆယ်နှစ်စွန်း၊ ရက်မယွန်း တည့်၊***
***လျှံထွန်း တန်ဆောင်၊ ရွှန်းတင့် ခေါင်ကို။***

ညွတ်ညွတ်ညိုသွယ် ချီ

(ကာရန်နဘေ အားကောင်းလှသမို့ အလှရုပ်လုံးဟာ ပိုမိုကြွတက်လာတော့သလို ခံစားကြရတယ်။)

ယတိပြတ်စပ်တာဟာ အကြောင်းမဲ့ ဖြစ်ခဲ့ရင်တော့ မကောင်းဘူး။ ဒေါသသင့်တယ်လို့ ဆိုတယ်။ ဒါပေမဲ့ လိုအပ်ခဲ့ရင်၊ အထူးသဖြင့် ရစ်သမ်မှာ အကူအညီပေးခဲ့ရင်တော့ ကြိုဆိုရမှာ ဖြစ်တယ်။ ယတိပြတ် အစပ်တွေကို နဝဒေးရဲ့ ရတုများမှာလည်း တွေ့ရတယ်။ ဒါပေမဲ့ ရှားပါးတယ်။ နတ်ရှင်နောင်မှာတော့ ယတိပြတ်အစပ်ဟာ ဖက်ရှင်လို ဖြစ်နေတယ်။

***လ ရထားနှင့်၊ နတ်သား နီးကြ***
***//သောကာလဝယ်...***

တသောင်းရှစ်ပြန်

www.foreverspace.com.mm



သောရဲ့ နေရာမှာ ထို၊ ယင်း စသဖြင့် အခြားစကားလုံး တစ်ခုခုကို ထိုးနိုင်သားပဲ။ ဒါပေမဲ့ စကား အသွားအလာ အစဉ်ကို ပျက်သွားစေနိုင်တယ်။ သောကတော့ ကာရန်စနစ်ကြောင့် နှစ်ပါဒ ခွဲလိုက်ရပေမယ့် အခြား စကားလုံးလောက် အစဉ်အလျှဉ်ကို မပျက်စေဘူး။ တခြား ယတိပြတ်နေရာတို့မှာလည်း အဲဒီအတိုင်းပဲ စဉ်းစားရတယ်။

***ရိပ်ဖြူ ဖြန့်ဝန်း၊ ရာ တစ်နန်းသို့***
***ပြဋ္ဌာန်း စိုးဆောင် // မည့် အခေါင်လျှင်***

မကြောက်ခြည်မြူ

(ဒီရတု တစ်ပုဒ်ထဲမှာပဲ ယတိပြတ် ၄နေရာ တွေ့ရတယ်။)

***နူးညွှံ့ သံချို၊ ဆိုသည် ပီပီ***
***//နှင့် မညီသော်၊***

သမုဒ်ဇရာ ချီ

တကယ်ကတော့ ကဗျာဆရာဖြစ်တဲ့ နတ်ရှင်နောင်ဟာ စကားပြေရဲ့ ဝါကျဖွဲ့ထုံးကို အရေးမစိုက်လှဘူး။ ဒါသူ့ ရတုတော်တော်များများရဲ့ ဝါကျတည်ဆောက်ပုံကို ခွဲစိတ်ကြည့်ရင် သိနိုင်တယ်။

***မပျောင်း ရစ်ပတ်၊ ဗျာပါ ချန်ခဲ့***
***ပြန်ပြန် ကြိုးခက်၊ တုံ့ မမြွက်၍***
***ဘုန်းစက် ဗျာဒိတ်၊ ချစ် နိမိတ်ကို***
***မယ့်စိတ် ယုံထိုက်၊ သို့စင် ကြိုက်ဝယ်***
***သုံးတိုက် ပယ်မှောင်၊ ထွတ် ဘုန်းခေါင်လျှင်***
***ငြိမ်းအောင် ပြေကြောင်း၊ ဖြည့်ပါကောင်း၏***
***တသောင်း ဇမ္ဗူ၊ လှည့်ယူ ကြိုက်ရာ***
***ရွေးခဲ့ရှာလည်း၊ စကြာရဟတ်***
***ပန်းကာ ပတ်လိမ့်၊ ညွှတ်ညွှတ် ခခ***
***ယုယ ပျော်ပါး၊ သနား လေလေ***

www.foreverspace.com.mm



***ထွေထွေ မသိ၊ မျက်စိ တန်ဆောင်***
***ထွန်းပြောင် လျှံဝါ၊ သခင်သာ ဟု***
***မေတ္တာ မတန့်၊ သက်လုံး ခန့်သည်***
***ကြင်ညွှန့် မကြာရက်သောကြောင့်။***

တသောင်းရှစ်ပြန် ချီ

ဒီအပိုဒ်မှာ 'မပျောင်းရစ်ဟန်' က 'တုံ့မပြွက်၍' အထိတော့ အဆင်ပြေပါရဲ့။ '၍' နဲ့ ဆုံးနေပေမယ့် ရှေ့ဝါကျဖြစ်တဲ့ 'ပြန်ပြန်ကြိုးခက်' နဲ့ ဆက်စပ်ရမှာ သိသာတယ်။ ဒါပေမဲ့ 'ဘုန်းစက်ဗျာဒိတ်' ကို ဘယ်လို ဆက်စပ်နားလည်ရပါ့မလဲ။ 'ချစ်နိမိတ်' နဲ့ ဆက်စပ်နေသလား။ ဒီလို ဆိုရင် ဘယ်လိုဖြစ်မလဲ။ 'ဘုန်းစက်ဗျာဒိတ်ဆိုတဲ့ ချစ်နိမိတ်ကို မယ့်စိတ်က ယုံထိုက်' ပါသလား။ ဒါမှမဟုတ် 'ဘုန်းစက်ဗျာဒိတ်နဲ့ ချစ်နိမိတ်ကို မယ့် စိတ်က ယုံထိုက်' စေသင့်တယ်လား။ ဒုတိယ အခ်ိပ္ပာယ်ဆိုရင် ဘာကြောင့် 'သို့စင်ကြိုက်ဝယ် သုံးတိုက်ပယ်မှောင် ထွတ်ဘုန်းခေါင်လျှင် ငြိမ်းအောင်ပြေကြောင်း ဖြည့်ပါကောင်း၏' လို့ ထပ်ဆိုရပါသေးသလဲ။ 'တသောင်းဇမ္ဗူ လှည့်ယူကြိုက်ရာ၊ ရွေးခဲ့ရာလည်း၊ စကြာရဟတ်၊ ပန်းကာ ပတ်လိမ့်' ဆိုရာမှာ ဘာ 'ကြိုက်ရာ' ကို ရှာတာလဲ။ နောက်နားမှ 'မျက်စိတန်ဆောင် ထွန်းပြောင်လျှံဝါ သခင်သာ' လို့ ဆိုထားတဲ့အတွက် 'သခင်'လို လှပသူကို ရှာတယ်လို့တော့ ခန့်မှန်းနိုင်ပါရဲ့။ ဒါပေမဲ့ ဒီစကား နှစ်ရပ်ကြားမှာ 'ညွတ်ညွတ်ခခ၊ ယုယ ပျော်ပါး၊ သနားလေလေ၊ ထွေထွေ မသိ' ဆိုတဲ့ စာသားကို ထည့်ထားတယ်။ ဘယ်သူ 'ညွတ်ခ' လို့ ဘယ်သူ 'ယုယ' ပြီး ဘယ်သူ 'ပျော်ပါး' ကာ ဘယ်သူက ဘယ်သူ့ကို 'သနား' တာတဲ့တုံး။

အစဉ်အလာ ဝါကျဖွဲ့ထုံးရဲ့ မျက်စိနဲ့ကြည့်လို့ကတော့ အဲသလို မေးချင်စရာတွေ ပေါ်လာမှာပဲ။ ကဗျာဖတ်တဲ့ မျက်စိနဲ့ ရှုမြင်တော့မှသာ ကဗျာဆရာဟာ သူခံစားရတာကို ခံစားရစဉ်ကာလအတိုင်း ရေးသွားတာကို ခြေရာခံနိုင်ပေလိမ့်မယ်။

ဒီလိုနဲ့ နတ်ရှင်နောင်ဟာ နဝဒေးတို့ ထူထောင်ခဲ့တဲ့ ရတုစကားတွေကိုပဲ သုံးပေမယ့် သူကိုယ်ပိုင် ဟန်တစ်ခုကို ပြောင်မြောက်စွာ ထူထောင်နိုင်ခဲ့တယ်။ ဒါပေမဲ့ ဒါဟာ နတ်ရှင်နောင် ရတုရဲ့ အသွင်တစ်ဖက်ပဲ ရှိသေးတယ်။ သူ့မှာ

www.foreverspace.com.mm



အခြားအသွင်တစ်ဖက် ရှိသေးတယ်။ ဒါကို နားလည်ဖို့ သူ့ဘဝကို နည်းနည်း ငဲ့စောင်းကြည့်ရမယ်။

နတ်ရှင်နောင်ဟာ စစ်သားဖြစ်တယ်။ စစ်သားမှ အထွတ်အထိပ် ရောက် လိုစိတ် အားကြီးတဲ့ စစ်သား။ ဒါကို သမိုင်းက ဆိုရုံမက သူ့စာတို့ကပါ သက်သေခံနေတယ်။ စစ်တိုက် ထွက်နေရုံမျှမက စစ်မထွက်ရရင် နေပြည် တော်မှာ ညီတော်တွေနဲ့ ကူလီ ရိုက်လေ့ရှိတဲ့ သူဟာ (ရိုက်ရာမှာ ညီတွေချည်းပဲ ရှုံးပြီး သူကချည်း နိုင်ပါသတဲ့) ကျားကျားလျားလျားနဲ့ ယောက်ျားပီသမှာ သေချာတယ်။ ကန့်ကရနဲ့ လွမ်းနာကျ ပျော့ခွေနေတဲ့ လူစားမျိုး မဖြစ်နိုင်ဘူး။

ဒါပေမဲ့ သူဟာ စာပေကျမ်းဂန် လေ့လာတယ်။ ကဗျာမှုမှာ ဝါသနာထုံ တယ်။ ဒီတော့ ကစားခုန်စား မလုပ်ရင် ကဗျာစပ်မှာပေါ့။ စပ်တဲ့အခါ သူဖတ်ခဲ့ တဲ့ ရှေးဆရာကြီးတွေရဲ့ စာတွေကို တုရေးမိမှာပါပဲ။ ထုံးစံအတိုင်း မိုးတော၊ ဘုရားတိုင် မယ်ဘွဲ့တွေကို သူများရေးသလို ရေးရပေ မှာပဲ။ တစ်နည်း၊ ခေတ်မှာ 'ဖက်ရှင်' ဖြစ်နေတဲ့အတိုင်း အပျင်းပြေ ကောက်ကာ ငင်ကာ ရေးလိုက်တာတွေ ဖြစ်ပုံရတယ်။ သူ့ခံစားချက်နဲ့ ရေးတယ်လို့ မဆိုသာဘူး။

အချို့ထင်ကြသလို အလွမ်းသမား အချစ်ရူးမို့လို့ ရေးရင် မယ့်ကို တမ်းတဲ့ မယ်ဘွဲ့တွေချည်း ဖြစ်နေမှာပေါ့။ ခုတော့ သူ့ကဗျာ ၆၀လောက် တွေ့ရတဲ့ အထဲမှာ မယ်ဘွဲ့၂၆၊ မောင်ဘွဲ့ ၂၀၊ မယ်ဘွဲ့လား မောင်ဘွဲ့လား ခွဲခြားမရတဲ့ အလွမ်းရတု ၅၊ အခြားအကြောင်းအရာ ၉ပုဒ် ဖြစ်နေတယ်။ မောင်ဘွဲ့ထက် မယ်ဘွဲ့က ၆ ပုဒ် ပိုတယ်။

တစ်ခါ အဲဒီ မယ်ဘွဲ့တွေကို ကြည့်ပါဦး။ နတ်ရှင်နောင် အစွဲကြီး စွဲလန်းခဲ့တယ်လို့ ပြောကြတဲ့ ရာဇဓာတုကလျာဖွဲ့ပါရယ်လို့ အမှတ်အသား ရှိတဲ့ ရတုက 'တင့်လှပေဟန်' တစ်ပုဒ်တည်းပဲ ဖြစ်တယ်။ ကျန်မယ်ဘွဲ့ ရတုတွေထဲက 'မယ်' က ဆယ်နှစ်သာသာ ချာတိတ်မကလေးမျှ ဖြစ်နေ လေတော့ နဝဒေးကို တုပြီး ကညစ်ကစားထားတာက လွဲလို့ သူ့ကိုယ်ရေး ကိုယ်တာ သူ့ခံစားချက်ကို ယူဆစရာအကြောင်း စိုးစိမျှ မရှိဘူး။

နောက်တစ်ခါ မယ်ဘွဲ့မောင်ဘွဲ့ ရတုတွေမှာ မကြာမကြာ ဆိုသလို သူ့ညီတွေရဲ့ နာမည်တွေကို တွေ့ကြရတယ်။ 'မင်းသေ့' နဲ့ 'ကူလီ' လို ညီတွေ အကြောင်း တမင်ရေးတဲ့ ရတုများကို အသာထား၊ ညီတွေရဲ့ အမည် ထင်ထင်ရှားရှားပါတဲ့ ရတုတွေကတော့ 'ချင့်တာသုံးထောင်' ချီရတုမှာ

www.foreverspace.com.mm



'မင်းရဲကျော်ထင်' အမည်ကိုတွေ့ရပြီး 'သီတာလုံရေ' ချီ ရတုမှာတော့ 'မင်းရဲကျော်စွာ' အမည်ကို တွေ့ရတယ်။ 'မည်းမျှလာသည်ချီ' ရတုမှာ 'သက်ဝေမင်းရဲ' လို့ တွေ့ရတာက မင်းရဲကျော်စွာလား၊ မင်းရဲကျော်ထင် လား မရေရာပါဘူး။ 'ယပ်စောက်မည်သာ' ချီ ရတုမှာဖြင့် 'နောင်မင်းရဲ' လို့ တွေ့ရတဲ့အတွက် အကြီးဆုံးကောင် မင်းရဲကျော်စွာလို့ သိသာတယ်။ နာမည် မပါဘဲ အိမ်ရှေ့ ဥပရာဇာတွေရယ်လို့ ညွှန်းတာတွေကတော့ အများပါပဲ။

ဒီတော့ စဉ်းစားလို့ရတာက သူ့ညီတွေကို ချစ်ရှာတဲ့အစ်ကိုကြီးဟာ လူပျိုပေါက် ညီငယ်တွေကို ကျီစယ်တဲ့ အနေနဲ့ သူ့ရဲ့နာမည်တွေကို ထည့်ကာ မယ်ဖွဲ့ရတုတွေ ရေး၊ ဗိုလ်ပုံအလယ်မှာ အဆိုတော်တွေ အဆိုခိုင်းခဲ့ပုံ ပါပဲ။ စာဆိုခံ မင်းသားငယ်တွေ ဘယ်လို ရှက်ကိုးရှက်ကန်း ဖြစ်ကုန်ကြမလဲ စဉ်းစားလို့သာ ကြည့်ကြပါတော့။ မင်ကြောင် အပတ်ပြည့်အောင် မထိုးဘဲ ထားတဲ့ ညီကို ရတုနဲ့ ကလိပုံ၊ သူနဲ့ ညီတော်တွေ ကူလီ ကစားကြရာ ညီတော် တွေ မရှုမလှရှုံးပုံတွေကို ရတုရေးပြီး လှောင်ပြောင် ရယ်မောခဲ့တာ အထင်အရှား ပဲ မဟုတ်ပါလား။ 'ချင်တာသုံးတောင်' ချီ ကျေးစေရတုမှာတော့ 'မင်းရဲ ကျော်ထင်' အမည်ကို တိုက်ရိုက်သုံးပြီး မင်းရဲကျော်ထင်ကပဲ ချစ်သူထံ ကျေးကို စေလေဟန် ရေးထားပါတယ်။ ကျေးကို စေလိုက်တာကလည်း တရုတ်ပြည်က ဥတည်မင်းရဲ့ သမီးတော်ဆီကိုပါ တဲ့။

ဒီလို သူ့ညီတွေနဲ့ ပတ်သက်ပြီး ရေးခဲ့တာတွေဟာ နတ်ရှင်နောင် ရတုရဲ့ အခြားအသွင်တစ်ဖက် ဖြစ်တယ်။ ဒီရတုတွေမှာ ရေးရိုးရေးစဉ် ရတုတွေနဲ့ အဆင့်တစ်ဆင့်ထိ လမ်းခွဲနိုင်ခဲ့တယ်။ နတ်ရှင်နောင်ကို အလွမ်းသမား၊ အနုသမားလို့ အထင်မှားစေတဲ့ စာဟန်တွေကနေ ယောကျ်ားပီသတဲ့၊ စစ်သား ကြီးပီသတဲ့၊ ခိုင်ခံ့မာကျောတဲ့ ဘာသာစကားဆီ ပို့ပေးထားတယ်။ စိတ်ကူးယဉ် စာပေ၊ အလွတ်ကျက် စာပေကနေ တကယ့်လက်တွေ့ ဘဝကလာတဲ့ စာပေ လက်ရာဆီ ပြောင်းလဲသွားခဲ့တယ်။

နတ်ရှင်နောင်ရဲ့ ကူလီသဘင်ဖွဲ့ ရတုနှစ်ပုဒ် တွေ့ကြရတယ်။ တစ်ပုဒ်စီ မှာ သုံးပုံတစ်ပုံကတော့ အစဉ်အလာ ရတုစကားပါပဲ။ ကျေးကို ခေါ်တဲ့ အာလုပ်စကား၊ မင်းကို ဖွဲ့တဲ့ ဝိသေသနများပေါ့။ ဒါပေမဲ့ ပင်မ အကြောင်းရပ်နဲ့ ဆိုင်တဲ့ ကျန်အပိုင်းကတော့ အဲသလို မဟုတ်တော့ဘူး။ အကြောင်းရပ်ကိုက

www.foreverspace.com.mm



စာနုစာညတို့ကို မဖိတ်ခေါ်တော့ဘူး။ လက်တွေ့ဘဝနဲ့ နီးစပ်တဲ့ မာကျောတဲ့ ဘာသာစကားကို တောင်းဆိုနေတော့တယ်။

**ရှုံးချေ မနှောင်း၊ နိုင်ကြောင်း အားကိုး**
**တဖန် ကြိုးရှဲ၊ သတိုး မင်းကျော်**
**ဘက်တော်ကိုပင်၊ သူ ထင်မိလျက်**
**လိုက်လံ ဖျက်သော်၊ တောင်ဘက် ပိုမြဲ**
**မပို့ဘဲလျှင်၊ မင်းရဲကျော်စွာ**
**ခတ်တုံပါလည်း၊ မြောက်မှာ စက်ပါး**
**တဖန်သွားခဲ့၊ ကြိုးစား ပန်းရှု**
**သီဟသူလျှင်၊ ဖမ်းယူ မြောက်ချီး**
**ကုလီသီးကို၊ မြေကြီးတွင်သာ**
**ယားလိုက်ကာတည့်၊ နိုင်ပါမည် ထား**
**နည်းများ တန်သော်၊ ကြည့်စ ပျော်တည့်**
**စေတော်မူရွေ့၊ စေ့စေ့ မြင်လျှင်**
**ကျွန်ုပ်ပင်မျှ၊ မရှင်သဖြင့်**
**အားနာနှင့်၏။**
**သခင့် ကြင်ချစ်၊ ဘုန်းသစ် ရဲခေါင်**
**ညီနောင် နှစ်ပါး၊ မှူးမတ်များနှင့်**
**ရှုက်အားကျဟန်၊ ယခု ပြန်သည်**
**အမှန် နှုတ်ခြေတည့်သာပေ။**

ဝေယန္တာတွင် ချီ

ဒီစာသားတွေမှာ နတ်ရှင်နောင်ဟာ အဖြစ်အပျက်အလိုက် ဖော်ပြဖို့ လိုအပ်တဲ့ စကားလုံးတွေကို စကားပြေလို တန်းစီရေးချသွားတာပဲလို့ ထင်ရင် မှားပေလိမ့်မယ်။ စကားလုံးတွေကတော့ သာမန် အရပ်သားသုံး စကားလုံးတွေ ပါပဲ။ ဒါပေမဲ့ အဲဒီရိုးစင်းတဲ့ နှုတ်ပြောစကားလုံးတို့ကိုပဲ ပညာနဲ့ အသက် သွင်းကာ ကဗျာစကားဖြစ်အောင် ဖန်ဆင်းသွားတယ် ဆိုတာကို စေ့စေ့လေ့လာ ရင် မြင်မယ်။

www.foreverspace.com.mm



အထူးသဖြင့်ကတော့ စကားလုံးတစ်ခုရဲ့ ရစ်သမ်ပါပဲ။ ကနေ့ခေတ် ဘော်လုံး အကျိတ်အနယ်ပွဲ တစ်ခုကို တိုက်ရိုက် အသံလွှင့်ပေးနေသူ လူတော် တစ်ဦးရဲ့လေကို နတ်ရှင်ရဲ့ ရတုစာသားမှာ ကြားနိုင်တယ်။

ဒါပေမဲ့ မြန်မာဂန္ထဝင်စာပေဟာ ကံဆိုးခဲ့တယ်။ နတ်ရှင်နောင်ကပဲ နှစ်ပုဒ်တည်း ရေးခဲ့သလား၊ အများအပြား ရေးခဲ့ပါရက် ဒီနှစ်ပုဒ်ပဲ ကျန်ရစ် သလားတော့ မသိ။ 'ခုနှစ်တောင်စွန်' ချီနဲ့ 'ဝေယန္တာတွင်' ချီ ဒီနှစ်ပုဒ်ပဲ ကနေ့ ဖတ်ကြရတယ်။ မင်ကြောင် ခါးပတ်ပြည့်အောင် မထိုးတဲ့ ညီငယ်ကို ကျီစယ်တဲ့ ရတုများက သစ်ဆန်းပြီး အာဝဇ္ဇန်းပါပေမယ့် ဘာသာစကားက အစဉ်အလာ ယဉ်နုနေတယ်။ ကူလီသဘင် ဘာသာစကားမျိုး မဟုတ်ဘူး။ ဒီတော့ နတ်ရှင်နောင် အစဖော်ပေးတဲ့ ဒီလမ်းကြောင်းကို အခြား ကဗျာဆရာတွေက လည်း လိုက်ရကောင်းမှန်း မသိကြတော့ဘူး။

♦ ♦ ♦

www.foreverspace.com.mm

## စိန္တကျော်သူ

(၁၇၃၆–၁၇၇၁)

ကနေ့ခေတ်မှာ စာပေဟာ နိုင်ငံရေးနဲ့ မပတ်သက်ဘူးလို့ ပြောတဲ့လူ မရှိသလောက် ရှားသွားပါပြီ။ ဒါပေမဲ့ နိုင်ငံရေးဆိုတာ ယေဘုယျ အဓိပ္ပာယ်နဲ့ ဖွင့်ဆိုပြီး ပြောတာမျိုးပဲ များလိမ့်မယ် ထင်တယ်။ နိုင်ငံရေးဆိုတာ လူတွေရဲ့ စားရေးသောက်ရေး နေရေးထိုင်ရေး၊ ကဗျာဆိုတာလည်း လူ့အကြောင်း ဖွဲ့ထားတာ၊ ဒါကြောင့် ကဗျာဟာ နိုင်ငံရေးနဲ့ မကင်းပေဘူးပေါ့ ဆိုတာမျိုး။ "မနုဿော ပေါလိတိကော တိရစ္ဆာန်နော" (လူဟာ နိုင်ငံရေး တိရစ္ဆာန်) လို့ ကမ္ဘောကမ္ဘာက အရိတ္တော တလဲ ပြောခဲ့တာမျိုး။ လူတန်းစား တစ်ခုနဲ့ တစ်ခု တိုက်တဲ့ နိုင်ငံရေး၊ ပါတီနိုင်ငံရေးကို ပြောတာမျိုးတော့ ဟုတ်ချင်မှ ဟုတ်ပေလိမ့်မယ်။

ဒါပေမဲ့ မြန်မာဂန္ထဝင်မှာ ပါတီနိုင်ငံရေး လုပ်တဲ့ ကဗျာဆရာတစ်ဦး ဟိုးရာစုနှစ် နှစ်ခုအထက် ကုန်းဘောင်ခေတ်ကပဲ ပေါ်ထွန်းခဲ့ပါတယ်။

စိန္တကျော်သူ ဦးဩကို ရှေးစာပေ မှတ်တမ်းဆရာတို့ကတော့ ဘုန်းတော်ဘွဲ့စာဆိုလို့ အသိအမှတ်ပြုခဲ့ကြပါတယ်။ နှောင်းဆရာတို့ကတော့ စည်းရုံးရေးသမားအဖြစ် မြင်လာကြတယ်။ ကစဉ့်ကရဲ ပြိုကွဲနေတဲ့ မြန်မာနိုင်ငံကြီးကို အလောင်းမင်းတရား ဦးအောင်ဇေယျ စုစည်းတည်ထောင်တဲ့အခါ စည်းရုံးရေးလုပ်ငန်းကို ကလောင်နဲ့တာဝန် ထမ်းဆောင်ခဲ့သူပေါ့။ စာပေကို နိုင်ငံရေး ရည်ရွယ်ချက်နဲ့ အသုံးချတယ်ဆိုတာ အခုခေတ်မှ အဆန်းလုပ်ပြီး ပွက်စီပွက်စီ လုပ်နေစရာ မဟုတ်ဘူးဆိုတာကို သာဓကထူခဲ့တာပါပဲ။

www.foreverspace.com.mm



ဦးဩ တိုးတက်ပြောင်းလဲလာပုံဟာ စိတ်ဝင်စားစရာ ကောင်းတယ်။ "ရောင်ခြည်ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာ" စတဲ့ သတ်ပုံလင်္ကာလို အာကာဒမိက သက်သက် အလုပ်နဲ့ ကြီးပြင်းလာခဲ့တဲ့ ဦးဩဟာ ရှင်မဟာရဋ္ဌသာရစတဲ့ ဂန္ထဝင်ဆရာတို့ရဲ့ စာပေကို နောကျေနေပါတယ်။ နတ်ရှင်နောင်ကိုလည်း သူ တော်တော်နှစ်သက်ခုံမင်ပုံရတယ်။ နုစဉ်က သူရေးတဲ့ ကဗျာတွေ (ရွှေတောင်ရာဇကျော်ဘဝက ရေးတဲ့ ကဗျာတွေ) ဟာ ဆရာ့ဆရာတို့ရဲ့ လေအတိုင်း နုနုရွရွလေးတွေပါပဲ။

***မြွက်သံပြောင်ရှင်၊ နတ်စောင်းငင်သို့***<br>***ပြုံးကျင်ရေးစို၊ မိန့်ဆိုနောက်နှောင်း***<br>***နှုတ်ယဉ်ကောင်းနှင့်၊ နွဲ့နှောင်းကိုယ်ဟန်***<br>***သဏ္ဌာန်နတ်ပုံ၊ ကြန်မျိုးစုံကို...***

လက်ပံတောင်တွင် ချီ

ဒါပေမဲ့ အလောင်းမင်းတရားဆီ ရောက်ပြီး၊ ဝါဒဖြန့်ချီရေးတာဝန်ကိုလည်း ယူလိုက်ရော၊ သူ့လေဟာ လုံးဝပြောင်းလဲသွားတော့တယ်။ ဂန္ထဝင်စကားထက် ပြည်သူ့စကားကို ပိုသုံးလာတယ်။ ယဉ်တာ ညွန့်တာထက် လူနားလည်တာ၊ ထိတာမိတာကို ပိုပြီး အသားပေးလာတော့တယ်။

***တစ်ပွဲတစ်လမ်း၊ သူရဲထမ်းဖြင့်***<br>***ကြိုးပမ်းရမည်၊ ချီရသည်မှ***

ရေယဉ်သီတာချီ

အများသိကြတဲ့အတိုင်း ဦးအောင်ဇေယျခေတ်ဟာ တိုက်နေ ခိုက်နေတဲ့ခေတ်၊ ကန်ဆည်မြောင်းဖောက်နဲ့ အလုပ်လုပ်နေတဲ့ခေတ် ဖြစ်တယ်။ ဒီလိုခေတ်က တောင်းဆိုလာတဲ့အခါ အနုအယဉ်တွေဟာ မစားသာတော့ဘဲ ပြည်သူသုံးစကား တွင်ကျယ်လာရခြင်း ဖြစ်ပေတယ်။ ပြည်သူတွေ သုံးတဲ့စကားနဲ့ ကဗျာဖွဲ့ပါမှ ပြည်သူတွေကို စည်းရုံးလို့ရတော့မပေါ့။

www.foreverspace.com.mm



ဦးဩဘာ အလောင်းမင်းတရားကို နှစ်နှစ်ကာကာ ယုံကြည်ကိုးစားသူ ဖြစ်တယ်။ ဝတ်ကျေတန်းကျေ ဘုန်းတော်ဖွဲ့ ချီးပနေတာမဟုတ်ဘူး ဆိုတာကို တွေ့နိုင်တယ်။ ဘုရင်ကို ဘုန်းတော်ဖွဲ့တဲ့သူတွေ ပဒေသရာဇ် ခေတ်ကြီး တစ်လျှောက်လုံး ရိုက်သတ်လို့ မကုန်ပေဖူးပ။ ဒီလောက် ထူးခြားများပြားတဲ့ ဘုန်းတော်ဘွဲ့တွေထဲမှာ သူ့ကဗျာ ထူးခြားနေတာဟာ နှုတ်ဖျားက လာတာ မဟုတ်ဘဲ အသည်းကြားက လာလို့ ဖြစ်ပါလိမ့်မယ်။

ကနေ့ ၂၀ရာစုက ကျွန်တော်တို့တစ်တွေက ဦးအောင်ဇေယျကို ဗမာနယ်ချဲ့ဘုရင် တစ်ပါးလို့ပဲ မြင်နိုင်ပေလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့လို နိုင်ငံရေးဗဟုသုတ မထွန်းကားသေးတဲ့ခေတ်က ဦးဩဘများကတော့ အဲသလို မမြင်နိုင်ရှာပေဘူး။ အင်းဝ ဟံသာဝတီအရေး ခေတ်ပျက်ထဲမှာ ကသီလင်တနဲ့ ပြေးခဲ့ရတဲ့ ဦးဩဘာ အလောင်းမင်းတရားကို တကယ်အားကိုးရမယ့် မင်းကောင်းမင်းမြတ် တစ်ပါးလို့သာ မြင်ပေလိမ့်မယ်။ ပြည်သူ့အကျိုးကို သယ်ဆောင်မယ့် ခေါင်းဆောင်တစ်ပါးလို့သာ သူ့အတွေ့အကြုံထဲကနေ အကဲ ဖြတ်မိပေလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်၊ ပြည့်သူ့ ရှုထောင့်ကနေ ဦးအောင်ဇေယျကို သူထောက်ခံခဲ့တာ ဖြစ်ကြောင်းကိုတော့ သူ့ကဗျာတွေမှာ အတိုင်းသား မြင်နိုင်တယ်။

***ရွှေ့နောက်ဝန်းလျား၊ ပြည်တိုင်းကားသည်***
***ပြန့်ပွားစည်တော့မည်ဘုရား။***

ပဒေသာခိုင် ချီ

***ပြည်သူတကာ၊ ရွှင်မျက်နှာနှင့်***
***သီတာရေချမ်း၊ ထိပ်ထက်ဆန်းသို့***
***ဘေးကျွမ်းရန်ကွာ၊ သာယာတော့မည်***

နေဝန်းစကြာ ချီ

***ဝိပ္ပတ္တိဝဲ၊ ကပ်ယုတ်ထဲက***
***သောင်စဲမြစ်ဝှမ်း၊ သမွတ်ကမ်းသို့***
***ကူးလှမ်းမိအောင်၊ သယ်ပို့ဆောင်သည်***
***ကုန်းဘောင်အစ***

သုံးယူဇနာ ချီ

www.foreverspace.com.mm



သူကြည်ညိုမယ်ဆိုရင်လည်း ကြည်ညိုစရာပေပဲ။ ဦးအောင်ဇေယျ ဆိုတဲ့ ဦးအောင်ဇေယျကလည်း ပဒေသရာဇ်ထဲမှာဖြင့် ရှားရှားပါးပါး ပြည်သူ့အကျိုး ဆောင်တဲ့ မင်းဖြစ်သလို ပြည်သူကြားက လာတဲ့မင်းပီပီ ပြည်သူတွေနဲ့ အတူ ရုန်းကန်လှုပ်ရှားနေတတ်သူလည်း ဖြစ်လေတယ်။ ကြည့်လေ-

***ဖြည်းပျလေချို၊ နေလည်းညိုဏ်***
***မှုးပျိုမတ်လတ်၊ ရွှေတော်မြတ်တွင်***
***လျှောက်ပတ်ယဉ်ချေး၊ ဗောင်းဖွေးဖွေးနှင့်***
***နီးဝေးရှေ့နောက်၊ တစ်ယောက်မခြွင်း***
***သယ်ဖို့လျှင်းသည်***
***အုန်းအင်းငြာကြသည်ဘုရား။***
***… … ပျော်ရွှင်ခြိမ့်သဲ***
***ကိုယ်တော်ကဲ၍၊ မြဲစိုစိမ့်မည်***
***သယ်ဖို့ဆည်က … …***

ပြည်သူတွေ တစ်ပျော်တစ်ပါးနဲ့ ကန်ဖော်ကြတယ်၊ သယ်ကြ ဖို့ကြတယ်။ အဲဒီပွဲမှာ အလောင်းမင်းဟာ လုပ်ငန်းခွင်ကို ကိုယ်တော်တိုင် ဆင်းပြီး ကွပ်ကဲစီမံ နေပါသတဲ့။ ဘုရင်ကိုယ်တိုင် ပါနေတော့ သယ်ကြဖို့ကြသူတွေ တအားတက်ကြ ကျေနပ်အားရကြမှာမလွဲပေဖူး။ ဒီတော့-

***သူဇာတို့မောင်၊ မတ်လတ်စောင်ကို***
***ပြည့်အောင်ရှာချေ၊ ခါမှဲ့စေ၍***
***အောင်မြေဗိမာန်၊ ကိုယ်တော်ပြန်တွင်***
***ရေကန်တော်လုံး၊ ဖြိုးမှုဖုံးသို့***
***ပတ်ကုံးထန်ပြင်း၊ နတ်မိုးမင်းသည်***
***ညဉ့်ချင်းရွာရသည် ဘုရား။***

ဝါကျွတ်သဘင်ချီ

သိကြားမင်းကတောင် မနေနိုင်တော့ဘဲ အသစ်ဖော်ပြီးစ ကန်တော်ကြီး ပြည့်သွားအောင် မိုးတွေ ရွာပေးရပါရောတဲ့။

www.foreverspace.com.mm



စားကောင်းရုံ ကြည့်လုပ်နေတာ မဟုတ်ဘဲ အူလှိုက်သည်းလှိုက် ယုံကြည်နေတာ ဖြစ်တဲ့အတွက် ဦးဩဟာ သူ့ရဲ့ ဝါဒဖြန့် ကဗျာတွေကို ကောင်းသထက် ကောင်းအောင် အနုပညာနဲ့ မွမ်းမံပါတော့တယ်။ သူ့ရဲ့ မဟာနန္ဒာကန်တော်ဘွဲ့ဟာ ထင်ရှားတဲ့ ဥပမာတစ်ခုပေါ့။ ရတု စလိုက်တာကတော့ လူငယ်တို့ဘာဝ စိတ်ကူးယဉ်စရာလေး …

***ချစ်၍ ခေါ်သည်***
***လိုက်တော့မူခဲ့၊ မပျောင်းနွဲ့နှင့်။***
***ဆက်ဖတ်လိုက်တော့ -***
***ရာဇာမျှော့ပန်း၊ မှန်နန်းမျှော့ရှင်***
***ဖန်စီရင်၍၊ ညာခွင်ချောင်းရိုး***
***ကိုးဆယ့်ကိုးက၊ ရေမိုးရှက်လည်***
***စီးလာသည်ကို၊ ဆီးဆည်သယ်ပို့***
***တောင်ကုဲ့သို့ပင်၊ မို့မို့ညိုရောင်***
***သင်းကန်ပေါင်နှင့်၊ ရေတောင်မောက်လှာ***
***လွမ်းဖွယ်သာသည်***

ချစ်၍ ခေါ်သည် ချီ

အလောင်းမင်းတရား ခေါင်းဆောင်မှုအောက်မှာ ပြည်သူတွေ တူးဖော်ခဲ့ကြတဲ့ ကန်တော်ကို ကြော်ငြာပေးနေတာဖြစ်ကြောင်း တွေ့ကြရတော့ တယ်။

ဦးဩသုံးခဲ့တဲ့ ဝါဒဖြန့်ချီနည်း တစ်နည်းကတော့ စစ်ချီရတုပါပဲ။ ရှေးက စစ်ချီရတုဆိုတာ မောင်က စစ်မြေကလွမ်း၊ မယ်က အိမ်ကနေ စစ်မြေဆီ တမ်းတ၊ ဒါနဲ့ပြီးရော ဆိုတာမျိုးချည့်ပါပဲ။ ဒီပုံစံကို ဦးဩက ပြုပြင်ပြီး နိုင်ငံရေး ဝါဒဖြန့်ကွက်ကလေးတွေ ပညာသားပါပါ ထည့်ပေး လိုက်တယ်။

***ကျူးလှာသည်လည်း၊ ကျည်းအင်္ဂလိပ်***
***ဆိပ်ပင်လယ်စွန်း၊ ဟိုင်းကြီးကျွန်းနှင့်***
***ရှမ်းယွန်းဂျွမ်းပြည်၊ ဦးတည်ဘုရင်***
***ရန်မျိုးစင်၍၊ အောင်မြင်ပြီးဆို***

www.foreverspace.com.mm



***ကြားသလိုသည်***
***မင်ပျိုရောက်ခွင့် နေ့ဖက်ထင့်။***

ဘယ့်နှယ်လဲရှင် ချီ

ဝါဒဖြန့်မှန်း မသိသာအောင် စာဖတ်သူ စိတ်လှုပ်ရှားအောင် ဖန်ဆင်းပြီး ထည့်ပေးလိုက်ပြန်တယ်။

***ရဲစိတ်မာန်ခက်၊ မွေးရောင်နက်သည်***
***ဝင်းလက်ခဲကျဉ်၊ မြင်းရွှယ်ဉ်ကို***
***တင်ယဉ်စီးထိုင်၊ ဇက်ကိုင်ချုပ်***
***ခတ်လုပ်ကတောင်၊ လျှင်အောင်စိုင်းနှင်***
***မယ့်ရင်ခွင်သို့၊ ပူးဝင်ပိုက်ဖက်***
***နွဲ့လာမက်သည်...***

သန်းခေါင်ရောက်တွင်ချီ

စစ်ချီသွားတဲ့ မောင်ကို မျှော်မှန်းတမ်းတရင်း မွေးခနဲ ဖြစ်သွားတယ်။ အဲဒီခိုက် မောင်ရယ်လေ စစ်မြေဆီကနေ မြင်းနက်ကြီးကို ဒုန်းစိုင်းလာခဲ့ပြီး မယ့်ရင်ခွင်ထဲ တအား ဝင်ရောက်လာပါတော့တယ်တဲ့။ ဒီကဗျာမှာ ရေးဖွဲ့ထား ပုံ တဲခနိကကို အထူး သတိပြုသင့်တယ်။ (၁) မြင်း ဒုန်းစိုင်းလာပုံကို အသံသွား အသံလာ ရစ်သမ်နဲ့ ဖော်ကျူးနိုင်တယ်။ ဇက်ကိုင်ချုပ်ဆိုပြီး အက္ခရာသုံးလုံးထဲ ယူထားတာလည်း ရည်ရွယ်ချက် ရှိတယ်။ (၂) မောင်ဟာ မြင်းပေါ်က ဆင်းတာ ကို မပြတော့ပဲ "လျှင်အောင်စိုင်းနှင် မယ့်ရင်ခွင်သို့" လို့ မြင်းရောလူပါ မယ့် ရင်ခွင်ထဲ ဒုန်းစိုင်း ဝင်လာလေဟန် ခံစားမှုကို ထွေးရောပြထားတယ်။ အလွန် အောင်မြင်တဲ့ အလင်္ကာနည်း တစ်နည်းပါပဲ။

မိန်းကလေးက သူ့ချစ်သူအကြောင်း ပြောပြရာမှာ သူ့အပြင် တခြား ချစ်သူတွေ အများကြီးရှိမယ့် သူပါ ဆိုတဲ့ အဓိပ္ပာယ်နဲ့ "အသိမ်းများမည့် သူကို ကား" လို့ မှတ်ချက်ချတယ်။ တစ်ဆက်ထဲ တိုက်ရည်ခိုက်ရည် ကျတော့လည်း

www.foreverspace.com.mm



***ကျွန်းဇမ္ဗူတွင်၊ ထွက်ပြူသမျှ***
***တန္တုမုဒိမ်း၊ ရန်မျိုးငြိမ်းသည်***
***အစိမ်းစားမည့် သူကိုကား။***

စတည့်လျှင်ပင် ချီ

မိန်းကလေးက ဒေါသတစ်ဝက် အချစ်တစ်ဝက်နဲ့ ထေ့တေ့တေ့လေး ပြောလိုက်ပုံဟာ အသက်ပါလွန်းတာနဲ့အမျှ စစ်ထွက်နေရသူကို ချီးကျူးလိုက်တာလည်း ဖြစ်တယ်။ တိုက်ရေးခိုက်ရေးကို ဦးစားပေးရတဲ့ခေတ်မှာ ဒီလို မြှောက်ပေးနိုင်ပါမှလည်း တန်ရာကျပေလိမ့်မယ်။

အဲသလို အနုအယဉ် မနှောဘဲ အကြမ်းသက်သက်နဲ့ စစ်သားတွေရဲ့ဘဝကို သရုပ်ဖော်တာမျိုးလည်း စိန္တကျော်သူ လုပ်ခဲ့သေးတယ်။

***မှက်ခြင်ဖြုတ်လည်း၊ ကိုက်စုတ်သွေးရဲ***
***ဆုတ်၍ကြဲသို့၊ ထူထဲခြင်ရန်***
***ကာတန်မလုံ၊ ဆင်းရဲပုံခဲ့***
***စေးချုံပိတ်ပေါင်း၊ ကိုင်းတောင်းတောင်ကျ***

ခနုဖြူတွင် ချီ

ဒီလို ဝါဒဖြန့် ကဗျာတွေကိုချည့် အမျိုးမျိုး အဖုံဖုံ လှည့်ပြောင်းပြီး ရေးခဲ့တဲ့ စိန္တကျော်သူဟာ ထူးခြားပြောင်မြောက်တဲ့ ကဗျာမျိုးကိုလည်း ရေးခဲ့သေးတယ်။

***ပလ္လင်တော်မှာ၊ တင်ထိုက်ပါမူ***
***မြိုင်သာတောလျှဉ်၊ စုစဉ်အုပ်မိုး***
***ရုက္ခစိုးတည့်၊ ရွှင်နိုးနှစ်သက်***
***နောင်စိတ်စက်ကို၊ အိပ်မက်ပြစေ***
***မိဌာန်ပေက. . .။***

ချစ်တဲ့သူ တစ်ယောက် မာန်အောင်မြင်ဘုရားမှာ တင်ဖို့ ရှားရှားပါးပါး ပန်းမျိုးကို ပို့ပေးချင်လို့ ရှင်ရုက္ခစိုးတို့က ညွှန်ပြပါလို့ မိဌာန်လိုက်တယ်။ ရုက္ခစိုး

www.foreverspace.com.mm



တို့ကလည်း ပြပေးတယ်။ တစ်တောင်လုံး ပိတ်ဖုံးအောင် ဖွေးဖွေးဖြူဖြူ ပန်းတွေ ဝေလာတော့တယ်။ ဒါပေမဲ့ ချစ်သူတို့ မာန်အောင်မြေ ဘုရားက တစ်မြေရပ်ခြား မှာ ဖြစ်နေတယ်။ ဒီကပဲ ချစ်သူကိုယ်စား လှူပါတော့မယ်လေလို့ ပန်းတွေကို သေသေချာချာ ကြည့်လိုက်တဲ့အခါ...။

***ခုခုညာကြေ၊ မွှေးလေလေနှင့်***
***ရွှေတ(စ်)ရတီ၊ ရှည်သားဝတ်ဆံ***
***ချပ်ရံသလင်း၊ အတွင်းတ(စ်)ကန့်***
***သန္တာကန့်လျက်၊ နေလှန့်လေလေ***
***ညွန့်ညွန့်ဝေက၊ စိတ်စေတနာ***
***မသက်သာခဲ့၊ ဒေဝါရှင်ရင်း***
***ရှကွမင်းတို့၊ လက်ငင်းစုံမက်***
***နောင်ကိုဆက်သည့်***
***နတ်ကတ္တရူ နှင့်တူတူ၊***

သိခက်လှသည် ချီ

ပန်းဟာလှသထက် လှလာတယ်။ ငွေရောင်ဖြူဖွေးက ရွှေရောင် ဝင်းလာ တယ်။ သလင်းရံလို့ အတွင်းမှာ သန္တာတွေ ဖြစ်လာပြီး ကြာလေ ဝေဆာလေ ဖြစ်တယ်။ ဘယ်လိုလဲ၊ မယ့်ဆီကို ပို့ဖို့ ဆိုတုန်းကတော့ ငွေရောင်မျှရယ်။ မပို့ တော့ဘူး။ ကိုယ်ပဲ ဒီက လှူတော့မယ်ဆိုတော့ ရွှေရောင် ဝင်းပြီး ပိုလှလာပါ လား။ နတ်မင်းတို့က ကိုယ့်ကိုပဲ သဒ္ဒါကြလို့လား။ ကိုယ်နဲ့ မယ်နဲ့ ဖူးစားမဆုံ ကြမယ့် နိမိတ်လေလား စသည်ဖြင့် ... စသဖြင့်။ ဝိုးဝါးမှုတွေ တသီတန်းကြီး ပေါ်လာတော့တယ်။ ဒီဝိုးဝါးမှု အတွေးတွေကို ကဗျာထဲမှာ ထည့်ရေးမထား ပါဘူး။ ကဗျာထဲမှာက "စိတ်စေတနာ မသက်သာခဲ့" မျှလောက်ပဲ ပါပါတယ်။ ဒီလောက်နဲ့တင် ရပ်ထားလိုတဲ့အတွက် ကဗျာကို "အဖြည့်ခံ" ရယ်လို့ လုပ်ထား လိုက်တယ်။ ဒီလို ရပ်ထားတဲ့ အတွက်လည်း ကဗျာကောင်းတစ်ပုဒ် ဖြစ် နေတယ်။

အလားတူပဲ လှပတဲ့ အတွေးလေးရဲ့ ကဗျာတစ်ချို့ကို စိန္တကျော်သူ ရေးခဲ့ပါတယ်။ ချစ်သူပန်ဖို့ ဆိုပြီး ခက်ခက်ခဲခဲရှားရှားပါးပါး ကြာညိုပန်းကို

www.foreverspace.com.mm



တောတောင်အထပ်ထပ် ကျော်လွှားပြီး အနောတတ်အိုင်က မောင် ယူပေးတယ်။ တမြတ်တနိုး တယုတယနဲ့ မယ့်ဆံကေမှာ ပန်လိုက်တော့ လေပြေလေညှင်းတောင် မတိုက်ခတ်ပါပဲနဲ့ ပန်းကြွေကျတယ်။ ဒီတင် မယ့်စိတ်ထဲ ခြောက်ခြားသွားမိတယ်။ ပန်းကလေး မခိုင်မြဲသလို ပန်းပေးသူ "ဇာနည် ရဲပွင့်" လည်း တည်တံ့မယ့်လူ မဟုတ်ဘူးလို့ ဆိုလိုတာ ထင်ပါရဲ့လေတဲ့။ ("ခုနစ်တောင်တာ" ချီ ရတု)

ဦးဩဟာ စည်းရုံးရေး လက်နက်အဖြစ် ဘုန်းတော်ဘွဲ့ကဗျာ ရေးပေမယ့် မင်းလိုလိုက် မင်းကြိုက်လိုက်နေသူသက်သက် မဟုတ်ဘဲ "ပြည်သူ" ရှုထောင့်ကနေ ကြည့်ပြီး ထောက်ခံနေတာဖြစ်ကြောင်း ကျွန်တော် ဆိုခဲ့ပါတယ်။ ဒီအကြောင်းကို ထပ်လောင်း သက်သေထူပြနေတာကတော့ သူ့ရဲ့ သံဝေဂကဗျာပါပဲ။ သူ့တပည့် ပဒုံမင်းသားကို ရေးပေးတာ ဖြစ်မယ်လို့ ယူဆရတယ်။ ဒီရတုဟာ စကားနဲ့ ရစ်သမ်အရ ကြည့်ရင်လည်း ကဗျာကောင်းတစ်ပုဒ် ဖြစ်တယ်။

***ဘုန်းခေါင်စိုးခြင်း၊ သို့သည်မင်းမျှ***
***မတင်းဝံ့လစ်၊ သေမင်းစစ်တွင်***
***ဆုတ်နစ်ရချေ၊ ဗောမိမြေဝယ်***
***ထောင်ခြေလက်ရုံး၊ မာရ်နတ်ရှုံးသည်***
***ဘုံသုံးပါးနတ်၊ လောကထွတ်မှ***
***မတတ်အားရာ...***

စကြာဝတေးမင်းတို့၊ တိုက်ပွဲတိုင်း အောင်ပွဲရတဲ့ မင်းတို့ဆိုတာ တကယ်တော့ မမြဲဘူး၊ သေမင်းရှေ့မှာကျတော့ စစ်ရှုံးရမှာပဲ။ မာရ်နတ်ရဲ့ စစ်ကို အချိန်အကြာကြီး နိုင်ခဲ့တဲ့ ဘုရားတောင် သေမင်းနဲ့ စစ်ခင်းရာမှာ လက်မြှောက်ရတယ်လို့ ဆိုလိုပါတယ်။ အိမ်ရှေ့မင်းကို ဆရာပီပီ ဆုံးမသလိုနဲ့ "ရွှေဘိုသားကွ" ဆိုပြီး လက်ရုံးဆန့်တန်း နယ်မြေချဲ့ထွင်ရင်း ဘဝင်မြင့်လာနေတဲ့ အလောင်းမင်းတရားတို့ကို စောင်းပါးရိပ်ခြည် သတိပေးလိုဟန်လည်း ပါပါလိမ့်မယ်။

♦ ♦ ♦

www.foreverspace.com.mm



ကုန်းဘောင်ခေတ်ရဲ့ စာဆိုအကျော် 'စိန္တကျော်သူ' ဘွဲ့ခံ ဦးဩဟာ လူပုဂ္ဂိုလ်ဘဝမှာ နှစ်ကွေ့ ချိုးခဲ့သလို စာပေဘဝမှာလည်း နှစ်ကွေ့ချိုး ချိုးခဲ့သူ ဖြစ်တယ်။ တကယ့်ဘဝမှာ သူဟာ အင်းဝ ဟံသာဝတီပါ မင်းတရားကြီးဆီမှာ အမှုတော်ထမ်းရင်း 'ရွှေတောင် ရာဇကျော်' ဘွဲ့ကို ရခဲ့ပြီးနောက် တစ်ဖန် ကုန်းဘောင် အလောင်းမင်းတရားကြီးဆီမှာ အမှုထမ်းပြန်တော့ 'စိန္တကျော်သူ' ဘွဲ့ကို ရပါတယ်။ စာပေဘဝမှာလည်း သူဟာ ရာဇကျော်ဘဝက စာပေတွေ ပြုစုခဲ့ရာ ကနေ့ထိ အဲဒီဘွဲ့နဲ့ပဲ အမှတ်အသား ပြုလျက် ရှိနေသလို စိန္တ ကျော်သူ ဘဝက ရေးတဲ့ စာတွေကိုလည်း ဒီဘွဲ့နဲ့ပဲ မှတ်တမ်းတင်ထားတာ တွေ့ရတယ်။ ဒီနှစ်ဘဝက စာတွေကို နှိုင်းယှဉ်လေ့လာတော့ ပြောင်းလဲကွာခြားတာလည်း ရှိနေတယ်။ ဒီတော့ ရွှေတောင်ရာဇကျော်က တစ်ယောက်လား၊ စိန္တကျော်သူက တစ်ယောက်လားလို့တောင် တချို့ သံသယဝင်ကုန်ကြတယ်။

> မည်သည့် စာပေမဆို အသက်အရွယ် ငယ်စဉ်က ရေးသည်ထက် ကြီးမှ ရေးတဲ့စာမှာ သာ၍ကောင်းသည်ဟု ယေဘုယျအားဖြင့် ယူဆလေ့ ရှိကြသည်။ ဤနေရာ၌ ရွှေတောင်ရာဇကျော်ဘွဲ့နှင့် ငယ်စဉ်က ရေးသော ရတုများမှာ စိန္တကျော်သူဘွဲ့ကို ရသောအခါမှ ရေးသော ရတုများထက်ပင် အစစမှာ သာလွန်၍ ကောင်းနေသေးသည်ဟု အချို့ပုဂ္ဂိုလ်များ ယူဆကြ၏။ ထိုရတုများကို နှိုင်းယှဉ်၍ ဖတ်ကြည့်လျှင်လည်း ယင်းသို့ပင် ယူဆဖွယ် ရှိပေ၏။ ယူဆပါမူ ရွှေတောင် ရာဇကျော်နှင့် စိန္တကျော်သူဘွဲ့ခံ ပုဂ္ဂိုလ်တို့မှာ တစ်ယောက်စီ ဖြစ်တန်ရာသည်ဟု စဉ်းစားဖွယ် တစ်ရပ် ဖြစ်ပေါ်လာ၏။ သို့တည်း မဟုတ် ဦးဩ တစ်ဦးတည်း နှစ်ဘွဲ့ခံ ဖြစ်လျှင်လည်း အသက်ကြီးမှ

www.foreverspace.com.mm



ရေးသော စာထက် ငယ်စဉ်က ရေးသော စာတို့က ကဗျာဉာဏ်
သာလွန် ထက်သန် ကွန့်မြူးရာ ကျရောက်ပြန်၏။ [၁]

ဒီ ဒွိဟနဲ့ ပတ်သက်လို့ ရှင်းတဲ့သူကလည်း ရှင်းကြပြီးဖြစ်တယ်။ [၂] ဒါပေမယ့် ရှင်းကြပုံက စိန္တကျော်သူဘဝမှာ ရေးတဲ့စာတွေလည်း ကောင်းပါတယ်၊ စည်းရုံးရေး လက်နက်အဖြစ် စာပေကို သုံးရာမှာ ရှင်းလင်းလွယ်ကူအောင် သုံးရတာ ဖြစ်ပါတယ်။ ဒါမှမဟုတ် မကောင်းလှပေမယ့် ထိရောက်မှုတော့ ရှိပါတယ် စသဖြင့် စာပေအဆင့်အတန်း ရှုထောင့်က နေပြီး ရှင်းကြပုံမျိုးချည်း ဖြစ်တယ်။ ရွှေတောင်ရာဇကျော်နဲ့ ဦးသြ တစ်ဦးတည်း ဖြစ်ပါတယ်လို့ တင်ပြတာမျိုးတော့ မတွေ့ဖူးသေးဘူး။

ရွှေတောင်ရာဇကျော်နဲ့ စိန္တကျော်သူ တစ်ယောက်စီ ဖြစ်ကြောင်း သံသယဝင်စရာ ဘယ်လို ရှေးဟောင်း အမှတ်အသားမှ မရှိဘူး။ စာပေလက်ရာတွေကို ကြည့်ပြီးတော့သာ အဲဒီသုတေသန အသင်းထုတ် စာစဉ်ကို တည်းဖြတ်သူက သံသယ ဝင်ခဲ့တာဖြစ်တယ်။ ဒီနှစ်ဘွဲ့ တစ်ဦးတည်းသာ ဖြစ်ကြောင်း သက်သေပြချင်ရင်လည်း စာပေလက်ရာများမှာပဲ ရှာရပေလိမ့်မယ်။

သုတေသနအသင်းထုတ် စာအုပ်မှာ စိန္တကျော်သူ အနေနဲ့ ရေးတဲ့ ရတု ၄၂ပုဒ်နဲ့ ရွှေတောင်ရာဇကျော်အနေနဲ့ ရေးတဲ့ ရတု ၁၂ပုဒ် ပါဝင် တယ်။ ဒီရတု နှစ်စုကို လေ့လာကြည့်ရင် စာတည်း မှတ်ချက်ချသလိုပဲ စာပေအာဘော်ချင်း အတော်ကို ခြားနားမှုရှိနေတာ တွေ့ရမယ်။ ဒါပေမဲ့ တစ်ခုနဲ့တစ်ခု လုံးဝဆက်စပ်လို့ မရလောက်အောင် ကွဲပြားတာမျိုး မဟုတ်ဘူး။ တစ်ခုမှာ သမားရိုးကျ အနုအယဉ် ရတုသုံး စကားလုံးတွေ ကဲနေပြီး တစ်ခုမှာ ပြည်သူ အရပ်သုံး စကားလုံးတွေ ကဲနေတယ်။ ဒီမျှပါပဲ။ အနုအယဉ်ကဲတဲ့ စာစု (ရွှေတောင်ရာဇကျော် ရတုစု) မှာ ပြည်သူသုံး စကားမပါတာ မဟုတ်သလို ပြည်သူသုံးစကားကဲတဲ့ စာစု (စိန္တကျော်သူ ရတုစု) မှာလည်း အနုအယဉ် လုံးဝ ကင်းတာ မဟုတ်ချေဘူး။

[၁] မောင်ညွန့်၊ **စိန္တကျော်သူဆို ရတုများ**၊ ဘိုးတော်ရှင် ဇချင်းနှင့် မင်္ဂလာလူးတား၊ နိဒါန်း၊ မြန်မာ သုတေသန အသင်း၊ (၁၉၂၉) စာ ဆ။

[၂] ဦးဖိုးကျော်မြင့်၊ **စိန္တကျော်သူ ဦးသြ၏ ရတုလက်ရာ**၊ စိန္တကျော်သူ အနှစ် ၂၀၀မြောက် ကွယ်လွန်နေ့ အထိမ်းအမှတ်စာအုပ်၊ တကောင်းစာပေ (၁၉၇၇)၊ စာ ၅၀။

www.foreverspace.com.mm



နောက်ပြီး စာရေးဆရာတွေမှာ သူတို့တစ်ဦးချင်းအလိုက် အကြိုက်တွေ့[၁] တဲ့၊ စကားလုံးလေးတွေ ရှိတတ်ကြတယ်။ တစ်ဦးစီမှာပဲ ထူးခြား တွေ့ရတဲ့ စကားလုံးတွေပ။ ဥပမာ နဝဒေးဟာ 'သင်းချော' ဆိုတဲ့ စကားလုံးကို ထူးထူး ခြားခြားသုံးတတ်သလို နတ်ရှင်နောင်ဟာ အလေးအနက်ပြု 'ကို' (သခင်ကကို) ဆိုတဲ့ စကားလုံးကို သီးခြား သုံးတတ်တယ်။ ဦးသြဟာ 'ဝဲ' ဆိုတဲ့ စကားလုံး၊ 'ကသိုဏ်း' ဆိုတဲ့ စကားလုံးနဲ့ 'ဟီရိ' ဆိုတဲ့ စကားလုံးတွေကို အထူး နှစ်ခြိုက် တယ်။ 'အိပ်မက်' အကြောင်းကိုလည်း ဦးသြ မကြာမကြာ စဉ်းစားလေ့ရှိတယ်။ ဒီစကားလုံး ဒီအကြောင်းတို့ကို စိန္တကျော်သူ ရတုများမှာရော ရွှေတောင် ရာဇကျော် ရတုများမှာပါ တွေ့ရတယ်။ ဒါကြောင့် စာစုနှစ်စုမှာ ကြီးမားတဲ့ ပြောင်းလဲမှုတစ်ခု သိသိသာသာ ရှိခဲ့ပြီ ဖြစ်ပေမယ့် မြစ်ဖျား တစ်ခုတည်းက လာကြောင်း ထင်ရှားတယ်။

ရွှေတောင်ရာဇကျော် ရတု ၁၂ ပုဒ်မှာ ကဲနေတာကတော့ နဝဒေး- နတ်ရှင်နောင်တို့ ထူထောင်ခဲ့တဲ့ သမားရိုးကျ ရတုသုံး စကားလုံးများ၊ အဖွဲ့အနွဲ့ များပါပဲ။

> ... ရတုလောကတွင် ကဗျာ့အစဉ်အလာ တစ်ရပ်ပင် ဖြစ်ခဲ့သည်။ ထိုကဗျာ့ အစဉ်အလာအရ အလွမ်းဝေါဟာရ အဆွေးဝေါဟာရတို့ သည် လည်းကောင်း၊ လှပသော ရေမြေ တော တောင် ပန်းသစ်ပင် ဝေါဟာရတို့သည် လည်းကောင်း နယ်ကုန်အောင် ကြွယ်ဝခဲ့ပြီး ဖြစ် ရာ ထိုအကြောင်းတို့ကို ဖွဲ့လိုလျှင် ထိုဝေါဟာရတို့သည် စာဆိုအဖို့ အဆင်သင့် အလောတော် ဖြစ်နေကြလေပြီ။ [၂]

ဒီအတွက် ရွှေတောင်ရာဇကျော်ကို အပြစ်မတင်သာဘူး။ ငယ်ရွယ်သူသာ ဖြစ်သေးပြီး၊ ကဗျာကို စတင်ဖွဲ့နေသူမျှသာ ဖြစ်လေတော့ ဆရာ့ ဆရာကြီးတွေ ရဲ့ အစဉ်အလာကို ဘယ်မှာ လွန်ဆန်နိုင်ပေလိမ့်မလဲ။ ဒီ စကားလုံးတွေ ဒီအဖွဲ့ တွေကို သုံးမှ ကဗျာမြောက်တယ်လို့ ခေတ်က ယူဆနေချိန် (သူကိုယ်တိုင်က လည်း လက်ခံထားချိန်) ဒီစကားလုံးတွေ အဖွဲ့တွေကိုပဲ သူ တုပြီး သုံးခဲ့ ရေးခဲ့ ပေတာပေါ့။ ရတု စချီပုံကိုက ဆရာကြီးတို့ရေးပြီး အချီပါဒကို တုပြီး ချီခဲ့တယ်။

---

[၁] obsessed

[၂] ဇော်ဂျီ၊ **ရသစာပေနိဒါန်း**၊ စာ ၉၃

www.foreverspace.com.mm



ဥပမာ နဝဒေးရဲ့ 'နတ်က နှင်းလှာ' ကို တုပြီး 'နတ်ဘက်ပေလှာ' (ရွှေ ၁)[၁]၊ နတ်ရှင်နောင်ရဲ့ 'မည်းမှျ ဆင်သည်'၊ 'မည်းမှျပတ်လည်' တို့ကို အားကျကာ 'မည်းပြာလွှမ်းဆင်' 'ဆည်းဆာချမ်း တွင်' (ရွှေ ၈) လို့ ရေးခဲ့ပါတယ်။ မြတ်စွာဘုရားကို 'ဉာဏ်' တော်နဲ့ 'ဖြည့်' တော်မူပါလို့ စတင် အသနားခံသူဟာ နဝဒေး ဖြစ်တယ်။ ရွှေတောင် ရာဇကျော်ကလည်း

***စိန္တေယျသာ၊ ကယ်မနိုင်ရာ***
***ဖြည့်လိုက်ပါတော့***

မြရိပ်တောင်ဝယ် ချီ (ရွှေ ၅)

***ဉာဏ်ဖြတ် ခြည်ဝါ၊ ဖြေဖြည့်ပါလော့***

ရေယာဉ်သီတာ ချီ (ရွှေ ၉)

***စည်းခုံ ဆုပြည့် ယခုဖြည့်လော့***

လက်ပံတောင်တွင် ချီ (ရွှေ ၁၀)

လို့ တောင်းဆုချွေခဲ့တယ်။

ကြာလို နှမ်းရပုံကို နဝဒေး၊ နတ်ရှင်နောင်တို့ ရေလဲနဲ့ သုံးကြသလို ရွှေတောင်ရာဇကျော်ကလည်း

***ရွှေကြာဖွင့် လူ၊ ရေက ယူ၍***
***ကျောက်ပူ အောက်ခံ၊ နေကို စံသို့***
***ဘုန်းလျှံ ရှင်လန်း၊ နတ်ရှင့် ပန်းမူ***
***ပျောင်းမြန်း ညှိုးခွေ၊ မိုးသို့ ဝေလိမ့်၊***

နတ်ဆက်ပေလှာ ချီ (ရွှေ ၁)

လို့ သူနည်းနဲ့သူ ချဲ့ထွင်ကာ ရေးဖွဲ့ခဲ့တယ်။

နတ်ရှင်နောင်တို့က ချစ်သူ့စကားကို မဉ္ဇူပန်းနဲ့ နှိုင်းခဲ့ရာ ရွှေတောင် ရာဇကျော်က ကြာညိုပန်းနဲ့ နှိုင်းပြလိုက်တယ်။

---

[၁] သုတေသန အသင်းထုတ် စာအုပ် ရွှေတောင် ရာဇကျော် အပိုင်းကို 'ရွှေ'၊ စိန္တကျော်သူ အပိုင်းကို 'စိန်'လို့ ပြပါမယ်။

www.foreverspace.com.mm



***ကျွန်မ ပန်လို၊ မွှေးချိုချိုသည်***
***ကြာညိုပန်းပေ ထင်တော့သည်။***

တန်းဆောင်ကျော်လျှင် ချီ (ရွှေ ၂)

နတ်ရှင်နောင်လိုပဲ ချစ်သူကို ကြာနတ်မယ်လို့ ရွှေတောင်ရာဇကျော် တင်စားခဲ့ရဲ့။

***စုလစ် သေးမျှင်၊ ဆံကေသျှင်ကို***
***ပြင်သင် ရစ်ပတ်၊ နှင်းရည် သတ်၍***
***ကြာနတ် နှုန်းစံ၊ နှုတ် ခြေင်နှင့်။***

ဥရှစ်ကျေးတွင် ချီ(ရွှေ ၆)

နဝဒေးရော နတ်ရှင်နောင်ကပါ ချစ်သူ့ရင်ခွင်မှာ ရွှေလည်ဆွဲပုံတွေ ရေးခဲ့ကြလေတော့ ရွှေတောင်ရာဇကျော်ကလည်း

***မင်းပျို ရင်အပ်၊ ပါးချင်း ကြပ်လျက်။***

တန်းဆောင်ကျော်လျှင် ချီ(ရွှေ ၂)

***ရွှေလည် နွဲ့မောင်း၊ ဆွဲရကြောင်းကို။***

ပြာသိုတွင်မည် ချီ(ရွှေ ၃)

***ထင်အပ် ရင်စုံ၊ ပျော်ချင်တုံသည်။***

မြရိပ်တောင်ဝယ် ချီ(ရွှေ ၅)

***အစဉ်နောင့်လည်၊ ဆွဲချင်သည်ကြောင့်။***

ယင်းရတု

စသဖြင့် ရေးပါတော့တယ်။

အလားတူ နောင်မင်းသားဟာ အခြားတစ်ပါးနဲ့ ဖောက်နေလေပြီလား လို့ တွေးတဲ့ အတွေး။

***မကြင် သွေဖည်၊ နောင် ကျင့်ရည်နှင့်။***

ဆည်းဆာချမ်းတွင် ချီ(ရွှေ ၈)

www.foreverspace.com.mm



ချစ်သူကို 'သက်ဝေ' လို့ ခေါ်ပုံ

***မယ်၏ သက်ဝေ၊ ဖူးလွယ်စေလော့။***

သကျောမွေကျော် ချီ (ရွှေ ၁၂)

ချစ်သူမိန်းကလေးကို ဆယ်ကျော်သက်မျှ ငယ်ထားပုံ

***ဆယ့်လေးနှစ်ခန့်၊ မျိုးမြစ် သန့်သား။***

မြရိပ်တောင်ပယ် ချီ(ရွှေ ၅)

'ခြောက်ယောက်နှောင်း' လို့ ခေါ်ပုံ

***ခြောက်ယောက် နှောင်းမြင့်၊ နတ်နှင့် မနှိုင်း။***

ရေယဉ်သီတာ ချီ(ရွှေ ၉)

အမျိုးသားကို ဖွဲ့ရာမှာ 'ကျိုင်း' ထည့်သုံးပုံ

***နက်ဖြန်မှလျှင်၊ ကျိုင်းမြ ငုံသည်။***

ဥရှစ်ကန်တွင် ချီ(ရွှေ ၁၁)

ဘုရားစေတီရဲ့ ရောင်တော်ကို အနီးအဝေးက မြင်ရပုံ

***တောက်ပ ညီးညီး၊ ဝေးနီးမြင်ထင်။***

ဥရှစ်ကျေးတွင် ချီ(ရွှေ ၆)

မိမိကိုယ်ရေးကိုယ်တာကို ဘုရားကို လျှောက်ရမှာ ကြောက်ရွံ့မိပုံ

***ဟုတ်တိုင်း ကြားမူ၊ ရွှေနား ငြီးအံ့၊***
***မစ ဝံ့တည့်၊ ရွံ့ရွံ့ စိတ်တွင်***
***မလျှောက်ချင်လည်း။***

ဆည်းဆာချမ်းတွင် ချီ(ရွှေ ၈)

www.foreverspace.com.mm



မိုးနတ်ကို 'ပဇ္ဇုန်' လို့ ခေါ်ပုံ

***ပဇ္ဇုန်မှူးသည်***
***သွန်မြိုး မအိုင်ခင်ကိုကား။***

သကျာခွေကျော် ချီ(ရွှေ ၁၂)

တို့နဲ့တကွ အောက်ပါအတိုင်း ရာသီဥတု ဖွဲ့နွဲ့ပုံတို့ဟာ နဝဒေး၊ နတ်ရှင် နောင် ညြဇာမကင်းတဲ့ အဖွဲ့များပဲ ဖြစ်တယ်။

***ကိုင်းကျွန်းပြင်လည်း၊ ညိုစင် မှိုင်းရစ်***
***မြစ်လည်း ယဉ်ဇွေ၊ ရေလည်း ကြည်မြ။***

လက်ပံတောင်တွင် ချီ (ရွှေ ၁၀)

***ရေယဉ်သီတာ၊ နောတတ္တာမှ***
***သုံးခါ ရစ်ကွင်း၊ နွားက ဆင်းသား***
***ချင်းတွင်း သလွှာ။***

ရေယဉ်သီတာ ချီ(ရွှေ ၉)

***ပတ်ကုံး စကြာ၊ အနန္တာကို***
***ဖြာဖြာလျှံဝေ။***

လက်ပံတောင်တွင် ချီ (ရွှေ ၁၀)

***တိမ်ငြိမ်းဆင်၍၊ မြောက်ခွင်ကသာ***
***မှိုင်းလာ ခဲစိုင်၊ ထွေရှုက် အိုင်မှု***
***တတ်နိုင် ခက်အောင်၊ ရွာယောင် ရုပ်ရုပ်***
***ကိုးရပ်အုပ်သော်။***

ဆည်းဆာချမ်းတွင် ချီ(ရွှေ ၈)

အောက်ပါ အဖွဲ့မှာတော့ ရှင်မဟာရဋ္ဌသာရတို့ကို အားကျပုံရတယ်။

***ပုဒ်ပါဠ် ဂါထာ၊ လင်္ကာ ဓိပ္ပာယ်***
***သွယ်သွယ် ထူးထူး၊ မြောက်ချီ ကျူး၍။***

ပြာသိုတွင်မည် ချီ(ရွှေ ၃)

www.foreverspace.com.mm



အစဉ်အလာ ရတု ဝေါဟာရတွေကိုပဲ သုံးတာဖြစ်ပေမယ့် ကိုယ်ပိုင်အတွေး လို့ ထင်ရတဲ့ အတွေးတွေကိုလည်း ရွှေတောင်ရာဇကျော် တွေးခဲ့ပါသေးတယ်။

**မယ့်ဆီ မင်းညို၊ ဖူးမည် ဆိုလျက်**
**သံချို သတင်း၊ လေညင်း ပျံ့မျှ**
**မကြား ရခဲ့၊**

သကျာမွေကျော် ချီ (ရွှေ ၁၂)

**မြွက်သံ ပြောင်ရှင်၊ နတ်စောင်း ငင်သို့**
**ပြုံးကျင် ရွှေးစို၊ မိန့်ဆို နောက်နှောင်း**
**ယဉ်နှုတ်ကောင်းနှင့်၊**

လက်ပံတောင်တွင် ချီ(ရွှေ ၁၀)

**ကြာညို ထင်ရည်၊ နှုတ်နံ့သည်လည်း**
**လေပြည် သွင်းရာ၊ ညင်းညင်း ပါ၏၊**
**နောင့်နှာ မဆုံး၊ ပွဲလုံး ပျံ့ခဲ့၊**

ပြာသိုတွင်မည် ချီ(ရွှေ၃)

**ယဉ်ရှင် နုရွ၊ ဟူသမျှကို**
**အလှ မိုး၍၊ နေတော့သည်၊**

ယင်းရတု

**မြေသည်ထက်၊ ဆယ်ဆ တက်ဟု**
**ချစ်သက် တူပြီ၊ မယ်က ညီ၍**
**နောင့်ဆီ သုတ်သွင်း၊ လေညှင်းညှင်းသည်**
**ချမ်းတင်း ခြွေခြွေ လာဘိသည်၊**

ရေယဉ်သီတာ ချီ(ရွှေ၉)

ဒါပေမဲ့ အထက်မှာ ထောက်ပြခဲ့တဲ့အတိုင်း ရွှေတောင် ရာဇကျော်ဟာ အစဉ်အလာ ရတုစကားဖြစ်တဲ့ အနုအရွ စကားလုံးတွေချည်းသာ သုံးခဲ့တာ မဟုတ်ဘူး။ ရိုးရိုးစင်းစင်း လူထုသုံး စကားလုံးတို့ကို ယူပြီးတော့လည်း အလင်္ကာ ဖွဲ့ခဲ့ပြီ။ ရံဖန် အပြောစကားကိုတောင် သုံးစွဲခဲ့လေပြီ။ စကားလုံးနုဖို့ထက် စိတ်ကူး ထိမိဖို့ အရေးကြီးကြောင်း အဲဒီတုန်းကပဲ သူ မြင်ပြီး စမ်းသပ်ကြည့်ခဲ့ပြီ။

www.foreverspace.com.mm



**နန္ဒာ တကန်၊ မြင်ရပြန်၍**
**နိဗ္ဗာန်ကိုပင်၊ ရမည် ထင်လည်း**
**ခုံမင် စိတ်သန်၊ ဆု မပန်ပြီ။**

မြရိပ်တောင်ပယ် ချီ (ရွှေ ၅)

**ရန်ဆူး စွယ်ရှည်၊ ချိုးရမည် ဟု**
**ရုံစည် မှန်စင်၊ လူပုံယင်ကို**
**စီရင် ဖန်ရ လွယ်စေသောဝ်။**

ဥရှစ်ကျေးတွင် ချီ(ရွှေ ၆)

**ကမ်းငူကုန်းပြင်၊ ရေစင် သွန်းထည့်**
**အိုးအပြည့်ကို၊ တည့်တည့်ဆောင်ရွက်**
**ငြိမ်အောင် ခက်သို့။**

နေရာဗန်မည် ချီ( ရွှေ ၇)

**တပွဲတလမ်း၊ သူရဲ တမ်းဖြင့်**
**ကြိုးပမ်းရမည်၊ ချီရသည်မူ။**

ရေယဉ်သီတာ ချီ (ရွှေ ၉)

**ပန်းစုံဥယျာဉ်၊ အိမ် ကိုးစဉ်ထက်**
**ဖက်ယှဉ် ဟီရိ၊ လှမိုး ထိမူ**
**ပျောင်းအိ ရွှိက်ရွှိက်၊ နေ့တိုင်းထက်လျှင်**
**လှိုက်ပွက် ဝဲဝေ့၊ ခု သည်နေ့သည်။**

ဥရှစ်ကန်တွင် ချီ(ရွှေ ၁၁)

**တိမ်တောင်မင်းလွင်၊ မှိုင်းချင်ချင်နှင့်။**

သကျာမြေကျော် ချီ(ရွှေ ၁၂)

**တို့မိန်းမလည်း၊ တ(စ်)လမို့သာ**
**စက်ဖော် ကြာက၊ သစ္စာ သွေဖည်**
**ထွေတတ်သည်ဟု၊ စည်ရှည်သံချို**
**ကျမ်းဂန် ဆိုလည်း၊ မယ့်ကို မထည့်**
**နှုတ်ပါ လှည့်စိမ့်။**

ယင်းရတု

ဒီစာနုနဲ့ စာကြမ်း၊ အဟောင်းနဲ့ အသစ်၊ တော်သုံးနဲ့ လူထုသုံး၊ စာဟန် နှစ်ခုရဲ့ အချိုးအဆကို ရှေ့နောက် ပြောင်းပြန် လုပ်လိုက်တဲ့အခါ ရွှေတောင် ရာဇကျော်ဟာ စိန္တကျော်သူ ဖြစ်သွားတော့တာပါပဲ။

စိန္တကျော်သူ ဘဝမှာရေးတဲ့ စာများမှာလည်း ရတု အစဉ်အလာ စကားလုံး နဲ့ အသုံးအနှုန်းတို့ကို တွေ့ရသေးတာပဲ ဖြစ်ပါတယ်။ အလွန့်အလွန် နည်း သွားတာပဲ ထူးတယ်။

စိန္တကျော်သူ ဘဝမှာ ရေးတဲ့ ရတုတွေထဲက အစဉ်အလာ ကဗျာ စကားနဲ့ အသုံးအနှုန်းတွေ တွေ့ရတဲ့ နမူနာများ

နတ်ရှင်နောင်ရဲ့ 'ဆင်းကြာနတ်' အဖွဲ့

**ကြာတိုက်နေသည်၊ နတ်တရည်လျှင်**
**ချစ်မည် စေကန်၊ သက်ဆုံး မှန်မူ**

မှာလိုက်ပေသည် ချီ

ချစ်သူ စကား မဥ္ဇူပန်း

**မိန့်သံ ကြူကို၊ မဥ္ဇူ ပွင့်နှယ်**
**နောင့်ထပ်လယ်က၊ မပယ်လွှဲသာ**

ယင်းရတု

ဆယ်ကျော်သက်ကလေး နောင့်ချစ်သူ

**ဆယ့်ခြောက်နှစ် စင်၊ ပျိုရှင်သည်စိတ်**
**ဆွဲချိတ် မနိုင်၊ စိုးပိုင်ခွင့်ရ၊**

စတည့်ပင်လျှင် ချီ

(မှတ်ချက်။ ။ နဝဒေးတို့က '၁၁' နှစ်၊ သူက '၁၆' နှစ် ဖြစ်လာတယ်။ နှစ်ပေါင်း ၂၀၀ကျော်လာခဲ့ရာမှာ မြန်မာကြီးတို့ 'အကြိုက်' ပြောင်းလာတယ် ဆိုရလိမ့်မယ် ထင်တယ်။ ကုန်းဘောင်ခေတ်ဦးမှာ ၁၆နှစ်ပြည့်မှ ချစ်ချင် လာကြတော့တယ်။ ကလေးတွေကို မကြိုက်ကြတော့ဘူး။)

www.foreverspace.com.mm



'နှောင်း' ဆိုတဲ့ စကားလုံး

**ခြောက်ယောက် နှောင်းကျန်၊ နတ် သဏ္ဍာန်နှင့်**

သည်က မြင်သည် ချီ

**သည်းပွတ် နှောင်းထွေး၊ နန်းထက် မွေးသည်။**

ဝေယန်ဘုံသာ ချီ

လည်ချင်း ယှက်ကာ ချစ်ခဲ့ကြပုံ

**ဖိုမ စုံဖက်၊ လွန်းကြင်ငှက်သို့**

**လည်ယှက် ရစ်သန်း၊ ချစ်ကြိုး တန်းသည်၊**

သည်ကမြင်သည်ချီ

**နှစ်ခု လည်တင်၊ ငှက်လွန်းကြင် သို့**

**...အစ်ကပ် ယှဉ်နွဲ၊ စက်ကြမြဲကို**

သင်နှင့် ရက်ဝါ ချီ

ပြန်မည့်ရက်ကို စောင့်စား နေရသူလေး

**ခန့်တိုင်းရက်ကို၊ ကြင်ဖက် မင်းခြေ**

**ပြန်လာစေ ဟု၊ ခေတ်မွေ ရှေ့ရှု**

ဆယ့်ငါးရက်သာ ချီ

**ချုပ်သည် ရက်က ၊ နေ့ဝက် မျှလေ**

**မလွန်စေနှင့်၊ လက်ရေ မလုံ**

မှာလိုက်ပေသည် ချီ

ပြန်ချင်ပေမယ့် မင်းမှုက မပြေ

**မယ့် နှုတ်မှာနှင့်၊ ရက်ကြာ ညီဆု**

**မင်းမှု မပြေ၊ ရှိသည်ထွေကို**

ယင်းရတု

**ပြန်ရ ရက်လျှင်၊ မင်းရေး အင်ကို**

**မမြင်နိုင်ရာ**

ကန်က စက်ရှင် ချီ

www.foreverspace.com.mm



အုံးမှာ ခွေနေရှာမယ့် သူကလေး

*ကြွေမှတ်မှား မေ့၊ လွမ်းမှုန် ဝေ့သည်*
*ဖက်၍ အုံးမှာ၊ ခွေလိမ့်မည်။*

မှာလိုက်ပေသည် ချီ

မောင် ဖောက်ပြီလား သံသယ

*တထူး သွေချော်၊ သူနှင့်ပျော်၏*
*သစ္စာသွေဖည်၊ ပျော်လေသည်ဟု*

နှုတ်ထွေး နီတျာ ချီ

နတ်သူဇာ ဆင်းလာလည်း မပါဘူး ဆိုခဲ့ပုံ

*မယ့်ပြင် သူဇာ၊ မိုးကလာလည်း*
*မျက်နှာလွှဲမည်၊ မိန့်တော်ရည်ကြောင့်*

ရွှေချက်မြှုပ်ရာ ချီ

*မိုးက သူဇာ၊ ဆောင်ယူလှာလည်း*
*မပါရဘူး၊ မိန့်ဦး ဆိုချီ။*

စတည့်လျှင်ပင် ချီ

ချစ်ရေးမှာ ကယ်မဖို့ ဘုရားကို လျှောက်ပုံ

*ချစ်မြဲ နောက်ခါ၊ မုန်းရာ မချပ်*
*သည်တိုင်း ကျပ်အောင်၊ သုံးရပ် သူ့ချာ*
*ကယ်မပါလော့။*

ရွှေချက်မြှုပ်ရာ ချီ

*လွင့်ပျံ့ ပျောင်းရစ်၊ ရှိသည် ဖြစ်ကို*
*ရှင်ချစ် ဘုန်းလျှမ်း၊ မက်ရည် ဆမ်းလော့။*

ခုနှစ်တောင်တာ ချီ

ဘုရား ရောင်ခြည်ကို နေခြည်နဲ့ နှိုင်းပုံ

**စေတီ တည်ထောင်၊ နေခြည်ပြောင်သို့**
**မိုးခေါင် ထိလွန်း။**

ရွှေချက်မြုပ်ရာ ချီ

နေပြည်တော်ကို နတ်ပြည်နဲ့ နှိုင်းပုံ

**မိုးနတ် ပျော်ရာ၊ ဆင်္ကာမာသည်**
**ခြောက်ရွာ ထင်ရပေလိမ့်မည်။**

ချစ်၍ ခေါ်ရာချီ

**ရတနာ သိယ်၊ ကျောက်မြို့မကို**
**သိကြားပြည်ပင်၊ ယိုးမှား ထင်ဟု**
**ဝန်းကျင် ကျေညာ။**

ယှက်ဆုံမြစ်ဖြာ ချီ

လကို ကြယ်ရံတဲ့ ဥပမာ

**တိမ်ခြေ မိုးယံ၊ လမင်း ထံဝယ်**
**ကြယ်ရံသည့် တူ၊ ဆောင်း ဆူဆူက**

ပဒေသာပင် ချီ

**မိုး လမင်း လယ်၊ ရံသည် ကြယ်သို့**
**တင့်တယ်ပါဘိ။**

ရန်ကုန်ရွှေပြည်ချီ

စိန္တကျော်သူ ရတုတွေရဲ့ပိုမို ကြီးမားတဲ့ အစိတ်အပိုင်းကတော့ အဲဒီလို အစဉ်အလာ ကဗျာစကား ကဗျာအဖွဲ့တွေ မဟုတ်တော့ဘူး။ ရာစုနှစ် ၂၉ အထက်က နည်းပင် နည်းစေဦးတော့၊ နတ်ရှင်နောင် စမ်းသပ်လုပ်ကိုင် ပြသွားပြီဖြစ်တဲ့အတိုင်း ဦးသြဟာ ကဗျာရဲ့ မဇ္ဈိုင်စကား[၁] အဖြစ် ခေတ်သုံး အရပ်သုံး ပြောစကားကို ယူလိုက်တယ်။ နိမိတ်ပုံ ရစ်သမ် စတာတွေကိုလည်း ပဒေသာ

---

[၁] Medium

www.foreverspace.com.mm



ပင်ကြီးကချည့် ထုတ်ယူမနေတော့ဘဲ ခေတ် ထဲကသာ ရယူတယ်။ ခေတ်စကား၊ ခေတ် အသုံးအဆောင်တို့နဲ့ပဲ ဖန် ဆင်းလာတယ်။

***သင်္ဘောရော၊ စုလာ ကပင်း***
***အစင်းစင်းတည့်၊ လှေချင်း ရှုပ်ထပ်***
***ဆိပ် မလပ်မျှ၊ ကူရှုပ် သမ္ဗန်***
***သင်္ဘောတန်နှင့်၊ လှိုင်းပြန် မဟုတ်***
***လောင်းမှုတ်ကတူး၊ ဆန်းထူးဘိချင်း။***

ရန်ကုန်ရွှေပြည်ချီ

သူ့ခေတ်ဟာ သင်္ဘောတွေ လှေတွေနဲ့ နိုင်ငံခြားသားတွေ မြန်မာပြည်ကို ကူးသန်းရောက်လာကြကာ၊ မြန်မာတွေလည်း သင်္ဘောတွေ လှေတွေနဲ့ ကူးသန်း စစ်ချီနေတဲ့ ခေတ် ဖြစ်တယ်။

***မူးမြစ် ရွှေနောက်၊ တောင် မြောက် ရေကန်***
***ကျုံး သုံးတန်နှင့်၊ ကျည်သန် တံခါး***
***ရင်တား ရဲလောင်း၊ အဲမောင်းလှံ့ဓား***
***လေးမြား မီးပေါက်၊ အမြောက် လုံးခြုံ***
***လက်နက်ပုံ ဟု***

နီလာကျောက်သွင် ချီ

သူ့ခေတ်မှာ တုတ်ဓားမျှ မကတော့၊ သေနတ်တွေ အမြောက်တွေနဲ့ ကိုယ့် တိုင်းပြည်ကို ကာကွယ်ကြ၊ သူ့တိုင်းပြည်ကို သွားရောက် တိုက်ခိုက်နေကြ ပေပြီ။ တစ်ချိန်တည်းမှာ

***သုံးမည် ကျုံးချပ်၊ မြို့ သုံးထပ်လျှင်***
***ဘေး ခပ်သိမ်း လုံ၊ ဗိုလ်ပုံ မှီရန်***
***ရေကန်တော်ကြီး၊ ယဉ်စီး ပတ်ရစ်***

www.foreverspace.com.mm



## မူးနှင့် မြစ်ကို၊ တစ်နှစ် မရောက် လချင်း ဖောက်မည်။

ပဒေသာပင် ချီ

သူ့ခေတ် တိုင်းပြည်ခေါင်းဆောင် ဘုရင်မင်းရဲ့ လက်အောက်မှာ ပြည်သူတွေဟာ ကန်တွေ တူးဖော်ကြ၊ မြောင်းတွေ သွယ်ဖောက်ကြနဲ့ ထူထောင်ရေးလုပ်ငန်းတွေ လုပ်နေတဲ့ ခေတ် ဖြစ်တယ်။ အဲဒီလို ခေတ်မျိုးမှာ ကဗျာဆရာဟာ ဆင်စွယ်နန်းပေါ်မှာ မမွေ့လျော်အားဘူး။ သူလည်း တစ်တပ်တစ်အား ပါဝင်ရမယ်လို့ ဦးဩ မြင်ခဲ့တယ်။ ဒါကို ပညာရှင် အများကလည်း ထောက်ပြခဲ့ကြပါတယ်။

> ဦးဩသည် ဉာဏ်ကောင်း၍ နိုင်ငံကို ချစ်ခင်သူ ဖြစ်သည်။ ... နိုင်ငံ ချစ်စိတ်ကို အင်းဝ-ဟံသာဝတီ အရေး၌ ပြခဲ့သည်။ သူ၏ ဘုန်းတော် ဘွဲ့ ရတုများသည် မြန်မာပြည်နှင့် မြန်မာစာအတွက် ခရီးအရောက် ဆုံးသော စာများ ဖြစ်သည်။ ... ပုဂ္ဂိုလ်တစ်ဦး အင်အားကြီးလာ၍ သူ့အင်အားကို ပို၍ ကြီးလာသည် ထင်ရအောင် ကြော်ငြာပေးမှုသည် နိုင်ငံရေး လုပ်ငန်းတစ်ခု ဖြစ်သည်ဟု ဆိုအပ်သည်။ ထိုနိုင်ငံရေး လုပ်ငန်းကို ဘုန်းတော်ဘွဲ့ စာဆို၏တို့က ဆောင်ရွက်ကြသည်။ ... ယခု ... ဦးဩ ဆောင်ရွက်သည်။[၁]

> ထိုပြီးနောက် တစ်ဖန် အထိန်းမရှိသော ချည်ခင်ကဲ့သို့ အကွဲကွဲ အပြဲပြဲ ရှုပ်ထွေးနေသော မြန်မာပြည်ကြီးကို အလောင်းဘုရားသည် ပြန်လည် စုပေါင်း ရှင်းလင်းသည့် အချိန်တွင် စိန္တကျော်သူ ဦးဩသည် ယုတ်လျော့နေသော မြန်မာ့စိတ်တို့ကို ဘုန်းတော်ဘွဲ့တို့ဖြင့် တက်ကြွစေ၏။ [၂]

စိန္တကျော်သူနဲ့ အခြား ဘုန်းတော်ဘွဲ့ရေးသူတွေ ကွာခြားတာကတော့ သူက ဘုရင်ကို ပြည်သူတွေ အတွက် တကယ်အကျိုးပြုမယ့် ခေါင်းဆောင်ကောင်းလို့ မြင်ကာ ထောပနာခဲ့ခြင်းပါပဲ။ ဒါကို သူ့ကဗျာတွေမှာ တွေ့မြင်ရပါတယ်။

---

[၁] ဇော်ဂျီ၊ **ရသစာပေနိဒါန်း၊** စာ ၄၆-၄၈

[၂] ဒေါက်တာလှဘေ၊ **မြန်မာစာ ညွှန့်ခံစာတမ်း၊** စာ ၁၆၆

www.foreverspace.com.mm



***ရွှေနောက် ဝန်းလျား၊ ပြည်တိုင်း ကားသည်***
***ပြန့်ပွား စည်တော့မည် ဘုရား။***

ပဒေသာပင် ချီ

***ပြည်သူ တကာ၊ ရွှင် မျက်နှာနှင့်***
***သီတာ ရေချမ်း၊ ထိပ်ထက် ဆန်းသို့***
***ဘေးဘျမ်း ရန်ကွာ၊ သာယာတော့မည်။***

နေဝန်းစကြာ ချီ

***ဝိပတ္တိဝဲ၊ ကပ်ယုတ်ထဲက***
***သောင်စဲ မြစ်ဝှမ်း၊ သမွတ်ကမ်းသို့***
***ကူးလှမ်းမီအောင်၊ ကယ်ပို့ဆောင်သည်***
***ကုန်းဘောင်က စ***

သုံးယူဇနာ ချီ

သူ့ ဘုန်းတော်ဘွဲ့ရတုတွေဟာ အဲဒီအတိုင်းချည်းပါပဲ။

သူရေးဖွဲ့ခဲ့မယ့် ရတုတွေ ဘယ်လောက်ရှိတယ်ဆိုတာ အတိအကျ မပြောနိုင်ဘူး။ ကနေ့ ၆၀ ပုဒ်တွေ့ကြရတယ်။ သုတေသန အသင်းထုတ် စာအုပ်မှာတော့[၁] စိန္တကျော်သူ အနေနဲ့ ရေးတဲ့ ရတု ၄၂ ပုဒ်နဲ့ ရွှေတောင်ရာဇကျော် အနေနဲ့ ရေးတဲ့ ရတု ၁၂ ပုဒ်၊ ပေါင်း ၅၄ ပုဒ် ပါရှိတယ်။

စိန္တကျော်သူ အနေနဲ့ ရေးတဲ့ ရတု ၄၂ ပုဒ်ထဲက ၁၈ ပုဒ်ဟာ ဝါဒဖြန့် သက်သက် ရေးတာဖြစ်ပြီး ၁၅ ပုဒ်က ဝါဒဖြန့်နဲ့ စိတ်ကူး ရောမွှေထားတယ်။ ၉ပုဒ်က ဝါဒဖြန့်တာ မပါဘူး။ ဝါဒဖြန့်ရတု ၁၈ ပုဒ်မှာမှ တစ်ခါ ၁၄ ပုဒ်က ဘုရင့်ဆီ ဆက်သွင်းရတဲ့ ရတုမျိုးဖြစ်ပြီး ၄ ပုဒ်က ဘုရင့်ဆီ တိုက်ရိုက်ဆက်သွင်းတာမျိုး မဟုတ်ဘူး။ ဘုရင့်ဆီ ဆက်သွင်းတဲ့ ရတု အချပါဒမှာ 'ဘုရား' လို့ အဆုံးသတ်ထားတယ်။ ဝါဒဖြန့်ရတုတွေကို အမျိုးအစားအရ ဒီလို ခွဲခြားရတယ်။

| | |
|---|---|
| ဘုန်းတော်ဘွဲ့ သက်သက် | ၁ ပုဒ် |
| စစ် အောင်နိုင်မှုကို ဖွဲ့ | ၁၀ပုဒ် |

[၁] စိန္တကျော်သူ ဆို ရတုများ၊ **ဘိုးတော်ရှင် ချောင်းနှင့် မင်္ဂလာလူးတား**

www.foreverspace.com.mm



| | |
|---|---|
| ကျုံး တာချခြင်း၊ ကန်တူးဖော်ခြင်း | |
| စတဲ့ လုပ်ငန်းအောင်မြင်မှုဖွဲ့ | ၈ပုဒ် |
| စစ်အောင်နိုင်မှုနဲ့ လုပ်ငန်းအောင်မြင်မှု | |
| ရောနှောဖွဲ့ | ၂ပုဒ် |
| နိမိတ်ဖတ်ကြားမှု | ၄ပုဒ် |
| အိမ်တော်သိမ်း | ၁ပုဒ် |
| ဆင်ဖြူတော်ဖွဲ့ | ၁ပုဒ် |
| မြို့ သမိုင်း | ၁ပုဒ် |
| လက်ထပ် မင်္ဂလာဖွဲ့ | ၁ ပုဒ် |
| စစ်သည်တို့ ကြိုးစားပုံ | ၁ပုဒ် |
| အထွေထွေ | ၃ပုဒ် |

အဲဒီ ဝါဒဖြန့် ရတုတွေမှာ ဝါဒဖြန့်နဲ့ စိတ်ကူးရောစပ်ထားတဲ့ အဖွဲ့ ကသာ နှစ်လိုဖွယ် ရှိမှာပဲ။ ဝါဒဖြန့်သက်သက်တွေကတော့ ငြီးငွေ့ဖွယ်ရာ ဖြစ်မှာပဲလို့ ထင်ရင် မှားလိမ့်မယ်။ ဘုန်းတော်ဖွဲ့သက်သက်နဲ့ လက်ထပ် မင်္ဂလာဖွဲ့ကတော့ ငြီးငွေ့စရာပါပဲ။ ကျန်ရတုတွေက အဲသလို မဟုတ်ပါဘူး။ အထူးသဖြင့် လူထု ကြီး လှုပ်ရှားမှုပါဝင်ပုံကို ထည့်ထားရာမှာ စိတ်တက်ကြွဖွယ် ကောင်းလှတယ်။

*သောင်းထောင် ကုဋေ၊ အသချေ တိ*
*ဗိုလ်ခြေ ငြိမ့်သဲ၊ ကျုံးတူး ပွဲနှင့်*
*အောင်ဆွဲလုံ့ နီ၊ ကာချီ ဒိုင်းလွှား*
*လေး ဓား သေနတ်၊ မြင်းတတ် ဆင်သည်*
*အတည်တည်လျှင်၊ ရွှေပြည် ဝန်းကျင်*
*စစ်ခင်း ဆင်က၊ မြေပြင် တိမ်းစောင်း*
*ရှု မညောင်းသည်*
*သာပေါင်း ဆင့်ပါပြီ ဘုရား။*

ရွှေနန်းစက်ရှင်ချီ

*ခယ ညွှတ်ပျောင်း၊ ကျွန်တော်ပေါင်းတို့*
*သောင်းသောင်း ပြီးထု၊ တာငန်း လုလျှက်*

www.foreverspace.com.mm



***ရုံးစု ညီညာ၊ သူ့ထက် ငါတည့်***
***မျက်နှာ လန်းရွှင်၊ ခန့် စီရင်၏။***

ဖန်နန်းစကြာ ချီ

စိတ္တကျော်သူဟာ အလောင်းမင်းတရားကြီးကို အလွန်ကြည်ညိုတယ်။ သူ့ပြည်သူတွေကလည်း ကြည်ညိုခဲ့ကြပုံပါပဲ။ ဒီအကြောင်းကို စိတ္တကျော်သူ မှတ်တမ်းတင်ခဲ့ပုံဟာ နှစ်လိုဖွယ်ကောင်းလှတယ်။

***ဖြည်းပြ လေချို၊ နေလည်း ညို၏***
***မှုးပျို မယ်လတ်၊ ရွှေတော်မြတ်တွင်***
***လျောက်ပတ် ယဉ်ကျေး၊ ဗောင်း ဖွေးဖွေးနှင့်***
***နီးဝေး ရွှေနောက်၊ တယောက်မကြွင်း***
***သယ် ဖို့လျှင်းသည်***
***အုန်းအင်း ငြာကြသည် ဘုရား။***

***. . . ပျော်ရွှင် ငြိမ့်သဲ***
***ကိုယ်တော် ကဲ၍၊ မြဲစွဲစိမ့်မည်***
***သယ် ဖို့ ဆည်က . . .***

ဝါကျွတ်သဘင် ချီ

မြေကို တူးကြ၊ သယ်ကြ၊ ဖို့ကြနဲ့ ပင်ပင်ပန်းပန်း လုပ်ကြရတဲ့ အလုပ်ကြမ်း ဖြစ်ပါလျက် 'ဖြည်းပြ လေချို၊ နေလည်းညို' တယ်လို့ ဖွဲ့လိုက်တော့ အလိုလို အမောပြေသွားတော့တယ်။ ဘုရင်ကိုယ်တိုင် ကန်ထဲဆင်းပြီး ကွပ်ကဲနေပြန်တော့ လုပ်ရသူတွေ မတက်ကြွဘဲ မနေနိုင် ဖြစ်ရပြန်တယ်။ နောက်ဆုံးမှာ မိုးပေါ်က သိကြားမင်းတောင် မနေနိုင်တော့ဘူး။

***သူဇာတို့ မောင်၊ မတ်လက်စောင်ကို***
***ပြည့်အောင် ရွာချေ၊ ခါမှဲ့ စေ၍***
***အောင်မြေ ဗိမာန်၊ ကိုယ်တော်ပြန်တွင်***

www.foreverspace.com.mm



*ရေကန်တော်လုံး၊ ဖြိုးမျှ ဖုံးသို့*
*ပတ်ကုံး ထန်ပြင်း၊ မိုးနတ်မင်းသည်*
*ညဥ့်ချင်း ရွာရသည် ဘုရား။*

တတိယ နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့တဲ့ အလောင်းဘုရားရယ်လို့ ထင်ရှားခဲ့ရာမှာ သူ့ရဲ့ တိုက်ရည်ခိုက်ရည်ဟာ အဓိကအကြောင်းပါပဲ။ ဒီ လက်ရုံးရည်ကို စိန္တကျော်သူ ဖွဲ့ပုံကလည်း

*ရေကြည်း နှစ်ကွဲ၊ ဗိုလ်စု ခွဲ၍*
*သောင်းသဲ အုတ်အာ၊ ချီရာမှာလည်း*
*အာကာ ကောင်းကင်၊ မြေပြင် ကွဲလု*
*ရဲမွှေ စုနှင့်၊ ဘီလူ့ အလား*
*သူ့ ကျွန်များကို၊ ကြောက်ပါးဖွယ်လိ*
*မြင်လိုက်မိ၏၊ ဦးရှိ မညွတ်*
*မတ်လတ် ရိုင်းစိုင်း၊ ဘယ်တိုင်း ဘယ်ပြည်*
*ပြိုင်မည် ခဲခက်၊ မိုးကြိုး စက်ကို*
*ယပ်ခွက် ကာမိ၊ ဖြန့်စမ်း ရှိသို့*
*သိသိ ညက်ညက်၊ ထွားထွား ပျက်လိမ့်။*

ရန်ကုန် ရွှေပြည် ချီ

*သိကြား မြို့ပင်၊ ခံနှင့်လျှင်လည်း*
*စက်ရှင်တော် ဘုဉ်း၊ ကိုယ်တော် မှန်းက*
*ပျက်ပြုန်း မယိုင်၊ ဘယ် ခံနိုင်လိမ့်။*

သာလိကာမယ် ချီ

လက်ရုံးရည်ဆိုတာ စစ်ပညာ ကျွမ်းကျင်ပိုင်နိုင်မှုက လာတာပါ။ ဦးသြဟာ အလောင်းမင်းရဲ့ စစ်သည်တွေ စစ်အတတ် ကျွမ်းကျင် ပိုင်နိုင်ပုံကို အထူးဖွဲ့ဆို လေ့ရှိတယ်။

*ရဲစွမ်းအင်နှင့်၊ စက်ပြင် လုံမ*
*ဝင့်တိုင်း ကျ၏၊ ကာက ဒိုင်းလွှား*

www.foreverspace.com.mm



*လေး စား သေနတ်၊ ပစ်ခတ် နိုင်နင်း*
*ဆင်မြင်း စိုင်းနှင်၊ ဘယ်ငင် ညာသွဲ့*

ကုန်းဘောင်ရွှေပြည် ချီ

*ဆင်တက်မြင်းစီး၊ လေးကြီး ပစ်ငင်*
*လှံလျှင် စက်ထိုး၊ ဓား ကြိုးကွင်း စွပ်*
*လျှင် လျှပ် ပေ့ါပါး၊ လှံဓား ကတောင်း*
*အဲမောင်းလဲရိုက်၊ ဝန်းဝိုက် ခွေရစ်*
*ကြေးလုံးပစ် ဟု၊ ဆယ့်ရှစ်ပါး စုံ*
*တတ်မျိုးကုံသည်။*

ရန်ကုန်ရွှေပြည် ချီ

ဒီစစ်သည်တွေ ဖွဲ့နဘဲနဲ့ အပင်ပန်း အဆင်းရဲခံနိုင်ပုံကိုလည်း စိတ္တ ကျော်သူ ရေးဖွဲ့ခဲ့တယ်။

*မှက် ခြင် ဖြုတ်လည်း၊ ကိုက် စုတ် သွေးရဲ*
*ဆုတ်၍ ကြသို့၊ ထူထဲ ခြင်ရန်*
*ကာတန် မလုံ၊ ဆင်းရဲပုံခဲ့၊*
*ဝေးချုပိတ်ပေါင်း၊ ကိုင်းတောင်း တောင်ကျူ*

မနုဖြူတွင် ချီ

မိမိတို့ဘက်က ရန်သူကို အောင်နိုင်ပုံကို ဖွဲ့ရာမှာ တစ်ခါတလေ ဦးဩဟာ အခြား စာဆိုတို့ ဖွဲ့ရဲဖွယ်ရာတောင် မရှိတဲ့ ဗုဒ္ဓဂိုဏ်းငြိဖွယ် အဖွဲ့မျိုးကိုတောင် ဖွဲ့ခဲ့တယ်။

*ဘုရားရှင် ဘုန်း၊ မာရ်နတ် နှုန်းသို့*
*ပျက်ပြုန်းချင်လို*

အံ့ဖွယ် ကိုးမည် ချီ

ဝါဒဖြန့်တဲ့ အမှုကို အနုပညာ စိတ်ကူးနဲ့ ပေါင်းစပ်ပေးတဲ့ အဖွဲ့မျိုးမှာ ဦးဩဟာ အထူးပြောစရာ မရှိတော့ဘူး။ နာမည်ကြီး ရတုနှစ်စုံကတော့

www.foreverspace.com.mm



'ချစ်၍ခေါ်သည်' ချီ ရတုနဲ့ 'ချစ်၍ခေါ်ရာ' ချီ ရတုတို့ပါပဲ။ မောင်ခေါ်ရာကို မယ်မလိုက်နိုင်သေးကြောင်း ပြောပြတဲ့ အဖွဲ့မျိုး ဖြစ်ပါတယ်။ ဒီအဖွဲ့မျိုးကို မှတ်တမ်း ရှိသမျှ အစောဆုံးဖွဲ့သူကတော့ အင်းဝခေတ်က ဆရာတော် ရှင်မဟာသီလဝံသပါပဲ။ ဆရာတော်ရဲ့ တောင်တွင်းသူကို ရွှေဝသားက 'လိုက်လာစေကြောင်း မသွေကောင်း' ခဲ့တဲ့ 'အချာပဝရ' ချီ ရတုဟာ ထင်ရှားတယ်။ နဝဒေးခေတ်မှာ 'လိုက်တော်မူပါ' 'လိုက်ပါလှည့်လော' 'လိုက်ပါဟူလည်း' ချီ မြို့ဖွဲ့ ရတု သုံးစုံကလည်း ဒီသဘောပဲ ဖြစ်ပါတယ်။ ဒီပုံစံကို စိန္တကျော်သူက မှီးယူကာ မဟာနန္ဒာ ကန်တော်ဖွဲ့ ရတုနှစ်စုံ ရေးဖွဲ့ခဲ့တာပါပဲ။

ရတု စလျှင် စချင်း

***ချစ်၍ ခေါ်သည်၊ လိုက်တော်မူခဲ့***
***မပျောင်းနွဲ့နှင့်***

လို့ လူငယ်တို့ အတုယူချင်စရာ အသံသာတဲ့ စကားလုံးကလေးတွေနဲ့ ချစ်သူမိန်းကလေးကို တယုတယ ခေါ်လိုက်တယ်။ ပြီးမှ

***ရာဇာများ ပန်း၊ မှန်းနန်းများ ရှင်***
***ဖန်စီရင်၍၊ ညာခွင် ချောင်းရိုး***
***ကိုးဆယ့်ကိုးက၊ ရေမိုးယှက်လည်***
***စီးလာသည်ကို၊ ဆီး ဆည် သယ် ဖို့***
***တောင်ကဲ့သို့ပင်၊ မို့မို့ ညိုရောင်***
***သင်း ကန်ပေါင်နှင့်၊ ရေတောင် မောက်လှာ***
***လွှမ်းဖွယ်သာတည်း။***

ရယ်လို့ အမှန်တကယ် အချက်အလက်တွေကို ထည့်သွင်းသွားပုံဟာဖြင့် ဝါဒဖြန့်နဲ့ အနုပညာ ပေါင်းစပ်ပေးနိုင်မှုရဲ့ အကောင်းဆုံး စံနမူနာပဲ ဖြစ်ပါတော့တယ်။

ဝါဒဖြန့်နဲ့ အနုပညာ ပေါင်းစပ်ပေးရာမှာ စိန္တကျော်သူ သုံးလေ့ရှိတဲ့ ဒုတိယနည်းကတော့ စစ်ချီရတု ပုံစံပဲ ဖြစ်တယ်။ စစ်ချီရတုတွေကို ရှေးရှေး ရတုစာဆိုကြီးများ စပ်ခဲ့လှပါပြီ။ အားလုံးလိုလိုဟာ စစ်ချီရတယ် ဆိုတာကို သာမန်လောက် ဖော်ပြလိုက်ပြီး စစ်မြေပြင်ကနေ မောင်က လွမ်းရင် လွမ်း၊

www.foreverspace.com.mm



မလွမ်းရင် ကျန်ရစ်သူ မယ်က လွမ်းတဲ့ အဖွဲ့မျိုးချည်း။ စိန္တကျော်သူဟာ ကျောရိုးအနေနဲ့ ဒီပုံစံကို ယူပေမယ့် စစ်ချီရတာကို သာမန်ဖော်ပြရုံမျှ မဟုတ်ဘဲ တကယ့် သမိုင်းအချက်အလက်တွေ ထည့်ပေးထားရာ ရန်သူမိစ္ဆာကို နိုင်အောင် တိုက်နေတယ်လို့ ဖော်ပြရာမှာ ထူးခြားလာတယ်။ စစ်ချီရတုဟာ အလွမ်းရတု ဘဝကနေ ဝါဒဖြန့်ကဗျာ ဖြစ်လာတယ်။

***မြို့မ ရန်ကုန်၊ မစုန် မိခင်***
***ယွန်း ဘုရင်နှင့်၊ မော်တင်ကရစ်***
***ကျွန်ချည်း ဖြစ်ဟု၊ ခုစစ် စကား***
***ကျွန်မ ကြားရှင့်။***

ကန်က စက်ရှင် ချီ

***. . .ကျူးလှာသည်လည်း***
***ကျည်း အင်္ဂလိပ်၊ ဆိပ် ပင်လယ် စွန်း***
***ဟိုင်းကြီးကျွန်းနှင့်၊ ရှမ်းယွန်း ဂျွမ်းပြည်***
***ဦးတည် ဘုရင်၊ ရန်မျိုး စင်၍***
***အောင်မြင်ပြီ ဆို၊ ကြားသလိုသည်***
***မင်းပျို ရောက်ခွင့်၊ နေ့ ဖက်ထင့်***

ဘယ့်နှယ်လဲရှင် ချီ

စိန္တကျော်သူဟာ ဒီပုံစံနဲ့ စစ်ချီအလွမ်းနဲ့ ဘုရားတိုင် ရတုတွေ ရေးခဲ့တာ (အခု ၁၂ ပုဒ် တွေ့ကြရတယ်) တစ်ခုနဲ့ တစ်ခု အတွေး မထပ်အောင်လည်း အလှယ်လှယ် ရေးဖွဲ့နိုင်စွမ်းခဲ့တယ်။ တစ်ပုဒ်မှာ (စိန် ၁၇) စစ်သည်တွေ ဆင်းရဲပင်ပန်းပုံကို ဖွဲ့တယ်။ တစ်ပုဒ်မှာ (စိန် ၁၈) ကျီးသာလို့ မောင်တို့ ပြန်ချိန် နီးပြီလားလို့ မယ်က တင်စားပုံဖွဲ့တယ်။ တစ်ပုဒ်မှာ (စိန် ၂၀) အလျင်က အတူ ချစ်ပွဲဝင်ခဲ့ကြပုံ အိပ်မက် မက်ကြောင်း ဖွဲ့တယ်။ တစ်ပုဒ်မှာ (စိန် ၂၁) မြို့တော် သာယာလွန်းပေမယ့် မောင်နဲ့ ဝေးနေလို့ စိတ်မရွှင်နိုင်ကြောင်း ဖွဲ့တယ်။ တစ်ပုဒ်မှာ (စိန် ၂၃) ချစ်သူ မဟုတ်၊ မယ်တော်က သားတော်တို့ကို တမ်းတတယ်။ တစ်ပုဒ်မှာ (စိန် ၃၀) စစ်နိုင်လို့ မောင် ပြန်လာပြီလို့ မိန်းကလေး အိပ်မက်မက်တယ်။ တစ်ပုဒ်မှာ (စိန် ၃၁) မောင့်ကို မျက်နှာများလွန်းသူလို့

www.foreverspace.com.mm



ရေရွှတ်သလို စစ်နိုင်အောင် တိုက်နိုင်လွန်းလို့လည်း ဒေါသကလေးနဲ့ ချီးကျူးထားတယ်။ တစ်ပုဒ်မှာတော့ (စိန် ၃၈) ရန်အန္တရာယ် မရှိပါဘဲလျက် ရှိလေဟန် ခရီးထွက်နေသူ မောင့်ထံ မယ်က ကျေးကို စေတယ်။

စစ်သည်တွေ အဆင်းရဲ အပင်ပန်းခံရပုံကို ဦးဩ ဖွဲ့ခဲ့တာကတော့ နာမည်ကျော်ပါပဲ။

***ဘယ်တွင် မလပ်၊ လေ့ချင်းကျပ်၍***
***ကမ်းရပ် မှီတွဲ၊ ဆိုဆဲ မနာ***
***ညစာ ဝေးလံ၊ မြစ်ယံ ကမ်းမှေး***
***ရွှံ့စေး ထူထပ်၊ မြေလပ် ကုန်းစင်***
***မမြင် မြောက်တောင်၊ ညဥ့်ရောင် ရီနက်***
***ဗိုလ်ရဲမက်တို့၊ စိတ်စက် ကွဲပြို။***

ခနေပြုတွင် ချီ

ကျီးသာလို့ မောင် ပြန်ချိန်နီးပြီလို့ ထင်မိပုံကို ဖွဲ့ရာမှာ ညီမလုပ်သူကပါ မယုံရင် နတ်မေးကြည့်ဖို့ ခိုင်းပုံက ကဗျာကို အသက်ဝင်လာစေပါတယ်။

***...ညီမရင်းက***
***ပုပြင်း ထပ်ဆင့်၊ စိုးပါနှင့်တော့***
***ချိန်သင့် စောစီး၊ နံနက်ကြီးကို***
***သည်ကျီးနက်ညို၊ သာပြီ ဆိုလျှင်***
***မင်းပျို စစ်ပြန်၊ ရောက်မြဲ မှန်၏။***
***နှစ်တန် တွေးဆ၊ မယုံလှသော်***
***ရှေးက စုစဉ်၊ အိမ်ဦးယဉ်ဝယ်***
***သဗ္ဗည္ဟူ ဉာဏ်၊ နီးကပ် မှန်သား***
***တာပန် မည်ရ၊ မယ် ပုပ္ပကို***
***အစ်မ ပျောင်းပျော့၊ မေးစမ်းတော့ဟု။***

ဘယ့်နှင့်လဲရှင် ချီ

www.foreverspace.com.mm



ချစ်သူနဲ့ ဝေးနေရစဉ် အလျင်က ချစ်ပွဲနွှဲခဲ့ကြပုံကို အိပ်မက်မက်တာကတော့ ပီပြင်လွန်း အားကြီးနေသလားပဲ။

*ကိုယ်ထည် နှင်းဆီ၊ ဝန်းအုံးနီနှင့်*
*ကတ္တီပါ ဖြူ၊ မွေးထူ ထောင်ထု*
*လဲပုံ စုထက်၊ နှစ်ခု လည်တင်*
*ငှက် လွန်းကြင်သို့၊ ထဲပြင် ဖြူနီ*
*ဖိုးမှီ သိန်းခပ်၊ ညဉ့်ခြုံ ထပ်၍*
*အပ်ကပ် ယှဉ်နွှဲ၊ စက်ကြမြဲကို*
*တန်းလဲ မမေ့၊ မြင်မက်၍လျှင်*
*ခုန်ဆွေ့ လန့်ဖျပ်၊ စမ်းသပ် မိမှား*
*ဝိုးဝါး မူးမိုက်၊ ရှိမ်းနူး ခိုက်တွင်*
*ဝန်းဝိုက် ဇေ့လောင်၊ လေ သန်းကောင်သည်*
*ချမ်းအောင် ချွေလိုက်ပြန်ဘိသည်။*

သင်နှစ် ရက်ဝါ ချီ

စစ်ထွက်နေသူကို မျှော်ရလွန်းရာက စစ်နိုင်လို့ မောင်ပြန်လာပြီလို့ မက်တဲ့အိပ်မက်ဖွဲ့ ရတုဟာ 'ဆိတ်စာငယ်လေ မှတ်တမ့်' ချီ ရှေးကဗျာနဲ့ ဆင်တယ်။ ဒါပေမဲ့ ရှေးကဗျာက တကယ်လား၊ အိပ်မက်လား ဝိုးဝါး၊ တင်ပြထားပြီး စိန္တကျော်သူမှာတော့ အိပ်မက်လို့ အတိအကျ ဆိုထားတယ်။

*လက်ခြေ သွယ်သေး၊ လေဟုန်ပြေးသား*
*လျင်ရေး ရွှထိတ်၊ လည်မောက် ချိတ်နှင့်*
*ရဲစိတ် မာန်ခက်၊ မွေးရောင် နက်သည်*
*ဝင်းလက် ခဲကျဉ်၊ မြင်း ရှုယဉ်ကို*
*တင်ပျဉ် စီးထိုင်၊ ဇက်ကိုင် ချုပ်*
*ခတ်လှုပ် ကတောင်၊ လျင်အောင် စိုင်းနှင်*

www.foreverspace.com.mm



***မယ့် ရင်ခွင်သို့၊ ပူးဝင် ပိုက်ဖက်***
***နွဲ့လာ မက်သည်...***

သန်းခေါင်ရောက်တွင် ချီ

မြင်းကို ဒုန်းစိုင်းနှင်လာပြီးနောက် မြင်းပေါ်က ဆင်းတာကို မပြ၊ 'မယ့် ရင်ခွင်သို့' တန်းတန်းမတ်မတ် ရောက်ရှိသွားသလို ပြထားပုံဟာ အသည်းယားစရာ ကောင်းလှပါတယ်။

မိမိအပြင် မောင်းမမိဿံ ရုံရွှေတွေ အများကြီးထားတဲ့ မောင်တော်မင်းသားကို 'အသိမ်းများမည့် သူကိုကား' ရယ်လို့ ခနဲ့လိုက်ပြီးတဲ့နောက် တိုက်ရည်ခိုက်ရည်နဲ့ ပတ်သက်လို့ ဒေါကလေးနဲ့ ချီးကျူးလိုက်ပုံကလည်း ယဉ်လှတယ်။

***ကျွန်း ဇမ္ဗူတွင်၊ ထွက်ပြူ သမ္မာ***
***တန္တ မုဒိမ်း၊ ရန်မျိုးငြိမ်းသည်***
***အစိမ်း စားမည့် သူကိုကား။***

စတည့်လျှင်ပင် ချီ

ကဗျာဆရာလည်း ဖြစ်တဲ့ ဦးသြဟာ ကဗျာဖွဲ့ဖို့ကိုလည်း ကြိုးစားခဲ့ပေတယ်။ 'သိခက်လှသည်' ချီရတုနှင့် 'ခုနစ်တောင်တာ' ချီ ရတုတို့ဟာ အဲသလို ဦးသြ ကြိုးစားဖွဲ့တဲ့ ကဗျာမျိုးပါပဲ။

'သိခက်လှသည် ချီ' ရတုကို မှတ်တမ်းဆရာတို့က 'ဘုရားတိုင် အဖြည့်ခံ ရတု' လို့ ကမ္ပည်း ထိုးထားတယ်။ တကယ်တော့ ဘုရားတိုင်သဘော လုံးဝ မရှိပါဘူး။ 'ပန်းဖွဲ့' ဆိုတာကမှ ရေးတေးတေး ရှိဦးမယ်။ ဖွဲ့ထားပုံက ကဗျာထဲက ပုဂ္ဂိုလ်ဟာ မာရ်အောင်ဘုရား ပလ္လင်မှာ ချစ်သူနဲ့အတူ တင်ထိုက်တဲ့ပန်းကို ရုက္ခစိုးတို့က အိပ်မက်နဲ့ ညွှန်ပြပါလို့ ခိဌာန်လိုက်တယ်။ ဒီလိုနဲ့ ...

***တပ်တပ် ခွခွ၊ နောင်ကို ပြသား***
***လ တပေါင်းတည့်၊ ခါကောင်း ပြည့်တွင်***

www.foreverspace.com.mm



***ပတ်လှည့် တောလုံး၊ ပိတ်မျှ ဖုံးသည်***
***ပအုံးငွေတူ ပွင့်ဖြူဖြူ၊***

သိခက်လှသည် ချီ

ဒါပေမဲ့ မာရ်အောင်စေတီနှင့်တကွ ချစ်သူရှိရာ ဌာနေက မောင်နဲ့ ဝေးနေတယ်။ ဒါကြောင့် ရောက်ရာ တောစခန်းကပဲ ချစ်သူကိုယ်စား လှူပါတော့မယ်လို့ စိတ်ကူးရင်း ပန်းကို သေသေချာချာ ကြည့်မိတဲ့အခါ

***ခုခု ညာကျော့၊ မွေးလေလေနှင့်***
***ရွှေ တ(စ်)ရတည်၊ ရှည်သား ဝတ်ဆံ***
***ချပ်ရုံသလင်း၊ အတွင်း တ(စ်)တန့်***
***သဏ္ဍာ ကန့်လျက်၊ နေ လှန့် လေလေ***
***ညွန်ညွန့် ဝေ***

ဖြစ်နေတော့တယ်။ ဒီတွင်

***စိတ်စေတနာ၊ မသက်သာခဲ့***
***ဒေဝါ ရှင်ရင်း၊ ရက္ခမင်းတို့***
***လက်ငင်း စုံမက်၊ နောင်ကို ဆက်သည်***
***နတ် ကတ္တရ နှင့်တူတူ၊***

လို့ စိတ်ပြောင်းသွားတော့တယ်။ ပန်းဟာ ငွေရောင်ဘဝက ရွှေရောင် ပြောင်းလာခဲ့ပြီ ကျောက်မျက်ရောင်တွေနဲ့ လှချင်တိုင်း လှနေတော့တာမို့ ဘုရားလှူဖို့တောင် 'စိတ်စေတနာ မသက်သာ'ဘဲ ဖြစ်သွားခဲ့ရတယ်။ မိမိကိုပဲ ရက္ခစိုးနတ်တို့က အမြတ်တနိုး ပေးဆက်လာတာပေပဲရယ်လို့ မလှူရက်ရက် ခုံခုံမင်မင် ဖြစ်သွားတယ်။ ဘယ်လိုပဲ ဘာသာရေး အဆောင်အယောင်တွေ လွှမ်းထားထား လူဟာ လူပါပဲ။ လူဟာ ကုသိုလ်ရဖို့ထက် အလှအပကို ကိုယ်ကပဲ ပိုက်ပွေ့ထားချင်တာကလား။

'ခုနစ်တောင်တာ' ချီ ရတုကတော့ 'ဒုဿဝတီဘုရားတိုင်' လို့ ကမ္ပည်းထိုးထားတဲ့အတိုင်း ဘုရားတိုင် ရတုပါပဲ။ ဒါပေမဲ့ သူမျှားတကာ ဖွဲ့ကြသလို

www.foreverspace.com.mm



ချစ်သူနဲ့ ဝေးနေလို့၊ ချစ်သူဖောက်နေလို့ ဘုရားကယ်ပါဆိုတဲ့ အဖွဲ့မျိုး မဟုတ်ဘူး။ ပန်းကိုပဲ အခြေခံကာ ကဗျာစိတ်ကူး ကွန့်ထားတာ ဖြစ်တယ်။ ပန်းက ကြာညိုပန်း၊ မောင်က မယ်ဆင်ဖို့ ဆိုပြီး အနောတတ်အိုင်က ယူခဲ့တာ တဲ့။

*စေ့ချဉ်း ငါးလုံး၊ တောင်ဖျား ဖုံးသား*
*ချုံးချုံး ရိပ်မြိုင်၊ နောဒတ် အိုင်က*
*ကြေလှိုင် ညာဆန်၊ မယ် ဆင်ရန်ဟု*
*ရှစ်တန် အင်စုံ၊ ခြီးတိုင်း ပုံသား*
*မြင်းခုံ သင်းခွေ၊ နှင်း မကြွေနှင့်*
*မင်းခြေ ရဲခေါင်၊ ယူခဲ့ ဆောင်သား*
*အရောင်ကိုးဝါ၊ ရှုတိုင်း ဖြာ၏။*
*သဗ္ဗါ ဖော်ထုတ်၊ ကော်ကနုဒ်ဟု*
*ဖြည်းသုတ် လေချို၊ မွှေး စိုစိုသည်*
*ကြာညို ပွင့်မှိုင်း ရှင်ကိုလည်း။*

ခုနစ်တောင်တာ ချီ

ဒီလောက် ရှားပါးလှတဲ့ ပန်းကို မယ်က ဆံပင်မှာ ‘ဆင်ဆန်း မဆင်’ ပန်ဆင်ခဲ့တယ်။ ဒါပေမဲ့ ဖြစ်ရပုံက လေလည်းမတိုက် လူလည်း ဘာမှ မလုပ်ရ ပါဘဲနဲ့ ပန်းဟာ ဆံပင်က ကြွေကျခဲ့တယ်။

*မြူတေ လျှံလန်း၊ ကြာ ရွှေပန်းကို*
*ဆင်ဆန်း မဆင်၊ မယ့် ထိပ်ပြင်ဝယ်*
*မြိတ်သင် မထုံး၊ မြိတ်လွတ် ရုံး၍*
*စီးကုံး ရစ်လည်၊ ပန်ပါသည်ကို*
*လေပြည် မချွတ်၊ အလုံး ကျွတ်ခဲ့။*

ယင်းရတု

www.foreverspace.com.mm



ဒီတွင် ထိတ်လန့်တကြား ဖြစ်သွားမိကာ နိမိတ်ပြတာများလားလို့ ခံစားမိရတော့တယ်။ ပန်းကလေး မတည်တံ့သလို ပန်းပေးသူလည်း တည်တံ့ပါ့မလားလို့ သံသယတွေ ဝင်လာတော့တယ်။

***ဇာနည်ရဲပွင့်၊ မယှဉ်ထပ်ဆင့်လည်း***
***ပန်းနှင့် တူမည်၊ ယူမိသည်ကြောင့်***
***မဆည် ချုပ်တတ်၊ လက်ဆုတ် ပွတ်သား***
***ကြာဝတ် တင်ပန်း၊ ခိုင်ကျန်း မခံ***
***လွင့်ပျံ့ ပျောင်းရစ်၊ ရှိသည်ဖြစ်ကို။***

ယင်းရတု

များသောအားဖြင့် ချစ်သူနဲ့ ဝေးလို့ လွမ်းရင်ဆွေးရင် မိမိ ဘယ်လောက်ဆွေးနေရကြောင်းကို ချစ်သူ သိစေချင်တော့တယ်လို့ တိုင်တန်းဖွဲ့ဆိုသူ တွေသာ များတယ်။ စိန္တကျော်သူကတော့ မိမိအပူကို ချစ်သူ သိမှာကိုပဲ စိုးနေတယ်။ သူသိသွားရင် သူပါ ပူနေလိမ့်မယ် မဟုတ်ပါလား။ ဒါမှ တစ်ကိုယ်ကောင်း မဆန်တဲ့ မွန်မြတ်တဲ့ ချစ်ခြင်းမေတ္တာ မည်ပေတယ်။

***နေ့ဆက် ရက်စပ်၊ ထပ်ထပ် ဖြိုးလွေ့***
***လွမ်း သရွေ့လျှင်၊ ခုနေ့ ဗျာပါ***
***နှင့်စာနာသော်၊ ကိုယ်မှာ ပျောင်းချည့်***
***ပူဆွေးသည့်ထက်၊ ဝင်းမှည့် ဆယ်ရည်***
***ယဉ်ထူးလည်သည်***
***သိမည်ကိုသာ စိုးတော့သည်။***

တည့်မွန်းလွဲလျှင် ချီ

စိန္တကျော်သူ ရေးဖွဲ့တဲ့ ရတုကောင်းတွေထဲမှာ သံဝေဂ ရတုကိုလည်း ထည့်သွင်းရမယ်။ ရတုကို မိန်းကလေး ရှုထောင့်က ရေးထားတယ်။ တတိယပိုဒ်မှာ 'မေတ္တာရှေ့ထား လောင်းမင်းသားသည် ဆွေဝါး ထင်သင့် သည် ဘုရား' လို့ အဆုံးသတ်ထားတဲ့အတွက် မိမိရဲ့တပည့်ရင်း အိမ်ရှေ့မင်းသား (ပဒုံ

www.foreverspace.com.mm



မင်းသား) အတွက် ရေးပေးတာ ဖြစ်လိမ့်မယ်လို့ ယူဆရတယ်။ ဘုန်းတန်ခိုး အကြောင်းတွေချည်း ရေးပေးနေရာက တရားသဘောနဲ့လည်း ဆင်ခြင်တတ် အောင် သွန်သင်တဲ့အနေ ရေးပေးတာ ဖြစ်မယ်။

ရတုက သံဝေဂဆိုတော့ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးသားတွေကို တင်ပြ ထားတာမို့ အကြောင်းအရာအနေနဲ့ မဆန်းဘူး။ သုံးနှုန်းထားတဲ့ အလင်္ကာများ ကလည်း စာပေကျမ်းဂန်တွေမှာ တွေ့ရမြဲ အလင်္ကာများပါပဲ။ ဒီရတုရဲ့ ထူးခြား ကောင်းမွန်မှုကတော့ တရားသဘောတွေကို ရှင်းရှင်းတိုတိုနဲ့ ရစ်သမ်မိမိ တင်ပြနိုင်တာပဲ ဖြစ်တယ်။

အထူးသဖြင့် ပါဠိအဆိုအမိန့်တွေကို ရှေးမြန်မာဆရာကြီးတို့ လုပ်လေ့ရှိ သလို ရှည်ရှည်ဝေးဝေး ချဲ့ထွင်မနေဘဲ လိုရင်းမိအောင် ဘာသာပြန်ထားပုံ ဖြစ်တယ်။

***ပညာတော်စိတ်၊ သတိ ပိတ်၍***
***အနိစ္စသာ၊ မှတ်သားရာသည်။***
***ဘယ်မှာ နိစ္စ၊ မှတ်သားရအံ့။***
***ဒုက္ခချည်းသာ၊ မှတ်သားရာသည်၊***
***ဘယ်မှာ သုခ၊ မှတ်သားရအံ့၊***
***မုချ ပြတ်ပြတ်၊ ကိုယ်မမှတ်ဘဲ***
***အနတ္တသာ၊ မှတ်သားရာသည်၊***
***ဘယ်မှာ အတ္တ၊ မှတ်သားရအံ့၊***
***တလွှ ညစ်ကျူ၊ မကောင်းစုဖြင့်***
***အသုဘသာ၊ မှတ်သားရအံ့။***
***ကာလ ရှည်ကျူး၊ မစွမ်းဘူး ဟု***
***စူးစူးသေချာ၊ မှတ်သားရာသည်၊***
***ဘယ်မှာ ဘယ်သူ၊ စွမ်းအံ့ ဟူ၍***
***စွဲယူစိတ်ချ၊ မှတ်သားရအံ့၊***

ပထမပိုဒ်

***စိတ်က ကြည်ဖြူ၊ ချစ်သောသူနှင့်***
***တူ မနေရ၊ ဆင်းရဲလှ၏၊***

www.foreverspace.com.mm



***စိတ်က မဖြူ မုန်းသော သူနှင့်***
***အတူ နေရ၊ ဆင်းရဲလှ၏။***
***စိတ်က လိုရာ၊ မရပါလည်း***
***မဟာဒုက္ခ၊ ဆင်းရဲလှ၏။***

ဒုတိယပိုဒ်

ရှင်းလင်းလွယ်ကူသလောက် ရစ်သမိက ဖြစ်လှတာကို တွေ့ရပါလိမ့်မယ်။ တစ်ပိုဒ်အတွင်းမှာ 'အံ့'၊ 'အံ့' ရယ်လို့ အသံအရှိန်ကို ဖြတ်ဖြတ်ထားတာက ပုတီးစိပ်ရာမှာ အကြောင်း တစ်ခုတစ်ခုကို ဆင်ခြင်ပြီး ပုတီးတစ်လုံး တစ်လုံး ချသွားတဲ့ ရစ်သမ်ကို ဖော်ကျူးနေတယ်။ တရားသဘောကို နှလုံးသွင်းရင် ဒီလို ဆင်ခြင်ရတာပါပဲ။ ငိုချင်းရှည် ဟဲသလို တောက်လျှောက်ကြီး သီတန်း ရေရွတ်သွားလို့ မရဘူး။

ကာမဂုဏ်ရဲ့ ဆင်းရဲပုံ၊ မတည်မြဲပုံ၊ကို အလင်္ကာ ဖော်ကျူးပုံက

***ဆင်းရဲ ညှိုးမြန်း၊ ပင်ပန်းသည် ထက်***
***ရေဝဲပွက်သို့၊ အိပ်မက် တူရိုး***
***တဟင်းမျိုးနှင့်၊ အရိုးစုနည်း***
***မျက်စည်း မီးရှူး၊ မထူး မီးကျီး***
***သစ်သီး ပုံခပ်၊ တံလျှပ် မျက်လှည့်***
***ငှားသည့် ဥစ္စာ၊ နေလာ နှင်းပျောက်***
***ကမ်းရောက် သစ်ပင်၊ ဆိပ်ရှင် မြွေခေါင်း***
***ချည်ပေါင်း ရက်ကန်း၊ နှန်းနှန်း လုံ့တံ***
***ပုံစံ တချက်၊ သံလျက် ချရာ***
***စဉ်းတီ စာသို့၊ ပမာ မုချ***

ယင်းရတု

ဘယ်လောက် ဘုန်းတန်ခိုးကြီးမားတဲ့ မင်းဖြစ်ပစေ၊ သေမင်းရှေ့မှာတော့ ဒူးထောက်ရပုံ၊ ဘုရားသော်မှ အနိစ္စ တရားကို မလွတ်ကင်းနိုင်ပုံကို ဒီလို ဖွဲ့ထားတယ်။

www.foreverspace.com.mm



***စကြာ စိုးရ၊ မင်း ထိုမျှတို့***
***. . . . သမုဒ် ရေမြစ်၊ ခွဲရစ် လှစ်၍***
***ခုနစ် ရတနာ၊ ယူနိုင်ရာ၏။***
***သည်သာ မက၊ ငါပ စိတ်မှတ်***
***လက်ရုံးခတ်လည်း၊ နဝရတ်သာ***
***မိုးထိရွာ၏၊ ဒီပါ လေးကျွန်း***
***ရံဝန်း နှစ်ထောင်၊ နတ်နှစ်တောင်ကို***
***ဘုန်းခေါင်စိုးခြင်း၊ သို့သည် မင်းမျှ***
***မတင်းတွံလစ်၊ သေမင်း စစ်တွင်***
***ဆုတ်နစ်ရချေ၊ ဗောဓိ မြေဝယ်***
***ထောင်ခြေ လက်ရုံး၊ မာရ်နတ် ရှုံးသည်***
***ဘုံ သုံးပါး နတ်၊ လောကထွတ်မှ***
***မတတ်အားရာ***

ယင်းရတု

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း စိန္တကျော်သူ ကဗျာရဲ့ ထူးခြားချက် ကတော့ သမားရိုးကျ ကဗျာစကားတို့ကို ရှောင်နိုင်သမျှ ရှောင်ပြီး ခေတ်သုံး စကားကို ယူကာ ကဗျာမြောက်အောင် ကဗျာဖွဲ့ဆိုတာပါပဲ။ ခေတ်သုံးစကားကို ယူရာမှာ တစ်ခါတလေ အရပ်သုံး စကားတို့ကိုတောင် ထည့်တယ်။ စကားပြောဟန် ပိုမိုပေါ်လွင်ပြီးကဗျာဟာ ပိုမို အသက်ဝင်သွားတယ်။

***ဘယ့်နှယ်လဲရှင်၊ သင်ပုတ်စင်ဝယ်. . .***

'ဘယ်နှင့်လဲ ရှင်' ချီ

***ဘုရားတို့လို၊ အိပ်မက်ကို ဟု***
***တမ်းဆိုမိကာ။***

'သန်းခေါင်ရောက်တွင်' ချီ

***ကျမ(ကျွန်မ) ထက်သာ၊ ဟိုဟိုမှာကို***
***မေတ္တာ ကဲဆင့်၊ ပါစေနှင့် ဟု။***

'စတည့်လျှင်ပင်' ချီ

www.foreverspace.com.mm



***ကြောက်လေနှင့်နော်၊***
***စိတ်တော် မဆတ်၊ ငေါက်ငမ်းတတ်ဘူး။***

'နှုတ်ထွေးနီတျာ' ချီ

***ကျူမ (ကျွန်မ) စိတ်ဝမ်း၊ ခုလောက် လွမ်းဘူး။***

ယင်းရတု

အရပ်သုံးစကားထဲက တစ်တစ်ခွခွအသုံးတို့ကိုလည်း ယူသုံးလေ့ရှိတယ်။

***သူရှာ သမက်၊ ရန်ဘက်ပြည်ထောင်***
***လေးပါးမောင်သည် . . .***

'သင်နှစ်ရက်ဝါ'ချီ

***မဖွယ်မရာ၊ သည်ကာလမိုး***
***စွေချက် ဆိုးခဲ့***

'ကန်တွင်းကျလျှင်' ချီ

***စက်မက်လည်း ငြိမ်း၊ ရဲရန်ထိမ်းသည်***
***အစိမ်း စားမည့် သူကိုကား။***

'စတည့်လျှင်ပင်' ချီ

ဒီတွင် အနုအယဉ် အခန့်အချော တော်သုံး စကားလုံးတို့ကိုမှ ကဗျာ ထင်နေသူတို့က စိန္တကျော်သူကို အထင်သေးခဲ့ကြတာပါပဲ။

> . . . ပညာရှိကြီးများ၏ စိတ်နှလုံးကို စွဲမြဲ ထိခိုက်လောက်အောင် ဖွဲ့နွဲ့ရေးသားနိုင်သော ကဗျာဉာဏ်ထက်သန် ကွန့်မြူးခြင်း မရှိလှချေ။ . . . လိုက်၍ ရေးသားဟန်လည်း ရှိသော်လည်း . . . ပုဂ္ဂိုလ်တို့၏ စာကို မမီရှာချေ။ [၁]

စိန္တကျော်သူသည် အကြောင်းအရာ တစ်ခုခုကို စီကုံး နှုန်းဖွဲ့ရာ၌ စကား ကဲလှသည်။ စကားစိပ်စိပ်နှင့် အဓိပ္ပာယ် ကျယ်ဝန်းလေးနက်

---

[၁] မောင်ညွန့်၊ **စိန္တကျော်သူဆို ရတုများ**၊ စာ ဈ-ည။

www.foreverspace.com.mm



ကာ စိတ်ဓာတ်ကို များစွာ ထိခိုက် စွဲမြဲသွားအောင် မစပ်ဆိုနိုင်ချေ။ ... (နဝဒေး စသော) ပုဂ္ဂိုလ်များ၏ အဖွဲ့အနွဲ့ဂုဏ်ရသတို့ကို မမီချေ။ [၂]

(စိန္တကျော်သူသည်) ဖွဲ့နွဲ့ရာ၌ ကဗျာဉာဏ်များစွာ မကွန့်မြူးလှ ချေ။ သာမန်လူတို့ မမြင်စွမ်း နိုင်သော အရာကို ပေါ်လွင်အောင် မဖော်ပြ ခဲ့ပါ။ သာမန်လူတို့ကဲ့သို့ စာကို ရေးသားခဲ့လေသည်။[၃]

အမှန်ကတော့ စိန္တကျော်သူဟာ အဲဒီခေတ်က ပညာရှိတွေက တော်မဝင်လို့ အထင်သေးခဲ့ကြတဲ့ ခေတ်သုံး၊ အရပ်သုံး စကားလုံးကိုယူပြီး ထိမိတဲ့ အတွေးတွေ၊ ကိုယ်ပိုင် အဖွဲ့တွေ၊ အလင်္ကာတွေ၊ နိမိတ်ပုံတွေကို ဖန်ဆင်းနိုင်ခဲ့တယ်။ ရတုခေတ်ရဲ့ တီထွင်ဉာဏ်အရှိဆုံး စာဆိုကြီးတစ်ဦး ဖြစ်ခဲ့တယ်။ သူရဲ့ ပြောင်မြောက်တဲ့ ဖန်ဆင်းမှုတို့ကို ဝါဒဖြန့် ရတုများမှာရော ဝါဒ မဖြန့်တဲ့ ရတုများမှာပါ တွေ့ရတယ်။ ဥပမာ အချို့ကတော့

***မြေပြင် တိမ်းစောင်း၊ ရှု မငြောင်းသည်၊***

‘ရွှေနန်းစက်ရှင်’ ချီ

***ချမ်းသာ ရလို၊ လူပေါင်း ခိုသား***
***ရွှေဘို နိဗ္ဗူ၊***

‘မျှို့မင်္ဂလာ’ ချီ

***ဟသ်ာတုံ့မယ်၊ ရက်ကန်း ရှယ်သို့***
***ရေဝယ် ဆွတ်လွှား၊***

‘ချစ်၍ ခေါ်ရာ’ ချီ

***ရွှေချက်သို ဟု၊ တိမ်ညို မိုးယံ***
***ပျံလ လုလု၊***

‘ရွှေချက်မြုပ်ရာ’ ချီ

---

[၁] ဦးဖေမောင်တင်၊ **မြန်မာ့စာပေသမိုင်း**၊ စာ ၂၂၉-၂၃၀။

[၂] ဒေါက်တာလှဖေ၊ **မြန်မာစာ ညွှန့်စာရင်းစာတမ်း**၊ စာ ၄၇။

www.foreverspace.com.mm



**ဗိုလ်ရဲမက်တို့၊ စိတ်စက် ကွဲပြို။**

'ခနေဖြူတွင်' ချီ

**မိုးလေဆော်မြူး၊ လွမ်းစေ နူးသည်။**

ယင်းရတု

**ကောင်းကင့် ကသိုဏ်း၊ ရှုတိုင်း သီဝေ။**

'သည်က မြင်သည်' ချီ

**ပတ်ရစ် မိုးတိမ်၊ ပင့်ကူ အိမ်နှင့်**
**ကလိန် ချုံထဲ၊ လက်ရှစ် ကဲသို့**
**ထူထဲ မင်းရေး၊ မှုရှုပ်ထွေးခဲ့။**

ယင်းရတု

**လည်ရှက် ရစ်သန်း၊ ချစ်ကြိုးတန်းသည်**
**နှစ်လွန်း ညီရ လွယ်စေသော်။**

ယင်းရတု

**ဝန်းဝိုက် ဝေလောင်၊ လေသန်ကောင်သည်။**
(တူစုံနွဲ့ရပုံ အိပ်မက်မက်ရာမှ လန့်နိုးသူရဲ့ ခံစားချက်)

'သင်နှစ်ရက်ဝါ' ချီ

**အောက်ရပ် ရွာတမ်း၊ လေချို ဆမ်း၍။**

ယင်းရတု

**ညဉ့်အေး နေပူ၊ မှိုင်းမြူ မှုန်တေ။**

'ဆောင်းကျွတ်လုပြီ' ချီ

**ကြိုးချည် သော့နည်း၊ ပတ်စည်း ရစ်နှောင်**
**စုရအောင်လျှင်**

'တည့်မွန်းလွဲလျှင်' ချီ

**အူချာ ရောက်ရက်၊ ရေဝဲ ပွက်သို့။**

'ရွှေပြည်ရန်ကုန်' ချီ

**ရှုကြည့် မငြီး၊ ထ ကြက်သီးသည်**
**ဆီးကင်းလောက် ပွား။**

'ရန်ကုန် ရွှေပြည်'ချီ

www.foreverspace.com.mm



သံဝေဂ ရတုလိုပဲ ရစ်သမ်ကောင်းတဲ့ နောက်ရတု တစ်ပုဒ်က 'ခနေဖြူတွင်' ချီ ရတုဖြစ်သည်။ ဒီနှစ်ပုဒ်မှာလို တစ်ပုဒ်လုံး မဟုတ်ဘဲ နေရာအလိုက် ရစ်သမ်ကို အံ့ဝင်ခွင်ကျဖြစ်အောင် လုပ်ထားတဲ့ အဖွဲ့တွေကတော့ သူ့ရတုတွေမှာ တစ်နံတစ်လျှားပါပဲ။ အချို့က

***စိုင် တစ်ခဲလျှင်၊ ရဲရဲ နီနီ***
***စီရီ ဖွေးဖွေး၊ ထွေးထွေး ခြင်းခြင်း***
***ဝင်းဝင်း ရွှေရွှေ၊ ရှုတိုင်း ဝေ၍***

(တလက်လက် အရောင်အဝါများကို ခံစားမိစေတယ်)

'မျို့မင်္ဂလာ' ချီ

***ဆယ်မျက်နှာ လုံး၊ ပိတ်ဖုံး ဝန်းဝိုက်***
***ရှုတိုင်း မိုက်မှု၊ ထစ်ရိုက် သံအုန်း***
***မြည် ချုန်းချုန်းနှင့်၊ ဟည်ဟုန်း ကျူးရင့်***
***လေနှင့် မိုးသက်၊***

'တည့်မွန်းလွဲလျှင်' ချီ

***ခရီး မဝေး၊ မြင်း တပြေးတွင်***
***လှိုင်း ဖွေးဖွေး မြင်၊ ရေ ဖျင်ဖျင်သည်၊***

'ရွှေပြည်ရန်ကုန်' ချီ

***မြင်းရှ ယဉ်ကို၊ တင်ပျဉ်စီးထိုင်***
***ဇက်ကိုင် ချုပ်၊ ခတ်လှုပ် ကထောင်***
***လျှင်အောင် စိုင်းနှင်၊ မယှ် ရင်ခွင်သို့၊***

('ဇက်ကိုင်ချုပ်' မှာ အက္ခရာ သုံးလုံးတည်း ပါတာ သတိပြု)

'သန်းခေါင်ရောက်တွင်' ချီ

တစ်ခါတလေ စကားသံ ထပ်တာကို သုံးထားလိုက်ပုံကြောင့် ခံစားမှု ပိုမိုပြင်းထန် အားကောင်းလာတယ်။

www.foreverspace.com.mm



**ဝန်းဝိုက် ဝေ့လောင်**
**လေသန်ကောင်သည်**
**ချမ်းအောင် ချွေလိုက် ပြန်ဘိသည်။**

'သင်နှစ် ရက်ဝါ' ချီ

နတ်ရှင်နောင်လိုပဲ ဦးဩလည်း အလျှဉ်းသင့်ရင် လေးလုံးစပ်ထဲမှာ နဘေထပ် ကာရန်ကို ထည့်ခဲ့တယ်၊ တစ်မျိုး အရသာ ပေါ်စေရဲ့။

**ခြီးတိုင် ပုံသား၊ မြင်းခုံ သင်းခွေ**
**နှင့်မကြွေနှင့်၊ မင်းခြေ ရဲခေါင်**
... ... ... ...
**သဒ္ဒဖော်ထုတ်၊ ကော်ကနုတ် ဟု၊**

'ခုနစ်တောင်ကာ' ချီ

မြန်မာ့ဂန္ထဝင်မှာ ဦးဩကို သတိရစရာ အကြောင်းနှစ်ခု ရှိတယ်။ ရှေးစာဆိုတို့ဟာ ဘုရင့်ဘုန်းတော်ဘွဲ့ကို ဖွဲ့ကြတာ များပါတယ်။ ဒါပေမဲ့ ဘုရင်ကို ပြည်သူက ထောက်ခံလာအောင် လုပ်ရာမှာတော့ ဦးဩက ထိပ်ဆုံးက ရှိခဲ့တယ်။ ဒါက တစ်ချက်။ နောက်တစ်ချက်ကတော့ ပြည်သူတို့ သုံးစွဲနေတဲ့ ခေတ်စကားရဲ့ အာနိသင်ကို သိမြင်ပြီး ဒီစကားနဲ့ပဲ ကဗျာ မြောက်အောင် ဖွဲ့ဆိုခဲ့တဲ့ အချက်ပါပဲ။

ပြည်သူတွေရဲ့ ခေတ်စကားကို ကဗျာထဲက စတင်သုံးတာ သူ့အရင် ရှိခဲ့ပေမယ့် (ဥပမာ နတ်ရှင်နောင်၊ ပဒေသရာဇာ) ကဗျာအစက အဆုံး လောက် သုံးတာကတော့ ဦးဩ ပထမဆုံးပါပဲ။

အထူးသဖြင့် ရတုလို အခန့်စားကဗျာမျိုးထဲမှာ သုံးတာ သူပဲ ရှိပါတယ်။ သူ့နောက် ရတုရေးမယ့် သူတွေတောင် သူ့လောက် မသုံးကြတာကို တွေ့ရ ပါလိမ့်မယ်။

♦ ♦ ♦

www.foreverspace.com.mm

# လက်ဝဲသုန္ဒရ
(၁၇၂၃–၉၉ ခန့်)

မဟာဂန္ထဝင် ကဗျာစာဆိုတွေထဲမှာ လက်ဝဲသုန္ဒရလောက် လူသိများတာ ရှိမယ် မထင်ဘူး။ သူ့အကြောင်းကို သားစဉ်မြေးဆက် တသသ ပြောလာခဲ့ကြတယ်။ ဇာတ်တွေ ကပြကြတယ်။ နတ်ရှင်နောင်ရဲ့ ရတုစာသား တစ်စုံ တစ်ရာကို အလွတ်ရသူ ရှားပေမဲ့ မင်းလက်ဝဲရဲ့ မဲဇာရတုထဲက တစ်ခွန်းစ၊ နှစ်ခွန်းစ ရနေသူတွေကတော့ တစ်ပုံတစ်ခေါင်းပဲ။ ဒါပေမဲ့ အမတ်ကြီးဟာ ရတု အတော်များများ ရေးခဲ့ပါတယ်။ ခုထိ ဖွေရှာတွေ့ရှိသမျှ ရတုအစုံ ၄၀ ရှိတယ်။ ဒီလို ရတုတွေ ရေးခဲ့ပါရက်ကနဲ့ 'မဲဇာတောင်ခြေ' တစ်ပုဒ်ထဲကသာ ကျော်ကြား ထင်ရှားတာ အကြောင်းရှိရမယ်။

မြန်မာလူမျိုးတွေဟာ အလွမ်းဇာတ်လမ်းကို အတော် ခုံမင်ကြတယ်လို့ ထင်တယ်။ တခြားလူမျိုးတွေမှာလည်း လွမ်းစရာပုံပြင်ဝတ္ထုတွေ ရှိကြတာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့က ပိုမယ် ထင်တယ်။ ဇာတ်ကြီးဆယ်ဖွဲ့ ရှိရာမှာတောင် မအေနဲ့သား ကွဲ၊ ကလေးတွေ ဒုက္ခရောက် စတဲ့ လွမ်းစရာ အကွက်များများ ပါတဲ့ ဝေဿန္တရာဇာတ်က ပိုလို့ ပြည်သူကြိုက် ဖြစ်ခဲ့ရတယ်။ အလားတူပဲ ပဋာစာရီဇာတ်လမ်းဆိုရင်လည်း ကျွန်တော်တို့ အမြင့်သဘင် အနိမ့်သဘင် တွေမှာ ကလို့ကို မငြီးနိုင်ခဲ့ဘူး။

လက်ဝဲသုန္ဒရရဲ့ အဖြစ်ဟာ အစဉ်အလာက ပြည်သူတွေရဲ့ စိတ်ကူးထဲမှာ ရှိခဲ့တဲ့ အလွမ်းဇာတ်လမ်းလေးကို တကယ့်ဘဝမှာ သွေးနဲ့ သားနဲ့ ရုပ်လုံး ဖော်လိုက်တာ ဖြစ်သွားတယ်။ ဒီတင် ပြည်သူတွေရဲ့ သည်းခြေကို ဒက်ထိ

www.foreverspace.com.mm



ရိုက်ခတ်နိုင်ခဲ့ပြီး နေ့ချင်းညချင်း ဟိုးလေးတကျော် ဖြစ်သွားခဲ့ရပါတော့တယ်။ အမတ်ကြီး လက်ဝဲသုန္ဒရဟာတဲ့၊ မင်းပြစ်မင်းဒဏ်သင့်ပြီး ဟိုးအဝေးက မဲဇာတော အပို့ခံရရှာသတဲ့။ သူ့သားလေး သမီးလေးတွေနဲ့ ခွဲရရှာသတဲ့။ ကလေးတွေကဆို ဥမမယ် စာမမြောက်ကလေးတွေတဲ့။ သူ့ကလေးတွေ တမ်းတပြီး လွမ်းရတုတွေ ရေးရှာသတဲ့။ ဘာသတဲ့၊ ညာသတဲ့။

ဒါပါပဲ။ ဒါနဲ့ပဲ မဲဇာတောင်ခြေဟာ ကျော်ကြားခဲ့ရတယ်။ ရတုရေးသူ လက်ဝဲသုန္ဒရလည်း ကျော်ကြားခဲ့ရတယ်။ နောက်ခံဇာတ်လမ်းကသာ ဒီလို သယ်ပို့ မပေးခဲ့ရင် 'မဲဇာတောင်ခြေ'ဟာ ခုလောက်ထင်ရှားချင်မှ ထင်ရှားပေ လိမ့်မယ်။ မင်းလက်ဝဲရဲ့ အခြား အခြားရတုများလို ပေပုရပိုက်ထဲမှာတင် တိမ်မြုပ်နေကောင်းနေခဲ့ပေလိမ့်မယ်။

***မွေးဖသက်လှယ်၊ မွေးမယ်သက်မှတ်***
***လွန်လေးမြတ်သည့်၊ သားလတ်စံထွေး***
***သားထွေးမြဝါ၊ ပန်းရွှေကြာကို***
***နေအာရုဏ်ပျို့၊ မျှော်၏သို့လျှင်***
***မောင်တို့ ရှိရာ၊ ရှုစကာလျှင်***
***မာလာပွင့်လား၊ လွန်ညှိုးဝါး၏***

မျှော်ကြမျက်မြင် ချီ

ဒါ လက်ဝဲသုန္ဒရ ရေးခဲ့တဲ့ ရတုတစ်ပုဒ်ထဲက ကောက်နုတ်ချက်ပါပဲ။ မင်းမူ ကိစ္စနဲ့ တစ်ရပ်တကျေး သွားနေရတယ်။ သားကွဲ မယားကွဲ ဖြစ်နေရတယ်။ ဒီအခါမှာ သူ့ကလေးတွေကို လွမ်းဆွတ် တသမိကြောင်း ရေးတဲ့ ရတုတစ်ပုဒ် ပါပဲ။ ဒီလို ရတုမျိုး လက်ဝဲသုန္ဒရ ခဏခဏ ရေးပါတယ်။ ဥပမာ၊ 'မြတ်ပန်း ဝေဆာ' ချီ ကျေးစေရတု၊ 'နတ်တောသီခေါင်'ချီ ကျေးစေ ရတု၊ ဒါပေမဲ့ ဒီရတုတွေ မထင်ရှားခဲ့ဘူး။ မှတ်တမ်းပေစာတွေထဲမှာပဲ နစ်မြုပ်နေခဲ့တာပါပဲ။

လက်ဝဲသုန္ဒရရဲ့ ရတု ၄၀ ကို ခြုံပြီး လေ့လာကြည့်ရင် သူ့ကဗျာတွေဟာ ရွက်ကြမ်းရေချိုမျှသာ ဖြစ်နေတယ်။ ထူးခြားကောင်းမွန်လှတာ မတွေ့ရဘူး။ သူဟာ ဂန္ထဝင်ကို ကျေညက်နှံ့စပ်တယ်။ ဒါကြောင့် ဆရာ့ဆရာတို့ရဲ့ စကားလုံး တွေ၊ စာသားတွေကို ဟိုတစ်ကွက်၊ ဒီတစ်ကွက် အလဲအလှယ် အသုံးချပြီး

www.foreverspace.com.mm



ကဗျာရေးဖွဲ့ခဲ့တာ များတယ်။ သူကိုယ်ပိုင် တီထွင်တာမျိုး ရှိပါရဲ့၊ ရှားတယ်။ ကောင်းလှချည့်လို့ ပြောပလောက်အောင်လည်း မရှိခဲ့ဘူး။

**စိမ်းရွှေနီဝါ၊ ဖြူပြာရောင်ထဲ**
**မြပေါက်ကြွသို့၊ မိုးပွဲခံရာ**
**ကောင်းကင်မှာလျှင် . . .**

ကိုးမျက်သိင်္ဂါချီ

**မပြုံးဘဲကို၊ ရယ်သလိုဟု**
**မှတ်ဆိုဝိုးဝါး၊ ထင်မိမှားခဲ့၊**

ဝေမှောင်မင်းလွင် ချီ

**ရွှေငုံအပြား၊ ညှံ့ထွားထွားလျှင်**
**ရင်သားနုနယ်၊ ပုလဲသွယ်ကို**
**လည်ဝယ်ဆွဲမှီ၊ နွဲ့လျက်ချီ၍**

မွှေးပွင့်လေသာ ချီ

အထူးသဖြင့် တွေ့ရတဲ့ အချက်တစ်ခုကတော့ သူ့ကဗျာတွေမှာ အစက အဆုံး ကောင်းအောင် ထူးခြားအောင် ကြိုးစားတာမျိုးက နည်းပါးပြီး တစ်ကွက်ကောင်း နှစ်ကွက်ကောင်း ဆိုသလိုသာ တွေ့ရတာပါပဲ။ ကဗျာရဲ့ ကျန်အပိုင်းတွေဟာ သာမန်စကားပြေကို ကာရန်နဲ့ သီထားတာမျိုးပဲ ဖြစ်နေတတ်တယ်။

မဲဇာတောင်ခြေမှာတော့ လက်ဝဲသုန္ဒရဟာ သူ လုပ်နေကျထက် ပိုပြီး ထူးကဲအောင် ကြိုးစားထားတယ်။ ကိုယ်တွေ့ခံစားရတာမို့ အသည်းထဲက စိမ့်ထွက်လာတဲ့အတွက် ကဗျာဟာ ကောင်းသွားတယ်လို့ တချို့က ဆိုချင်ဆိုကြမယ်။ အမှန်ကတော့ ဒီလို မဟုတ်ပါဘူး။ ခံစားမှု သက်သက်နဲ့တော့ ကဗျာကို ရေးလို့ မရပါဘူး။ ရင်တွင်းမှာ ပူလောင်ဆူကြွနေရင် ကဗျာ ရေးလို့ မရပေဘူး။ ကဗျာမပြောနဲ့၊ စကားတောင် ပီပီပြင်ပြင် မပြောနိုင်ပေဘူး။ ခံစားမှု အတွေ့အကြုံ ပြီးငြိမ်းသွားတဲ့အခါ အဲဒီအတွေ့အကြုံကို စကားလုံးနဲ့ ဖော်ကျူးဖို့ ပညာနဲ့ ကြိုးပမ်းအားထုတ်မှသာ ကဗျာကို ရနိုင်ပေလိမ့်မယ်။ မဲဇာတောင်ခြေကို မင်းလက်ဝဲဟာ ဒီလိုလုပ်ပြီး ရေးခဲ့ပုံရတယ်။

www.foreverspace.com.mm



တစ်နည်းဆိုရရင်တော့ မဲဇာရောက်သွားလို့ အနေကျသွားတဲ့အခါ စိတ်အခြေ တည်ငြိမ်လာတဲ့အခါ ဝါသနာအလျောက် ကဗျာတွေရေးရင်းက ဘုရင့်ထံ အသနားခံလွှာအဖြစ် ကဗျာတစ်ပုဒ် ရေးဦးမှပဲလို့ စိတ်ကူးရင်း ကြိုးစားပမ်းစားရေးခဲ့တာ ဖြစ်တဲ့အတွက် မဲဇာတောင်ခြေဟာ အထိုက်အလျောက် အောင်မြင်တဲ့ ကဗျာတစ်ပုဒ် ဖြစ်လာခဲ့တယ်။

မဲဇာတောင်ခြေ ခုလို အောင်မြင်ရတာ ဆိုခဲ့တဲ့ အကြောင်းအရာ အပြင် အဓိက အကြောင်းသုံးပါး ရှိတယ်။ ၁၊စကားလုံး။ ၂၊ စကားလုံးရုပ်ပုံ။ ၃၊ အသံ။

ဂန္ထဝင်ကဗျာတွေ နောကျေနေတဲ့ စာဆိုတစ်ဦးအဖို့ စကားလုံး ပြဿနာဟာ သိပ်မခက်ခဲလှတော့ဘူး။ မင်းလက်ဝဲဟာ အရင့်အရင်က ရေးဖူးတဲ့ ကဗျာတွေမှာလည်း ဂန္ထဝင်ကဗျာစာလုံးတွေကို ယူသုံးခဲ့တာပဲ။ ခု ပိုပြီး စီစီစစ်စစ် လုပ်လှာတယ်။ အထူးသဖြင့် လွမ်းဆွတ်တသမှုနဲ့ စပ်လျဉ်းတဲ့ စကားလုံးတွေကို အများဆုံး အသုံးပြုခဲ့တယ်။ လွမ်း၊ တ၊ ရည်၊ မော၊ ဝေ၊ ရွှေ။ အထူးသဖြင့် သူ အမြတ်ထုတ်ခဲ့တဲ့ စကားလုံး တစ်လုံးကတော့ ‘ရှာ’ပါပဲ။ (‘တရှာတော့မိ’ ‘ချမ်းရှာလွန်း၍’ )

စကားလုံးတွေကို တွဲဖက်စည်းရုံးရာ စကားလုံးရုပ်ပုံ ဖော်ကျူးရာမှာ လည်း လက်ဝဲသုန္ဒရဟာ နဝဒေးစတဲ့ ဆရာ့ဆရာကြီးများရဲ့ စာသားတွေကို အတုံးလိုက် အတစ်လိုက် ယူခဲ့တယ်။ ကိုယ်ပိုင်လည်း အားထုတ်ပြီး ဖန်ဆင်းနိုင်ခဲ့တယ်။ ဒီလိုနဲ့ အားကောင်းတဲ့ စကားလုံးရုပ်ပုံတွေကို မဲဇာကဗျာမှာ တွေ့ကြရတယ်။

***စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်***
***မြိုင်တောဆီက ...***
***စီးသွင်ညှိုရစ်၊ မဲဇာမြစ်လည်း***
***ထစ်ထစ်တွန်းဖိ ...***
***ချူအတိနှင့်၊ တောကြီးဆိတ်ညံ***
***ဆီးကျံကျံဝယ် ...***
***တစ်တောင်လုံးမှိုင်း၊ စ၍ ဆိုင်းသော်***
***တောင်တိုင်း ယှက်ရွှေ့၊ ဝန်းကာဝေ့သည်***
***တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့် ...***

www.foreverspace.com.mm



***သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း***
***မိုးလောက် ပြင်းထန် . . .***

ဒီစကားလုံး ရုပ်ပုံတွေရဲ့ အကူအညီနဲ့ သူရောက်နေရတဲ့ မဲဇာချောင်ရဲ့ တုန်လှုပ်ချောက်ချားဖွယ်ကောင်းပုံကို အမတ်ကြီး ဖော်ကျူးနိုင်ခဲ့တယ်။ ဒီ ချောက်ချားဖွယ် အခြေအနေမှာ ကိုယ်ခန္ဓာရဲ့ ဆင်းရဲပင်ပန်းပုံကို ရတုနှစ်ပိုဒ်မှာ (ဒုတိယပိုဒ်နဲ့ တတိယပိုဒ်) တင်ပြလိုက်တယ်။ ကိုယ်ခန္ဓာရဲ့ ဆင်းရဲပင်ပန်းမှုနဲ့ အားဖြည့်ပေးလိုက်တဲ့အတွက် စိတ်ရဲ့ ဆင်းရဲပင်ပန်းမှု ဟာ ပိုမိုပီပြင်သွားတော့ တယ်။

မဲဇာရတုရဲ့ အလေ့လာအပ်ဆုံး အခြင်းအရာကတော့ သူ့ရဲ့ ရစ်သမ်ပါပဲ။

ရတုကို စချီကတည်းက မင်းလက်ဝဲဟာ သံပြေတုန်းတွေကို ဖောဖော သီသီ သုံးပြီး (ခြေ၊ တွေ၊ ရေ၊ လည်း၊ စည်၊ ပြည်၊ ရှာ) ချီလိုက်တယ်။ တလွှမ်း တဆွေးနဲ့ ဆွဲဆွဲငင်ငင် ပြောရာ၊ သီဆိုရာမှာ ဗမာလူမျိုးတွေ သုံးလေ့သုံးထရှိတဲ့ အသံတုန်းတွေပါပဲ။ မြန်မာကဗျာမှာ သံပြေနဲ့ သံကျ တုန်းများ အလဲအလှယ် လုပ်ပြီး သုံးစွဲတာဟာ အစဉ်အလာ ဖြစ်ပါတယ်။ ကိုယ်လိုချင်တဲ့ အခြေအနေ ကို တည်ပြီး သံပြေက များမလား၊ သံကျက များမလား ပြဿနာပြုရပါတယ်။ မဲဇာတောင်ခြေမှာ သံပြေကို ကဲထားတယ်။

ဂန္ထဝင်ကဗျာမှာ ကာရန်စနစ်ဟာ ရစ်သမ်ကို အလုပ်အကျွေးပြု တယ်။ ၄-၃-၂ ကာရန်စနစ်က ဆက်လက် လှုပ်ရှားမှု ပြုပြီး ၄-၂၊ ၄-၁ စတဲ့ စနစ်က ရပ်တန့်မှုကို ပေးတယ်။ ဖြစ်ရပ်တစ်ခုစီ တစ်ကန့်စီ လုပ်လိုရာမှာ သုံးမြဲ ဖြစ်တယ်။ စိတ်ကူးအစဉ်မှာ တစ်ကွက်စီ တစ်ကွက်စီ ဖြစ်ပေါ်ကြောင်းကို ပြလိုတဲ့အတွက် ၄-၂ ကိုသုံးပြီး

***သည်ဆီ ရွှေမြို့***
***သည်သို့ စေတီ***
***သည်ဆီ ရွှေနန်း***

ရယ်လို့ မင်းလက်ဝဲ ရေးပါတယ်။

www.foreverspace.com.mm



ကာရန်ဆိုတာ အသံတစ်သံက တစ်သံကို ပွဲတင်ထပ်တာပါပဲ။ ဒီ ကာရန် အသံထပ်ပြီးသားထဲကိုမှ ထပ်ဆင့် အက္ခရာထပ်တာ၊ သံတူထပ်တာ လုပ်ပြန် ရင် ထူးကဲတဲ့ စွမ်းပကားကို ရနိုင်ပြန်တယ်။

***လေဦးစ၍၊ နောက်မှ လေရှည်***
***အတည်တည်သည်***
***လေပြည်လာက အေးသော်ကြောင့်၊***
(လေတွေကို ထပ်ထားတယ်။)
***ဝန်းက ဝေ့လည်၊ တောင်ငွေ့ဝေဝေ***
***အထွေထွေနှင့်***
(ဝတွေကို ထပ်ထားတယ်။)

မဲဇာတောင်ခြေနဲ့အတူ နေပြည်တော်ကို ပို့ခဲ့တဲ့ 'ဝေဠုန်းစန္ဒာ'ဟာ စကားလုံး အသုံးအနှုန်းမှာ မဲဇာနည်းတူ ဂန္ထဝင်ဆန်ပါပေတယ်။ ဒါပေမဲ့ စကားလုံး ရုပ်ပုံ ဖော်ကျူးရာမှာ မဲဇာကို မမီဖူး။ ခံစားမှုအတွေ့အကြုံကို မဲဇာမှာလောက် ပြန်လည်တည်ဆောက်မပြနိုင်ဘူး။ ဒါကြောင့် မဲဇာတောင်ခြေလောက် မထင် ရှားဘူး။

လက်ဝဲသုန္ဒရ အမတ်ကြီး မဲဇာရောက်တုန်းက ရေးခဲ့တယ်လို့ မှတ်တမ်း ရှိပေမယ့် မဲဇာတောင်ခြေ၊ ဝေဠုန်းစန္ဒာတို့လို မထင်ရှားတဲ့ ကဗျာတစ်ပုဒ် ရှိတယ်။ တိုတို ဧကပိုဒ်ရတုလေးမျှ ဖြစ်တယ်။ ကျွန်တော့်အနေနဲ့တော့ လက်ဝဲသုန္ဒရရဲ့ ရတုတွေထဲမှာ အကောင်းဆုံးလို့ မြင်မိတယ်။ ဒါကြောင့် အစအဆုံးဖော်ပြလိုက်ပါတယ်။

***အဆိုင်ဆိုင်လျှင်၊ တောမြိုင်လည်လှည့်***
***ကမ်းလုံးပြည့်မျှ၊ ရှုကြည့်လေရာ***
***ကြောက်ဖွယ်သာတည့်၊ ပြာပြာလွလွ***
***မှိုင်းပျမှောင်မှောင်၊ တောနှင့်တောင်လည်း***
***တိမ်တောင်မိုးရှိ၊ ထွေးရှက်ငြိမျှ***
***လွမ်းမိစဖွယ်၊ ကောင်းကင်လယ်လျက်***

www.foreverspace.com.mm



***တောင်လယ်တောင်ထိပ်၊ မိုးညိုရိပ်၌***
***တိမ်လိပ်ဆော်ညွှန်း၊ စ၍ထွန်းသည်***
***နေဝန်းပေါ်လွယ် ချင်မိသည်။***

ဒီကဗျာမှာ ရုပ်ဝတ္ထု သုံးခု ပါတယ်။ တောရယ်၊ တောင်ရယ်၊ တိမ် ရယ်။ ဒီသုံးခု ဘယ်ကစပြီး ဘယ်ကို ရောက်မှန်း မသိရဘူး။ တကယ့် လက်တွေ့ မဲဇာဒေသကလည်း အဲဒီအတိုင်းပဲ။ ဘယ်ဟာ တောင်၊ ဘယ်ဟာ တိမ်၊ ဘယ်ဟာ မိုး၊ ဘယ်ဟာ မြေ ခွဲခြားမပြောနိုင်ဘူး။ ဒီခံစားမှုကို ကဗျာက တိတိကျကျနီးနီး သယ်ဆောင်ပေးနိုင်တယ်။ ဒါကြောင့် အဆင့်အတန်းမြင့်မား တဲ့ ကဗျာကောင်းတစ်ပုဒ် ဖြစ်တယ်။

♦ ♦ ♦

www.foreverspace.com.mm



ဂန္ထဝင်ခေတ်ရဲ့ လူသိအများဆုံး ရတုစာဆိုကို ပြပါဆိုရင် ကုန်းဘောင်ခေတ်ရဲ့ လက်ဝဲသုန္ဒရကို လက်ညှိုးထိုးရပါလိမ့်မယ်။ လူသိအများဆုံး ရတု ဆိုရင်လည်း သူ့ရဲ့ 'မဲဇာတောင်ခြေ' ပါပဲ။ အတော်များများက ဒီရတုရဲ့ စာသားအချို့အဝက်ကို အလွတ်ရွတ်ဆို ပြနိုင်ကြပါလိမ့်မယ်။ အမတ်ကြီး ရေးခဲ့တဲ့ ရတု ၄၀ ခန့်မှာ အကောင်းဆုံးကလည်း ဒီရတုပါပဲ။

စိန္တကျော်သူရဲ့ ခေတ်ပြိုင်ဖြစ်တဲ့ လက်ဝဲသုန္ဒရဟာ ဂန္ထဝင် အစဦးအလာ မှာ မွေ့လျော်သူ ဖြစ်ခဲ့တယ်။ နဝဒေး၊ နတ်ရှင်နောင်တို့နဲ့ ရာစုနှစ်ခု ခြားသွားပြီမို့ အခြေခံ ခေတ်သုံးစကား ကွာခြားသွားတာကို အမတ်ကြီး မလွန်ဆန်နိုင်ဘူး။ ခေတ်သုံး စကားလုံးနဲ့ ခေတ်သုံးဝါကျ ဖွဲ့စည်းပုံတွေကို သူ့ရတုရဲ့ မဇ္ဈ(မီဒီယမ်) အဖြစ် ထားနေရတယ်။ ဒါပေမဲ့ ဒီမဇ္ဈ အခြေခံမှာ မွမ်းမံလွှမ်းမိုးနေတာ တွေကတော့ အစဦးအလာ ရတုကဗျာသုံး စကားလုံးတွေ၊ အဖွဲ့အနွဲ့တွေပါပဲ။ ချစ်သူ မိန်းကလေးနဲ့ ပတ်သက်တဲ့ စကားလုံးတွေ အတွေးတွေ၊ အချစ်အလွမ်းနဲ့ ပတ်သက်တဲ့ စကားလုံးတွေ အတွေးတွေ၊ ဘုန်းတော်ဖွဲ့နဲ့ ပတ်သက်တဲ့ စကား လုံးတွေ အတွေးတွေဟာ နဝဒေး၊ နတ်ရှင်နောင်တို့ဆီက မြစ်ဖျားခံခဲ့တာပါ။

**ချစ်သူ မိန်းကလေး**

***ညိုရောင် စိမ့်စိမ့်၊ လှလေးငြိမ့်မူ***

'စိုးမင်းနေရာ' ချီ

***ကြည်ဖော် ငြိမ့်လေး၊ ညီမထွေးလျှင်***

'လေညှင်းလေသာ' ချီ

***ဝမ်းကွဲ မှုပင်၊ ထွေးနှောင်း မြင်လျှင်***

ယင်းရတု

www.foreverspace.com.mm



***နှောင်းထွေး သက်ဝေ၊ ဆက်မြူတေကို***

ယင်းရတု

***ဆယ့်လေး ငါးနှစ်၊ ရွယ်နု မျစ်တင်***

'နတ်တော သီခေါင်' ချီ

***သက်ဝေ ငယ်ချစ်၊ ရှိသည် မြစ်ကို***

'မွှေးပွင့် လေသာ' ချီ

***ဆယ်ကျော်သက်က၊ ကြင်ဖက် အတူ***

'ဝေရွှန်း စန္ဒာ' ချီ

***ထိန်းယ ကိုယ်စီ၊ ပေါင်းစုံညီနှင့်***

'မွေ့ပွင့် ထိန်ဖြာ' ချီ

***ဖော်ရွေ ထိန်းချို၊ တူ တံညီနှင့်***

'စိန်ပွင့် မလဒါ' ချီ

***စံထား ဘက်ကွာ၊ မိုးသူဇာလည်း***
***မသာတန်လေ-***

'ဝေမှောင် မင်းလွင်' ချီ

**အချစ်အလွမ်း**

***ဂုဏ်ရည် မဝေး၊ မင်းမှုရေးကြောင့်***
***မနေးလွယ်ကူ ပြန်မည်ဟူ၍***

'နတ်တောသီခေါင်' ချီ

***သဘောအင်တူ၊ နောက်ပေါ်သူနှင့်***
***မူရူ ဖောက်ပြန်၊ ရှိလိမ့်ဟန်ကို***

'ရှေးဆက် မြင့်ကြာ' ချီ

***သို့စင်ကိုလျှင်၊ ယွင်းယို ဖောက်ပြန်***
***ရှိလိမ့်ဟန်လျှင်***

'မြိုင်ဝန်း မြေချာ' ချီ

***မဥ္ဇူခိုင်လုံး၊ သစ္စာတုံးကို***
***စွဲသုံး မမှန်၊ အတွင်းချန်နှင့်***

'တက်ယံ ကိုးမည်' ချီ

www.foreverspace.com.mm



ကျင့်ဟန် မူလ၊ ယွင်းသမျှကို
လောက မာရ်အောင်၊ ဉာဏ်တန်ဆောင်နှင့်
ဘုန်းရောင် တောက်ပ၊ လွှံ့ပါမှတည်း။

'မယ်နှင့် ကျိန်စာ' ချီ

ရွှေဝင်းခက်ကို၊ ပန်ဘက် ရှုမြော်
ကြည့်ပါသော်လည်း၊ ပန်ဖော်ရှိဘဲ

'မျက်လျှံ ကိုးမြွာ' ချီ

မယ့်ဆိုင်သူနှင့်၊ လွမ်းယူ မျှဝေ
ပန်ရစေ ဟု

'ချင့်တာကိုးတောင်' ချီ

ကြက်ရုံး သဇင်၊ ပန်းမျက်ရှင်ကို
ပန်ဆင်နေကျ၊ မဆင်ရသို့

'ရှေးဆက် မြင့်ကြာ' ချီ

စက်နေ မိုလျှောင်း၊ နေမှာ ပျောင်းသား
ဖယောင်းအိသွင်၊ သို့ကြောင်းအင်သို့

'ကိုးမျက်သိင်္ဂါ' ချီ

သက်ဝေ ငယ်ပေါင်း၊ သန်းညှိုး ပျောင်းသည်
ဖယောင်းအိသွင် ခွေလိမ့်မည်

'နတ်တောသီခေါင်' ချီ

နေခြည် ဝင်းဝါ၊ ရေဝေး ကြာသည်
ခက်ဖြာ မဝေ၊ ပျောင်းညွတ် ခွေသို့

'ထက်ယံကိုးမည်'ချီ

ဥတုရာသီ ရေမြေတောတောင်
လနတ်သားနှင့်၊ နဂါးစဉ်လျှဉ်
သွားလမ်း ယှဉ်သော်

'မျှော်ကြ မျက်မြင်' ချီ

www.foreverspace.com.mm



*လရထားသည်၊ နဂါးနတ်ခွင်*
*မရောက်ခင်က*

'မယ်နှင့် ကျိန်စာ' ချီ

*ဒေဝါ ပဲ့ဗျန်*
*ကမြူး ခုန်လျက်*

'လေညှင်းလေသာ' ချီ

*မြလွှာညှိရစ်၊ သင်တိုင်းသစ်နှင့်*
*ကျူးရစ် ကြေးသီ၊ မိုးဖွဲ ချီသော်*

'ငွေစန်း လက်ယာ' ချီ

*ပဲ့ဗျန်နတ်မင်း၊ သနားကင်းသည်*
*ကိုယ်ချင်းစာဘိ ညှာဘဲကိုး*

'တက်ယံ ကိုးမည်' ချီ

*ဝက်ဝါ မိုးပန်း၊ ဆင့်ကာ တန်းသည်*

'ရွှေးဆက်မြင့်ကြာ' ချီ

*မြစ်လည်း တထွေ၊ ရေလည်း မညီ၊*
*ရာသီ ဖောက်ပြန်၊ ပန်း မမှန် ဟု*

ယင်းရတု

## မြို့ပြ

*ဝတိ ် သာနှင့်၊ ပမာ သိုးသီ*
*မခြားပြီတည့်၊ တန်းနီ မြို့မှာ*

'မွှေးပွင့် ပေါ်လှာ' ချီ

*ဝတိ ်သာနှင့်၊ ပမာ နှိုင်းဆို*
*နန်းရွှေဘို၌*

'ဇေယျာတုသံ' ချီ

*ခြောက်သွယ်ရောင်ဖြင့်၊ တိမ်တောင် ထိနီး*
*ဖိတ်ဖိတ်ညီးမျှ၊ ကူကြီးမဟာ*

'နတ်တောသီခေါင်' ချီ

www.foreverspace.com.mm



**ဘုန်းတော်ဘွဲ့**
**အရှိန်ဖက်ပြိုင်၊ မခံနိုင်သို့**
**အနိုင်နိုင်ငံ၊ ရိုကျိုး နှံလိမ့်။**

'မျက်လျှံကိုးမြွာ' ချီ

**ရန်မျိုး နည်းသော်၊ ဂွမ်းပြည် အလုံး**
**ဝန်းပတ်ကုံးကို၊ ပိုက်ကျုံးသိမ်းယူ**
**အောင်တော်မူ၍**

'ချင့်တာကိုးတောင်' ချီ

ဒီအစဉ်အလာ စကားလုံးတွေ အတွေးတွေကို အလှယ်အလှယ် သုံးကာ အစဉ်အလာအရ ရတုအဖွဲ့များ ဖြစ်တဲ့ ကျေးစေ၊ သာလိကာစေ၊ မိုးဖွဲ့၊ ဘုရားတိုင်၊ ဘုန်းတော်ဘွဲ့များကို မင်းလက်ဝဲ ရေးစပ်ခဲ့တယ်။ ဘုန်းတော်ဘွဲ့ သက်သက် ၇ ပုဒ်အပြင် အချစ်အလွမ်း ရတုထဲ ဘုန်းတော်ဘွဲ့ ရေးထည့်တာမျိုး လည်း လုပ်ခဲ့သေးတယ်။ စစ်ထွက်သူရဲ့ စစ်ရေးကျွမ်းကျင်ပုံကိုလည်း ဖွဲ့တတ်ရဲ့။

**ပျို့မှုစ်စွာလျက်၊ ပြိုင်လှာ မရွေ့**
**စစ်ပွဲ လေ့သား၊ အိမ်ရှေ့မင်း ကျွန်**
**မြင်းရေးလွန်လျှင်၊ ပြင်းဝှန် ချီဝင့်**
**ဆင် ချွန်းဖွင့်တွင်၊ မြင်းနှင့် ပယ်လှန်**
**အင်းဝပြန်လည်း၊ အားအန်ကြိုးလျက်**
**လိုက်လှာထွက်သော်၊ သုံးဘက်လောက် စင်**
**ကညင်ပင်ကို၊ လုံ့လျှင် မရပ်**
**ထုတ်ချင်းခပ်ကြောင့်၊ လန့်ဖျပ် ကြောက်ရှောင်**
**ရွှေစစ် အောင်သို့။**

'စိန်ပွင့်မလ္လာ' ချီ

အဲဒီလို စစ်အောင်နိုင်ပုံတွေ၊ အနိုင်နိုင်ငံ မင်းတို့ အညံ့ခံ လက်ဆောင် ပဏ္ဏာ ဆက်လှာပုံတွေ၊ နတ်ပြဟ္မာတို့က 'ဇေယျတု' သံနဲ့ ကောင်းချီးပေးပုံ တွေ၊ 'စကြာရတနာ ဆိုက်မယ်' လို့ မျှော်လင့်ရပုံတွေဟာ လက်ဝဲသုန္ဒရရဲ့

www.foreverspace.com.mm



ထပ်ခါတလဲလဲ ဘုန်းတော်ဘွဲ့ ရေးကွက်တွေ ဖြစ်တယ်။ မင်းပွဲ အခမ်းနား၊ ညောင်ရေသွန်းပွဲ၊ အတာပွဲ စတာတွေမှာ ရှင်လူတို့ ပါဝင်ဆင်နွှဲကြကြောင်း ဖော်ပြထားတာကလွဲလို့ ပြည်သူအများကို အမတ်ကြီး သတိရခဲ့တယ်။

*နွေကျွန်း သန်ကာ၊ ခုချိန်ခါကို*
*ကျောင်းသာ ရာမ်ခင်း၊ စေတီတွင်းဝယ်*
*သီတင်း အလှူ၊ ရွှေပြည်သူတို့*
*ဆုယူ စည်းဝေး၊ ဖြူဖြူဖွေးလိမ့်၊*

'ဝေရွှန်းစန္ဒာ'ချီ

*သီတာ တောင်ရေ၊ အေးငြိမ်းစေ၍*
*တိုင်းနေ ပြည်သူ၊ ရှင်လူ ရဟန်း*
*မိုးထိ ပန်းသို့*

'ကုန်းဘောင်သူမိန်' ချီ

အဲသလို အစဉ်အလာ ကဗျာစကားလုံးတွေ အတွေးတွေကို တိုက်ရိုက် ယူသုံးလိုက်၊ နည်းနည်းပြုပြင် သုံးလိုက်နဲ့ အစဉ်အလာမှာ နစ်မွန်းခဲ့တဲ့ လက်ဝဲသုန္ဒရ အမတ်ကြီးဆီက သစ်လွင်တဲ့ ကိုယ်ပိုင်အသံဆိုတာ ကြားရခဲ ဖြစ်နေတယ်။ ရှားရှားပါးပါး သူ့ကိုယ်ပိုင် အတွေးနဲ့ အဖွဲ့အနွဲ့တွေကို ယူဆရတဲ့ နမူနာ အချို့ကတော့-

*ဝါခေါင် ဖြစ်လို၊ ခေါ်သည်ကိုပင်*
*ဝါဆို နေဟောင်း*
*ဂြိုဟ် မပြောင်းသည်၊*

'မြတ်ပန်းဝေဆာ' ချီ

*စိမ်းရွှေ နီဝါ၊ ဖြူပြာ ရောင်ထဲ*
*မြပေါက်ကြသို့၊ မိုးပွဲ ခံရာ*
*ကောင်းကင်မှာလျှင်*

'ကိုးမျက် သိဂီ' ချီ

www.foreverspace.com.mm

မြစ်ကျွန်း သဲခုံ၊ ခရီးကြုံတွင်
ပဒုံ ကြာညို၊ ပွင့်စေလိုလျှင်
ပင်ကို ညက်စင်
ကျွမ်းကျင် မသိ၊ မြင်လိုက်မိ၍

'ဟစ်ကြွေးရှင်ပျော်' ချီ

လေအောက် လေညာ၊ ပင်လယ်မှာလျှင်
နီလာ ပိတ်ဖုံး၊ မျှော် မဆုံးအောင်
မြစ်လုံး တောက်ထိန်၊ ရေတက်ချိန်ကို

'နက်လေးလိမ်မာ' ချီ

တောင် လိမ် မြောက် ကွေ့၊ မိုးသား ရွေ့လျက်
ညဥ့်နေ့ ကျော်ကျူး၊ ဝဲ ခုန်မြူးမှု

'နတ်ပန်းဝေမြိုင်' ချီ

မှိုင်းရင့်ရှုသည်
အပူရှာမိုး၊ ကျယ်တော့၏။

ယင်းရတု

မပြူးဘဲကို၊ ရယ်သလိုဟု
မှတ်ဆို ပိုးဝါး၊ ထင်မိ မှားခဲ့။

'ဝေမှောင် မင်းလွင်' ချီ

ဖြူစင် ဖွေးဖွေး၊ တိမ်လိပ် ပြေးသား
လွှမ်းရေး စိမ့်စို၊ တ(စ်) ခြမ်း ညိုနှင့်
စာဆိုတတ်သူ၊ မယုံကြင်သူလျှင်

'ထက်ယံကိုးမည်' ချီ

တောင်ညို မဆီး၊ ခရီး မကွာ
သီတာ မခြား၊ ခေါ်သံကြားလျက်
နတ်များ ပိတ်ပင်၊ ထားသော သွင်လျှင်

'နက်လေးလိမ္မာ' ချီ

ချစ်မိသည့်ဝန်၊ သူက ညွှန်၍

'မယ်နှင့် ကျိန်စာ' ချီ

www.foreverspace.com.mm



**ရွှေငုံ အပြား၊ ညုံ့ထွားထွားလျှင်**
**ရင်သား နုနယ်၊ ပုလဲသွယ်ကို**
**လည်ဝယ် ဆွဲမှီ၊ နွဲ့လျက် ချီ၍**

'မွေးပွင့် လေသာ' ချီ

အထက်မှာ ထောက်ပြခဲ့တဲ့အတိုင်း လက်ဝဲသုန္ဒရ အကောင်းဆုံးလက်ရာဟာ သူ့ရဲ့ အကျော်ကြားဆုံး 'မဲဇာတောင်ခြေ'ပဲ ဖြစ်တယ်။ ဒီရတု အောင်မြင်ရတာကတော့ အများထင်မှတ်ကြသလို ကိုယ်တိုင် မချိတင်ကဲ ကြုံတွေ့နေရတဲ့ ခံစားမှုကြောင့် မဟုတ်ဘဲ ဒီဒုက္ခက လွတ်ရေးအတွက် ဘုရင့်ဆီ တင်သွင်းရမှာ ဖြစ်လေတော့ ကောင်းအောင်ရေးမှ ဖြစ်တော့မယ်ဆိုတဲ့ အသိနဲ့ ကြိုးစားပမ်းစား ရေးခဲ့လို့ပဲ ဖြစ်တယ်။ တစ်နည်းပြောရရင် ခံစားမှုသက်သက် မဟုတ်ဘဲ ခံစားမှုမှာ ကဗျာဉာဏ် ပညာသားကို ကြိုးစားဖန်ဆင်း ထည့်သွင်းနိုင်ခဲ့လို့ ဖြစ်တယ်။ ခံစားမှု သက်သက်သာ ကောင်းစတမ်းဆိုလျှင် အမတ်ကြီးရေးခဲ့တဲ့ ကဗျာတွေထဲက သူ့ကိုယ်ရေး ကိုယ်တာလို့ ဆိုနိုင်တဲ့ ကဗျာတွေထဲမှာ သုံးလေးလ အိမ်က ခွဲနေရလို့ ဇနီးနဲ့ သားတွေကို တသသဖြစ်မိကြောင်း ဖော်ပြထားတဲ့ ရတုများလည်း ကောင်းရမှာပ။ မကောင်းပါဘူး။

"မဲဇာတောင်ခြေ" အောင်မြင်တာဟာ (၁) အကြောင်းအရာ၊ (၂) အသံ၊ (၃) စကားလုံးရှုပ်ပုံ အကြောင်းသုံးရပ်ကြောင့် ဖြစ်တယ်။

အရေးကိစ္စရှိလို့ ကိုယ့်အိုးကိုယ့်အိမ်က ခွဲပြီး အဝေးသွားနေရတယ် ဆိုရင်ပဲ လွမ်းစရာ ကောင်းလှပြီ။ မင်းပြစ်မင်းဒဏ်သင့်လို့ သားကွဲ မယားကွဲ ဖြစ်ရတယ်ဆိုတော့ ဘယ်ပြောစရာ ရှိတော့မလဲ။ ရောက်နေရတဲ့ အရပ်ကလည်း လူသူမနီးတဲ့ တောကြီးမျက်မည်း၊ ရာသီဥတုကလည်း ကြမ်းတမ်း။ ဒီ ပင်ကို အချက်အလက်တွေကပဲ လက်ဝဲသုန္ဒရအဖို့ စာဖတ်သူရဲ့ စာနာမှုကို ရရှိဖို့ အခွင့်ကောင်းတွေ ဖြစ်နေပါပြီ။ အခွင့်ကောင်းသာနေတဲ့ ဒီအချက်တွေကို ပညာသားပါပါ အကွက်ကျကျ စီစဉ်ပေးဖို့ပဲ ရှိတော့တယ်။ ပထမဆုံး ဂရုစိုက်ရမှာက အသံ။

မြန်မာတွေဟာ တကယ့်ဘဝမှာရော၊ တေးသီရာမှာပါ တလွမ်းတဆွေး အခြေအနေမျိုးမှာ သုံးလေ့သုံးထရှိတဲ့ အသံကတော့ ကြိုက်သလောက် ဆွဲငင်လို့ရတဲ့ သံပြေတုန်း (အာ၊ အီ၊ အူ၊ အယ်၊ အေ၊ အို စသည်) ပါပဲ။ ဒီတော့ သူ့ရဲ့

www.foreverspace.com.mm



သနားလွမ်းမောဖွယ် အခြေအနေကို တင်ပြရာမှာ သံပြေတုန်းကို ပင်မ သုံးမယ်လို့ အမတ်ကြီး ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့

*မဲဇာတောင်ခြေ*
*စီး တွေတွေ တည့်*
*မြစ်ရေ ဝန်းလည်*
*မြိုင်တော စည်က...*

စသဖြင့် ဖြစ်လာတယ်။ ဒီမှာ ကာရန် ကျရာ 'ခြေ'၊ 'တွေ'၊ 'ရေ'၊ 'လည်'၊ 'စည်' တို့ဟာ သံပြေတုန်းတွေပါပဲ။ ပါဒ တစ်ခုစီမှာ သံပြေနဲ့ သံကျရောပေးထားတယ်။ 'မဲ'၊ 'စီး'၊ 'တည့်'၊ 'မြစ်'၊ 'ဝန်း'၊ 'တော'၊ 'က' တို့က သံကျတုန်းတွေပါ။ တကယ်လို့များ ကာရန်ကျရာ အက္ခရာတွေကို သံပြေ မဟုတ်ဘဲ သံကျထားမိရင် ဘယ်လို အကျိုးသက်ရောက်မှု ပြောင်းလဲသွားမလဲ အောက်မှာကြည့်ပါ-

*မဲဇာတောင်မှ*
*စီ ရှရှ တည့်*
*မြစ်က ဝန်းဝိုက်*
*မြိုင်တော နှိုက်လျှင်*

လွမ်းဆွတ်ဖွယ် ဆွဲဆွဲငင်ငင် ဆိုလို့ မရတော့ဘဲ ဆတ်တောက် ဆတ်တောက် အသံသွား အသံလာတို့သာ ပေးပါလိမ့်မယ်။ ဒါကြောင့် လွမ်းမောရမယ့် သူ့ကဗျာမှာ သံပြေတုန်းတွေကို လက်ဝဲသုန္ဒရ လှိုင်လှိုင် သုံးထားတယ်။ ၆ ပါဒကို သံပြေတုန်းနဲ့ ကာရန်ယူသွားပြီး အလဲအလှယ် ဖြစ်ရအောင် သံကျတုန်း ၃ပါဒ ကြားဖောက်ပေးတယ်။ (တရှာတော့မိ၊ မိုးရိုရိုလျှင်၊ သီရိကျက်သရေ) နောက် သံပြေ ယူပြန်ကာ တစ်ခါ သံကျ ယူပြန်တယ်။ ဒီလိုနည်းနဲ့

တစ်ပိုဒ်လုံးကို သံပြေက ကဲပြီး စပ်သွားပါတယ်။

www.foreverspace.com.mm



မြန်မာကဗျာရဲ့အသံသဘောမှာ သံပြေသံကျ လဲလှယ် သုံးနိုင်မှု အပြင် ကာရန်စနစ်ကလဲ ရစ်သမ်ကို အထောက်အကူပြုတယ်။ ၄-၃-၂ စနစ်က ဆက်လက်ဖြစ်ပွားတဲ့ အလျဉ်ကို ပြပြီး ၄-၂ စနစ်က တစ်ခုစီ သီးသန့် တစ်ကန့် တစ်ကန့် ဖြစ်နေတာကို ပြတယ်။ လက်ဝဲသုန္ဒရဟာ တစ်ခုစီကို ထောက်ပြလိုရာမှာ ၄-၂ ကို သုံးပြီး

***သည်တွင် ရွှေမြို့***
***သည်သို့ စေတီ***
***သည်ဆီ ရွှေနန်း***

လို့ ရေးတယ်။ ရေတွက်တဲ့ ကိစ္စပြီးလို့ တောက်လျှောက် ဆွေးလိုပြန်တော့ သံပြေတုန်းနဲ့ ၄-၃-၂ကို ကောက်လိုက်ပြန်တယ်။

***ဖြောင်းတန်းတော့မည်***
***စိတ်က ရည်သည်***
***ရွှေပြည် ဌာန ဝေးသောကြောင့်။***

ရတုသုံးပိုဒ်လုံးမှာပဲ ဒီနည်းနှင်နှင် အသံသဘော၊ ကာရန်သဘောတို့ ကို ဆင်ခြင် စိစစ်ပြီး ရေးဖွဲ့ထားတယ်။ တစ်ခါတလေ အသံဆင့်တာ၊ အသံထပ် တာတို့ကိုလည်း နေရာပေါ်လျှင် ပြုလုပ်တတ်ရဲ့။

*... လေ**ဦးစ၍***
***နောက်မှ** လေ**ရှည်**၊ **အတည်တည်သည်***
*လေ**ပြည်** လာက **အေးသောကြောင့်။***

(လ သံများ)

*ဝန်း**ကာ** ဝေ့**သည်**၊ **တောင်ငွေ့** ဝေ ဝေ*
***အထွေထွေနှင့်၊ လေလည်း ရောရာ***
***မိုး မပါဘဲ၊ သံ**ဝါ ဖြောက်ဖြောက်*
***ဆီးနှင်းပေါက်လည်း ...***

(ဝ သံများနှင့် ဖြောက် နှစ်ကြိမ်)

www.foreverspace.com.mm



တကယ်ကတော့ မြန်မာကဗျာမှာ ကာရန်ဆိုတာကပဲ အသံထပ်ခြင်းတစ်မျိုးပါပဲ။ ကာရန် တူပြီးတာကိုမှ ထပ်ပြီး အသံထပ်ပြန်တော့ ပိုမို ကဲလွန်တဲ့ အားတစ်ခုကို ရရှိတော့တယ်။

စကားလုံးတွေကို ရွေးချယ်ရာ ဖွဲ့စည်းရာမှာတော့ လက်ဝဲသုန္ဒရဟာ နဝဒေး စသူတွေ ဆီကပဲ ယူတယ် (နဝဒေး အခန်းမှ တင်ပြပြီး)။ ကိုယ်ပိုင်အတွေး ကိုယ်ပိုင်အဖွဲ့တို့ကိုလည်း အသုံးပြုထားတယ်။ "မဲဇာတောင်ခြေ" မှာ သူ့ရဲ့ အဖွဲ့အနွဲ့များဟာ အားကောင်းတဲ့ စကားလုံး ရုပ်ပုံများ ဖြစ်ကြတယ်။

***... စီးတွေတွေတည့်***
***မြစ်ရေဝန်းလည်၊ မြိုင်တောစည်က...***
***... သီရိ ကျက်သရေ***
***တက်ဖြိုးဝေသား အောင်မြေ၊ ကျော့ကျော့***
***ကုန်မော့မော့နှင့်...***
***...ပိတ်ဆီး ချယ်သန်း***
***လျှပ်ရောင် တန်းမျှ၊ ရွှေနန်း ရွှေဘုံ...***
**** * ****
***စီးသွင် ညိုရစ်၊ မဲဇာမြစ်လည်း***
***ထစ်ထစ် ထွန်းအိ***
***ချုံအတိနှင့်၊ တောကြီး ဆိတ်ညံ***
***ဆီးကျုံကျုံဝယ် ...***
***တ(စ်)တောင်လုံး မှိုင်း၊ စၡ ဆိုင်းသော်***
***တောင်တိုင်း ရှက်ရွေ့၊ ဝန်းကာ ငွေ့သည်***
***တောင်ငွေ့ ဝေဝေ၊ အထွေထွေနှင့်...***
***...သံဝါ ဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း***
***မိုးလောက်ပြင်းထန်၊ သွန်းချ ပြန်သော်။***

ဒီအားကောင်းတဲ့ စကားလုံး ရုပ်ပုံတွေနဲ့ လက်ဝဲသုန္ဒရဟာ မိမိ ရောက်ရှိနေတဲ့ မဲဇာတောရဲ့ တုန်လှုပ်ချောက်ချားဖွယ် ကောင်းပုံကို စာနာသူ (စာဖတ်သူ) ရဲ့ စိတ်အာရုံထဲ တွန်းပို့ပေးနိုင်ခဲ့တယ်။

www.foreverspace.com.mm



အစဦးအလာ ကဗျာစကားမှာ စကားလုံး ကိုယ်နှိုက်က မြန်မာတွေရဲ့ စိတ်မှာ လွမ်းစရာ ဆွေးစရာ ဆိုတဲ့ စိတ်ကူးနဲ့ ဆက်စပ်ပေးထားပြီးသား စကားလုံးတွေ ရှိတယ်။ ဒီစကားလုံးတွေကို ကဗျာဆရာများ မကြာမကြာ အမြတ်ထုတ်လေ့ရှိကြတယ်။ မဲဇာရတုက 'ရှာ' ဆိုတဲ့ စကားလုံးဟာ အဲသလို စကားလုံးမျိုးဖြစ်တယ်။ ('တရှာတော့မိ'၊ 'ချမ်းရှာလွန်း၍') တခြား 'လွမ်း'၊ 'တ'၊ 'ရည်'၊ 'မော' စတဲ့ စကားလုံးများဟာလည်း ဒီစာရင်းမှာ ပါဝင်ကြတယ်။

"ဝေရွှန်းစန္ဒာ' မှာ အဲဒီလို စကားလုံးတွေရဲ့ အကူအညီကို 'မဲဇာ တောင်ခြေ' မှာထက် ပိုပြီး ယူထားတယ်။ ဒါပေမဲ့ စကားလုံးရုပ်ပုံက 'မဲဇာ' လောက် မပါတော့ဘူး။ ဒါကြောင့် 'မဲဇာ' လောက် မအောင်မြင်ခဲ့ဘူး။ သူ့မှာ လွမ်းစရာ ဖော်ကျူးထားပုံက စကားလုံးနဲ့ ဇာတ်လမ်းပဲ ဖြစ်တယ်။ ဇာတ်လမ်းက မိဖနဲ့သား ကွဲကွာရတဲ့ ဇာတ်လမ်းဆိုတော့ လူတိုင်းပဲ စိတ်ထိခိုက်ဖို့ လွယ်တဲ့ ဇာတ်လမ်း ဖြစ်နေတာပေါ့။

***ရင်သွေး ရွှေတောင်၊ သား မောင်နှမ***
***ဆင်းသိဂ်တို့၊ မွေးဖ ရင်ခွင်***
***ရွှေလက် တင်၍၊ ယူငင် ပိုက်ဖြား***
***ဖျော်မည်များနှင့်၊ နှစ်ပါး မျက်ခြည်***
***သား နှင်းရည်သည်***
***ရွှေလည် ဆွဲချင်ရှာလိမ့်မည်။***

"ဝေရွှန်းစန္ဒာ" ရတု "မဲဇာတောင်ခြေ" ရတုလောက် မအောင်မြင်ရ တဲ့ ဒုတိယအကြောင်းရင်းကတော့ "မဲဇာ"လောက် စာဆိုသူရဲ့ လက်တွေ့ ကာယိက ဒုက္ခဝေဒနာကို ဖော်ထုတ် မထားနိုင်တာပဲ ဖြစ်တယ်။ "မဲဇာ" ရတုမှာတော့ အမတ်ကြီးဟာ မိမိရောက်နေရတဲ့ မဲဇာအရပ်ရဲ့ ဆိုးရွားကြမ်းတမ်းပုံ၊ ရာသီ ဥတုနဲ့ နှိပ်စက်ခံနေရပုံကို နှစ်ပိုဒ် (ဒုတိယနဲ့ တတိယအပိုဒ်)မျှ ဖွဲ့နွဲ့ထားတယ်။ ကိုယ်ရဲ့ ဆင်းရဲ၊ စိတ်ရဲ့ ဆင်းရဲကို နှောပေးထားတယ်။ ကိုယ်ရဲ့ ဆင်းရဲနဲ့ တွဲဖက်ပေးလိုက်မှ စိတ်ရဲ့ ဆင်းရဲဟာ ပိုပြီး ပေါ်လွင်လာတယ်။ "ဝေရွှန်းစန္ဒာ" မှာက ပထမအပိုဒ်ရဲ့ လေးငါးပါဒမှာသာ ဥတုရာသီရဲ့ဒဏ် ခံရပုံကို ဖော်ပြထား ပြီး ကျန်စာသားတွေမှာ ကာယိက ဝေဒနာ မပါ၊ စိတ်ထဲက လွမ်းတာတွေ၊

www.foreverspace.com.mm



မြင်ယောင်မိတာတွေချည့် ဖော်ပြထားတယ်။ ဒီတော့ "မဲဇာ" လောက် မရှုတဘူး။

"မဲဇာတောင်ခြေ"၊ "ဝေဠုန်းစန္ဒာ" ရတု နှစ်စုံနဲ့ ယှဉ်လျက်၊ လက်ဝဲ သုန္ဒရ အမတ်ကြီး မဲဇာတောင်ထဲ ဝင်ခါနီး ရေးစပ်တယ်ဆိုတဲ့ ဧကပိုဒ်ရတု တိုတိုတစ်ပုဒ်ရှိတယ်။ စကားလုံး ရုပ်ပုံကနေ နိမိတ်ပုံကောင်း တစ်ပုံဖြစ် ပြောင်းလဲသွားတဲ့ ကဗျာကောင်းတစ်ပုဒ်ပါပဲ။

*အဆိုင်ဆိုင်လျှင်၊ တောမြိုင် လည်လှည့်*
*ကမ်းလုံးပြည့်မျှ၊ ရှုကြည့်လေရာ*
*ကြောက်ဖွယ်သာတည့်၊ ပြာပြာ လွလွ*
*မှိုင်းပြ မှောင်မှောင်၊ တောနှင့် တောင်လည်း*
*တိမ်တောင် မိုးရှိ၊ ထွေးရှက် ငြိမျှ*
*လွမ်းမိစဖွယ်၊ တောင်းကင်လယ်လျက်*
*တောင်လယ် တောင်ထိပ်၊ မိုးညိုရိပ်၌*
*တိမ်လိပ် ဆောင်ညွှန်း၊ စ၍ ထွန်းသည်*
*နေဝန်း ပေါ်လွယ်ချင်ဘိသည်။*

ဒီရတုငယ်မှာ တော၊ တောင်၊ တိမ်၊ ဒီသုံးခုကို ဘယ်ကစပြီး ဘယ်လို ရောက်သွားမှန်း မသိအောင် ရှုပ်ယှက်ခတ် ရေးပြထားတယ်။ တကယ် လက်တွေ့မှာလည်း မဲဇာဒေသဟာ အဲသလို ဘယ်ဟာ တောင်၊ ဘယ်ဟာ တော၊ ဘယ်ဟာမိုး၊ ဘယ်ဟာ မြေရယ်လို့ ခွဲခြားမရနိုင်အောင် မြင်ရသူမှာ ခံစားခဲ့ရပုံပါပဲ။ ဒီခံစားမှုကို ဒီကဗျာက ထိထိမိမိ သယ်ပို့ဆောင်ကျဉ်း ပေးနိုင်တယ်။ ဂျီနီးဗားကန်ရိုးမှာ ဆရာမင်းသုဝဏ် 'တောခိုးနှင့်တိမ်၊ ရောရှက် လိမ်လျက်' ကဗျာ မရေးခင် နှစ်ပေါင်း ၂၀၀ က ရေးခဲ့တာပါ။ ဒီဧကပိုဒ် ရတုငယ်ဟာ "မဲဇာတောင်ခြေ" ထက်ပိုပြီး မော်ဒန်ဆန်တယ်လို့ ဆိုရမယ်။

ဒီ "မဲဇာတောင်ခြေ" နဲ့ "အဆိုင်ဆိုင်လျှင်" ရတုနှစ်ပုဒ်နဲ့ လက်ဝဲ သုန္ဒရ အမတ်ကြီးကို ကုန်းဘောင်ခေတ်ရဲ့ ရော၊ မြန်မာ့ ဂန္ထဝင်ကဗျာရဲ့ ပါ "ရတု စာဆိုကြီး" လို့ မှတ်တမ်းတင်ရလိမ့်မယ်။

♦♦♦

www.foreverspace.com.mm

## မန္တလေးခေတ်ရဲ့ တေးထပ်ကဗျာ

"တေးထပ်"ဆိုတဲ့ ဂန္ထဝင်ကဗျာ ပုံသဏ္ဌာန်ဟာ ဘယ်ခေတ်မှာ စတင် ပေါ်ထွန်းခဲ့တယ်လို့ အတိအကျ မပြောနိုင်ပါဘူး။ ဒါပေမဲ့ ကုန်းဘောင် ခေတ် အစပိုင်းမှာ ပေါ်ပေါက်နေပြီလို့တော့ သိရပါတယ်။ မိဖုရားကြီး ရှင်မင်းရဲ့ ဟောသည့် တေးထပ်ဟာ နာမည်ကျော်ပေါ့။

*ဆံခွေကို ဖြန့်ကျင်းလို့*
*ပြတင်းက မယ်မျှော်*
*ရွှေလဝန်း စန္ဒော်ငယ်*
*ပေါ်လာတော် မူနိုး၊*
*စောင့်စားလို့ တာရှည်သည်*
*နေခြည်မှာ ပန်းကဲ့သို့ ညှိုး ...*

ကုန်းဘောင်ခေတ် နှောင်းပိုင်းနားမှာလည်း ဖိုးသူတော် ဦးမင်း၊ မမြလေး စတဲ့ စာဆိုများဟာ တေးထပ်များကို ရေးခဲ့ကြပါတယ်။ ဒါပေမဲ့ ကုန်ဘောင်ခေတ်ရဲ့ နိဂုံးဖြစ်တဲ့ မန္တလေးခေတ်လောက် ဘယ်ခေတ်မှာမှ တေးထပ်ကို အသုံးမများကြဘူး ထင်တယ်။ မန္တလေးခေတ်မှာတော့ စာဆိုတို့ ဖွဲ့ရိုးဖွဲ့စဉ် မိုးဘွဲ့၊ ရာသီဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ဘုန်းတော်ဘွဲ့များအပြင် အခြားအကြောင်းအရာကိစ္စတွေ၊ လူတစ်ဦးနှင့် တစ်ဦးချင်း ပေးစာသဘော ပြောပြတဲ့ အခြင်းအရာတွေကိုပါ တေးထပ်ရေးဖွဲ့ အသုံးပြုလာကြတဲ့အတွက် အင်းဝ

www.foreverspace.com.mm



ခေတ်ကို 'ပျို့ခေတ်'၊ တောင်ငူခေတ်ကို 'ရတုခေတ်' စသည်ဖြင့် ခေါ်ကြသလို မန္တလေးခေတ်ကို 'တေးထပ်ခေတ်'လို့ ခေါ်လို့ တောင် ရနိုင်မယ် ထင်တယ်။

မန္တလေးခေတ်မှာ ပဝေခေတ်တွေရဲ့ ကဗျာပုံသဏ္ဌာန်များ ဖြစ်တဲ့ ပျို့၊ လင်္ကာ၊ ရတု၊ ရကန်၊ လေးချိုး၊ ဒွေးချိုး၊ လွမ်းချင်း စတာတွေလည်း တွင်ကျယ်တာပါပဲ။ ဒါပေမဲ့ တေးထပ်က အတွင်ကျယ်ဆုံး၊ ခေတ်အစားဆုံး ဖြစ်လာတယ်။ ဒါကြောင့် သူကိုယ်တိုင် တေးထပ်တွေ အများကြီး ရေးခဲ့သူ စလေဦးပုညက

***တေးထပ် တေးထပ်နဲ့***
***ရေးစပ်ကြ သူငါ***

လို့ အစချီကာ တေးထပ်တစ်ပုဒ် ရေးခဲ့တာပါပဲ။

'တေးထပ်'လို့ နာမည် တပ်ထားတဲ့အတိုင်း တေးထပ်ဟာ တူရိယာ ဂီတနဲ့ တီးမှုတ်သီဆိုလို့ ရတဲ့ တေးချင်းဘဝကနေ ကဗျာဘက် တစ်ဆင့် ကူးလာတာ ဖြစ်တယ်။ ရှေးခေတ် တေးရိုးကြီးများ အပေါ်မှာ အကွန့်အဆန်း တက်ကာ တစ်ဆင့်နှစ်ဆင့် ထပ်ပြီး ရေးစပ်လာလို့ တေးထပ် ခေါ်တယ်လို့ မြန်မာစာပေ သမိုင်းဆရာက ဆိုတယ်။ သီဆိုဖို့ မရည်ရွယ်ဘဲ လေးနက်စာအဖြစ် ဖတ်ဖို့ ရေးထားတဲ့တိုင် တေးထပ်ဆိုရင် ကနေ့ထက်ထိ တီးမှုတ်သီဆိုလို့ ရနေတာပါပဲ။ သူ့စပ်ဟပ်ဖွဲ့နွဲ့ပုံ စနစ်က အသံသွားအသံလာပဲ ထွက်အောင် သတ်မှတ် ဘောင်ခတ်ထားလိုက်ပြီကိုး။

တေးအဖြစ် သီဆိုဖို့ အဓိကရည်ရွယ်ရင်း ရှိတဲ့အတွက် တေးထပ် အများစုရဲ့ အကြောင်းအရာက မယ်ဘွဲ့၊ မောင်ဘွဲ့၊ မိုးဘွဲ့ ဆိုတာမျိုးတွေပါပဲ။

***မာလာငုံ ထုံရနံ့***
***ကုက်မံ့ ဝတ်လွှာ***
***ဘုံကြငှန်း ထွတ်ချာမှာ***
***တမွတ်လွှာ ညွန့်ဖျား၊***
***ကျွန်းကုရု တဖေယျာမှာ***
***ပဒေသာ နန်းပင်မြင့်ဖွား၊***
***ရွှေကသစ် ရိပ်ကြာမှာ မိတ်လျာတော် တစ်ပါး၊***
***ဇမ္ဗူမှာ အတူရှားပါလိမ့်***

www.foreverspace.com.mm



*နမူပွား ပျက်ကွယ်။*
*လှမှန်ကူ တသူဘုန်း*
*ဖမ့္ဘလုံး ခုမြင်ရတယ်။*
*ရွှေဘုံသူ့ ကိုယ်စားလှယ်လျှင်*
*လိုတမယ် လွှာသလို*
*ဝါသဝ ပါရဂူ*
*ရေးတော့ မတူ၊*
*ကံထူးလို့ ယဉ်သူကို*
*မင်မကူ နိုင်ဘူးဖျလေး။*

စလေ ဦးပုည

မယ်ဘွဲ့၊ မောင်ဘွဲ့လည်း ဖြစ်ပြန်၊ သီဆိုဖို့ကလည်း ရည်စူးပြန် ဆိုတော့ တေးထပ်ရဲ့ စကားလုံးတွေဟာ နုရွပြီး နေကြတော့တာပ။ မိုးဘွဲ့၊ နိဗ္ဗိန္ဒဘွဲ့ ဆိုပေမဲ့လည်း မယ်မောင် အချစ်က ပါမြဲ။ ဒီတော့ စကားလုံးတွေဟာ နုမြဲ၊ လှမြဲ၊ နန်းဆန်မြဲ။

*မကြည်သူ့ လွှမ်းပုံကို*
*အစွမ်းကုန် သူနိုး၊*
*နှမ်းစေရုံ သူပျိုးလို့*
*ဆိုးပါနဲ့ နတ်မောင်။*

ဦးပုည (မိုးဘွဲ့)

*နော်ရမန့် ဥယျာဉ်မှာ*
*ဖူးသဇင် ရွှေကျောင်းနဲ့*
*ရွှေသောင်းလုံး ရွှေကေသီ*
*မြန်းချင်တော့ပြီ၊*

ဦးပုည(နိဗ္ဗိန္ဒဘွဲ့)

*ပုလဲဥ နှင်းပေါက်*
*ကင်းထောက်တဲ့ လေပြန်*

www.foreverspace.com.mm



***မင်းမြောက်ပေ့ ဟေမန်***
***မသေကျန် ကံကောင်း။***

ဦးပုည(ဆောင်းဘွဲ့)

***အထွေထွေ ဆန်းမဟဲ့လို့***
***သန်းတဲ့၍ တစ်ပုံ***
***ပန်းနဂသွဲ့ တိမ်နဂရုံမှာ***
***တိမ်ဂငွေန် တောင်ကွန့်***
***ပွေ့ပုံက ရေးမမီတယ်***
***ဆေးပန်းချီ ငေးမှိုင်လို့ ရွံ့။***

အချုပ်တန်း ဆရာဖေ(မိုးဘွဲ့)

***ဆွတ်လှမ်းလို့ ကျွတ်တမ်းကို ရည်တယ်***
***ဝတ်ပန်းထည် ဆင်သစ်နှင့်***
***ကြင်ချစ်သူ ဖော်မခေါ်***
***မြန်းချင်ပေါ့နော်။***

အချုပ်တန်း ဆရာဖေ(နိဗ္ဗိန္ဒဘွဲ့)

***ကိုးရာမဲ့ ချမ်းသူကံယယ်***
***ညဦးသုံးယံ ပဟိုရ်နက်တောင်မှ***
***အိုခက်လို့ ပျော်နိုင်ပြီ***
***အေးတဲ့ ရာသီ။***

အချုပ်တန်း ဆရာဖေ(ဆောင်းဘွဲ့)

ဒါ မန္တလေးခေတ်ရဲ့ နာမည်အကြီးဆုံးလည်း ဖြစ်၊ ပြိုင်ဖက်တွေလည်း ဖြစ်ကြတဲ့ ကဗျာဆရာကြီး နှစ်ဦးရဲ့ အကြောင်းအရာတူ အဖွဲ့အနွဲ့တွေကို ကောက်ကာ ငင်ကာ ယှဉ်ပြလိုက်တာပါ။ စကားလုံး အနုအလှလေးတွေနဲ့ချည်းဖွဲ့နွဲ့ထားတာကို တွေ့ရပါလိမ့်မယ်။ အခြားအခြား စာဆိုများရဲ့ တေးထပ်တွေ ယူကြည့်ရင်လည်း အလားတူပဲ တွေ့ရမယ်။

***ကြာခြည် လေပြည်သွဲ့တော့***
***ကြွေမည်မဲ့ ပုံသွင်၊***

www.foreverspace.com.mm



***ခင်ခင်လေး မြရင်မှာ***
***စတင်ကာ စိမ့်အေး။***
***တိမ်လွှာညွန့် ရတည်ဖြို***
***သည့်ပုံလို နွေးဖို့ အဝေး။***

မင်းကြီးကတော် ခင်ဆုံ

***ရွှေယုဂန် နန်းတောင်ညွန့်ဆီက***
***လှမ်းရှောင်ကွန့် သူရိန်***
***မန်းတောင်ညွန့် ဘူမိန်မှာ***
***မြူတိမ်သန့် ကွာရှင်း။***

တောင်သမန်လယ်စား မောင်ဖေငယ်

***ပုလဲရည် ငွေဥ***
***သိန်ပြဒ မျက်လွှာ***
***ကိုးမျက်ပွင့် သဠာမှာ***
***ရွှေရိပ်ကြာ ကြင့်နှံး။***
***မှေးမှိတ်လို့ စက်မပျော်***
***ရွှေကိုယ်တော် ဘုန်းသူကြောင့် ပန်း။***

လှိုင်ထိပ်ခေါင်တင်

***ငွေနယုန် မေထုန်ရက်ပေမို့***
***ဖြေပုံခက် ကြုံလွှာ***
***ငွေပုံစက် ယုန်ရထာမှာ***
***မှုန်ပြာပြာ ရစ်ဖုံး။***
***မန်းသေလ ထင်ယောင်ယောင်ငယ်***
***ဗွေမင်းဝံ တောင်တန်းဆီက ချုန်း။***

ဦးကြော့

ထုံးတမ်းစဉ်လာ မယ်ဘွဲ့ မောင်ဘွဲ့က ခွာပြီး အခြား အကြောင်းအရာတွေကို ဖွဲ့ရာမှာတော့ တေးထပ်ဆရာတို့ရဲ့ စကားလုံးဟာ နုရာက ကြမ်းတမ်းခက်ထရော်လာရတယ်။ အရပ်သားပြောစကားကို သုံးလာကြရတော့တယ်။

www.foreverspace.com.mm



ကုသိုလ်ကံ ပေးသမျှနဲ့
အေးကြမှ တော်မယ်၊
ဘေးဘယ ပေါ်လွယ်အောင်
မလော်လယ်ချင်ဘူး။
သက်တမ်းစေ့မနေ့ကြည်အောင်
သဘော်ချည် ဝတ်မယ့်စိတ်ကူး၊
ပွဲတော်ချက် ဝက်သနီကို
မမက်ပြီအထူး
ကြက်အဆီ မလူးတဲ့
ဗူးဆိုမျှ ဟင်းချို၊
တစ်ပြားတန် ဂွယ်ထမင်းငယ်နဲ့
သည်လည်ပင်း ကျိတ်လို့သာမျို။

စလေဦးပုည

ခုဖြစ်ပုံကြောင်းတွေ သိသူမို့
ခေါင်းခွေယိ ခြွေကာ
လောင်းတေမိ ဆွေသဟာလို
နေသာအောင် နေရ၊
နားမျက်စိ ခံတွင်းတော်ကို
ကင်းသနော် ရွေးမှ မဟ။

စလေဦးပုည

သည်ခေတ်တွင် သည်ကာလ
ငွေစတဲ့ ရှေ့ဆောင်၊
မွဲရင်ဖြင့် လူ့ဘောင်မှာ
ခွေးတောင်မှ မလေး။

အချုပ်တန်း ဆရာဖေ

ပြုမဲ့ဆို မကြောက်ပြားပါဘု
တစ်ယောက်သား လဲလို့သေသေ၊

www.foreverspace.com.mm



***မထောက်ထား ဆိုးဝါးချေသည်***
***မိုးခါးရေ အကုန်သောက်တာမို့။***

အချုပ်တန်း ဆရာဖေ

ဒါပေမဲ့ ဒီလို ရေးနိုင်တာကလည်း ဒီဆရာကြီးတွေလောက်ပဲ ဖြစ်တယ်။ တခြားဆရာသမားများလည်း လောကီမှု အကြောင်းခြင်းရာတွေကို ရေးကြပါရဲ့။ သူတို့လို စကားလုံးပြောင်ပြီး ထွက်မလာချေဘူး။ ရိုးရိုး စကားပြေကို ကာရန်ဘောင်ထဲ သွတ်သွင်းထားတာမျှ ဖြစ်နေတတ်တယ်။

တစ်ခါ ဒီဆရာကြီး နှစ်ဦးရဲ့ လက်ရာများကို ယှဉ်ကြည့်ရင် ဦးပုညက ဆရာဖေထက် အကြောင်းအရာ ပိုစုံပြီး ပို ထိမိတာ၊ ပို 'ပြောင်'တာကို တွေ့ကြရတယ်။

***ဖူးစာသ နတ်သားရှင်ငယ်***
***ကျပ်ပြားတွင် ရေးတဲ့ အကြောင်း။***

(အချစ်ကို အမိကမထား၊ ငွေသာ ပဓာနပြုတဲ့ ခေတ်မှာ ဖူးစာနတ်က တောင် ကျပ်ပြားမှာ ဖူးစာရေးသတဲ့။)

***ခဝါငို ဝတ်လဲနှင့်***
***ဖွတ်မွဲက ပြာချို၊***
***ဖူးပေါ်ဆင့် ရွှေဖရုံလို***
***မသေရုံ ကြံဆဲ၊***

(ဆင်းရဲသားဘဝ ကျပ်တည်းပုံ)

***ပစ်ရှာမည့် ဝရဇိန်ငယ်***
***ပန်းထိမ်မှာ ပြင်တုန်းထင့်လေး။***

(မကောင်းသူ ပယ်မယ်ဆိုတဲ့ သိကြားမင်းရဲ့ ဝရဇိန် ပစ်ခွင်းသံ မကြားရ သမို့ ခနဲ့ပုံ)

***စက်ဆုံးပ စက်အုံးလယ်မှာ***
***မျက်ခုံးရယ် တောင်ပို့နှင့်***

www.foreverspace.com.mm



***ရောင်မှိုမှို မျက်နှာတော်***
***လင်း၍ မပေါ်၊***
(ဘဝကို စိတ်နာ၍ ကျိတ်ငိုနေရသူ သရုပ်)

ဦးပုညရဲ့စာ ဘာကြောင့် ပြောင်ရတာလဲလို့ ဆန်းစစ်ကြည့်ရင် သူ့ရဲ့ ဟာသဉာဏ် အမြုတေကြောင့်လို့ ပြောရလိမ့်မယ်။ စကားတွေ ဘယ်လောက် ကြွယ်တယ်ဆိုစေကာ ဟာသမရှိရင် မပြောင်နိုင်ဘူး။ ထိမိ တာသွားမှု မရှိဘူး။ ဖတ်ရသူကို မဆွဲဆောင်နိုင်ဘူး။ စလေဆရာမှာက ဟာသ အခြေခံ ရှိနေတယ်။ လွမ်းစရာ ရေးတာတောင် သူက နောက်တောက်တောက် လုပ်ချင် လုပ်တယ်။ ဒါ သူ့စကားလုံးပြောင်မှုရဲ့ လျှို့ဝှက်ချက်လို့ ဆိုနိုင်တယ်။ အထက်က ထုတ်ပြ ထားတဲ့ နမူနာများကို လေ့လာကြည့်ရင် တွေ့ရပါလိမ့်မယ်။

ပြောချင်တာကို ပြောရဲ ရေးရဲတာဟာလည်း ဦးပုညရဲ့ စာပြောင်ရခြင်း အကြောင်း တစ်ခုလို့ ဆိုရမယ်။ ဗုဒ္ဓဘာသာဝင်တိုင်းက သံသရာ ဝဋ်ဆင်းရဲ က လွတ်ရပါလို၏လို့ ဆုတောင်းနေကြပါလျက် သူက ...

***သံသရာ ဝဋ်ထဲ***
***မကျွတ်ဘဲ နေနေ၊***
***ဖွတ်ဆွဲလို့ တပေပေငယ်***
***သေပစေ ခင်ရဲ့။***
***နိဗ္ဗာန်မြို့ အမြိုက်ခွင်ကို***
***မလိုက်ချင် ရှန်းကန်လို့ပဲ***

လို့ ရေးတယ်။

အလားတူပဲ တေးထပ် တစ်ပုဒ်မှာလည်း တစ်ယောက်တည်းတော့ တော မထွက်ရဲဘူး ဆိုတာ ...

***ဆယ်သုံးနှစ်လောက် ကညာပျိုဖော်***
***လေးထောင်လောက်နော်၊***

www.foreverspace.com.mm



***ပါရင်ဖြင့် စောမျက်ဖျော်ရယ်***
***တောထွက်တော်မူစမ်းချင်လှလေး၊***

လို့ နောက်တောက်တောက်ရေးတယ်။

ဦးပုညရဲ့ စာပြောင်ပုံကို သူ့ပြဇာတ်၊ သူ့ဝတ္ထုတွေကို ဖယ်ကာ သူ့တေးထပ်တွေချည်း ကြည့်ရေးရင်လည်း စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လာလိမ့်မယ်။ ဒါကြောင့်လည်း သူဟာ သူ့ခေတ်တွင်မက နောက်ခေတ်တွေအထိ မရိုးနိုင်ဘဲ ဖြစ်နေတာပါပဲ။

ဒါပေမဲ့ သူရော မန္တလေးခေတ် တေးထပ်ဆရာအားလုံးပါ သူတို့ ခေတ်ကပေးသမျှထက်တော့ ပိုပြီး ကဗျာမြောက်အောင် ဖွဲ့ဖို့ အား မထုတ်ခဲ့ကြပါဘူး။ စကားလုံးတွေ နုရွအောင် စိစစ်သုံးမယ်။ ထိမိအောင် ပြောင်မြောက်အောင် ကြံဆ ရေးဖွဲ့မယ်။ အကြောင်းအရာကို အားကိုးပြီး စကားပြေထဲ ကာရန်သွင်းကာ သီကျူးမယ်။ ဒါပါပဲ။ စကားလုံးတွေကို နုဖို့၊ ပြောင်ဖို့ထက် ကိုယ်ပေးမဲ့ ခံစားမှုအတွက် အကောင်းဆုံး နိမိတ်ပုံတစ်ပုံ ဖော်ကျူးရာမှာ တာဝန်ရှိရှိ ပါဝင်ကပြနေကြစေဖို့ အားထုတ်တာမျိုးကိုတော့ မန္တလေးခေတ် ကဗျာဆရာကြီးတို့ မလုပ်ခဲ့ကြဘူး။ ဒီအတွက် သူတို့ကို အပြစ်ဆိုဖို့ မလို၊ သူတို့ခေတ်က ကဗျာဆိုတာ ခံစားမှုကို မျှပေးတာလို့မှ မယူမှတ်ကြသေးတာပဲကလား။

♦ ♦ ♦

www.foreverspace.com.mm

## မန္တလေးခေတ်ကဗျာအချို့

တေးထပ်ကဗျာရဲ့ စာသားကို လေ့လာပြီးပြီလို့ဆိုရင် မန္တလေးခေတ်ရဲ့ တခြားကဗျာများကိုလည်း ကျွမ်းဝင်သွားပြီလို့ ဆိုနိုင်တယ်။ ဒွေးချိုးရယ်၊ လေးချိုးရယ်၊ လွမ်းချင်းရယ်၊ တမ်းချင်းရယ်၊ ဘောလယ်ရယ်ဆိုပြီး ကဗျူပဒေသ သဘောအရ ပုံသဏ္ဌာန်တွေသာ ကွဲပြားသွားပေမယ့် တင်ဆက်ထားတဲ့ အနှစ်သာရနဲ့ တင်ပြပုံ ဟန်ပန်တို့က အတူတူပါပဲ။

အမည်အမျိုးမျိုးနဲ့ ရှိကြတဲ့ ဒီကဗျာတွေကို အကြမ်းဖျင်း နှစ်ပိုင်း ခွဲလို့ရမယ်။ စာနုနဲ့ စာပြောင်ရယ်လို့။ တေးထပ်တုန်းကအတိုင်းပဲ။ တခြားကဗျာတွေမှာလည်း စာနုက စာပြောင်ထက် အရေအတွက်ပမာဏ ပိုမိုများပြားပါတယ်။ ဦးပုညတို့လို့ ဆရာကြီးများပဲ စာပြောင်ကို ကိုင်နိုင်ကြတယ်။ ဒီနေရာမှာ စာပြောင်ဆိုတာ လျှောင်ပြောင်တဲ့စာလို့ ဆိုလိုတာ မဟုတ်ဘဲ ပြောင်မြောက်တဲ့စာလို့ ပြောလိုရင်းဖြစ်တယ်။ လေးနက်တဲ့စာလို့ ပြောရအောင်ထိတော့လည်း လက်တွန့်မိပါရဲ့။

တစ်ခါ ဒီလို စာနုနဲ့ စာပြောင်ရယ်လို့ ကွဲပြားမှုဟာ အမြဲ တောက်လျှောက် တစ်သမတ်တည်း ရှိတာတော့လည်း မဟုတ်ပေဘူး။ ဆရာသမား တော်တော်များများပဲ စာနုနဲ့စာပြောင်ကို ရောရေးလေ့ရှိကြတယ်။ ဒါပေမဲ့ အများစုကတော့ အစအဆုံး နုဖို့ပဲ ကြိုးစားကြတာပဲလေ။

***မွတ်မွတ်ကလေး လှတယ်လို့***
***ရွှရွှကလေး ယဉ်တဲ့မေ***

www.foreverspace.com.mm



ညက်ညက်သာ ချောတော့
မနောကြည်ကြည် တင့်
ကျမ်းနှင့် မသွေ။

ဦးပုည၊ လေးဆစ်

ငွေချိန်ခါ
ငွေ မိလ္လာပြာရိုရောပါလို့
ဥဩဖို တွန်သံကြည်တော့
သောတာပန် မဟာထေရ်တို့တောင်
မဆည်နိုင် မျက်ရည် စို့ရှာလိမ့်။

ဦးပုည၊ လေးဆစ်

ရွှေပဒုံ ကြာအချပ်ကိုလ
လေအဟုန်လာ၍ ခတ်စဉ်က
ကညာနတ် ထွက်ခဲ့တယ်။
သန္ဓေဖွားဟာမို့
ရွှေသားကို ပန်းချီပြင်၍
သည်ခင်ကို စုတ်တံနဲ့ ရေးသော်လည်း
ဆေး ရနိုင်ဖွယ်။

အချုပ်တန်း ဆရာဖေ၊ လေးဆစ်

ဂိမ္ဟာန်အတာ
ရှိန်အခါကို
စိန်ကြာညောင်လျှ
ရောင် ကြိုးကြွမှာ
အလှငယ် ထူးချွန်
သုံးရွှေ့မှူး ကြော့ကျူးလွန်းတို့
လွမ်းမှန်ငယ်ရှည်ပြန့်

ဦးကြင်ဥ၊ ညည်းချင်း

ရွှမရဲစေဖို့
ခုလဲ အချိန်၊
ရစ်သန်းကာ နဂါးလိန်နှင့်

www.foreverspace.com.mm



***မြတိမ် ပြာမှိုင်း***
***စံဇေယျာ တိုင်းဆီသို့***
***ကွန့်လှိုင်း ဆင်လာ။***
***နောင့်သက် စုလျှာ***
***မကြွာလာတိုင်းကိုလေး***
***ဆိုင်း ရှာပ ဖျာ။***

လှိုင်ထိပ်ခေါင်တင်၊ ဘောလယ်

သည်ကဗျာမျိုး ရေးတတ်ချင်တဲ့ ကျောင်းသားအဖို့ သိပ်မခက်လှဘူး။ **တစ်** လေးချိုးကို ဒီလိုစပ်၊ ဒွေးချိုးကို ဒီလိုဖွဲ့စတဲ့ ကဗျာ့ပဒေသကိုလေ့လာ။ (ဒါလည်း ဉာဏ်တုံးသူတွေအတွက်ပဲ ဖြစ်တယ်။ ဉာဏ်ထက်မြက်သူ ဆိုရင်တော့ ဒီကဗျာတွေနဲ့ ယဉ်ပါးအောင် လုပ်လိုက်ရင် စပ်နည်းကို အလိုလို သိမြင်သွားတာပါပဲ) **နှစ်** သည်ကဗျာတွေမှာ သုံးနေကျဖြစ်တဲ့ လှ၊ ယဉ်၊ နု၊ လွ၊ ရွှ၊ ခင်၊ မောင်၊ လွမ်း၊ ဆွေး၊ မြ၊ ရွှေ၊ ဥသြ၊ ဗိမ္ဗာန်၊ ပဒုမ္မာစတဲ့ စကားလုံး ဝေါဟာရလေးတွေ ကျက်မှတ်ထား။ ပြီး ဒီစကားလုံးတွေကို အလိုက်သင့် အလျားသင့် လိုရာပုံစံထဲ ထည့်သွင်းစပ်သွားရင် ကဗျာတစ်ပုဒ် ရတော့တာပဲ။ ဒါကြောင့်လည်း ဦးပုည ကိုယ်တိုင်က

***စပ်မှုနည်း သိလိုပါလျှင်***
***တေးကိုသာ ရအောင် ကျက်ပါတော့***
***ခက်လှဘူး မျိုး သိဂီ***
***စိုးရိမ်နဲ့ဗျာ***

လို့…ရေးခဲ့တာပေါ့။

အဲ ခက်တာကတော့ သူ့လို ပြောင်မြောက်တဲ့ ကဗျာမျိုး ရေးနိုင်ဖို့ပါပဲ။ ဒါကိုတော့ သင်လို့၊ အားထုတ်လို့ မရပေဘူး။ အနုပညာ အစွမ်းအစ မှန်သမျှ နည်းတူ ကဗျာဓာတ်ကိုလည်း ပြန်ယူလို့ မရနိုင်၊ မွေးကတည်းက ပါလာရမယ့် ပါရမီသာ ဖြစ်တယ်။ ပင်ကိုယ်က အနုပညာ အစွမ်းအစ ပါမလာလို့ကတော့ ဘယ်လောက်ပဲ ကျက်ကျက်၊ ဘယ်လောက်ပဲ အား ထုတ်ထုတ် ရွက်ကြမ်းရေချို ပဲ ရနိုင်မှာပဲ။ ဒါကြောင့်လည်း သူ့ခေတ်က ပြိုင်ကြသူတွေ စလေဆရာကို

www.foreverspace.com.mm



ဘယ်လိုမှ မကျော်နိုင်တာဖြစ်တယ်။ ဦးပုည တတ်လည်းတတ်နိုင်ပုံကို တောလားဆန်ဆန် ရေးသားတဲ့ သူ့ရဲ့ ကဗျာရှည်ကြီးတစ်ပုဒ်ကိုပဲ ယူကြည့်ပါလေ။ အစပိုင်းများမှာ

*ကြာခေါင်းလောင်း ပဒုမ္မာ*
*ငုံကာ ထုံစွာ မွှံပြာ ဝတ်ဆံ*
*လေ သွဲ့၍ ခွေနွဲ့လို့*
*ကြွေတဲ့မယ် ဟန်ပန်ကို*
*ဝတ်မွှေးကို ဆွတ်ချွေးလို့*
*ငှက်ကျေးက တည်ည်*

စသဖြင့် ရေးရိုးရေးစဉ်တောဖွဲ့ အနုအလှလေးတွေ ရေးဖွဲ့ပြလိုက်တယ်။ ပြီးတော့ သူများနဲ့ မတူအောင် ရှားရှားပါးပါး တိရစ္ဆာန်တွေ ထည့်ပေးလိုက်တယ်။

*ပဥ္စရူပ*
*အသွင်တူတဲ့ ယဉ်မူလှတို့*
*မြမြက်ကို စား*
*ချို တခါခါ ကိုယ် မာယာနဲ့*
*လိုရာသို့ သွားကြတယ်*
*နရားက တစ်အုပ် ...*
*...သည်က တဖန် မနုဿီဟ*
*ခြေကိုကြွ၍ လှမ်းခုန် စားကာ...*

တောကိုဖွဲ့လျှင် တောမြိုင်ထဲမှာ ပျော်ပါးနေထိုင်တယ်လို့ အယူရှိကြတဲ့ ဝိဇ္ဇာဇော်ဂျီ ဆိုတာတွေကလည်း ပါမြဲကိုး။ သည်တော့

*ဇော်ဖေမောင် လျှော်တေဆောင်*
*ဘော်ငွေရောင် သွားဖြူနဲ့*

www.foreverspace.com.mm



*မုတ်ဆိတ်ထူ ကျင်စွယ်ရှုပ်လို့*
*မဟာမြိုင် ဂူလိုဏ်မုတ်မှာ*
*ရယ်လို့ အစချီလိုက်တာ*
*မန္တန် အသံ ကြဲဖန် ခက်အောင်*
*မဝက်ခွဲသာ နက်နဲစွာနဲ့*
*နာဂရီ ဘင်ဂရီ ဆန်းကလာပ် အညီ*
*သီဟိုဠ်သံ မှီခိုညာဏ်*
*'အဟံ'၊ 'မမ' ကြိမ်းသံ ပလျက်*
*ထယောင် ထိုင်ယောင် မှိုင်ယောင်နဲ့ တမ်း*
*ဖန်ဂူ စံယူ ဟန်မူဖမ်းလို့*
*ဩြောင်းသံ ဥ့သံ အံ့မခန်းလို့*

စသဖြင့် ဖွဲ့နွဲ့ သွားပါတော့တယ်။ ဒီတော သူ့ကဗျာဟာ အနုရော အလှရော ဟာသရော မျိုးစုံသွားပြီး ဖတ်လို့မငြီး ဖြစ်သွားရတော့တာပ။

တကယ်တော့ ဦးပုညဟာ ကနေ့ ကွန်ပျူတာခေတ်ထိ တချို့ ကိုးကွယ်လို့ မဝ၊ ပသလို့ မဆုံး ဖြစ်နေကြသေးတဲ့ ဝိဇ္ဇာတို့ ဘိုးတော်တို့ဆိုတာတွေကို ၁၉ ရာစုမှာကတည်းက အတော်မျက်စိနောက်ခဲ့ပုံရတယ်။ အကြောင်းဆိုက်သရွေ့ လှောင်ပြောင် ဟားပစ်ခဲ့တာ တွေ့ရတယ်။ သူ့ရဲ့ ဝိဇ္ဇာဒုံးချင်းထဲမှာ ရေးထားပုံက ဆိုရင်

*ငါ နတ်ဝိဇ္ဇာ တဏှာအိုးက*
*လောက်ထိုးသလို သိုအိမ်ထလို့*
*ခါးတကွကွ နားရွက်လန်အောင်*
*အစိမ့် ခံချင်သေးငဲ့ ဓာတ်ကြိုက်*
*သူယောင်မနဲ့ မမွေ့နိုင်*

ပါတဲ့။

အလားတူပဲ ဘာသာရေးစာပေ ကျမ်းဂန်မှာ လူတတ်လုပ်ပြီး ငြင်းကြ ခုန်ကြ စကားများကြတဲ့ ဆရာသမားများကိုလည်း ဦးပုည အမြင်ကပ်ခဲ့ပုံ ရတယ်။ နာမည်ကျော် သူ့ရဲ့ကဗျာတစ်ပုဒ်မှာ

www.foreverspace.com.mm



***လူ့အပေါင်းကို စိတ်ခွလေအောင်***
***ကံဒွါရ ငြင်းကြသည်***
***ကစွတ်ကင်းပုံ တစ်ချက်***
***အချို့သော သူတို့က***
***မိစ္ဆာဉာဏ် ကူးဖက်၍***
***အနက်ကိုလည်း မသိ***
***ပညာရှိ ငါတဆူဖြစ်လေသတည်း ဟု***

. . . ရယ်လို့ လှောင်ထားတယ်။

စာပေဆိုတာ ခေတ်ကို ထင်ဟပ်ရမယ်လို့ ခပ်လွယ်လွယ် ပြောတတ်ကြတယ်။ ခေတ်ရဲ့ကြေးမုံ ဖြစ်ရုံနဲ့တော့ စာကောင်းပေမွန် မဖြစ်လာပါဘူး။ သတင်းမှတ်တမ်းပဲ ဖြစ်မှာပါပဲ။ သမိုင်းဆရာတွေအဖို့ပဲ တန်ဖိုးရှိမယ်၊ အနုပညာပစ္စည်းတစ်ရပ်ဖြစ်ဖို့က တစ်ခေတ်တည်းကိုတင် မှန်ထောင်ပြနေရုံနဲ့ မပြီးဘဲ ခေတ်အဆက်ဆက်ကိုပါ ကိုယ်စားပြုနိုင်အောင် စိစစ်ရေးဖွဲ့တတ်မှ ဘယ်တော့မှ မရိုးနိုင်တဲ့ ထာဝရ ကျန်ရစ်တဲ့ အနုပညာ၊ စာပေရယ်လို့ ဖြစ်နိုင်ပါတယ်။ ဦးပုညမှာ သည်အစွမ်းသတ္တိ ရှိတယ်။ သူ့အရေးအဖွဲ့ကို မန္တလေးခေတ်မှာတင် မဟုတ်၊ ပါတော်မူခေတ်၊ ကိုလိုနီ ခေတ်၊ ဖဆပလခေတ်၊ ကနေ့ခေတ်တို့ထိ မှန်နေသေးတာ တွေ့နေရတယ်။ သူ့ခေတ်ပြိုင် စာဆိုကြီးတွေမှာက သည်အရည်အချင်း ချို့ငဲ့တာကို မြင်နိုင်တယ်။ သည်တော့ သူတို့ တစ်ခေတ်မှာတင် ပြီးရော၊ နောက်တစ်ခေတ် မဆက်နိုင်တော့ဘူး။

ဘာသာစကားနိုင်နင်းတယ် ဆိုရာမှာလည်း ကွာကြတယ်။ အများက ထုံးတမ်းစဉ်လာ ကဗျာသုံး စကားလုံးတွေ ကျက်မှတ်ရတဲ့ အဖွဲ့အနွဲ့တွေကို တန်းစီရေးချ ပြတတ်တာမျှပဲ ဖြစ်နေတတ်တယ်။ စလေဆရာမှာတော့ သည်လို ထုံးတမ်းစဉ်လာ စကားလုံးတွေအပြင် ကိုယ်ပိုင်အစွမ်းအစနဲ့ တီထွင်ဖန်ဆင်း သုံးတာမျိုးပါ ရှိနေတယ်။ အိုးထိန်းသည်ဟာ ရွှံ့တုံးကို လက်ထဲမှာ ပယ်ပယ်နယ်နယ် ဖွဲ့ရွဲ့အသုံးချ ပုံသွင်းသွားသလို ပြည်သူသုံး အရပ်စကားကို ကဗျာဉာဏ်နဲ့ လိမ်ဖွဲ့ပုံလုပ် သုံးပြသွားတယ်။

သူတို့ခေတ်က မယ်ဖွဲ့၊ မောင်ဖွဲ့၊ မိုးဖွဲ့၊ ရာသီဖွဲ့၊ အလွမ်းဖွဲ့ ဆိုတာတွေ သူ့ထက် ငါကောင်း အပြိုင်ကျဲ ရေးဖွဲ့ကြသလို ပုပ္ပံကိုလည်း အပြိုင်ဖွဲ့လေ့

www.foreverspace.com.mm



ရှိတယ်။ အတိသယ ဝုတ္တိအလင်္ကာကို ကျမ်းဂန် အကိုးအကားနဲ့ အသုံးချပြီး ရေးကြတာ များတာပါပဲ။ တစ်ဦးက

*မေရှယာ မင်တံစုတ်ကယ်နဲ့*
*သမုဒ်ရေ ဖျော်က သွေးပါလို့*
*ပူအင်ကို မှုတင်ရေးရယင်*
*ဆေးလောက်နိုင်ဘူး။*

တဲ့။ (ဆရာဖေ)

တစ်ဦးကတော့

*ဂုဏ်မတူ*
*ပူမူမှာ စံသသူမို့*
*'ဥဏ္ဏာဂူ မမလေး'ပါတဲ့*
*မြတ်ဗုဒ္ဓါ ဗျာဒိတ်ပေးခဲ့တယ်*
*ဝေးက ရှောင်ရှား*

တဲ့။ (ဦးကြော့)

ရုတ်တရက် ကြည့်လိုက်ရင်တော့ 'ဘယ်ဆိုးလို့လဲ'လို့ ပြောချင်စရာ ချည့်။ တစ်ဦးက သူ ပူတာတွေကို သမုဒ်မင်ရည်ဖျော် ရေးရင်တောင် မဆုံးနိုင်ဘူးတဲ့။ တော်တော် ရေးနိုင်သားပဲပေ့ါ။ ဒါပေမဲ့ 'အာကာကို လွှာပုံပြုပါလို့၊ မေရုကိုတဲ့ စုတ်တံချီ ဆိုတဲ့ ကဗျာတိုလေးမှာ 'ချစ်တာတွေ စာစီကုံးရရင်'အစား 'ပူအင်ကို' လို့ ပြောင်းထားတာမျှ ဖြစ်နေတယ်။ နောက်တစ်ဦးကတော့ သူ့ကို အယူသည်းမ လေးအဖြစ် ဘုရားကတောင် ဗျာဒိတ်ပေးခဲ့ရတယ် ဆိုထားတယ်။ တော်တော် ပူတာပါပဲ။ ကျမ်းဂန်နဲ့ ကိုင်လိုက်တော့ သူ့အပူကို ကြီးပါပေတယ်လို့ အသိ အမှတ်ပြုရပေမှာပ၊ ဒါပေမဲ့ ဘဝင်ထဲမှာတော့ ခိုက်မသွားလှဘူး။

*ညာမြဖျား*
*သနားလှယ်မကူရင်ဖြင့်*
*'လူပူ'၊ 'လူပူ'လို့*

www.foreverspace.com.mm



## သည်ဇမ္ဗူ ညာမြေခေတ်မှာ ထုံး ဖြစ်ချေငဲ့။

ခင်ခင်လေးကသာ မကူကယ်လို့ကဖြင့် သည်ကလူ ပူဆွေးလိုက်ရပုံ များ ဇမ္ဗူမြေတစ်လွှားမှာ ထုံးတစ်ခု ဖြစ်ရစ်ပါတော့မယ်တဲ့။ ကြီးကြီးကျယ် ကျယ် ဆန်းဆန်းပြားပြား ဘာမှ မပါချေဘူး။ (ထုံးစံအတိုင်း ကျမ်းဂန်လာ စကားလုံး တွေနဲ့ ပထမအပိုဒ်မှာ ဆိုထားပါတယ်။) ဒါပေမဲ့ သူ့ဘာသာစကား သုံးနှုန်းပုံ ကိုက စွဲမက် နှစ်သက်စရာ ဖြစ်နေတယ်။ 'လူပူ'၊ 'လူပူ'လို့ နှစ်ခွန်းထပ် ဆိုထား ပုံက လူတကာက ဝိုင်းလက်ညှိုးထိုး အသိအမှတ်ပြုကြ ရပုံကို ပေါ်လွင်စေသလို တကယ့် ပြောကြဆိုကြသံကိုပါ နားမှာ ကြားယောင်လာစေတယ်။ ဒါ ဆရာ စလေရဲ့ ဘာသာစကား ကိုင်တွယ်ပုံပါပဲ။

တစ်ခါက လူငယ်တစ်ယောက် ကျွန်တော့်ဆီ ရောက်လာပြီး သူ ကဗျာ ဆရာ ဖြစ်ချင်တယ်။ ဘာတွေ လေ့လာရမလဲလို့ အကြံဉာဏ် တောင်းလှာပါ တယ်။ ဒီတွင် ကျွန်တော်က

"မင်း နဝဒေး ဖတ်ဖူးလား။"ဆိုတော့

"ဟင့်အင်။"တဲ့။

"နတ်ရှင်နောင်ကော။"

"နိုး။"

"စိန္တကျော်သူကောကွာ။"

"ဆောရီးပဲ"တဲ့။

"ဟ ...မင့်ဟာက ဗမာလို ကဗျာရေးမှာ၊ ဒီလူတွေမှ မဖတ်ဖူးရင် ဘယ့်နှယ် လုပ် ရေးပမလဲ။"

"ကျွန်တော် မန်းတက္ကသိုလ် ကဗျာဆရာတချို့နဲ့ ဒေါင်းနွယ်ဆွေတို့ တော့ နည်းနည်းပါးပါး ဖတ်ဖူးပါတယ်။"

မန်းတက္ကသိုလ် ကဗျာဆရာတချို့နဲ့ ဒေါင်းနွယ်ဆွေတို့ဟာ ခေတ်ပေါ် ကဗျာဆရာတွေမို့ ဖတ်ရမှာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ မြန်မာ ဂန္ထဝင်ကဗျာ ကို မကျွမ်းဘဲ မြန်မာ ခေတ်ပေါ်ကဗျာကို ဖန်ဆင်းဖို့ ဆိုတာ စိတ်မကူးအပ်တဲ့ အရာပဲ ဖြစ်တယ်။ ဂန္ထဝင်စာပိုဒ်တွေကို ကူးချဖို့ မဟုတ်၊ သူတို့ရဲ့ 'သမုဆွေ'၊ 'ကညာနတ်'၊ 'ပြာဝင်းမွတ်'တို့ကို မိမိကဗျာထဲ ထည့်သုံးစရာ မလိုပါ။ ဒါပေမဲ့

www.foreverspace.com.mm



သူတို့ ဘာသာစကားကို ဘယ်လို လုပ်သွားခဲ့ ကြသလဲ သိရမယ်။ အခုကော ဘယ်သူတွေ ဘယ်လောက် လုပ်နေပြီလဲ စူးစမ်းရမယ်။ သူများ တိုင်းပြည်တွေ မှာရော ဘယ်လို လုပ်ကြသလဲ လှမ်း ကြည့်တတ်ရမယ်။ ဒါမှ ကိုယ့်အလှည့်ကျ ဘာလုပ်ရမလဲ သိတော့မပေါ့။ ဒီရည်ရွယ်ချက်နဲ့ ကျွန်တော် မြန်မာဂန္ထဝင် ကဗျာများ အကြောင်း တတ်စွမ်းသရွေ့ ရေးပါတယ်။

**မောင်သာနိုး**

www.foreverspace.com.mm

# အညွှန်း


အချ ၁၃၄
အချပါဒ ၁၆၅
အချပိုဒ် ၂၊ ၃၀၊ ၃၇၊ ၄၈
အချာပဝရ ၁၈၊ ၂၃၊ ၆၂၊ ၁၇၀
အချိ ၄၇၊ ၁၃၄၊ ၁၅၂
အချိုး ၂၃၁
အချုပ်တန်း ဆရာဖေ ၂၀၉
အခိပ္ပာယ် ၁၃၊ ၅၇၊ ၁၀၀၊ ၁၃၀၊ ၁၈၁
အနုပညာ ၁၄၅၊ ၁၆၉၊ ၁၇၀၊ ၂၂၀
အနော်ရထာ ၃
အဖြည့်ခံ ၉၊ ၄၉၊ ၆၁၊ ၁၄၈၊ ၁၇၄
အရပ်သုံး ပြောစကား ၁၆၂
အရပ်သုံး စကား ၁၅၁၊ ၁၈၀၊ ၁၈၂
အရပ်သုံးစကား ၁၈၁
အသံသွား အသံလာ ၅၊ ၉၊ ၂၇၊ ၃၅၊ ၂၀၁၊ ၂၀၇
ဥသြ ၅၃၊ ၇၃၊ ၁၁၃
ဦးကြော့ ၂၁၀၊ ၂၂၁
ဦးကြင်ဥ ၉၂
ဦးချမ်းမြ ၃၂
ဦးတိုက်စပ်နည်း ၄၄
ဦးပုည ၁၂၆၊ ၂၀၈၊ ၂၁၂၊ ၂၁၃၊ ၂၁၅၊ ၂၁၇၊ ၂၂၀
ဦးသောဘိတ ၃၉
ဦးသြ ၁၄၅
ဧကပိုဒ် ၉၊ ၁၉၁၊ ၂၀၅
သြဝါဒ ၃၁၊ ၄၄
အက္ခရာ ၁၊ ၁၄၆၊ ၁၈၄၊ ၁၉၁၊ ၂၀၁
အင်း၀ ၂၊ ၅၊ ၉၊ ၁၈၊ ၃၁၊ ၄၇၊ ၄၉၊ ၈၅၊ ၁၁၈၊ ၁၇၀၊ ၂၀၆
အောင်ပင်လယ် ၃

ကဗျာ ပရိယာယ် ၉
ကဗျာဂုဏ် မြောက် ၃၊ ၃၃
ကဗျာခေတ် ၂၁၇
ကဗျာပရိယာယ် ၉
ကိုယ်ရဲ့ ဆင်းရဲ ၂၀၄
ကာချင်း ၃၊ ၄၊ ၅
ကာရန် ၄၄၊ ၁၃၄၊ ၁၃၅၊ ၁၈၅၊ ၁၈၈၊ ၁၉၀၊ ၁၉၁၊ ၂၀၁၊ ၂၀၂၊ ၂၀၃၊ ၂၁၂၊ ၂၁၄
ကာဠုဒါယီ ၉
ကူလီ ၉၈၊ ၁၀၁၊ ၁၃၇၊ ၁၃၈၊ ၁၄၀
ကူလီ ရိုက် ၁၃၇
ကိုးခန်းပျို့ ၁၀
ကောက်စိုက်တေး ၂

ကုန်းဘောင် ၂၊ ၉၀၊ ၁၀၃၊ ၁၅၉၊
၁၆၉၊ ၁၉၃၊ ၂၀၅၊ ၂၀၆
ကပ္ပိလဝတ် ၉
ကိုယ်ရေး ကိုယ်တာ ၇၇၊ ၈၅၊ ၁၃၇
ကိုယ်ရေးကိုယ်တာ
၈၅၊ ၁၂၀၊ ၁၅၅၊ ၂၀၀
ကျွန်စစ်သား ၃

ခံစားမှု ၉၆၊ ၁၄၆၊ ၁၈၄၊ ၁၈၈၊
၂၀၀၊ ၂၁၄
ခေတ်သုံး စကား ၁၈၀၊ ၁၉၃

ဂန္ထဝင်ကဗျာ ၂၄၊ ၄၈၊ ၁၈၆၊
၁၉၀၊ ၂၀၆၊ ၂၂၂
ဂျီနီးဗား ၂၀၅

ငါးစီးရှင် ကျော်စွာ ၃

စကားတွဲ ၅၀၊ ၆၇
စကားပြေ ၁၈၊ ၂၄၊ ၃၅၊ ၁၃၅၊
၁၃၉၊ ၁၈၈၊ ၂၁၂၊ ၂၁၄
စကားလုံး ၁၃၊ ၁၃၅၊ ၁၃၉၊ ၁၄၀၊
၁၅၁-၁၅၂၊ ၁၅၂၊ ၁၇၀၊ ၁၈၁၊
၁၈၂၊ ၂၀၃၊ ၂၀၄
စကားလုံးဆင့်တာ ၁၃၃
စကားလုံး ပန်းချီ ၁၄
စကားသံထပ်တာ ၁၃၃
စတုရင်္ဂဗလ ၁၁၇
စာပန်းချီ ၁၁
စိတ်ရဲ့ ဆင်းရဲ ၂၀၄
စိန္တကျော်သူ
၃၃၊ ၁၄၁၊ ၁၄၈၊ ၁၅၀၊
၁၅၁၊ ၁၅၉၊ ၁၇၇၊ ၁၈၁

ဆရာ စလေ ၉၂

ဆရာမာဃ ၃၃၊ ၄၀

ဈာန်ဝင်စား ၈၇

ညာသံ ၂

တေးထပ် ၁၀၃၊ ၂၀၆၊ ၂၀၇၊ ၂၁၄
တောလား ၉၊ ၃၁၊ ၃၂၊ ၂၁၈
တောင်ငူ ၄၉၊ ၅၈၊ ၆၀၊ ၈၅၊ ၁၀၅၊
၂၀၇
တောင်ငူဘုရင် ၁၁၈
တောင်သမန်လယ်စား မောင်ဖေငယ်
၂၁၀
တောင်တွင်းကြီး ၅
တောင်တွင်းဖွဲ့ ၁၈-၂၁
တောင့်တဲတွန့် ၄၃

ဒွေးဘော် ၁၃၁

ဓနုဖြူတွင် ၁၄၇၊ ၁၆၉၊ ၁၇၂၊ ၁၈၃၊
၁၈၄

နဘေကာရန် ၁၃၄
နဘေထပ် ကာရန် ၁၈၅
နရီ ၃၅
နဝဒေး ၃၃၊ ၄၉၊ ၅၀၊ ၅၂၊ ၅၃၊
၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊
၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၇၊ ၆၉၊
၇၁၊ ၇၃၊ ၇၅၊ ၇၈၊ ၈၂၊ ၈၄၊ ၈၅၊ ၈၆၊
၈၇၊ ၈၈၊ ၉၀၊ ၉၁၊ ၉၃၊ ၉၆၊
၉၉၊ ၁၀၂၊ ၁၀၉
နိမိတ်ပုံ ၁၃၊ ၁၅၊ ၂၂၊ ၁၂၉၊
၁၃၀၊ ၂၀၅
နက္ခတ်ဗေဒင် ၁၁

နတ်ရှင်နောင် ၉၀၊ ၉၅၊ ၉၅-၁၄၀၊
၁၄၂၊ ၁၅၃၊ ၁၆၂

ပဒေသရာဇာ ၁၈၅
ပဒုံမင်းသား ၁၇၇
ပါဒ ၂၊ ၅၊ ၃၅၊ ၄၄၊ ၂၀၁
ပါရမီ ၂၆၊ ၂၁၇
ပါရမီ တော်ခန်းပျို့ ၁၈
ပါရမီတော်ခန်းပျို့ ၁၈
ပါဠိ ၁၁၊ ၁၉၊ ၄၈၊ ၁၇၈
ပိဋကတ် ၁၁၊ ၄၈
ပုဂံ ၂
ပုဂ္ဂလိက ခံစားချက် ၃၃
ပုဂ္ဂလိက ဘဝ ၃၃
ပုဂ္ဂလိက အတွေ့အကြုံ ၃၃
ပုဂ္ဂလိက အတွေး ၅
ပင်းယ ၃
ပုပ္ပား ၅
ပန်းချီဆရာ ၈
ပုံရိပ် ၈၂
ပိုဒ်စုံရတု ၉၊ ၃၈
ပျို့ ၉၊ ၂၀၇
ပြည် သတိုးဓမ္မရာဇာ ၈၆

ဖိုးသူတော် ဦးမင်း ၂၀၆

ဗိသုကာ ၈၊ ၄၂
ဗီယက်နမ် ၅

ဘာသာစကား ၅၂၊ ၆၂၊ ၁၃၈-၁၃၉၊
၁၄၀၊ ၂၂၀၊ ၂၂၂၊ ၂၂၃
ဘာသာပြန် ၁၇၈
ဘောလယ် ၁၀၄၊ ၂၁၅၊ ၂၁၇

မဟာဘုတ် ဓာတ်ကြီးတွေ ၁၅
မိဖြူ မိညို ၄၇
မဲဇာ ၅၈၊ ၉၀၊ ၁၈၇၊ ၁၈၉၊
၁၉၀၊ ၁၉၂၊ ၁၉၃
မော်ကွန်း ၉၊ ၄၅
မင်းကြီးကတော် ခင်ဆုံ ၂၁၀
မင်းသုဝဏ် ၈၄၊ ၂၀၅
မဇ္ဈျ(မီဒီယမ်) ၁၉၃
မဏ္ဍိုင်စကား ၁၆၂
မေတ္တာစာ ၃၁၊ ၄၅၊ ၈၅
မြကန်ဖွဲ့ ၁
မြဇင် ၃၅
မွန်ရိုး ၄၄

ယတိပြတ် ၁၃၄၊ ၁၃၅

ရတု
၉၊ ၃၁၊ ၄၃၊ ၆၀၊ ၁၀၅၊ ၁၆၂၊
၂၀၇
ရဟန်းစာဆို ၁၈
ရာဇဓာတုကလျာ ၁၃၇
ရစ်သမ် ၂၊ ၉၊ ၁၀၊ ၁၁၊ ၂၆၊ ၂၇၊
၂၈၊ ၃၅၊ ၄၃၊ ၄၄၊
၅၂၊ ၈၁၊
၁၀၀၊ ၁၀၁၊ ၁၃၁၊ ၁၃၄၊ ၁၄၀၊
၁၄၆၊ ၁၄၉၊ ၁၆၂၊ ၁၇၈၊ ၁၇၉၊ ၁၈၄၊
၁၉၀၊ ၂၀၂
ရှင်နှောင်း ၅၁၊ ၇၆၊ ၇၇၊ ၁၁၅
ရှင်မဟာရဋ္ဌသာရ
၉၊ ၂၅၊ ၃၀၊ ၃၀-
၄၈၊ ၄၉၊ ၆၂၊ ၈၃၊ ၁၅၆
ရှင်မဟာသီလဝံသ
၉၊ ၁၇၊ ၁၈၊ ၂၁၊
၂၄၊ ၄၀၊ ၆၂

ရှင်သူရဲ
၂၊ ၄၉၊ ၅၀၊ ၆၀၊ ၆၁၊ ၆၇၊ ၁၂၉
ရှင်သံခို ၆၃
ရှင်ဥတ္တမကျော် ၉၊ ၁၀၊ ၁၇၊ ၄၉၊ ၁၁၈
ရှမ်း ၅
ရွှေကိုင်းသား ၃၉
ရွှေစက်တော်သွား ၂၅၊ ၃၁၊ ၃၂
ရွှေတောင်ရာဇကျော် ၁၅၀၊ ၁၅၁၊ ၁၅၂၊ ၁၅၃၊ ၁၅၉
ရွှေနန်းကြော့ရှင် ၃၉

လူထုကဗျာ ၃၊ ၂၃၁
လူ့အဖွဲ့အစည်း ၈၅
လေးလုံးစပ် ၂၊ ၅၊ ၂၃၁
လင်္ကာ ၅၊ ၉၊ ၁၄၂၊ ၂၀၇
လှဘေ၊ ဒေါက်တာ ၃၁၊ ၃၃၊ ၆၀
လှိုင်ထိပ်ခေါင်တင် ၂၁၀

ဝါကျဖွဲ့ထုံး ၁၃၅၊ ၁၃၆
ဝါဒဖြန့် ၁၄၂၊ ၁၄၅၊ ၁၆၅၊ ၁၆၉၊ ၁၇၀
ဝဲရိုက်ဝဲသွင်း ၄၄
ဝေါဟာရ ၁၁၊ ၁၅၂၊ ၁၅၇၊ ၂၁၇
ဝိဇ္ဇာဇော်ဂျီ ၂၁၈
ဝိဇ္ဇာဒုံးချင်း ၂၁၉
ဝတ်ရုံကျောင်း ၃၀၊ ၃၉၊ ၄၅
ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်း ၃၉-၄၀

သခင်ကိုယ်တော်မှိုင်း ၄၅
သမိုင်း
၂၊ ၉၊ ၄၅၊ ၅၀၊ ၉၃၊ ၉၅၊ ၁၃၇

သုဝဏ်ပဘာ ၄၃၊ ၄၄
သိုးကလေ ၅-၆
သံကျ ၁၉၀၊ ၂၀၁၊ ၂၀၂
သံပြေတုန်း
၈၁၊ ၁၉၀၊ ၂၀၀၊ ၂၀၁၊ ၂၀၂
သံဝေဂကဗျာ ၁၉
သဒ္ဒါလင်္ကာရ ၂၉၊ ၃၅၊ ၈၁

ဟာသ ၁၆၊ ၄၃၊ ၂၁၃၊ ၂၁၉



www.foreverspace.com.mm

www.foreverspace.com.mm

# ဂန္ထဝင်မြန်မာကဗျာ

မောင်သာနိုး